# နိုးထမှုအတွက် ပြင်ဆင်ခြင်း

# PREPARING FOR REVIVAL

Dr.Brian J.Bailey

အခန်း (၁)

## "အိုထာဝရဘုရား၊ အမှုတော်ကို ပြုပြင်တော်မူပါ"

ရာစုအလိုက် နိုးထမှုအတွက် ဘုရားသားသမီးများသည် ဆုတောင်းခြင်းအမှုကို ပြုခဲ့ကြလေ၏။ ဤအရာပင်လျှင် ပရောဖက် ဟဗက္ကုတ်၏ နှလုံးသား ငိုကြွေးသံဖြစ်၏။ *"အိုထာဝရဘုရား ယခုနှစ်များအတွင်းတွင် အမှုတော်ကို ပြုပြင်တော်မူပါ။ ယခုနှစ်များအတွင်းတွင် ထင်ရှားစေတော်မူပါ။ အမျက်ထွက်တော်မူသော်လည်း ကရုဏာတရားကို အောက်မေ့တော်မူပါ"* (ဟဗက္ကုတ် ၃:၂)။

ဤဆုတောင်းချက် "အိုထာဝရဘုရား၊ အမှုတော်ကိုပြုပြင်တော်မူပါ" သည် ရာစုလိုက်အတွင်း ဘုရားသခင်၏ အမှုတော်၌ ဆက်ကပ်အပ်နှံ သန့်ရှင်းသူတို့၏ ငိုကြွေးသောအရာဖြစ်ခဲ့၏။ ကိုယ်စားပြုဆုတောင်းနေကြသော ကျွန်ုပ်တို့ အသက်တာ၌လည်း ထိုကဲ့သို့ရှိမှသာ ဘုရားသခင်သည် ကျွန်ုပ်တို့၏ နေထိုင်ရာမြို့၊ တိုင်းပြည်၊ နိုင်ငံ၌ နိုးထမှုရောက်ရှိစေမည်။ သို့သော် ပရောဖက်၏ ငိုကြွေးသံနှင့် ဆုတောင်းသံများလည်း အလွန်အရေးပါလှပေ၏။

## ဘာကြောင့် နိုးထမှုလိုအပ်ခဲ့ရသလဲ

ကျွန်တော်တို့၏ နိုးထမှုလိုအပ်ရခြင်း အကြောင်းတခုမှာ ဘုရားသခင်သည် ဤကမ္ဘာကို တရားစီရင်မှုလုပ်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ဟဗက္ကုတ်သည် သူ့၏ ခေတ်ကာလနှင့် သူ၏နိုင်ငံအတွင်း ဖြစ်ပျက်ခဲ့သော အရာများကို ကျွန်ုပ်တို့အား ဖေါ်ပြခဲ့သည်။ *"သို့ဖြစ်၍ တရားလျော့ပါ၏။ တရားသဖြင့် စီရင် ဆုံးဖြတ်ခြင်းမရှိပါ။ မတရားသောသူတို့သည် ဖြောင့်မတ်သောသူတို့ကို ဝိုင်းသောကြောင့်၊ မတရားသဖြင့်စီရင်ဆုံးဖြတ်ကြပါ၏။"* (ဟဗက္ကုတ် ၁:၄)။ ဤအရာများပင်လျှင် ယခုခေတ်ကာလ၌ များစွာသော နိုင်ငံများတွင် ဖြစ်ပျက်လျှက် ရှိနေသည်။ ကျွန်တော်တို့ ဟဗက္ကုတ် ၂:၅–၂၀ တွင် အပြစ်နှင့်ပတ်သက် ဆက်နွယ်သည့် အမင်္ဂလာ ၅ ခု ခိုးဝှက်ခြင်း (၂:၆)။ သူတပါးပစ္စည်းကို တပ်မက်ခြင်း (၂:၉) မတရားသောအမှုနှင့် အဓမ္မအမှုကိုပြုခြင်း (၂:၁၂) ယစ်မူးခြင်း (၂:၁၅) နှင့် ရုပ်ထုကို

ထုလုပ်၍ ကိုးကွယ်ခြင်း (၂း၁၉) များကို လေ့လာဖတ်ရှုနိုင်သည်။ ဘုရားသခင်သည် အမင်္ဂလာအပြစ်များကို ကျူးလွန်နေသော ဣသရေလနိုင်ငံ များအား တရားစီရင်မည်ဟု မိန့်တော်မူခဲ့၏။

ယနေ့ပင်လျှင် ဘုရားသခင်၏အံ့သြဖွယ်ရာတရားစီရင်မှုကို တိုင်းနိုင်ငံများစွာ၌ ခံနေရကြောင်းလေ့လာသူများအနေဖြင့် မြင်နိုင်ပါသည်။ မည့်သို့ပင်ရှိစေ ဘုရားသခင်သည် တိုင်းနိုင်ငံများစွာ၌ တရားစီရင်မှုကို ရောက်လာမည် အကြောင်းလည်း တပါးတည်းအသိပေးလျှက် ရှိနေသေးသည်။ တချို့နိုင်ငံအပေါ်၌ ဘုရားသခင်၏ တရားစီရင်မှုကို အသင်းတော်အားဖြင့် ရွှေ့လျှားစေနိုင်ခြင်းမှာ နှိုးထမှုနှင့်တရားစီရင်းမှုသည် အမြဲယှဉ်တွဲနေသည်ကို ကျွန်ုပ်တို့ နားလည် သဘောပေါက်ရမည်။ သမ္မာကျမ်းစာတွင်လည်း တရားစီရင်မှု မဖြစ်မှီနိုးထမှု အရင်ရောက်မှုကြောင့် တရားစီရင်ခြင်းရှိသည့်တိုင်အောင် ဘုရားသားသမီးများ လွတ်မြောက်ရ၏။

ဥပမာ၊ ယေရုရှလင်မြို့၏ အဖြစ်ပျက်၊ ကာလအပိုင်းအခြားအားဖြင့် ကျွန်တော်တို့ မြင်နိုင်သည်။ အဓမ္မအမှု၊ ညစ်ညမ်းသော အကျင့်နှင့် ရုပ်တုဆင်းတု ကိုးကွယ်နေမှုကြောင့် ယေရုရှလင်မြို့ပျက်စီးမည့်အကြောင်း ပရောဖက်များ ဟောကြားခဲ့၏။ ပထမဖြစ်ရပ်မှာ ဘုရင်ယောရှ အုပ်စိုးနေစဉ်တွင် တရားစီရင်ခြင်း မတိုင်မှီ ဘုရားသခင်သည် နိုးထမှုကိုပေးခဲ့၏။

ဒုတိယဖြစ်ရပ်တခုကား အေဒီ ၇၀ တွင်ရောမ လူမျိုးများအားဖြင့် ယေရုရှလင်မြို့တော် ပျက်စီးခဲ့ရ၏။ ဤပျက်စီးခြင်းမတိုင်မှီ ဣသရေလလူမျိုးအပေါ်၌ ကြီးမားသော နိုးထမှုဖြစ်စေသည်။ ထိုအရာများသည် ခရစ်တော်ယေရှုနှင့် ကနဦးအသင်းတော်များအားဖြင့် ဖြစ်ခဲ့သည်။ နိုးထမှုသည် တရားစီရင်ခြင်း၏ ရှေ့ပြေးဖြစ်သည်။

နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့သိနေကြသော ခရစ်တော်၏ ဒုတိယကြွလာခြင်းဖြစ်သည်။ ဤအရာကား ယေရုရှလင်မြို့တော်အတွက် တတိယ ဖြစ်ရပ်ဖြစ်သည်။ ဤအရာများကို ပရောဖက်ဇာခရိသည် မှတ်တမ်းတင်ခဲ့၏။ (ဇာခရိ ၁၄း၁–၄)။ ဟေရှယကလည်း မှောင်မိုက်တန်ခိုးသည် ဤကမ္ဘာကိုအုပ်စိုးခြင်းဖြင့် အံ့သြဖွယ်သော တရားစီရင်ခြင်းရောက်လာမည်အကြောင်း ဖေါ်ပြထားခဲ့သည်။ သို့သော် ဘုရားသခင်၏ ဘုန်းတော်သည် အသင်းတော်အပေါ်၌ ပေါ်ထွန်း လာမည်ဟုလည်း ဖေါ်ပြထားသည်။ (ဟေရှာ ၆၀း၁–၃)

*"ဗျာဒိတ်တော်သံကို ငါကြားသောအခါ ရင်၌လှုပ်ရှားခြင်း၊ မေးခိုင်ခြင်း၊*

*အရိုးဆွေးမြေ့ခြင်း၊ တကိုယ်လုံးတုန်လှုပ်ခြင်းရှိ၏။ အကြောင်းမူကား၊ အမှုရောက်သောနေ့လုပ်ကြံသောသူသည် ငါ၏လူမျိုးကို တိုက်လာသောနေ့တိုင်အောင်ငါသည် နေရစ်ရမည်။ သင်္ဘောသဖန်းပင် မပွင့်ရ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ကျေးဇူးကိုမြော်လင့်၍မခံရ၊ လယ်တို့သည် အသီးအနှံကိုမပေးရ၊ သိုးခြံ၌သိုးကုန်၍ တင်းကုပ်၌နွားမရှိရ။"* (ဟဗက္ကုတ် ၃း၁၆–၁၇)

ဟဗက္ကုတ်ခေတ်ကာလတွင် ဘုရားသခင်၏ လူသားအပေါ် တရားစီရင်ခြင်းဖြစ်ကြောင်း ဤကျမ်းပိုဒ်အားဖြင့် ကျွန်ုပ်တို့ဖတ်ရှုလေ့လာနိုင်သည်။ သို့သော်နောက်ဆက်ကျမ်းပိုဒ်အရ ဘုရား၏လူများသည် တပိုးမှုတ်လျှက် အောင်ပွဲခံနေကြောင်းကိုပါ ခြားနားစွာတွေ့မြင်နိုင်ပြန်၏။ *"သို့သော်လည်း၊ ထာဝရဘုရား၌ငါဝမ်းမြောက်၍ ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကို အမှီပြု၍လျှက် ရွှင်လန်းမည်။ အရှင်ထာဝရဘုရားသည် ငါ၏ အစွမ်းသတ္တိဖြစ်တော်မူ၏။ ငါ့ခြေကိုသမင်ကဲ့သို့ဖြစ်စေ၍ ငါ၏မြင့်ရာအရပ်ပေါ်မှာ ငါ့ကိုနေရာချတော်မူမည်။"* ဤပုံရိပ်ကို ကျွန်ုပ်တို့ ဟေရှာယ ၆၀း၁–၃ တွင် ထပ်မံတွေ့နိုင်သည့်အရာမှာ အမှောင်တန်ခိုးရောက်လာသည့်တိုင်အောင် ထာဝရဘုရား၏ ဘုန်းတော်သည် အသင်းတော် အပေါ်၌ပေါ်ထွန်းလျှက်ရှိခဲ့၏။

ဤအရာသည် တရားစီရင်မှုမတိုင်မီနိုးထမှုရောက်ရှိလာခြင်း၏ အဓိကအရေးပါးချက်ဖြစ်သည်။ အကြောင်းမူကား ထာဝရဘုရား၏ ဝမ်းမြောက်ခြင်းကိုနိုးထမှုအားဖြင့် ကျွန်ုပ်အသက်တာ၌ ပင်ရောက်လာကာ ခက်ခဲမှုနှင့် တရားစီရင်ခြင်းကိုခံနိုင်ရန် ခွန်အားရရှိလာသည်။ နိုးထမှုဖြင့် အသင်းတော်ရင့်ကျက်ရှင်သန်နိုင်ရေးအတွက် အသင်းတော်သည် အံ့ဩဖွယ် နိမိတ်လက္ခဏာပါသည့်နိုးထမှုရှိရမည်။

၁၉၃၀ ခုနှစ်အတောတွင်းတွင် ဝေးလ်နိုင်ငံ၌ အစားခေါင်းပါးခြင်းဖြင့်တရားစီရင်ခြင်းအမှုဖြစ်ခဲ့၏။ အစိုးရကပင်ထောက်ပံ့နိုင်ခြင်းမရှိ၍ ခရစ်ယာန်များဘုရားသခင်ထံသို့ တိုးဝင်လျှက် စိတ်အားကြီးစွာ အစားအစာအတွက် ဆုတောင်းခဲ့ကြသည်။ အစားသောက်သိုလှောင်ရုံ ူမြိနမ သည် ဟာလာဟင်းလင်း ဖြစ်ခဲ့သည်။ ခရစ်ယာန်များ၏ ဆုတောင်းမှုကြောင့် ဟာလာဟင်းလင်းဖြစ်နေသော အစားသောက်သိုလှောင်ရုံကို ဖွင့်လိုက်သည့်အခါ နွားနိုးပေါင်မုန့်၊ အသားနှင့် တခြားသောအစားစာများပြည့်လျှံနေသည်ကိုတွေ့ရသည်။ ဘုရားသခင်၏ အံ့ဩဖွယ်ရာအမှုဖြင့်ထိုပြည်သူပြည်သားများအား ထောက်ပံ့ခဲ့လေ၏။ *နိုးထမှုသည်ကယ်တင်ခြင်းမရသေးသောသူများအား ခရစ်တော်ထံသို့ ပို့ဆောင်သည်သာမက*

*နိုးထမှုသည် တရားစီရင်ခြင်းကာလ၌ အသင်းတော်အတွက် အလိုအပ်ဆုံးသော အရာဖြစ်ရပ်ပင်ဖြစ်သည်။*

နိုင်ငံတနိုင်ငံတွင် တရားစီရင်မှုအတွက် ပရောဖက်ပြုသည့်အခါ သို့မဟုတ် စတင်သည့်အခါ၊ တချို့သော စီးပွားရေးလုပ်ငန်းရှင် ခရစ်ယာန်များသည် ဘေးဒါဏ်ကြီးကာလအတွက် အစားသောက်များကို ပြင်ဆင်မှုလုပ်ခဲ့ကြသည်။ ဒေါ်လာ ၂၀၀၀ တန် အစားသောက်သဘော်ာတစင်းကိုပင် လူတဦးအတွက် တနှစ်စာဖြင့် ရောင်းချနိုင်ခဲ့လေ၏။ ဤအရာက ခရစ်ယာန်များအနေဖြင့် မည်သို့ဆောင်ရွက်နေမှုကို အံ့သြစရာဖြစ်ခဲ့လေ၏။ တချိန်တည်းမှာပင် ခရစ်ယာန်များသည် တရားစီရင်မှုအတွက် အစားသောက်ကို ပြင်ဆင်ပြီး နေ့ချိန်၌ အစားအသောက်မရှိသူများ သူတို့ထံလာပြီး လုယက်မှုကို ကာကွယ်ရန် သေနတ်များကိုပင် ဝယ်ခဲ့ကြရသည်။ ဤအရာကား မိမိကိုမိမိ လုံခြုံမှုအတွက် လုပ်ဆောင်ပုံနှင့် ကြံစည်နေပုံကား အလွန်ပင် အံ့သြစရာဖြစ်ရပြန်၏။ ထိုသို့မဟုတ်ဘဲ၊ ဘုရားသခင်၏ တန်ခိုးတော်အောက်၌သာ လုံခြုံနိုးထမှုနှင့် အံ့သြဖွယ်ရာကို တရားစီရင်သောကာလအတွက် လိုအပ်နေပေသည်။

## နိုးထမှုမည်သို့စတင်သလဲ

ဟဗက္ကုတ်အနာတ်ဂတ်ကျမ်း၌ ဘုရားသခင်ကို စောင့်မျှော်နေခြင်းနှင့် ကိုယ်စားပြုဆုတောင်းခြင်းဖြင့် နိုးထမှုကိုအစပြုခဲ့၏။ ဘုရားသခင်သည် ဟဗက္ကုတ်အားတရားစီရင်ခြင်းလာမည်ဟု မိန့်တော်မူသည့်အခါ ပရောဖက်သည် *နိုးထမှုသည် ကိုယ်တော်၏အမှုတော် . . . အမျက်တော်ကာလတွင်လည်း ဂရုဏာအရာကို အောက်မေ့တော်မူပါ ၃း၂ ဟု ငိုကြွေးခဲ့၏။*

ဤအရာကား လွန်ခဲ့သော နှစ်များ၌ ကိုယ်တော်သည် တိုင်းနိုင်ငံအပေါ်၌ မိုးခေါင်မှုဖြင့် တရားစီရင်ပုံဖြစ်ခဲ့သည်။ မိုးခေါင်ခြင်းသည် ဘုရားသခင်၏ တရားစီရင်ခြင်းဟု ကျွန်ုပ်တို့သိခဲ့သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အား တဖန် “မိုးခေါင်ခြင်းသည် ငါ့၏လက်ရုံးတော်ဖြစ်သော်လည်း မိုးရွာသွန်းဖို့ ငါ့၏ဂရုဏာတရားကို သင်တို့တောင်းဆိုငိုးကြွေးရန် ငါ့အလိုရှိ၏ဟု မိန့်ဆိုနေ၏။ ဘုရားသခင်၏ တရားစီရင်ခြင်းရောက်ရှိလာမှုကို ကျွန်ုပ်တို့မြင်သည့်အခါ ဘုရားသခင်၏ ဂရုဏာတရားတော်အတွက် ကျွန်ုပ်တို့ ငိုးကြွေးနေမှုသည် အလွန်အရေးပါးပေ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်သည့်

အားလျော်စွာ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ နှိမ့်ချလျှက် "အိုထာဝရဘုရား အမျက်တော်ကာလ၌ ဂရုဏာတရားကို အောက်မေ့တော်မူပါ" ဟု ငိုကြွေး နေရပေမည်။ အလွန်ကြီးမားသောတရားစီရင်ခြင်းရှိသော်လည်း ဘုရားသခင်၏ ဂရုဏာတရားကို ကျွန်ုပ်တို့တောင်းတကြ၏။ ကျွန်ုပ်တို့သည် ငိုကြွေးလျှက်" အိုထာဝရဘုရား ဤတရားစီရင်ခြင်းနှင့် ကျွန်ုပ်တို့ထိုက်တန်ပါ၏။ သို့သော်လည်း အိုထာဝရဘုရားသခင်ကိုယ်တော်၏ အမှုတော်ကို ပြုပြင်တော်မူပါဟု ဆုတောင်းရမည်။

ပရောဖက်သည် ဟဗက္ကုတ် ၂း၁ ၌ *"ငါသည် ငါ့လင့်စင်ပေါ်မှာရပ်လျှက် ရဲတိုက်၌ အမြဲနေလျှက်၊ ငါ့အားအဘယ်သို့ မိန့်တော်မူမည်ကိုင်၄း၊ အပြစ်တင်လျှင် အဘယ်သို့ ပြန်လျှောက်ရမည်ကို၄င်း၊ ငါ့စောင့်၍နေစဉ်တွင်"* ဟု ဟစ်အော် နေခဲ့သည်။ ဟဗက္ကုတ်သည် သူ၏ဆုတောင်းရာ ရဲတိုက်၌ ဆုတောင်းလျှက်၊ စောင့်မျှော်နေသည်မှာ ဘုရားသခင်အသံတော်သာဖြစ်ခဲ့၏။

ကျွန်ုပ်တို့သည် ဘုရားသခင်ထံ၌ ဆုတောင်းခြင်းနှင့် စောင့်မျှော်နေသည့်အခါ နိုးထမှု၏လုပ်ဆောင်မှုကို တွေ့ရှိရသလို နိုးထမှုအတွက် အဟန့်အတားများကိုပင် ဘုရားသခင်ထံမှ ဖေါ်ပြမှုများရရှိနိုင်သည်။ နိုးထမှုအတွက် ပထမဆုံးသော အဟန့်အတားမှာ သန့်ရှင်မှုအတွက် လိုအပ်ချက်များကို မိန့်တော်မူမည်။ ဟဗက္ကုတ် ၂း၁ ၌ ပရောဖက်သည် ဘုရားသခင်၏ ရှေ့တော်မှောက်၌ နှလုံးသားကို အပ်နှံရင်း ဘုရားသခင်၏ မိန့်ဆိုချက်ကို *"ငါ့အား အဘယ်သို့မိန့်တော်မူမည်ကို၄င်း၊ အပြစ်တင်လျှင် အဘယ်သို့ပြန်လျှောက်ရမည်ကို၄င်း"* စောင့်မျှော်နေခဲ့သည်။ ရှင်ဘုရင် ဒါဝိဒ်ပင်လျှင် *"အိုဘုရားသခင်၊ အကျွန်ုပ်ကို စစ်ကြော၍၊ အကျွန်ုပ်၏ နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက်သည်ကို ကြည့်ရှု၍ ထာဝရလမ်းထဲသို့ သွေးဆောင်တော်မူပါ (ဆာလံ ၁၃၉း၂၃–၂၄)* ဟု ငိုကြွေးခဲ့၏။

နိုးထမှု ကျွန်ုပ်တို့ထံ၌ စတင်မှုကို သတိရရန်အလွန်ပင် အရေးပါးလှပေ၏။ ကျွနုပ်တို့နှင့်အတူ တခြားသော သူများထံ၌ နိုးထမှုစတင်လှုပ်ရှားမှုသည် အလွန်ပင်တင့်တယလှပပေ၏။ သို့သော် နိုးထမှုသည် ဘုရားသခင်နှင့် အလွန်ပင် နီးစပ်နေသောသူ နိုးထမှုကို လိုအပ်သူများထံ အမြဲတစေ့ရှိနေကြောင်း တွေ့ရှိရပေသည်။ ထို့ကြောင့် "အသစ်သောနှလုံးသားကို ပေးတော်မူပါရန်နှင့် အိုဘုရားသခင် ကျွန်ုပ်အားစုံစမ်း၍ ရှာတော်မူပါ" ဟု ကျွန်ုပ်တို့ ငိုကြွေးရမည်။ ဤအရာများအားဖြင့် နိုးထမှုစတင်ခဲ့၏။ ထိုပြင် ကျွန်ုပ်တို့မထင်မှတ်သော

အဟန့်အတားများနှင့် နိုးထမှု၏အဟန့်တားများကို ကျွန်ုပ်တို့အားဖော်ပြတော်မူမည်။

ဟေရှာယ အခန်း ၆ တွင် ဟေရှာယသည် ထာဝရဘုရားသခင်နှင့်အတူရှိခြင်း၊ မိတ်သဟာရဖွဲ့ခြင်းအားဖြင့်သာ နိုးထမှုဖြစ်ပေါ်ပုံကို ကျွန်ုပ်တို့တွေ့ရှိနိုင်ခဲ့သည်။ ဤအချက်ကား ကျွန်ုပ်တို့အားလုံးအတွက် အဓိကလိုအပ်ချက်ဖြစ်သည်။ အသင်းတော်အနေဖြင့် ထာဝရဘုရားသခင်ကို တွေ့ဆုံးခြင်း မိတ်သဟာရဖွဲ့ခြင်းမရှိပါက ကျွန်ုပ်တို့သည် မယုံကြည်သူများက ထာဝရဘုရားသခင်ကို တွေ့ဆုံဖို့လုံးဝမဖြစ်နိုင်ပါ။ ဟေရှာယသည် ထာဝရဘုရားသခင်၏ အိမ်တော်ကို ဝင်ရောက်သည့်အခါ ကောင်းကင်တမန်သရပ်တို့က ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် "သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏" ဟု တပါးကိုတပါး ကြွေးကြော်မြွက်ဆိုကြ၏။ ထိုပြင်အခန်းငယ် ၅ ၌ ဟေရှာယကလည်း *"ငါ၌အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိပြီ အကြောင်းမူကား ငါသည်ညစ်ညူးသော နှုတ်ခမ်းရှိလျှက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသော လူမျိုးတွင်နေလျှက်နှင့် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားတည်ဟူသော ရှင်ဘုရင်ကို ကိုယ်မျက်စိနှင့် မြင်လေပြီတကားဟုဆို၏။"* ဤအရာမဖြစ်မီတွင် ဟေရှာယသည် ညစ်ညူးသောသူဖြစ်ကြောင်း သတိမမူခဲ့ရခြင်းမှာ ကောင်းကင်ဗိုလ်ခြေ ထာဝရဘုရား၏ ဘုန်းတော်ကို မမြင်ခဲ့ရခြင်းကြောင့် ဖြစ်ခဲ့သည်။ ထို့ကဲ့သို့ပင် ကျွန်ုပ်တို့၏အသက်တာ၌ တခါတရံ သတိမမူမိသည့် အရာများအားဖြင့် ဘုရားသခင်၏ နိုးထမှုတန်ခိုးကို မမြင်နိုင်ရခြင်းဖြစ်ရသည်။ ထိုအရာများမက ကျွန်ုပ်တို့၏ အသက်တာ၌ ဘုရားသခင်၏ ဗျာဒိတ်တော် မရရှိခြင်းကြောင့်လည်း ဘုရားသခင်၏ ဘုန်းတော်မထင်ရှားနေရခြင်း သို့မဟုတ် ကျွန်ုပ်တို့၏အသက်တာ၌ မှားယွင်းမှု ကျူးလွန်ခြင်း၊ သတိမမူခြင်း ကြောင့်လည်း ဖြစ်ရပြန်၏။ နိုးထမှုသည် အသင်းတော်မှ အသင်းသူ၊ သင်းသားများအပေါ်၌ ဘုရားသခင်၏ သန့်ရှင်းခြင်းရောက်ရှိမှုနှင့်အတူ စတင်ရသည်။

ဟဗက္ကုတ် လုပ်ဆောင်ခဲ့သလိုနှင့် ကျွန်ုပ်တို့ကောင်းကင်ဗိုလ်ခြေ ထာဝရဘုရား၏ အဖြေကို စောင့်မျှော်နေမှသာ ဘုရားသခင်က မိန့်မှုချက် စတင်လာလိမ့်မည်။ ဤအရာကား ကျွန်ုပ်တို့အသက်တာ၌ ဆင်ခြင်ရန် ကောင်းကင်ဗိုလ်ခြေထာဝရဘုရားအလိုရှိသော အရာဖြစ်တော်မူ၏။ ဤအရာသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝသော တရားဟောဆရာ၏အလိုချင်ဆုံးသော အရာလည်းဖြစ်သည်။ သူသည် ဘုရားသခင်ထံ၌ ကိုယ်တော်၊ သန့်ရှင်းသောဝိညာဉ် ကျွန်ုပ်ပေါ်၌ သွန်းလောင်းတော်မူပါ"ဟု ကြွေးကြော်သည့်အခါ ဘုရားသခင်က

သူလှောင်ထားသော လှောင်အိမ်ထဲက ငှက်ကလေးကို လွှတ်ဖို့ တခါးကို ဖွင့်ပေးပါ” ဟု မိန့်ဆိုခဲ့၏။ ဘုရားသခင်က “ငှက်ကလေးကို လွှတ်ဖို့” မိန့်ဆိုပြန်၏။ ထုသူသည် စိတ်ထဲ၌ အတွေးရောက်လာသည်မှာ “သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံဖို့တောင်းခံ သည်။ သို့သော် ဘုရားသခင်သူအား ပြောဆိုသည်မှာ ငှက်ကလေးကို လွှတ်ဖို့ဖြစ်နေသည်” ထို့အတွက် တရားဟောဆရာသည် ထပ်၍ ဆုတောင်းပြန်၏။ သို့သော် ဘုရားသခင်သည် ထိုငှက်ကလေးလွှတ်ဖို့ဘဲ ပြန်ပြောပြန်၏။ နောက်ဆုံးတော့ လှောင်အိမ်ထဲက ငှက်ကလေးကို လွှတ်ပေးလိုက်သည့်အခါ သန့်ရှင်းသောဝိညာဉ်တော်၏ပြည့်ဝမှုကို အသက်တာ၌ ခံစားလာရ၏။ “ဤအရာကား သေးငယ်သောအမှု၊ ဖြစ်ရပ်ဖြစ်သည်” မှန်ပေ၏။ ထိုအရာများက သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံပေးမှုအတွက် အတားဆီး များပင်ဖြစ်၏။ ထိုတရားဟောဆရာအနေဖြင့် လွှတ်မြောက်ခြင်းကို ဘယ်လို၊ ဘယ်အချိန်၌ တောင်းဆိုမိသလဲ။ အဖြစ်ပျက်ကတော့ ထူဆန်းပေ၏။ ယေရှုက ကောင်းကင်ဘုံအဖမသိဘဲ စာငှက်ကလေးများတောင်မြေပေါ်၌ မကျစေရဟု မိန့်တော်မူခဲ့သည်မဟုတ်လား။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ စောင့်မျှော်နေမှုအပေါ်၌သာ စကားပြောလျှက်ရှိ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဖတ်နေသော စာအုပ်အားဖြင့်၄င်း၊ ကြည့်နေသည် ရုပ်သံများဖြင့်၄င်း၊ လုပ်ဆောင်နေသော အမှုများအားဖြင့်၄င်း အတားဆီးများကို ဖေါ်ပြလျှက်ရှိနေသည်။ နှုတ်ကပတ်တော်၌ စပျစ်နွယ်ပင်တို့ကို မြေခွေးကလေးများက ပျက်စီးစေ၏ (ရှောလမုန်သီချင်း ၂း၁၅) ဟု ရေးသားထား၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာ၌ နိုးထမှုဖြစ်ရန် တားဆီးသောအရာများကို ဖွင့်ပြပြောဆိုနိုင်၏။

ထာဝရဘုရားသည် ဟဗက္ကုတ်၏ စောင့်မျှော်သည်အတိုင်း အခန်းကြီး ၂ ၌ အဖြေပေးခဲ့ကြောင်းနှင့်စကားပြောခဲ့ကြောင်း တွေ့ရှိနိုင်သည်။ ထာဝရဘုရားသည် ဟဗက္ကုတ်အားဖြင့် ပြဿနာကို ဖေါ်ပြခဲ့သည်။ *“စိတ်မြင့်သောသူသည် သဘောမဖြောင့်”* (ဟဗက္ကုတ် ၂း၄) ဟု ထာဝရဘုရားသည် မာနထောင်လွှားမှုအတားဆီးကို ဟဗက္ကုတ်အား ဗျာဒိတ်ပေးခဲ့၏။ ကျွန်တော်တို့လည်း တခါတရံ အသင်းတော်ထဲ၌ အလွန်ဝါကြွားလျှက်ရှိကြ၏။ ကျွန်ုပ်တို့ဘုရားသခင်၏ မျက်မှောက်တော်၌ ချဉ်းကပ်သည့်အခါ ဘုရားသခင်က ကျွန်ုပ်တို့၏ မာနကို လက်ညှိုးထိုးတပ်၏။ ကျွန်တော်တို့သည် ဝိညာဉ်ရေးရာ ရင့်ကျက်မှုအပေါ်၌လည်း ဝါးကြွားတတ်ကြ၏။ ဝါကြွားခြင်း မာနသည် လှည့်ဖြားခြင်းနှင့် နိုးထမှုကို

တားဆီးသော အဟန့်တားတခုဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်ကိုသာ အားကိုးပြီး နှိမ့်ချသော နှလုံးသားဖြင့် ဝိညာဉ်တော်သွန်းလောင်းသော နိုးထမှုကို သတိနှင့် စောင့်မျှော်ရမည်။ ဤအရာကား ဘုရားသခင်၏ ကျေးဇူးတော်နှင့် စိတ်နှိမ့်ချသော အသက်တာ၏ အဓိကကျသော ရလဒ်ဖြစ်ပေ၏။

နိုးထမှုကို ဟန့်တားသော အရာတခုကား ကျွန်ုပ်တို့၏ အိမ်၌လည်း ဖြစ်သည်။ ကျွန်ုပ်တို့၏ အိမ်၌လည်း ဆုတောင်းခြင်းနှင့်ပြည့်ဝမှသာ ဘုရားသခင်၏ နိုးထမှုရောက် ရှိလာမည်။ ဘုရားသခင်၏ မျက်မှောက်တော်ထင်ရှားခြင်းသည် ဘုရားကျောင်းထဲ၌သာ ပါဝင်မှုရှိခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ အိမ်၌ ပါဝင်နိုးထနေခြင်းဖြစ်သည်။

ရှင်ပေတရုဩဝါဒစာ ပထမစာစောင် အခန်းကြီး ၃ တွင် ခင်ပွန်းနှင့် ဇနီးမောင်နှံကြား ဆက်နွယ်မှုကို ဖော်ပြထားသည်။ အခန်းငယ် ၇ တွင် ခင်ပွန်းသည် ဇနီးအပေါ် မည်သို့ဆက်ဆံစောင့်မမှုကို “သင်တို့၏ ဆုတောင်းခြင်းအမှု၌ အတားဆီး မရှိစေခြင်းငှါ” ဖော်ပြထားသည်။ ခင်ပွန်းသည်၏ ဆုတောင်းသည့်အရာကို အဆီးတားမဖြစ်စေရန် မိမိ၏ ဇနီးကို ကောင်းမွန်စွာ ဆက်ဆံရမည်။ ကျွန်ုပ်တို့၏ လက်ထပ်ထိမ်းမြားခြင်းနှင့် အိမ်အားဖြင့် နိုးထမှုကို အဆီးတားဖြစ်နိုင်သည်။

မာလခိ ၄း၅–၆ အရ ထပ်မံ၍ သက်သေတခုဖါ်ပြပြန်၏။ *“ထာဝရဘုရား၏ ကြောက်မက်ဖွယ်သောနေ့ရက်ကြီးမရောက်မှီ”* သားတို့နှင့် အဘတို့ကိုငှင်း၊ အဘတို့နှင့်သားတို့ကိုငှင်း အသင့်တင့်ဖြစ်စေရန် *“ငါသည်လာ၍ သင်တို့၏ ပြည်ကို ကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည့်အကြောင်း”* ဘုရားသခင်အလိုရှိတော်မူ၏။ ထို့ကြောင့် သမ္မာကျမ်းဟောင်းနှင့် သမ္မာကျမ်းသစ်အရ နိုးထမှုရောက်ရှိရန် ကျွန်ုပ်တို့အိမ်၌ ရှေးဦးစွာ အဆီးတားများကို ဖယ်ရှားရမည်ဖြစ်သည်။

နိုးထမှုသည် မိဘနှင့်သားသမီးအကြား သို့မဟုတ် ခင်ပွန်းနှင့် ဇနီးအကြားမှ စတင်နိုင်သည်။ အကယ်၍ သင်သည် မိမိ၏ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မိဘများနှင့် ကောင်းသောသင့်မြတ်ခြင်းမရှိဘဲ၊ အသင်းတော်၌လာရောက်ပြီး ဘုရားသခင် ဤအရာများကို ဖယ်ရှားပေးပါဟု ပြောဆို၍မရပါ။ အကယ်၍သင်သည် မိမိ၏ မိသားစုဝင်များနှင့် သင့်မြတ်ခြင်းမရှိပါက သင်သည် ခရစ်တော်နှင့်အတူ နေ့စဉ် လျှောက်လှမ်းနေသည်ဟု မပြောဆိုနိုင်ပါ။ ခင်ဗျားပြောနိုင်ပါမလား။ ဤအရာများကို ရှေးဦးစွာ ဆောက်ရွက်ရပေမည်။ အကယ်၍ သင့်အိမ်မိသားစု၌ နိုးထမှုမရှိပါက၊ အသင်းတော်၌လည်း မရှိနိုင်ပါ။ အသင်းတော်သည် မိသားစု၏ စုဆောင်းရာ အရပ်ဖြစ်၏။

ကျွန်တော်သည် အသင်းတော်များများကို လည်ပတ်ခွင့် ကျေးဇူးတော်ခံစားရ၏။ ကျွန်တော်တို့ မိသားစုအိမ်များကို လည်ပတ်ခဲ့ခြင်းဖြင့် အသင်းတော်၌ နိုးထမှု မရှိခြင်းကို သိရှိရခဲ့၏။ အမှန်စင်စစ် မိသားစုအိမ်၌သာ ခရစ်ယာန်၏ အစဖြစ်၏။ အကယ်၍ မိသားစုနှင့် မိသားစုဝင်များအပေါ်၌ သင့်မြတ်မှုမရှိဘဲ အသင်းတော်၌ တဦးပေါ်တဦးပြုံးပြခြင်း၊ ဟာလေလုယာဟု ကြွေးကြော်ခြင်းသည် လှည့်စားခြင်းများသာ ဖြစ်သည်။ သင်သည် ဆုတောင်းခြင်း၊ ချီးမွမ်းခြင်းများကို ဆောင်ရွက်နိုင်သော်လည်း နိုးထမှုကိုတော့ ရရှိမည်မဟုတ်ပေ။ မိဘများတို့သည် သားသမီးအပေါ်၌၄င်း၊ မိဘနှစ်ပါး အချင်းချင်းအပေါ်၌၄င်း၊ သားသမီးတို့သည် မိဘအပေါ်၌၄င်း သင့်မြတ်ခင်းရှိမှသာ မိသားစု၌ နိုးထမှုရှိလာသလို ထိုနိုးထမှုဖြင့် အသင်းတော်၌ နိုးထမှုရှိလာမည်။ သင့်မိသားစုအပေါ်၌ နိုးထမှုရှိပါရဲ့လား။ ဘုရားသခင်၏ အလိုတော်အတွက် ကျွန်ုပ်တို့ပြင်ဆင်ရမည်။

ဘုရားသခင်သည် ဟဗက္ကုတ်ကို အဆီးတားများကို ဖေါ်ပြပြီးနောက်နောက် ခြေလှမ်းကို ဖေါ်ပြခဲ့၏။ ဟဗက္ကုတ် ၂း၄ ၌ ဘုရားသခင်က *"ဖြောင့်မတ်သော သူမူကား မိမိယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်"* ဟု မိန့်ဆိုခဲ့၏။ စစ်မှန်သော စိတ်နှလုံး နှိမ့်ချမှုဖြင့် ဘုရားသခင်ကို ကိုးစားလျှက် "ကိုယ်တော် ယုံကြည်ခြင်းကို ကျွန်ုပ်နှလုံးသား၌ ပြုပြင်ပေးတော်မူပါ" တောင်းဆိုရပေမည်။ ဤအရာဖြင့် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်သည် နိုးထမှုကိုပေးတော်မူလိမ့်မည်။ ထို့အပြင် မိမိတို့ဘက်မှ ကြိုးစားခြင်း ဆောင်ရွက်မှုအားဖြင့်မဟုတ် ဘုရားသခင်၏ ပေးတော်မူခြင်းဖြင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ နှိမ့်ချသောစိတ်ဖြင့် ဘုရားသခင်ကို ချဉ်းကပ်သည့်အခါ ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ ယုံကြည်ခြင်းရရှိကား မိသားစုနှင့် အသင်းတော်၌ နိုးထမှုရောက်ရှိလာပေ၏။ ကျွန်တော်တို့ ဘုရားသခင်ထံ ဆုတောင်းသည့်အခါ ယုံကြည်ခြင်းသည် ကောင်းကင်တံခါးကို ဖွင့်စေလျှက် ဘုရားသခင်သည် ကျွန်ုပ်တို့ထဲ၌ နိုးထမှုတန်ခိုးကို သွန်းလောင်းပေးတော်မူ၏။

မှောင်မိုက်တန်ခိုးသည် လူသားများနေထိုင်ရာမြို့များ၊ မြို့တော်များနှင့် နိုင်ငံများအပေါ်၌ စိုးမိုးလျှက်ရှိနေသည်။ သတင်းကောင်းမရောက်နိုင်အောင် မှောင်မဲသော မိုးတိမ်ပမာ အဆီးတားလုပ်လျှက်ရှိနေသည်။ ထိုသို့သော အခြေနေကို မပျက်စီးခြင်းနှင့် ခွဲထုတ်မှုမလုပ်မခြင်း နိုးထမှုလုံးဝမဖြစ်နိုင်ချေ။ သို့သော် ဆုတောင်းခြင်းနှင့် ယုံကြည်မှုမှတပါး တခြားအရာမရှိချေ။

တခါတုန်းက အံ့သြဖွယ်ကောင်းလောက်အောင်ဖြစ်နေသည့်နေရာမှ မိုင်ပေါင်း

၂၀၀၀ ကွာဝေးသည့်နေရာသို့ ကျွန်ုပ်ရောက်ရှိနေချိန် နေ့လည် ချောင်ချောင်၌ ကျွန်ုပ်ရှေ့ ကျဆင်းသော ကောင်းကင်တမန် နှစ်ပါးရောက်ရှိလာခဲ့သည်။ ထာဝရဘုရား ကျွန်ုပ်အပေါ် "ဤကျဆင်းသောကောင်းကင်တမန်များသည် ဒီပတ်ဝန်းကျင်ကို စိုးမိုးနေသော သူများဖြစ်၍ သူတို့ကို ချည်နှောင်လော့" ဟု မိန့်တော်မူခဲ့၏။ ထိုအခါ ကျွန်ုပ်တို့လည်း သာမန်လျှံခါဖြင့် ကျဆင်းသော ကောင်းကင်တမန်များအား "ထာဝရဘုရားသည် သင်တို့အား ချည်နှောင်ရန်" မိန့်ဆိုဟု ပြောခဲ့၏။ ကျဆုံးသော ကောင်းကင်တမန်များက ဘာလုပ်ခဲ့ကြသလဲ သိသလား။ သူတို့သည် ကျွန်ုပ်ရှေ့၌ ရိုးရိုးလေး ဦးညွတ်ကာ နေခဲ့ကြသော်လည်း သူတို့၌ လိုလိုလားလားရှိပုံမရှိခဲ့ချေ။ အမှန်စင်စစ် ကျွန်ုပ်မှာ ကုလားထိုင်ပေါ်၌ ထိုင်လျှက် ကျဆုံးသောကောင်းကင်တမန်များသည် ကျွန်ုပ်ရှေ့၌ ရပ်နေကြသော်လည်း ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြောက်ခြားခြင်း တစုံတခုမှ မမြင်ရပေ။ တချိန်တည်မှာပင် ကျွန်ုပ်သတိရလိုက်သည်မှာ ဘုရားသခင် မိန့်တော်မူ၏ ဆိုသည့်အချက်ပင်ဖြစ်သည်။ ထိုအခါ "သံကြိုးဖြင့် ချည်နှောင်လျှက် ငရဲသို့ ပစ်ချလော့" ဟု အမိန့်ပေးလိုက်သည့်အခါ သံကြိုးဖြင့် တပါးကိုတပါး ချည်နှောင်လျှက် ပျောက်ကွယ်သွားကြောင်း ကျွန်ုပ်ထင်ရှားစွာ မြင်ခဲ့ရသည်။ အခင်းဖြစ်ပါးပြီး ရပ်သတ္တပတ်အကြာတွင် ထိုနေရာရှိ ခေါင်းဆောင် ရာထူးကျဆုံးပြီး ကြီးမားသော ပြောင်းလဲမှုရောက်လာခဲ့ကြောင်းတွေ့ရသည်။ ဤအချက်ကား ဆာလံ ၁၄၉း၈–၉ *". . .သူတို့၏ ရှင်ဘုရင်များကို သံကြိုးနှင့် ချည်နှောင်၍ . . . အပြစ်စီရင်ခြင်း"* ဆောင်ရွက်ရန်ဟူသောအရာပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် နှုတ်ကပတ်အတိုင်း မိန့်ဆိုလျှက် ချည်နှောင်ပါက တိုတောင်းသည့်အချိန်တွင် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ ခွဲခန့်တော်မူသော နေရာ၌ ရန်သူများ၏ အင်အားများကိုပင် မြင်နိုင်စွမ်းပြင်ဆင် ပေးတော်မူမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ အတိုင်းအသက်ရှင်ပါက ကျွန်ုပ်တို့အပေါ်၌ ခက်ခဲသောအရာများအားဖြင့် စကားပြောတော်မူခြင်းကိုခံရမည်။ ရန်သူများ၏ ချည်နှောင်မှု၊ နှောက်ယှက်မှုများကို သိမြင်နိုင်စွမ်းလည်းတွေ့မြင်ရမည်။ သို့အတွက် ကျွန်ုပ်တို့၏ ရူပါရုံကို မြင့်မားစွာထားရှိပြီး အသက်တာ၌ လျှောက်လှမ်းပါက ဘုရားသခင်၏ မျက်မှောက်တော်သည် ကျွန်ုပ်တို့အပေါ် သက်ရောက်ကာ နိုးထမှု ဧကန်ရောက်လာမည်ဖြစ်သည်။

အကယ်၍ ဤခြေလှမ်းအတိုင်း ဆောင်ရွက်ပါက နိုးထမှုအတွက် ကျွန်ုပ်တို့ အနေဖြင့် ထိရောက်သောပြင်ဆင်မှုဖြစ်ပေမည်။ ဟဗက္ကုတ်၏ ကြွေးကြော်ခဲ့သော

# 12

"အိုထာဝရဘုရား အမှုတော်ကို ပြုပြင်တော်မူပါ" အရာကား မိမိအသက်တာ၌ ဘုရားသခင်၏ စကားပြောခြင်းအမှုကို ငတ်လင့်နေသော ပရောဖက်၏ ဆုတောင်းသံ ဖြစ်ပေသည်။ ကျွန်ုပ်တို့သည်လည်း ဤအရာအတိုင်း လုံးဝဆောင်ရွက်ရမည်။ ထာဝရဘုရားသည် သင့်ထံသို့ချဉ်းကပ်ဖို့ရန် သင်ကိုယ်တိုင် ချဉ်းကပ်ဖို့ရန် ဘုရားသခင်အလိုတော်ဖြစ်သည်။ သင်၏နှလုံးသားထဲသို့ ဘုရားသခင် အလိုတော်ရှိရန် ထိုဘုရားသခင်ကိုယ်တိုင် အလိုရှိသောအရာလည်း ဖြစ်သည်။ လှောင်အိမ်ထဲမှ ငှက်ကလေးလွတ်ဖို့ အလိုရှိသကဲ့သို့ ဘုရားသခင်သည် သင်၏ အသက်တာ လွတ်မြောက်ခြင်းရဖို့ အလိုရှိနေပါသည်။ သင်၏အသက်တာ၌ မာနထောင်လွှားမှု သို့မဟုတ် ပြဿနာကို မိမိကိုယ်တိုင် မဖြေရှင်းဘဲ "ဤအရာကို လုပ်ပါပြီးတော့ သင့်ဘဝ၌ နိုးထမှုရှိမည်" ဟု ပုံသေနည်းတိုင်း၊ လုပ်ဆောင်ပါက လုံးဝဖြစ်မလာနိုင်ပါ။ သို့သော် သင်သည် ဘုရားသခင်၏ မျက်မှောက်တော်၌ ချဉ်းကပ်ပြီး ဘုရားသခင် အလိုတော်အတိုင်း ပြောင်းလဲစရာအမှုကို ပြောင်းလဲပြီး မှသာ ဘုရားသခင်သည် သင်ကို စကားပြောပါလိမ့်မည်။ ဤအချက်ကား ကျွန်ုပ်တို့အတွက် ဘုရားသခင်နှင့် အချိန်ယူပြီးမှ ဘုရားသခင်ထံမှ ဗျာဒိတ်တော် ရရှိနိုင်မည်။ အကြောင်းမူကား နိုးထမှုသည် ဘုရားသခင်၏ ကျွမ်းဝင်မှု၌သာ အစပြုရပေ၏။

မြောက်များစွာသော အသံများသည် ဤတိုင်းပြည်၊ ဤကမ္ဘာ၌ ပျံ့နှံ့လျှက် ရှိနေ၏။ တချို့သောအရာများအားဖြင့် နိုးထမှုကို ဖော်ပြနေပြီး၊ တချို့သောအရာများ အားဖြင့် တရားစီရင်မှုကို ဖော်ပြနေကြ၏။ သို့သော် အမှန်တရားကား အဘယ်နည်း။ ကျွန်ုပ်တို့သည် "ဗျာဒိတ် ရူပါရုံကို သင်ပုန်းပေါ်မှာ အက္ခရာတင်၍ (ဟဗက္ကုတ် ၂း၂) ရေးသားရမည်။ ထိုအခါ နိုးထမှုနှင့် တရားစီရင်ခြင်းကို လူသားများ နားလည်နိုင်မည်။ အကယ်၍ ကျွန်ုပ်တို့သည် နိုးထမှုကိုသာ မျှော်လင့်မိပါက လှည့်ဖျားခြင်းကို ရရှိနိုင်သလို၊ အကယ်၍ တရားစီရင်မည့်အရာကိုသာ မျှော်လင့်မိပါက မှသာနှင့် ရင်ဆိုင်ရမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စစ်မှန်သော ဗျာဒိတ်ရူပါရုံအားဖြင့် နိုးထမှုနှင့် တရားစီရင်ခြင်းကို ပေးစွမ်းနိုင်မည်။

တရားစီရင်ခြင်းအားဖြင့် သန့်ရှင်းခြင်းကိုရောက်စေရခြင်းအကြောင်းမှာ ဘုရားသခင်သည် တိုင်းပြည်၏ မှားယွင်းမှုကို ကြည့်ရှုနေခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်သည် သူ၏အသင်းတော်ကို သိမ်းဆည်းသောအခါ တိုင်းပြည်အပေါ်၌ သူ၏တရားစီရင်ခြင်း ရောက်လာမည်။ ထိုအခါ သိုးများကို သူ့၏ လက်ျာဘက်၌၄င်း ဆိတ်များကို သူ့၏လက်ဝဲဘက်၌၄င်း ထားတော်မူလိမ့်မည်။ (မဿဲ ၂၅း၃၁-၃၄)။

ထို့ကြောင့် သိုးတိုင်းပြည်ဖြစ်ဖို့ရန်အတွက် များစွာသော တိုင်းပြည်ပေါ်၌ သန့်ရှင်းခြင်းကို ရောက်ဖို့ အလိုရှိတော်မူ၏။ ဤနောက်ဆုံးသော ကာလတွင် ဘုရားသခင်သည် ဆောင်ရွက်မှုမလုပ်ဆောင်မီ ကျွန်ုပ်တို့သည် သစ္စာရှိစွာ လူသားများထံပြင်ဆင်မှုလုပ်ဆောင်ပေးရမည်။ "နိုးထမှုနှင့် တရားစီရင်မှုအတွက် ပြင်ဆင်ပါ" ဟူသော ကြွေးကြော်သံကို နားဆင်ယင်းအမှုတော်ကို ဆောင်ရွက်ကြပါစို့။

တရားစီရင်မှုအချိန်တွင် ကျွန်ုပ်တို့သည် အသင်းတော်၌ နိုးထမှုကို တွေ့နိုင်မည်။ ဘုရားသခင်သည် သူ၏ ချိန်းချက်သောအချိန်၌ အရာရာတွေ ပြောင်းလဲသည့်အချိန်သည် အသင်းတော် နိုးထမှုအချိန်ဖြစ်မည်။ ထိုအခါ ဘုရားသခင်သည် သူ၏အသင်းတော်ကို "ငါ၏ ဘုန်းတန်ခိုးကို သင့်အပေါ်၌ ရောက်ရှိရန် ငါ့အလိုရှိတော်မူ၏" ဟု မိန့်တော်မူမည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည် နိုးထမှုအစီစဉ်ကို မကြာခင်မှာ မြင်ရတော့မည်မှာ အမှန်ဧကန်ဖြစ်တော်မူ၏။

## အမှာစာ

ကျွန်ုပ် ဤစာအုပ်အားဖြင့် အတိတ်ကာလနှင့် ယခုမျက်မှောက်ခေတ်တွင် ယုံကြည်သူအပေါ်၌ သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းမှုကို အနည်းငယ်တင်ပြလိုပါသည်။ ယုံကြည်သူအပေါ်၌ ဘုရားသခင်၏ လှုပ်ရှားမှုနှင့် လုပ်ဆောင်မှုများမှာ မျိုးစုံနေကြောင်း၊ ဘုရားသခင်သည် မပြည့်စုံသောသူကို ရွေးချယ်ခဲ့ခန့်ကြောင်းတွေ့ရှိနိုင်မည်။ ရှံဆုန်ပင်လျှင် ဘုရားသခင်၏ ရွေးကောက်ခြင်းနှင့် ကြီးမားသော တန်ခိုးရှိခဲ့သော်လည်း သူ၏အသက်တာ၌ အာရုံစူးစိုက်မှု မရှိခဲ့၍ ကြီးစွာသော ဆုံးရှုံးမှုရှိခဲ့၏။ ရှောလမုန်သည် ဝိညာဉ်တော်၏ ဘိသိတ်ခြင်း၊ ပညာရှိခြင်းနှင့် အသိတရားရှိခြင်းများရှိခဲ့သော်လည်း ဇနီးသည်၏ ဖြားယောင်းမှုကြောင့် မကောင်းမှု၌ ပျော်မွေ့ခြင်း ကာမဂုဏ်၌ မွေလျော်ခြင်းကြောင့် ဆုံးရှုံးခြင်းကို ခံခဲ့ရသည်။ ဘိသိတ်ခြင်းတခုတည်းက လုံလောက်သောအရာ မဟုတ်ပေ။ ယာယီတဲမှ လွတ်မြောက်ခြင်း၊ ဘုရားသခင်၏ ပြင်ဆင်ခြင်းနှင့် ပြုပြင်ခြင်းများ ကျွန်ုပ်တို့ အပေါ်၌ရှိခြင်းသာ လုံလောက်သောအရာဖြစ်သည်။ ကျွန်ုပ်တို့ နိုးထမှု အတွင်း လုံးဝပြင်ဆင်ရမည်။

ယခုမျက်မှောက်ခေတ်တွင် အသင်းတော်အတွက် များစွာသော သာဓကများ

တွေ့ရှိနိုင်သည်။ နိုးထမှုသာသနာအားဖြင့် ဘုရားသခင်၏ ဘိသိတ်ပေးမှုသည် ရာ၊ ထောင်ချီအပေါ်၌ ကောင်းကြီးလျှံပယ်လျှက်ရှိနေသည်။ သို့သော် များစွာသော သာသနာများသည် ဘုရားသခင်အလိုတော်အတိုင်း ပြည့်စုံသော ပြင်ဆင်မှု မရှိခြင်းကြောင့် ဆုံးရှုံးခြင်း၊ မအောင်မြင်ခြင်းခံရသည်။ သာသနာရှိသော်လည်း မိမိထင်တိုင်း ကြဲကာလုပ်ဆောင်နေကြ၏။

ဤစာအုပ်အနေဖြင့် ဘုရားသခင်၏ ကြီးစွာသော အသုံးပြုပုံနှင့် လူသားအပေါ် ကူညီမှုကို ပြင်ဆင်နေမှုနှင့် မျှော်လင့်ချက်ကို ပေးဆပ်လို၏။ ကြီးမားသော နိုးထမှုကို အသင်းတော်အပေါ်၌ မကြာမီသက်ရောက်လာပြီး၊ အသင်းတော်အားဖြင့် များစွာသော ရိတ်သိမ်းမှုကို ဤနောက်ဆုံးသောကာလ၌ ပြည့်စုံလာမည်။

ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့သည် ကြီးမားသော နိုးထမှုကို ပြင်ဆင်ပြီး၊ ထိုနိုးထမှုတန်ခိုးဖြင့် များစွာသော အသင်းတော်ကို ကူညီပေးရန် ရည်ရွယ်ရေးခြင်းဖြစ်သည်။

× × ×

## အခန်း (၂)

# 15

## ငါ့လူတို့ကို သွားခွင့်ပြုပါ

ဘုရားသခင်သည် ကျွန်တော်/မတယောက်ချင်းစီကို နိုးထမှုအတွက် ပြင်ဆင်ပေးလိုပါသည်။ နိုးထမှုအတွက် အတားအဆီးမြောက်များစွာ ရှိနေပါလေစေ၊ ဘုရားသခင်သည် ကျွန်တော်တို့၏ အတွင်းစိတ်နှလုံးမှာ ဆီးတားနေသော အရာများကို ဖြေရှင်းဖို့ရန်၊ အပြင်ဘက်မှာရှိနေသည့် အဆီးအတားများနှင့် ချည်နှောင်မှုများကို ဦးစွာစတင်ဖြေရှင်းပေးတတ်ပါသည်။ နောက်ဆက်တွဲအနေဖြင့်၊ ကျွန်တော်တို့၏ အပြင်ပိုင်းဆိုင်ရာ ချည်နှောင်ခြင်းများနှင့် နှုတ်ကပတ်တော်၌ ဘုရားက၊ မောရှေအားဖြင့် ဖာရောဘုရင်ကို ပြောခဲ့သော စကားအကြောင်းအရာကို ဖော်ပြပါမည်။ *"ငါ့လူတို့သည် တော၌ငါ့အားဝတ်ပြုမည်အကြောင်း၊ သူတို့ကို လွှတ်လော့"* (ထွက် ၇း၁၆)။ ၎င်းသည် ဝိညာဉ်ဆိုင်ရာတိုက်ပွဲနှင့် လွတ်မြောက်ခြင်း အကြောင်းပင်တည်း။

### သဘာဝဆိုင်ရာနှင့် ဝိညာဉ်ဆိုင်ရာ

ကျွန်တော်တို့သည် လူ့သမိုင်းတခုလုံး၌ အရေးကြီးဆုံးသော အချိန်ကာလ၏ အစပိုင်းတွင် အသက်ရှင်နေကြခြင်းဖြစ်သည်။ ဘုရားသခင်သည် ဤလောက၏ နည်းစနစ်များ (သို့) ဝါဒနှင့် နိုင်ငံများကို လှုပ်ခါနေပါသည်။ ကျွန်တော်တို့၏ ခေတ်ချိန်ခါမှာပင်လျှင်၊ ရုရှားနှင့် ဥရောပနိုင်ငံရှိ ကွန်မြူနစ်ဝါဒပြိုပျက်သွားခဲ့သည်ကို မြင်ရသည်။ ထိုမျှမက အာရှ၊အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အခြားအခြားသော နိုင်ငံများမှာလည်း သိသိသာသာပင်၊ ပြောင်းလဲလာနေကြောင်း တွေ့မြင်နေရပါ သည်။ မေးခွန်းတခုက "အဘယ့်ကြောင့်နည်း"။

ကောရိန္တုသြဝါဒစာပထမစောင် ၁၅း၄၆ ၌၊ ကျွန်တော်တို့အား ရှင်ပေါလုပြောပြသည်မှာ၊ ဘုရားသခင်သည် သက်ဆိုင်ရာကို အရင်ဦးစွာ လုပ်ဆောင်ပြီးမှ ဝိညာဉ်ဆိုင်ရာကို လုပ်ဆောင်တတ်ကြောင်းပင်ဖြစ်သည်။ နိုင်ငံတကာမှာ၊ သဘာဝဆိုင်ရာ၊ အရာဝတ္ထုဆိုင်ရာ လွတ်မြောက်မှုများ တိုးတက်မြင့်မားလာသည်ကို မြင်တွေ့နိုင်၏။ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ခဲ့ကြယုံတင်မက၊ အချို့နိုင်ငံမှ အစိုးရအုပ်ချုပ်ရေးသမားများပင်လျှင် ပါဝင်နေသည်။ အုတ်တံတိုင်းများပြိုကျခဲ့ရာ၊ ဘာလင်တံတိုင်းနှင့် သံမဏိဖြင့် ကာထားသော အကာများပါဝင်သည်။ သို့သော်

ကျွန်တော်တို့ကို ဘုရားမိန့်မှာသည့် အရာသည်၊ အသင်းတော်နှင့် နိုင်ငံတကာ အတွက် ဝိညာဉ်ဆိုင်ရာ လွတ်မြောက်မှုအကြောင်း ဖြစ်ပါသည်။ ဤဝိညာဉ်ဆိုင်ရာ လွတ်မြောက်မှုအကြောင်း နားလည်နိုင်ရန်၊ အဆင့်ဆင့်လေ့လာ ရပါမည်။ ၎င်း အဆင့်များကို သိရှိဖို့က၊ ဘုရားသည်၊ အဲဂုတ္တု၌ ကျွန်ခံနေသော သူ့လူမျိုး တော်ကို ကယ်နုတ်ယူခဲ့ပုံကို လေ့လာရမှာ ဖြစ်ပါသည်။

## ကယ်နုတ်ယူခြင်း အဆင့်များ

အဲဂုတ္တုရှိ ဣသရေလတို့ကဲ့သို့ပင်၊ ကျွန်တော်တို့သည် ရှေးဦးစွာ ချုပ်နှောင် မှုခံနေရခြင်းကို သိမြင်ဖို့ရန် လိုအပ်သည်။ ၎င်းချုပ်နှောင်မှုသည်၊ ကျွန်တော်တို့၏ အသက်တာ၌သော်၎င်း၊ မိသားစုထဲက ပြဿနာတခုအားဖြင့်သော်၎င်း (သို့) အသင်းတော်ထဲမှာ တစုံတရာချည်နှောင်ခြင်း အားဖြင့်သော်၎င်း ဖြစ်နိုင်သည်။ ကျွန်တော်တို့ သိထားမှတ်သားရမည့်အရာတခုမှာ၊ "ကျွန်ုပ်တို့သည် လောကီသား တို့ကို မမွေးဖွားစေခဲ့ပါ"ဟုသော ဟေရှာယ ၂၆း၁၈ ၌ ကြေငြာထား သည့်အရာပင်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ကိုယ်တိုင်က၊ ချည်နှောင်ခြင်း ထဲရှိနေ၍ ဖြစ်သည်။

ဒုတိယအဆင့်သည်၊ ကျွန်တော်တို့၏ ချည်နှောင်ခံရမှုကြောင့် ဘုရားသခင်ထံ မြည်တမ်းခြင်းပြုရပါမည်။ ထွက်မြောက်ရာကျမ်း ၃း၇ ၌၊ ဘုရားသည် ဟေရှေအား "*အဲဂုတ္တုပြည်၌ရှိသော ငါ၏လူတို့ခံရသော ညှင်းဆဲခြင်းကို ငါစေ့စေ့မြင်ခဲ့ပြီ။ သူတို့ကို စေခိုင်းသော သခင်တို့ကြောင့် သူတို့မြည်တမ်းသော အသံကိုလည်း ငါကြားခဲ့ပြီ*"ဟု မိန့်မှာခဲ့၏။ ကျွန်တော်တို့အနေဖြင့်၊ ဘုရားကို ကြားလျှောက်ရပါမည်။ ဘုရားထံ စတင်မြည်တမ်းခြင်း (သို့) ဆုတောင်းခြင်းမပြုမချင်း၊ ဘယ်အရာမှ ဖြစ်လာမည် မဟုတ်ပေ။ ပထမနိုင်ငံများအတွက် သဘာဝဆိုင်ရာပြီးရင် အသင်းတော် အတွက် ဝိညာဉ်ရေးဆိုင်ရာ လွတ်မြောက်ဖို့အတွက် အချိန်ကျရောက်ပြီဟု ကျွန်တော်တို့ သိရှိသည်နှင့် တပြိုင်နက်၊ ဘုရားထံကြား လျှောက်ရပါမည်။

ယေဇကျေလ ၉း၁–၄ ၁/၃ ၌၊ ဘုရားသခင်ညွှန်ကြားခဲ့သည်မှာ ပြုခဲ့သမျှသော စက်ဆုပ်ရွံရှာဖွယ်အမှု အားလုံးအတွက် ညည်းတွားငိုကြွေးသော သူတို့၏ နဖူးပေါ်တွင် အမှတ်အသားရေးထိုးကာ၊ လူမျိုးတော်တို့ အလယ်၌ လျှောက်သွား ရမည့်အကြောင်းဖြစ်၏။ မဿဲ ၅း၄ အရ၊ သခင်ယေရှုက "*စိတ်မသာညည်းတွား သော သူတို့သည် မင်္ဂလာရှိကြ၏*"ဟူ၍ မိန့်မှာထားသည်။ အသင်းတော်၏ အားနည်းခြင်းအတွက်ကြောင့် ကျွန်တော်တို့တွေ စစ်မှန်သော ညည်းတွားရှိခဲ့

ပါသလား။ ဘုရားသခင်အသင်းတော်၏ အခြေအနေအတွက် မိတ်ဆွေ၏ ဆုတောင်းမှုကြောင့်၊ အကယ်၍ ဘုရားက မြင်တွေ့သဖြင့် ကျွန်တော်တို့၏ နဖူး၌ အမှတ်အသားရေး ထိုးမှာလား။

ထို့နောက်၊ တတိယအဆင့်သည်၊ မြည်တမ်းခြင်းနှင့် ညည်းတွားခြင်းပြုလာသည့်အခါမှ၊ လွတ်မြောက်မှု၏ ဂတိတော်ကိုရမည်ဖြစ်သည်။ ကျွန်တော်တို့သည် တိကျသော "ရှေမာ" (ဘုရားထံမှ စကားတော်) ရရှိပြီးမှ ရန်သူကို သွားတိုက်ခိုက်ဖို့ ဖြစ်သည်။ ဣသရေလတို့အတွက် စကားတော်သည် *"သူတို့ကို ကယ်နုတ်ဖို့ ငါဆင်းလာပြီ"*(ထွက် ၃း၈) ဟူ၍ဖြစ်၏။ တခါတရံဘုရား၏ ကယ်နုတ်ဖို့ ဂတိတော် (သို့) စကားတော်အတွက် စောင့်ဆိုင်းရမည့် အချိန်ရှိတတ်ပါသည်။ ဆာလံ ၄၀း၁ ၌၊ ဒါဝိဒ်မင်းက *"ငါသည် ထာဝရဘုရားကို စေ့စေ့မြော်လင့် သည်"* ဟု ဖော်ပြပြီးနောက်၊ ဘုရားသခင်၏ ဂတိတော်စကားသည်၊ ဆာလံ ၁၀၂း၁၃ ၌ "ထတော်မူပါ။ ဇိအုန်မြို့ကို သနားတော်မူပါ"ဟူ၍ ဖြစ်၏။ ယခုအချိန်သည် ချုပ်နှောင်ခြင်း များခံနေရသော ဘုရားသခင်၏ အသင်းတော်ကို ကယ်နုတ်မည့် ဘုရား၏ အချိန်ပင်ဖြစ်ပါသည်။ ကျွန်တော်သည် နိုင်ငံများအား ကယ်နုတ်သော "သဘာဝဆိုင်ရာ၊ ပထမ"ကို တွေ့မြင်ခဲ့သည်နည်းတူ အသင်းတော်ကို ကယ်နုတ်သော "ဝိညာဉ်ဆိုင်ရာ" အရာကိုလည်း ထပ်၍မြင်တွေ့ရန် လိုအပ်ကြပါသည် (၁ကော ၁၅း၄၆)။

နောက်တဆင့်သည် ကျွန်တော်တို့က၊ ဘုရားသခင်၏ ခန့်အပ်ခြင်းခံရသူဖြစ်ဖို့ လိုအပ်သည်။ ထွက် ၃း၁၀ ၌၊ ဘုရားက မောရှေအား မိန့်မှာခဲ့သည်မှာ၊ "သင့်ကို ငါစေလွှတ်မည်" ဟူ၍ဖြစ်၏။ ဘုရားက မစေလွှတ်ဘဲ၊ ကျွန်တော်တို့သွား၍ မရပါ။ ထို့နောက် အခန်းငယ် (၁၂) ၌၊ ထပ်၍မိန့်မှာခဲ့သည်မှာ၊ *"ငါသည် သင်နှင့်အတူ ရှိလိမ့်မည်"* ဟူ၍ ဖြစ်သည်။ ရန်သူအား မိမိတို့၏ အစွမ်းဖြင့်သာ သွားမတိုက်မိဖို့ လိုအပ်သည်၊ ဘုရားသခင်၏ မျက်မှောက်တော်အတွက် စိတ်ချမှုနှင့် သိရှိမှုရှိဖို့ လိုအပ်သည်။ အခန်းငယ် (၁၄)မှာကျတော့ ဘုရားသည်၊ မောရှေအား သူ၏အာဏာတန်ခိုးပေးကာ ကြေငြာစေသည်မှာ "ငါဖြစ်ဟု အမည်ရှိသော သူသည်၊ ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီ"ဟူ၍ဖြစ်သည်။ ကျွန်တော်တို့ သည် မကြာခဏဆိုသလို ဘုရားသခင်၏ တန်ခိုးတော်အာဏာကို သူ၏ သစ်လွင်သော နာမ၌ တွေ့မြင်ရတတ်ပါသည်။ မိတ်ဆွေ၏ လတ်တလောကြုံ တွေ့နေရသည့် အခြေအနေအတွက် ယေဟောဝါနိစိ (ဘုရားသည် ငါတို့၏ အောင်နိုင်သူ) (သို့) ယေဟောဝါယိရေ (ဘုရားသည် ငါတို့၏ မစသူ) (သို့) အခြားအခြားသော ဘုရား၏

ပုဂ္ဂိုလ်ဆိုင်ရာ နာမများ၏ ဖွင့်ပြမှုကို မြင်တွေ့ရန် လိုအပ်ကောင်းလိုအပ်ပါလိမ့်မည်။ *မာကု ၁၆း၁၇ ထဲမှာ၊ သခင်ယေရှုက "ငါ၏နာမကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်ကြလတ့်"* ဟု မိန့်မှာထားသည်။ ကျွန်တော်တို့သည် သစ်လွင်သော ဘုရားသခင်နာမ၏ လက္ခဏာကို မြင်တွေ့ပါမှ၊ ၎င်းနာမ၏ တန်ခိုးအာဏာဖြင့် ရှေ့သို့ခရီးဆက်နိုင်ကြမည်ဖြစ်သည်။ တမန်တော် ၁၉း၁၃–၁၆ ၌ ဖော်ပြသည့် သကေဝ၏သား (၇) ယောက်တို့သည်၊ ယေရှုကို သူတို့ကိုယ်တိုင် သိကျွမ်းခြင်းမရှိဘဲ နတ်ဆိုးကို နှင်ထုတ်ဖို့ ကြိုးစားခဲ့ကြရာ၊ နတ်ဆိုးက ဤသို့ "သင်တို့ကား၊ အဘယ်သူနည်း"ပြောဆိုတုန့်ပြန်ပြီး သူတို့ကို ပြန်လည်တိုက်ခိုက်ခဲ့ခြင်းကို ခံရကြသည်။ ဤအဖြစ်အပျက်ကိုကြည့်ခြင်းဖြင့် ကျွန်တော်တို့သည်လည်း ဘုရား၏ စေလွှတ်ခံသူဖြစ်ရန်နှင့် သူ့နာမ၏ တန်ခိုးအကြောင်းကို သိရှိထားရန် အထူးလိုအပ်ပါကြောင်း နားလည်ရသည်။

ထို့မျှမက၊ ဘုရား၏ သတင်းစကားရှိထားဖို့လည်း လိုအပ်သည်။ မောရှေအား ဘုရားပေးသော သတင်းစကားသည်၊ *"ငါလူတို့သည် တော၌ငါ့ကို ဝတ်ပြုမည် အကြောင်း၊ သူတို့ကို လွှတ်လော့"* ဟူ၍ ဖြစ်၏။ ၎င်းသည် အင်မတန် ရှင်းလင်းသော သတင်းစကားဖြစ်သဖြင့် ယနေ့၊ ကျွန်တော်တို့အတွက်လည်း ဖြစ်ပါသည်။

## ရန်သူကို ရင်ဆိုင်ခြင်း

သတင်းစကားရရှိပြီးနောက်၊ မောရှေ့နှင့် ဖါရောဘုရင်ကြား ထိပ်တိုက်ရင်ဆိုင်ခြင်းများဖြစ်ပွားလာခဲ့သည်။ ဆယ်စုနှစ်များမကြာမီက၊ နိုင်ငံတော် တော်များများမှာ၊ ဒေသခံလူထု၏ အာဏာက၊ သူတို့လိုချင်သော အရာကို ရရှိသည့်တိုင်အောင် အစိုးရထံအတိုက်အခံပြုခဲ့ကြသည်မှာ သကဝပင်ဖြစ်၏။ ထို့အလားတူ ဝိညာဉ်ရေးဆိုင်ရာမှာလည်း၊ ကျွန်တော်တို့သည် ဘုရားသခင်နာမ၏ တန်ခိုးအာဏာ ဖြင့် ရန်သူကိုဆက်လက်တိုက်ခိုက်ကာ၊ ကယ်နုတ်ခြင်းနှင့် နိုးထမှုကို ဖြစ်ပေါ်လာစေရကြပါမည်။

ဤအရာသည် တောင်အာဖရိက၌ လူမဲအာဖရိကတို့၏ လူဖြူ လူမဲခွဲခြားခြင်းဝါဒကို ချိုးဖျက်ခဲ့မှုအဖြစ်အပျက်ပင် ဖြစ်၏။ ၎င်းသည် စတင်၍ပြည့်စုံဖို့ ရုပါရုံကို တခါက၊ ကျွန်တော် ဃစေနေအသတည ၌ ရောက်ရှိနေစဉ်မြင်ခဲ့ပါသည်။ ရုပါရုံ၌ ပြောင်းလဲခြင်းဆိုင်ရာ၏ ကြမ်းတမ်းသော လေမုန်တိုင်းနှစ်ခုသည် နိုင်ငံတခုလုံးအား တိုက်ခိုက်ရှင်းလင်းသွားခဲ့သည်ကို ကျွန်တော်မြင်ခဲ့သည်။ ၎င်းနှစ်ခုအနက်၊ တခုသည်၊ နဂိုကတည်းက ရှိနေခဲ့သည့် နိုင်ငံရေးဆိုင်ရာဖြစ်ပြီး၊ ကျန်တခုသည်

နောက်မှလိုက်လာသော ဝိညာဉ်ရေးဆိုင်ရာတို့ဖြစ်ကြ၏။

ထွက်မြောက်ရာ အခန်းကြီး (၅) အရ၊ မောရှေနှင့် ဖါရောတို့၏ ပထမဆုံး အကြိမ်တိုက်ခိုက်မှုမှ ထွက်ပေါ်လာသော ရလဒ်သည်၊ ရန်သူသည် သူ၏အစွမ်းတန်ခိုးကိုပြသောအားဖြင့်၊ ဣသရေလလူတို့အပေါ်ပို၍ ကြီးလေးသည့်ဝန်ကို ထမ်းရက်စေကြောင်း တွေ့ရသည်။ ဤအရာသည် ကျွန်တော်တို့ ဝိညာဉ်ဆိုင်ရာရန်သူအား စတင်တိုက်ခိုက်သည့်အခါ၊ ကြုံတွေ့ရမည်ပင်။ ရန်သူက ပြန်လည်တုန့်ပြန်တိုက်ခိုက်ခံရသည်ကို တခါတရံ ကျွန်တော်တို့ နားမလည်ဘဲ၊ အံ့အားသင့်နေတတ်လေ့ရှိသည် မဟုတ်လား။ အမှန်မှာ၊ အံ့သြစရာမဟုတ်ပါ။ ရန်သူသည် သူ၏တန်ခိုးအစွမ်းကို အသုံးပြုပြီး ပြန်တိုက်တတ်ရာ၊ ကိုယ်ခန္ဓာပေါ် ရောဂါဆိုးများဖြင့် ဒုက္ခပေးခြင်းမျိုးကိုပင် ရင်ဆိုင်ရမှာ ဖြစ်သည်။ ထိုအခါ၊ မိတ်ဆွေသည် ၎င်းဝိညာဉ်ဆိုင်ရာ တိုက်ပွဲအတွက် ဘုရားသခင်ထံမှ ခွန်အားသစ်နှင့် ဘုရားသည် ဤဒုက္ခဝေဒနာမှ ကယ်နုတ်လိမ့်မည်ဟူသော စိတ်ချမှုမျိုးကို လက်ဝယ်ပိုက်ထားရန် လိုပါသည်။ အကြောင်းအရာတခု၏ ရလဒ်ကိုမသိထားဘဲ၊ မိတ်ဆွေသည် ဒုက္ခအခက်အခဲကို စပြီးဆွထားလိုမည်မဟုတ်ပေ။ မောရှေ့က ထွက် ၆း၆ ၌၊ ဘုရားထံမှ "ငါသည် သင်တို့ကို အဲဂုတ္တုလူတို့လက်မှ ကယ်နုတ်ယူမည်"ဟူသော စကားတော်ကို လက်ခံရခဲ့သည်။ သို့သော်လည်း၊ ဣသရေလတို့သည် သူတို့ခံနေရသော ချုပ်နှောင်ခြင်းနှင့် စိတ်ဓာတ်ကျခြင်း တို့ကြောင့် မောရှေ့၏ စကားကို နားမထောင်ခဲ့ကြချေ (ထွ ၆း၉)။ လူတို့က၊ မကြာခဏဆိုသလို စိတ်ဓာတ်ကျစရာ ပြုတတ်ကြရာ၊ ခေါင်းဆောင် (သို့) ခေါင်းဆောင်များသည် သူတို့ချည်းပဲ တိုက်ပွဲဝင်နေရသည်ဟု ခံစားလာရတတ် ပါသည်။

ရန်သူတုန့်ပြန်တိုက်ခိုက်တတ်ခြင်းသည် ဘုရားသခင်၏ အကြံအစီမှာရှိပါသည်။ ဘုရားသခင်သည် ဖါရောဘုရင်အား ဆွပေးလေလေ၊ ဘုရင်၏နလုံးသည် မာသထက်မာလေလေဖြစ်ခဲ့၏။ ဖါရောဘုရင်အကြောင်းကို ဘုရားက၊ ရောမ ၉း၁၇ ၌၊ ဤသို့ "ငါတန်ခိုးကို သင်၌ ငါပြခြင်းငှါ၄င်း၊ ငါ့နာမကို မြေတပြင်လုံးတွင် ကျော်စောစေခြင်းငှါ၄င်း၊ သင့်ကို ချီးမြှောက်ခဲ့ပြီ" မိန့်မာထား၏။ မိတ်ဆွေ၏ ကောင်းကျိုးအတွက် ဘုရားသည်၊ ရန်သူအား ချီးမြင့်အသုံးပြုတတ်၏။ ဘုရားလည် ဝိညာဉ်တိုက်ပွဲများဖြစ်ပွားစေခြင်းဖြင့် သူ၏တန်ခိုးအာဏာထင်ရှားသလို၊ သူ၏ အကြံအစီများကိုလည်း ပြည့်စုံပြီး မြောက်လာစေခြင်းဖြစ်သည်။

မောရှေအနေဖြင့် အဲဂုတ္တု၌၊ကျွန်ခံနေသော သူ့လူမျိုးအား ကယ်နုတ်ယူဖို့၊ တိုက်ခိုက်မှုတခုပြီးနောက်တခုပြုခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် အလွန်စိတ်ပျက်

အား ငယ်လာနိုင်သည်။ သို့သော်၊ ခေါင်းဆောင်အတွက် စကားတော်မှာ၊ *"အကြင်သူသည် အဆုံးတိုင်အောင် တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည် (သို့) ဘုရား၏ ကယ်နုတ်ခြင်းကို မြင်တွေ့ရလိမ့်မည်"*ဟူ၍ ဖြစ်၏ (မဿဲ ၁၀း၂၂)။ အဆုံးတိုင်တည်ကြည်ပြီး ရင်ဆိုင်နေရသော ရန်သူ၏ တန်ခိုးကို ချိုးဖျက်အနိုင်ရသည့်တိုင်၊ တိုက်လှန်ရပါမည်။ ကျွန်တော်တို့ သည် သန့်ရှင်းခြင်းကို အစဉ်အမြဲတည်နေစေရန် လိုအပ်သည်။ သို့မှသာလျှင်၊ ဘုရားကယ်နုတ်မည့်အချိန်အထိ စိတ်အားမလျော့ဘဲ ရှိနေနိုင်မည်။

အကြိမ်ပေါင်းများစွာ၊ မောရှေသည် ဖါရောအား အတိုက်အခံလုပ်ပြီး "ငါ့လူတို့ကို သွားခွင့်ပြုပါ" ဟု ကြားလျှောက်ခဲ့လေ၏။ ဘုရားထံမှ စကားတော် ရယူသည့်အခါ၊ မိတ်ဆွေသည် ဆက်ပြီးပြောထွက်ရမည်ဖြစ်ရာ၊ မိတ်ဆွေ၏ နေအိမ် (သို့) အသင်းတော်ကို ပတ်ကာပင် ရွတ်ဆိုသင့်ပါသည်။ ထိုသို့ပြောဆိုသည်ကို မကောင်းဆိုးဝါးများကြားနိုင်သည်။ ၎င်းစကားတော်ကို ယုံကြည်ခြင်းဖြင့် ဆက်လက်ပြောဆိုပါက၊ ၎င်း၏အသီးကို ရိတ်ရမည်။ အကြောင်း မာကု ၁၁း၂၃ ၌ မိန့်မှာထားသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ ဥပမာတခုကို ယေဇကျေလ ၃၇း၄ ၌ တွေ့ရပါသည်။ ယေဇကျေလအား ပရောဖက်ပြုစေသည့်အရာမှာ၊ "အိုးသွေ့ခြောက်သော အရိုးတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ကြလော့"ဟူ၍ ဖြစ်သည်။ ဤစကားတော်ကို ယေဇကျေလ၊ ရွတ်ဆိုလိုက် သည်နှင့်အမျှ၊ အရိုးတို့ကို လှုပ်ရှားလာပြီး အသက်ရှင်လာခဲ့ကြ၏။ ထို့ကြောင့် တခါတရံ၊ ဘုရားသခင်က ကျွန်တော်တို့အား ပြောစေလိုသော စကားတော်နှင့် ပရောဖက်ပြု ချက်ကို ဆက်လက်ပြောဆိုရုံဖြင့် ဘုရားသည်၊ သူ့တန်ခိုးဖြင့်၊ သူ့အကြံအစီကို ပြီးစီးစေတတ်ပါသည်။

## ငွေကြေးဆိုင်ရာ လွှတ်မြောက်ခြင်း

ရန်သူအားတိုက်ခိုက်ခြင်းပြီးဆုံးသည့်အခါကျမှ၊ ဣသရေလတို့၏ ချမ်းသာကြွယ်ဝမှုရောက်လာကြောင်း၊ အရေးကြီးသော အချက်ကို တွေ့ရသည်။ အမှန်မှာ ဣသရေလတို့သည် အလွန်ဆင်းရဲခဲ့ကြပါသည်။ သို့သော်၊ သူတို့လွတ်မြောက်လာသည့်အခါ၊ ဘုရားသခင်၏ အကြံအစီပြီးပြည့်စုံဖို့၊ သူတို့၌ ချမ်းသာကြွယ်ဝခြင်းရှိရန် လိုအပ်ခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော်၊ သဲကန္တာရတွင် သူတို့တွေ တဲတော်တခုတည်ဆောက်ရမည်ဖြစ်သောကြောင့် နောက်ဆုံးကပ်ဘေးမတိုင်မီ၊ ထွက်

၁၁း၂ ၌၊ ဘုရားက မောရှေအား မှာကြားခဲ့ သည်မှာ၊ ဣသရေလတို့သည် အဲဂုတ္တုလူမျိုးတို့ထံ သွား၍ ရွှေနှင့်ငွေကို တောင်းစေ ဟုဖြစ်၏။ ၎င်းသည် ကျွန်တော်တို့က၊ ရန်သူအား ထိုးဖောက်မှု၏ အစပြုခြင်းပင်တည်း။ လွတ်မြောက်ဖို့ နီးလာပြီ ဖြစ်သောကြောင့် ရွှေ၊ငွေစတင်ရောက်ရှိလာသလို၊ ထိုရွှေ၊ငွေလိုအပ်ခြင်း သည်၊ ဘုရားစေခိုင်းသော အရာ လုပ်ဆောင်ဖို့ဖြစ်၏။

ထို့ကြောင့် ဘုရားသခင်သည် ဣသရေလတို့၏ ငွေကြေးဆိုင်ရာမှ ကယ်လွတ်ခဲ့သဖြင့် လိုအပ်သည်ထက် ပေါကြွယ်လာခဲ့ကြလေ၏။ အမှန်မှာ၊ သူတို့တွေ တဲတော်ကို ဆောက်လုပ်သည့်အခါ၊ ပေးလှူလာကြသော ရွှေ၊ငွေအပေါ် မောရှေ့သည် ထပ်မလှူကြဖို့ တားဆီးခဲ့ရ၏။ အကြောင်းမှာ၊ တဲတော်ပြီးစီးဖို့ လက်ခံရသော အလှူသည်၊ လိုသည်ထက်တောင်ပိုနေပြီဖြစ်သောကြောင့်တည်း (ထွက် ၃၆း၅-၇)။ ဘုရားသည် သူတို့အား ကြွယ်ဝစွာ မစပေးခဲ့ခြင်းဖြင့် ဘုရား၏ တဲတော်တည်ဆောက်ရာ၌ ငွေကြေးမလုံလောက်မှုမရှိခဲ့ချေ။ ကျွန်တော်တို့သည် လည်း ဘုရားက ငွေကြေးဆိုင်ရာ လွတ်မြောက်မှုပေးနိုင် ကြောင်းကို ယုံကြည်ရ မည်။ လောကစည်းစိမ်ခံစားကာ နေထိုင်ဖို့ မဟုတ်ဘဲ၊ ဘုရား၏ သာသနာလုပ်ငန်း အတွက်သာ ဖြစ်သင့်သည်။ ဘုရားသည် ကျွန်တော်တို့အား သူသည် ယေဟော ဝါယိရေ (မစသူ) ဖြစ်ကြောင်း နားလည်စေလိုပါသည်။ ဤငွေကြေးကိစ္စ၌၊ ကျွန်တော်တို့ လွတ်မြောက်ဖို့ လိုကောင်းလိုနေပါလိမ့်မည်။

ရံဖန်ရံခါ၊ ကျွန်တော်တို့သည် စာတန်ရန်သူ၏ လှည့်ဖျားခြင်းကို သတိမပြုမိဘဲ ရှိတတ်ကြသည်။ ကျွန်တော်၏ မိတ်ဆွေတယောက်က၊ တသက်လုံးဆင်းရဲနွမ်း ပါးလျှက် နေခဲ့ရာ၊ ၎င်းသည် ဘုရားကို ကျေနပ်စေခြင်းဖြစ်သည်ဟု ခံယူလေ၏။ ချက်ချင်းဆိုသလို၊ ဘုရားသည် သူ၏ အမြင်ကို ဖုံးထားသည့် အရာအားယူပစ်ရာ၊ ငွေကြေးဆိုင်ရာကို ချုပ်နှောင်ထားသော ဆင်းရဲခြင်းဆိုင်ရာ စိတ်ဝိညာဉ်ကို မြင်ခဲ့ရ၏။ ၎င်းကို မြင်မြင်ချင်းဘဲ၊ ဤအရာ ချိုးဖျက်ပစ်ရမည်ဟု စတင်ယုံကြည် လာခဲ့သဖြင့်၊ ဘုရားသည် ငွေကြေးဆိုင်ရာမှ လွတ်မြောက်ခြင်း ပေးခဲ့လေ၏။ ကျွန်တော်တို့သည် ခရစ်တော်အတွက် သန်းကြွယ်သူဌေးတွေဖြစ်ကြ ရမည်ဟု မဆိုလိုပါ။ သို့သော်လည်း ငွေကြေးဆိုင်ရာ လွတ်မြောက်ခြင်းကို တော့လိုအပ်သည်။ သို့မှသာလျှင်၊ ကျွန်တော်တို့သည် အသက်တာထဲမှာ၊ ဘုရားကြံစီသော လုပ်ငန်းကို ပြီးစီးစေနိုင်ကြမည်မဟုတ်လော။

**အသွေးတော်တန်ခိုး**

နောက်ဆုံးကပ်ဘေးရောက်လာသည့်အခါ၊ ဘုရားသည် *"အံ့ဖွယ်သော အမှုတော်တို့သည် အဲဂုတ္တုပြည်၌ များပြားမည်အကြောင်း၊ ဖါရောဘုရင်သည် သင်တို့၏ စကားကို နားမထောင်ဘဲ နေလိမ့်မည်"* (ထွက် ၁၁း၉) ဟု မိန့်မှာခဲ့၏။ ဖါရော၏ နှလုံးကိုသာ၍ မာကြောစေသဖြင့် တပြည်လုံးမှ သားဦးများ အသတ်ခံရဖို့ ဖြစ်လာခဲ့ပေမဲ့၊ ဣသရေလတို့သည် အသွေးတော်အားဖြင့် ကွယ်ကာခြင်းကို ရခဲ့ကြ၏။ ကျွန်တော်တို့၏ အသက်တာ၌ ခရစ်တော်၏ အသွေးများစွာ ရှိနေဖို့ လိုအပ်လှသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ရန်သူနှင့် တိုက်ခိုက်သည့်အချိန်၊ အသွေးတော်အောက်၌ ရှိနေရမည်။ အသွေးတော်၌ မဟာတန်ခိုးရှိပါသည်။ အသွေးတန်ခိုးသည် အဲဂုတ္တုပြည်တခုလုံး၌ရှိ ဣသရေလ လူတို့ကို ကယ်တင်ခဲ့သည်ပင် မဟုတ်ပါလား။

တခါက၊ သင်းအုပ်ဆရာတဦးသည် သူ့အသင်းတော်ကို မတရားဆန့်ကျင့် တိုက်ခိုက်ကြသော အဖွဲ့အစည်းတခုနှင့် ရင်ဆိုင်ခဲ့သဖြင့်၊ ၄င်းသင်အုပ်သည် ဆုတောင်းဖွဲ့၊ တဖွဲ့ကို ဖွဲ့စည်းလိုက်၏။ ဤဆုတောင်းဖွဲ့သည် "ဘုရားသခင်၏ သာသနာလုပ်ငန်းနှင့် ၄င်းကိုဆန့်ကျင်ဖို့ အံ့ကြွစေသော လူတွေကို ယေရှုနာမနှင့် ယေရှု၏ အသွေးတန်ခိုးဖြင့် ချည်နှောင်ဖယ်ရှားပါ၏"ဟု တောင်းခဲ့ကြ၏။ ထို့နောက်သာ၍ဆိုးသော ဆန့်ကျင်မှုပြဿနာထပ်၍ မကြုံရတော့ပေ။ အသင်းတော်ကို ဆန့်ကျင်ဖို့ ဖွဲ့စည်းခဲ့ကြသော အဖွဲ့အစည်းသည်၊ တဖြည်းဖြည်းနှင့် သူတို့အချင်းချင်းကြားမှာ ကွဲပြားမှုဖြစ်ကာ၊ တန်ခိုးမဲ့ဖြစ်သွားခဲ့ကြသည်။ ကျွန်တော်တို့သည်လည်းပဲ၊ ဤအချိန်ကာလသည်၊ အသွေးတန်ခိုးဖြင့် ဝိညာဉ်တိုက်ပွဲဆင်နွှဲရမည့် အချိန်ဖြစ်ကြောင်း သိနားလည်ကြရပါမည်။

**လူတိုင်း၏ ရွေးချယ်မှု**

ကပ်ဘေး (၁၀)ခု မြောက်၊ သားဦးသတ်ခြင်းပြီးမှ ဖါရောဘုရင်သည်၊ ဣသရေလတို့ကို အဲဂုတ္တုမှ ထွက်သွားဖို့ ခွင့်ပြုခဲ့သည်။ ထို့နောက်မှာလည်း တဖန်၊ ဖါရော၏ စိတ်နှလုံးသည် မာကြောပြန်သဖြင့်၊ သူ့စစ်သည်များအား ဣသရေလတို့ကို သိမ်းပိုက်စေခဲ့၏။

ဣသရေလတို့သည် အလွန်ကြောက်သဖြင့် မောရှေအား *"ငါတို့သည် ဤတော၌ သေရသည်ထက်၊ အဲဂုတ္တုလူတို့ထံ၌ အစေကျွန်ခံလျှင်သာ၍ ကောင်းသည်ဟု ဆိုကြ၏"* (ထွက် ၁၄း၁၂) ဟု ဤသို့ဆိုကြ၏။ သူတို့၏ အခက်အခဲ၊ ဒုက္ခကြောင့်

အဲဂုတ္တုမှ ဘယ်သောအခါမှ လွတ်မြောက်လိမ့်မည် မဟုတ်ဟု ထင်ခဲ့သည့် နေရာကနေ၊ မောရှေသည် သူတို့အား ဦးဆောင်ခေါ်ထုတ် လာခဲ့မှုအပေါ် စိတ်ဆိုး၊ ဒေါသထွက်ခဲ့ကြ၏။

ဒုက္ခပြဿနာများကြုံတွေ့လာသည့်အခါ၊ မြောက်များစွာသော ခရစ်ယာန်တို့သည်လည်း၊ ဣသရေလတို့၏ စိတ်သဘောထားမျိုးရှိတတ်ကြသည်။ သူတို့တွေသည် လောကီသားဘဝသို့ ပြန်ခေါက်လိုကြသဖြင့် "လောကီသားတို့ ကဲ့သို့ နေသင့်တာပါ"ဟု ပြောဆိုတတ်လေ့ရှိသည်။ ၎င်းသည် ဘုရားကို အစေခံခြင်း ထက်သာ၍ လွယ်ကူပါသည်။ လူတွေက မကြာမဏာမေ့ပျောက် တတ်ကြသည့် အဘောရှိ၏။ ဣသရေလတို့သည် အဲဂုတ္တုပြည်၌ လူမဆန်စေခိုင်း ခြင်းနှင့် ဆက်ဆံခြင်းခံခဲ့ကြလင့်ကစား၊ လွတ်မြောက်ပြီး သိပ်မကြာမီမှာဘဲ၊ ကျွန်ခံခဲ့သော အဲဂုတ္တုပြည်သို့ ပြန်သွားလိုခဲ့ကြ၏။

ဤကဲ့သို့သော ပြဿနာမျိုး ကောရိန္တုယုံကြည်သူများ၏ အသက်တာ၌ ရှိခဲ့ကြကြောင်း ဤသို့ *"သူတပါးသည်၊ သင်တို့ကို ကျွန်ခံစေခြင်း၊ ရောင်း၍စားခြင်း၊ ဥစ္စာကို လုယူခြင်း၊ ရန်တွေ့ခြင်း၊ ပါးမှတ်ခြင်းကို ပြုလျှင် သင်တို့သည် သည်းခံကြ၏"* ပြောခဲ့သည် (၂ကော ၁၁း၂၀)။ ဤအရာသည် ဘဝအသက်တာ အတွက် ဝမ်းနည်းစရာအချက်ပင် မဟုတ်လော။ မြောက်များစွာသော လူတွေ၊ ခရစ်ယာန်တွေထဲက တောင်မှ၊ သူတို့၏ ချည်နှောင်ခံဘဝကို ကျေနပ်နေသည် သာမက၊ ၎င်းချည်နှောင်မှုထဲမှ လွတ်မြောက်လိုစိတ်ပင် မရှိကြချေ။

လွန်ခဲ့သော နှစ်ပေါင်းအတော်များများက၊ အမှုတော်ဆောင်အချို့သည် ဝိညာဉ်ဆိုး အကောင် (၆၀) ခန့်ပူးခံနေရသော အမျိုးသမီးတယောက်အတွက် ဆုတောင်းခဲ့ကြသည်။ ဝိညာဉ်ဆိုးအများစုကို နှင်ထုတ်နိုင်ခဲ့ပြီဖြစ်ပေမဲ့၊ အနည်းငယ်သော ဝိညာဉ်များသည်၊ ထိုအမျိုးသမီး၏ အထဲ၌ အမြစ်စွဲနေသဖြင့် အလွန်အားကြီးလျှက် ရှိနေခဲ့ကြသည်။ ထိုကျန်နေသော ဝိညာဉ်ဆိုးကို နှင်ထုတ်ကူဖို့၊ ဆုတောင်း ခြင်းသို့ ကျွန်တော်တို့ ဇနီးမောင်နှံကိုလည်း ဖိတ်ခေါ်ခဲ့ကြသည်။ ဘုရားကျေးဇူး တော်ကြောင့်၊ ဆုတောင်းခြင်းအားဖြင့် ဝိညာဉ်ဆိုးတကောင်ကလွဲ၍ အခြားသောဝိညာဉ်ဆိုးအားလုံးကို မောင်းထုတ်နိုင်ခဲ့ကြသည်။ ဘုရားသည် ဤအမျိုးသမီးကို ကယ်တင် လိုသည်သာမက၊ ကယ်တင်နိုင်သည်ကို ကျွန်တော်တို့ သိပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့သူမအား "သင်လွတ်မြောက်လိုပါက၊ လွတ်မြောက်ခြင်း သည် သင့်အတွက် ဖြစ်သည်"ဟု ပြောပြခဲ့ကြသည်။ သို့သော်၊ သူမက၊ ၎င်းဝိညာဉ် ဆိုးတကောင်မှ လွတ်မြောက်လိုသည့် ဆန္ဒမရှိခဲ့ချေ။ အမှန်မှာ၊

ထိုဝိညာဉ်ဆိုး သည်၎င်း အမျိုးသမီးထံမှ ထွက်ခွါလိုနေပြီဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ဘုရားသခင်၏ မဟာတန်ခိုးတော်ကို ခံရပ်နိုင်စွမ်းမရှိသောကြောင့် ဖြစ်၏။ သို့သော် ထိုအမျိုးသမီးကိုယ်တိုင်က၊ ဝိညာဉ်ဆိုးအား ထွက်သွားခွင့်မပြုခဲ့ပါ။ အမျိုးသမီးအနေဖြင့် သူမ၏ အပြစ်ကို ဆက်ပြီးဆုတ်ကိုင်၊ ဖုံးအုပ်ထားလိုသည်ဖြစ်၍၊ သူမအတွက် ကျွန်တော်တို့တွေ ဘာမှဆက်လုပ်လို့ မရဖြစ်ခဲ့သည်။ ၎င်းနောက်၊ ညပိုင်းတွင် ထိုအမျိုးသမီး သည်၊သူမ၏ သူငယ်ချင်း အား ဤသို့ "ငါလွတ်မြောက်ခွင့်ရခဲ့ပေမဲ့၊ ငါရဲ့ချုပ်နှောင် မှုထဲဆက်ပြီး နေချင်ပါ တယ်" ရင်ဖွင့်ခဲ့လေ၏။

လူတဦးတယောက်သည်သာမက၊ နိုင်ငံများသည်လည်း ချုပ်နှောင်မှုထက် လွတ်မြောက်မှုကိုသာ၍ လိုချင်ကြပါသည်။ ယနေ့ အချို့သော နိုင်ငံ (သို့) လူမျိုးများသည်၊ ဣသရေလတို့ကဲ့သို့၊ ချုပ်နှောင်မှုကိုသာ၍ နှစ်သက်ကြသလို၊ သူတို့အတွက် ရွေးချယ်ခြင်းကိုလည်း အခြားလူများကို လုပ်စေလိုခဲ့ကြသည်။ သို့သော် ဘုရားသခင်၏ နှုတ်ကပတ်တော်၌၊ နောက်ဆုံးသော ကာလတွင် လူအယောက်တိုင်းတို့သည်၊ မိမိတို့ကိုယ်တိုင် ရွေးချယ်မှုပြုရမည် အကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည် (ယောလ ၃း၁၄)။

အာမုတ် ၅း၁၉ ၌ ဖော်ပြသည်မှာ၊ စီရင်မှုများသည် သခင်ဘုရား၏ နေ့ရက်မတိုင်မီ၊ ရောက်လာမည့်အကြောင်း "*လူသည် ခြင်္သေ့ရှိရာမှ ပြေး၍ဝံကို တွေ့သကဲ့သို့၎င်း၊ အိမ်ထဲသို့ ဝင်၍ ထရံကို မှီစဉ်မြွေကိုက်သကဲ့သို့၎င်း ဖြစ်လိမ့်မည်*" ဤသို့မိန့်မှာထား၏။ ထိုတိရစ္ဆာန် (၃) မျိုးဖြစ်သည့် ခြင်္သေ့၊ ဝံနှင့် မြွေစသည်တို့ကဲ့သို့သော အန္တရာယ်သည်၊ နိုင်ငံတကာမှာ ယနေ့ဖြစ်ပျက်နေ လေပြီဖြစ်သည်။ ခြင်္သေ့သည် ကိုလိုနီတန်ခိုးအာဏာသုံးခဲ့ကြသော အင်္ဂလန်မှ ကျော်ကြားခဲ့သည့် ခေါင်းဆောင်ကြီးကို ပုံဆောင်ပါသည်။ ဝံသည် ရုရှားကို ပုံဆောင်ရာ၊ ၎င်းသည် ကွန်မြူနစ်အာဏာသုံးခဲ့သည် ကျော်ကြားသော ခေါင်းဆောင်ပင်ဖြစ်၏။ ခြင်္သေ့ (ကိုလိုနီစနစ်) လက်အောက်မကျရောက်ခဲ့သော နိုင်ငံများသည် ဝံ (ကွန်မြူနစ်စနစ်) သို့ လှည့်ခဲ့ကြ၏။ ထိုနိုင်ငံများနှင့် လူများက၊ ယှဉ်၎င်းစနစ်၊ ဝါဒများအလုပ်မဖြစ်တော့သည်ကို မြင်လာသဖြင့်၊ မြွေ (အန္တိခရစ်) စံသို့ မကြာမီ လှည့်လာကြတော့မည်ဖြစ်သည်။

လွန်ခဲ့သော နှစ် (၅၅) ခန့်က၊ အာဖရိကရှိ နိုင်ငံများ သူတို့၏ လွတ်လပ်ရေး စတင်ရရှိလာစဉ်၊ "အဘယ့်ကြောင့်နည်း"ဟူသော မေးခွန်းမေးဖို့၊ ဘုရားက ကျွန်တော့်အား နိုးဆော်ခဲ့ပါသည်။ ဘုရား၏ တုန့်ပြန်သည့် အဖြေမှာ၊ "နိုင်ငံများ (သို့) လူမျိုးများအတွက် ခရစ်တော်နှင့် အန္တိခရစ်တို့အကြား ရွေးချယ်မှုလွတ်လပ်စွာ

ပြုနိုင်ရန် ဖြစ်သည်”ဟူ၍ ဖြစ်သည်။ ဘုရားသခင်သည် ယခုအခါ၊ နိုင်ငံများကို လှုပ်ခတ်နေပါပြီ။ သို့မှသာ နိုင်ငံ (သို့) လူမျိုးများအနေဖြင့်၊ အဘယ့်ကြောင့် ခရစ်တော်ကို မရွေးဘဲ အန္တိခရစ်ကို ရွေးခဲ့ကြောင်းစသည်တို့အတွက်၊ လွတ်လပ်မှု ရကြလိမ့်မည်။ နိုင်ငံတိုင်း လူမျိုးတိုင်း၌ တိုင်းတပါးထဲသို့ ကျွန်ပြုခြင်း မခံရဖို့၊ ရွေးချယ်ရန် ကိုယ်ပိုင်ဆုံးဖြတ်နိုင်သော အစွမ်းအစလုံးဝ ရှိကြပါသည်။

ကျွန်တော်တို့သည် အရေးကြီးဆုံးအချိန်ကာလ၌ အသက်ရှင်နေကြပါသည်။ နိုင်ငံများစွာမှ အစိုးရအုပ်ချုပ်သူများ ကျဆင်းနေသည်ကို မြင်နေရပါသည်။ ဥပဒေ၏ လုပ်ထုံးများနှင့် အမိန့်အာဏာများကျဆင်/ဆုံးရှုံးနေရာ၊ ၂သက် ၂း၃ ၌၊ ရှင်ပေါလု၏ ပရောဖက်ပြုချက် ပြည့်စုံဖို့ရန်၊ ၄င်းတို့သည် အန္တိခရစ်မပေါ်လာမီ ဆုံးရှုံးပျောက်ကွယ်သွားမည်ဖြစ်ကြောင်းပင်ဖြစ်၏။

## ရန်သူအား ခြေမုန်းခြင်း

ဣသရေလတို့ ကြောက်ရွံ့သောကြောင့် မငြိမ်မသက်ဖြစ်နေစဉ် မောရှေသည်၊ သူတို့အား တည်ငြိမ်စွာဖြင့် *“မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာရပ်နေကြ။ ထာဝရဘုရားသည်၊ ယနေ့ပြတော်မူသော ကယ်တင်ခြင်းကို ကြည့်ရှုကြလော့”*ဟူ၍ မှာကြားခဲ့၏။ (ထွက် ၁၄း၁၃)။ ဘုရားသခင်၏ ရည်ရွယ်ချက်သည်၊ ရန်သူအားလုံးကို ဖျက်ဆီးရန် ဖြစ်သဖြင့်၊ ကျွန်တော်တို့သည်လည်းပဲ ရန်သူလုံးလုံးလျားလျား မပျက်ဆီးသည့် တိုင်အောင် ရပ်တန့်မသွားသင့်ပါ။ ထိုနောက် ဘုရားမိန့်မှာ ပြန်သည်မှာ၊ *“ဣသရေလအမျိုးသားတို့သည် တက်သွားစေခြင်းငှါ မှာလိုက်လော့”* (ထွက် ၁၄း၁၅) ဟု ဖြစ်၏။ ကျွန်တော်တို့၏ အသင်းသူ/သားများကို ပြောရမည့် စကားသည်၊ ရှေ့သို့ချီတက်ရန် ဖြစ်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ထွက်မြောက်ရာကျမ်း (၁၄) ၌၊ ဘုရားသခင်သည် ဣသရေလတို့အား မဖြစ်နိုင်သောအခြေအနေထဲက နေခေါ်ထုတ်ခဲ့ကြောင်း တွေ့ရသည်။ ဘုရားသည်၊ ပင်လယ်နီကို ထက်ခြမ်းခွဲကာ၊ ဣသရေလတို့အား ဖြတ်လျှောက်စေခဲ့ပြီး ဖါရောဘုရင်နှင့် စစ်သည်များကိုမူ ပင်လယ်ထဲ၌ ဖျက်ဆီးခဲ့လေ၏။ ကျွန်တော်တို့သည် ယုံကြည်ခြင်းဖြင့် ရှေ့သို့ချီတက်ပါက၊ ကျွန်တော်တို့၏ ရန်သူကို ဘုရားဖျက်ဆီးနိုင်ပါသည်။ ထို့အတွက် ဣသရေလတို့သည် *“ထာဝရဘုရားသည် ဘုန်းပွင့်လျက် အောင်ပွဲခံတော်မူသည်ဖြစ်၍၊ ကိုယ်တော်ကိုအား သီချင်းဆိုပါအံ့”* (ထွက် ၁၅း၁) ဟု ချီးမွမ်းခဲ့ကြသလို၊ ကျွန်တော်တို့သည်လည်း ဆိုနိုင်ကြမည်သာ ဖြစ်သည်။

ချုပ်နှောင်ခြင်းများထဲမှ ကျွန်တော်တို့ လွတ်မြောက်ရပါမည်။ သို့မှသာလျှင် ကျွန်တော်တို့သည် ဘုရားသခင်၏ သာသနာလုပ်ငန်းများကို ပြီးစီးလုပ်ဆောင်နိုင်မည်ဖြစ်သလို၊ နိုးထမှုဆိုင်ရာလည်း မြည်းစမ်းခံစားရပေမည်။ အဲဂုတ္တုတို့၏ ချုပ်နှောင်ခြင်း မပျက်မဆီးမချင်း၊ ဣသရေလတို့သည် သူတို့၏ အမွေဂတိတော်ကို ရယူကြမည်မဟုတ်ပေ။ နိုင်ငံတိုင်းအတွက် ဂတိတော်အမွေရှိကြရာ၊ ၎င်းကိုရယူဖို့သည် ရှေးဦးစွာ ကျွန်တော်တို့၏ ချုပ်နှောင်များကို ရှင်ထုတ်ပစ်ရပါမည်။ ဘုရားသခင်သည်၊ ယနေ့သူ့လူမျိုးကို ပြောနေသည်မှာ၊ *"သင်ထလော့။ လင်းလော့။ သင်၏ အလင်းရောက်လာပြီး"* ဟူ၍ ဖြစ်သည်။ (ဟေရှာယ ကျွန်တော်တို့၏ ချုပ်နှောင်မှုများကို ဖြုတ်ချပစ်ကာ၊ စစ်တိုက်ရပါမည်။ ၎င်းစစ်သည်၊ မိတ်ဆွေ၏ ဘဝအသက်တာ၊ မိသားစုအခြေအနေ၊ အသင်းတော်၊ ဒေသခံလူစုနှင့် အုပ်စိုးနေ သော ဝိညာဉ်ဆိုးများစသည်တို့မှ တခုခုဖြစ်နိုင်ပါသည်။ ချုပ်နှောင်မှုနှင့် ရှုပ်ထွေးမှုတခုချင်းတို့ကို မဖယ်ရှားမချင်း အနားယူ၍ မရချေ။ လွတ်မြောက်ခြင်းနှင့် စပ်လျဉ်း၍၊ ယွန်ပြင်လျှင် မိတ်ဆွေ၏ နှလုံးသားထဲ၌ စတင်ကာ၊ အလုပ်လုပ်နေပြီဟု ကျွန်တော်ယုံကြည်ပါသည်။

ဘုရားသခင်သည် ကျွန်တော်တို့အား အောက်ပါအဆင့်များကိုလိုက်နာ၊ လုပ်ဆောင်ဖို့ခေါ်ထားခြင်းဖြစ်သည်။ ရှေးဦးစွာ ကျွန်တော်တို့၏ ချုပ်နှောင်ခံရမှုကို သိနားလည်ရပါမည်။ ကျွန်တော်ကိုယ်တိုင်က၊ ချုပ်နှောင်မှုထဲဆက်လက်ရှိနေပါက၊ သူတပါးအား လွတ်မြောက်စေခြင်းမပြုနိုင်သည်ကိုလည်း သိထားရမည်။ ဘုရားသခင်ထံ စတင်ကာမြည်တမ်းခြင်းပြုရမည်။ ထို့နောက် လုပ်ဆောင်မှုအတွက် ဘုရားထံမှ သတင်းစကားရယူဖို့၊ စောင့်ဆိုင်းရမည်။ ဘုရားသည် မိတ်ဆွေအား သသနာလုပ်ငန်းအတွက် ခန့်အပ်ပါက၊ သူ၏တန်ခိုးအာဏာကို ဖွင့်ပြခြင်း၊ ပြောဆိုရမည့် ကယ်နုတ်ခြင်းသတင်းစကားပေးခြင်း စသည်တို့ကိုလည်း ပြုမည် အမှန်ပင်။ မိမိ၏ စိတ်နှလုံးကနေ၊ ရန်သူအား အစဉ်အမြဲတိုက်ခိုက်နေ မည်ဆိုပါက၊ အောင်မြင်မှုလုံးဝရရှိပေမည်။ ထိုအခါ၊ မိတ်ဆွေသည်၊ ချုပ်နှောင်မှုများနှင့် နှောက်ယှက်မှုများ အားလုံးပျက်ဆီးသည်ကို မြင်ရမှာ ဖြစ်သည်။ မိတ်ဆွေ သည်၊ မိမိကိုယ်ကို ခရစ်တော်၏ အသွေးတန်ခိုးဖြင့် လွှမ်းခြုံကာ၊ ယုံကြည်ခြင်း အပြည့်နှင့် နုတ်မှသတင်းစကားကို ပြောဆိုလျှင် အားလုံးသော အတားအဆီး တံတိုင်းတွေ ပြိုလဲမည်ဖြစ်၏။ ဘုရား၏ သတင်းစကားသည် လွတ်မြောက်ခြင်း ပင်ဖြစ်၏။ "ငါ့လူတို့သည် တော၌ ငါ့အားဝတ်ပြုမည်အကြောင်း၊ သူတို့ကို လွှတ်လော့"။

## ချုပ်နှောင်မှုများကို ဖြေရှင်းခြင်း

မိသားစုများအကြောင်းနှင့် ပတ်သက်ပြီး ကျွန်တော်စိတ်နှလုံးထဲသို့ ဘုရားစကားပြောလာခဲ့သည်မှာ၊ ကြာခဲ့ပါပြီ။ အကယ်၍ မိတ်ဆွေ၏ မိသားစုတွင် ပြဿနာရှိနေပါက၊ ဘုရားသခင်သည် ပြဿနာကို ဖြစ်စေသော ပုဂ္ဂိုလ်အား ချည်နှောင်ဖယ်ရှားပြီး၊ မိသားစုထဲစည်းလုံးမှုနှင့် ပျော်ရွှင်မှုကို ရရှိစေလို၏။ ၎င်းပြဿနာကို ဖန်တီးသူအား ယေရှုခရစ်တော်၏ မဟာတန်ခိုးတော်နာမဖြင့် တိုက်ထုတ်ကာ၊ အောင်မြင်ခြင်းတန်ခိုးတော်ထဲမှာ အသက်ရှင်လျှောက်လှမ်းပါ။

ဤစာအုပ်ကို ဖတ်ရှုနေသော မိတ်ဆွေများထဲမှ အချို့သော မိသားစုတွင် ချုပ်နှောင်မှု၏ နှောင်ကြိုးများရှိနေလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ ၎င်းနှောင်ကြိုးမှ လွတ်မြောက်ဖို့ ဘုရားအလိုရှိသည်။ အကယ်၍ မိတ်ဆွေသည် မိသားစုနှင့် အသင်းတော်ကို တာဝန်ယူ၊ ဦးဆောင်နေသူတယောက်ဖြစ်ပါက၊ မိတ်ဆွေအနေဖြင့်၊ မိမိ၏ အသက်တာ၌ရှိသော ချုပ်နှောင်မှုများမှ လွတ်မြောက်ခြင်း ရရှိပြီး သူဖြစ်ရပါမည်။ ဘုရားသခင်သည် လွတ်မြောက်ခြင်း ပေးသော ဘုရားဖြစ်ပေမဲ့၊ မိတ်ဆွေကိုယ်တိုင်က လွတ်မြောက် သူမဖြစ်မချင်း၊ အခြားသူများ အား လွတ်မြောက်စေရန် မဖြစ်နိုင်ချေ။ မိတ်ဆွေသည် အောင်မြင်ခြင်းကို ကြွေးကြော်လို၍ ဘုရားအား ချုပ်နှောင်မှုကို ချိုးဖျက်စေလိုပါက၊ ချုပ်နှောင်မှုများ အတွက် ဝန်ခံမှုရှိရပါမည်။ သို့မှသာလျှင်၊ ၎င်းနှောင်ကြိုးများချိုးဖျက် နိုင်ပေမည်။

သင်းအုပ်ဆရာနှင့် သင်းထောက်များ မိတ်ဆွေတို့၏ အသင်းတော်သည် မလွတ်မြောက်သောကြောင့်၊ ပြဿနာမြောက်များစွာ ရှိနေကြောင်းကို သိရှိထားကြပါသည်။ ၎င်းချုပ်နှောင်မှုများထဲမှ၊ အချို့သည် အကျင့်တရား ပျက်ပြားခြင်း၊ မုန်းတီးခြင်းနှင့် မနာလိုခြင်းစသည်တို့ဖြစ်သည်။ ဘုရားသခင်သည် မောရှေနှင့် သက်ကြီးများအား အဲဂုတ္တုပြည်၌ရှိသော ချုပ်နှောင်မှု အားလုံးကို ချိုးဖျက်ရန် အာဏာတန်ခိုးပေးခဲ့သည်နည်းတူ၊ မိတ်ဆွေသည်လည်းပဲ ရင်ဆိုင်နေရသော ချုပ်နှောင်မှုများအပေါ် အနိုင်ရယူနိုင်ပါသည်။ ဘုရားသခင်သည် ချုပ်နှောင်မှုမှန်သမျှကို ချိုးဖျက်ဖယ်ရှားနိုင်သည်ကို မိတ်ဆွေ၊ ယုံကြည်ပါမှ၊ မိတ်ဆွေ၏ အသင်းတော်လည်း လွတ်မြောက်ခြင်းရနိုင်မှာဖြစ်သည်။ ဤသတင်းစကားကို အသင်းတော်၌ ဟောပြောပါ။ သို့ပါမှ မိတ်ဆွေ၏ အသင်းသူ/သားများအား ဝိညာဉ်တိုက်ပွဲသို့ ခေါ်သွင်းနိုင်ပါလိမ့်မည်။ နိုင်ငံအတော်များများတွင် သဘာဝဆိုင်ရာ တံတိုင်းများပြိုလဲသွားခဲ့ပြီဖြစ်သော်လည်း၊ ယခုအချိန်ကာလသည် ဝိညာဉ်ဆိုင်ရာ တံတိုင်းများ ဖြိုချနေသော အချိန်ဖြစ်ပါသည်။ ဤသည် နိုင်ငံများစွာတွင်

လူထုအင်အားနှင့် အစဉ်တစိုက်တိုက်ခိုက်ခြင်း ပြုလာခဲ့ကြသဖြင့် ချုပ်နှောင်မှု၏ တန်ခိုးအာဏာများအား ဖြိုချဖျက်ဆီးနိုင်ခြင်းဖြစ်၏။ ဝိညာဉ်ဆိုင်ရာ၌ သဘာဝအစွမ်း (သို့) တန်ခိုးအားဖြင့် မဟုတ်ဘဲ၊ ဘုရား၏ဘိသိက်အားဖြင့်သာလျှင် ချုပ်နှောင်မှုများ၊ မတည်ငြိမ်စေသော အရာများနှင့် နှောက်ယှက်သော ပုဂ္ဂိုလ်များလဲပြိုလိမ့်မည်ဖြစ်၏။ တချို့သော နိုင်ငံတွေမှာ၊ သဘာဝဆိုင်ရာ ချုပ်နှောင်မှုနှင့် အကျဉ်းထောင်မှ ထွက်လာသူများသည် သူတို့၏ နိုင်ငံ၌ အစိုးရအုပ်ချုပ်ရေး ကဏ္ဍမှာပင်လျှင်၊ လုပ်ကိုင်ကြသူများအား တွေ့မြင်ခဲ့ကြရသည်။ ထိုနည်းတူ၊ ယခုအသင်းတော်သည်လည်းပဲ ဝိညာဉ်ဆိုင်ရာ ချုပ်နှောင်မှုများမှ နိုးထကာ၊ သူတို့၏ နိုင်ငံနှင့် လူထုအား ဦးဆောင်လမ်းပြရန် ဖြစ်သင့်သည်မဟုတ်ပါလား။

**ကောင်းကြီးနှင့် ပွားများခြင်း**

"ပွားများခြင်း"ဟူသော စကားလုံးသည် ကျွန်တော့်စိတ်ထဲသို့ ကြိမ်ပေါင်း များစွာ ဝင်ရောက်လာခဲ့ပါသည်။ မကြာခဏဆိုသလို၊ ယုံကြည်သူများ သည် "အားနည်းသူတို့၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်"ဟူသော ကျမ်းပိုဒ် အသုံးပြုတတ်ကြရာ၊ ၎င်းသည် တခါတရံသင့်လျော်ပေသည်။ သို့သော် အခြားတဘက်မှာ၊ ဘုရားသခင်သည် ရိတ်သိမ်းသော သခင်ဖြစ်ရာ၊ ရိတ်သိမ်းသည့်အခါ ရိတ်သိမ်းရသည့် ပမာဏနည်းပါးနေပါက၊ ကျေနပ်အားရမှုမရှိနိုင်ချေ။ ဘုရားသည် ကြီးမြတ်သော ဘုရားဖြစ်သောကြောင့် ဝိညာဉ်ရိတ်သိမ်းရာ၌လည်း၊ အလွန်ကြီးမားသော ပမာဏကိုသာ အလိုရှိပေ၏။ ဘုရားသည် မိတ်ဆွေ၏ အသင်းတော်မှာ လူပြည့်စေလိုပါသည်။

ကျွန်တော်တို့ နယူးဇီလန်မှာ၊ နိုးထမှုဖြစ်သည့်အခါ အသင်းတော်မှာ အသင်းသူ/သား ဦးရေမည်မျှရှိနေသည်ကိုပင် ကျွန်တော်မသိခဲ့ကြပါ။ ဝင်ငွေအခွန် ကောက်ချိန်ရောက်လာတော့မှ၊ ပုံစံ (သမာ) ဖြည့်ဖို့အတွက် လျှောက်လာသူ (၃၀၀၀) ယောက်ရှိကြောင်းဖြစ်ရာ၊ ၎င်းတို့သည် ကျွန်တော်တို့၏ အသင်းသူ/သား အရေအတွက် ဖြစ်သည်ကို သိခဲ့ကြသည်။

ကောင်းကြီးအတွက် အချိန်ကာလရှိပါသည်။ ရှေးဦးစွာ ကောင်းကြီးလာပြီး၊ နောက်မှ ပွားများခြင်းဖြစ်သည်။ ချုပ်နှောင်မှုများကို ချိုးဖျက်ပြီး အသင်းတော်ထဲ၌ ဘုရားသခင်၏ ကောင်းကြီးကို ဦးစွာရယူပါ။ ထို့နောက် ဘုရားသခင်သည် မိတ်ဆွေ၏ အသင်းတော်ကို တိုးပွားများပြားစေလိမ့်မည်ကို ယုံကြည်ပါ။ ကျွန်တော်တို့သည်၊ အာဗြဟံ၏ သားသမီးများဖြစ်ကြရာ၊ ဘုရားက အာဗြဟံအား

“ငါသည်သင့်အား အစဉ်အမြဲကောင်းကြီးပေးမည်။ သင်၏ မျိုးနွယ်ကိုလည်း၊ ကောင်းကင်ကြယ်ကဲ့သို့၄င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၄င်း၊ အစဉ်အမြဲပွားများစေမည်” (ကမ္ဘာ ၂၂း၁၇)။ ကျွန်တော်တို့၏ ချုပ်နှောင်မှုများ ချိုးဖျက်ဖယ်ရှားပြီးနောက်မှ၊ ဘုရားသည် ကျွန်တော်တို့အား ကောင်းကြီးရယူရုံတင်မကပဲ၊ ပွားများခြင်းလည်း ပြုမည်ဖြစ်သည်။ သို့ဖြစ်၍ ရိတ်သိမ်းသော သခင်သည်၊ အသင်းတော်များတွင် အသင်းသူ/သားများ ပြည့်လျှံသည်ကိုမြင်ပြီး ကျေနပ်အားရမည်မဟုတ်ပါလော။

## ကယ်လွှတ်ခြင်းနှင့် နိုးထခြင်း

ဤအချိန်ကာလသည်၊ အသင်းတော်အတွက် ဘုရားသခင်၏ ကယ်လွှတ်ခြင်းနှင့် နိုးထခြင်းဆိုင်ရာ၊ အချိန်ဖြစ်သောကြောင့် ချုပ်နှောင်မှု တန်ခိုးများ၏ ပြိုလဲခြင်းကို ကျွန်တော်တို့ တွေ့မြင်နေရပါသည်။ ဤနောက်ဆုံး ကာလ၌ မှောင်မိုက်သည် လောကကြီးကို ဖုံးအုပ်နေသဖြင့်၊ ဘုရားသခင်၏ ဘုန်းတော်သည် အသင်းတော် အပေါ် ထင်ရှားလာပေလိမ့်မည်။ ဘုရားသခင်၏ သတင်းစကားတော် မှာ၊ “ငါ့လူတို့သည် တော၌ငါ့အား ဝတ်ပြုမည်အကြောင်း၊ သူတို့ကို လွှတ်လော”ဟူ၍ ဖြစ်သည်။ ဘုရားသခင်သည် မိတ်ဆွေ၏ ခြေကိုအောင်မြင်သော ခြေလှမ်း၌၊ လှမ်းစေပြီဟု ကျွန်တော်ယုံကြည် ပါသည်။ ထိုမျှမက၊ ဘုရားသည် မိတ်ဆွေအား သူအလိုရှိသော ဦးတည်မှု၏ အမြင်နှင့် ခြေလှမ်းများကို ပြစေလို၏။ ထိုသို့ပြုပါမှ၊ ကယ်နုတ်ခြင်းနှင့် နိုးထမှုတို့ကို မိတ်ဆွေမြင်တွေ့ခံစားနိုင်ပေ လိမ့်မည်ဖြစ်သတည်း။

## အခန်း (၃)

## ကလုသရေလတို့၏ ပွဲတော်များ

ကျမ်းစာထဲမှာ နိုးထမှုတခုချင်းစီ၌ တမူထူးခြားသော လက္ခဏာ (သို့) တိကျသော ရည်ရွယ်ချက် (သို့) အမှန်တရားကို တွေ့မြင်ရပါသည်။ ဣသရေလတို့၏ ပွဲတော်များအကြောင်းကို လေ့လာခြင်းဖြင့်၊ ၎င်းနိုးထမှုဆိုင်ရာ၏ နိယာမများကိုပို၍ နားလည်သဘောပေါက်နိုင်သည်။ ဤပွဲတော်များကို လေ့လာကာ၊ အတိတ်က နိုးထမှုများ၌ ဘုရားသခင်မည်သို့ အလုပ်လုပ်ခဲ့ကြောင့် လေ့လာဖို့သာ မဟုတ်ဘဲ၊ ယခုနောက်ဆုံးသောကာလတွင် ဘုရားသခင်သည် အဘယ်အမှုကို ပြုလိမ့်မည့်အကြောင်းကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါသည်။

ထွက်မြောက်ရာကျမ်း ၃၄း၂၃ ၌၊ ဘုရားသည် သူ့လူမျိုးတော်အား *"သင်တို့အမျိုးသား ယောကျ်ားအပေါင်းတို့သည် ထာဝရအရှင်ဘုရားရှေ့တော်၌ တနှစ်လျှင် သုံးကြိမ်မျက်နှာပြရကြမည်"* ဟု ဤသို့မိန့်မှာခဲ့၏။ ၎င်းသုံးကြိမ်သည် ဣသရေလတို့၏ ပြက္ခဒိန်အရ၊ တစ်လပိုင်း၊ သုံးလပိုင်းနှင့် ခုနစ်လပိုင်းတို့၌ ဖြစ်သည်။ သူတို့တွေ အဓိကထားကျင်းပသော ၎င်းပွဲတော်များမှာ၊ ပသခါပွဲ၊ ပင်တေကုတ္တေပွဲနှင့် တဲတော်ပွဲစသည်တို့ဖြစ်သည်။

### ပွဲတော်များ၏ အဓိပ္ပါယ်

ဣသရေလတို့အနေဖြင့် နှစ်စဉ်နှစ်တိုင်း၊ ၎င်းပွဲတော် သုံးမျိုးကို ကျင်းပခဲ့ကြခြင်းဖြင့် ပြည့်စုံမှုများ ရရှိခဲ့ကြ၏။ ၎င်းသည် ကျွန်တော်တို့အတွက် အလွန်အရေးကြီးလှပါသည်။ ပထမ၊ ထိုပွဲတော်များသည် ကမ္ဘာသမိုင်းထဲမှာ၊ အချိန်ကာလဆိုင်ရာ ပရောဖက်ပြုချက်စကားများ ပြည့်စုံခြင်းအဖြစ် နားလည်နိုင်သည်။ ဒုတိယအနေဖြင့်၊ ဣသရေလတို့၏ ပွဲတော်များသည် ရင့်ကျက်မှုသို့ ရှေ့ရှုလျှောက်လှမ်းနေသော ခရစ်ယာန်တယောက်ချင်း၏ အသက်တာထဲ၌၊ ဝိညာဉ်ဆိုင်ရာ ပြည့်စုံချက်အားဖြင့် လည်း နားလည်ရသည်။ တတိယအနေဖြင့်၊ ဤပွဲတော်များသည် အသင်းတော်၌၊ ဝိညာဉ်ဆိုင်ရာ ပြည့်စုံမှုတခုဖြစ်ကြောင်း ကိုလည်း သိရသည်။ ယခု၊ ဤပွဲတော်များ၏ အဓိပ္ပါယ်ဖွင့်ဆိုခြင်းအမြင်ကို ဆက်လက်သုံးသပ်ကြည့်ကြ ပါစို့။

အချိန်ကာလဆိုင်ရာအရ၊ ဤပွဲတော်သုံးမျိုးသည်၊ ကမ္ဘာ့သမိုင်း (၃) ခုအား ကိုယ်စားပြုနေကြောင်း လေ့လာသိရှိနိုင်သည်။ ပထမပွဲတော်ဖြစ်သည့် ပသခါပွဲ သည်၊ ဂျူးလူမျိုးတို့ အဲဂုတ္တုမှ လွတ်မြောက်ပြီး၊ ပညတ်တော်၏ ကာလကို စတင်ခဲ့ခြင်းဖြစ်ရာ၊ ၄င်းသည် မောရှေမှ ခရစ်တော်၌ အဆုံးသတ်ခဲ့၏။ ဒုတိယပွဲ တော်ဖြစ်သော ပင်တေကုတ္တေပွဲသည်၊ အသင်းတော်ကာလမှ အစပြုရာ၊ ၄င်းသည်တမန်တော် အခန်းကြီး (၂) ၌၊ ပင်တေကုတ္တေနေ့တွင် ဝိညာဉ်တော်ဘုရား ဆင်းသက်ခြင်းပင် ဖြစ်၏။ ဤဝိညာဉ်တော်၏ သွန်းလောင်းခြင်းကာလသည် ဝိညာဉ်ဆင်းသက်သည့်နေ့မှစ၍ ခရစ်တော် ဒုတိယအကြိမ်ကြွလာသည့်တိုင်အောင် ဖြစ်လိမ့်မည်။ တတိယပွဲတော်ဖြစ်သော တဲတော်ပွဲသည်၊ မိလေနိ ကာလ၊ ၄င်းသည် ခရစ်တော်လောကသို့ တဖန်ကြွဆင်းလာကာ၊ နှစ် (၁၀၀၀) အုပ်ချုပ်မည့် အချိန်ဖြစ်၏။ ဤအကြောင်းကို ဇါခရိ၊ အခန်းကြီး (၁၄) ၌ ခရစ်တော်၏ ဒုတိယကြွလာမည့်အကြောင်း ပရောဖက်ပြုချက်များကို လေ့လာခြင်းအားဖြင့် သိရှိနိုင်သည်။ ၄င်းခရစ်တော်အုပ်စိုးမည့် မိလေနိ (သို့) နှစ် (၁၀၀၀) ကာလ၌၊ နိုင်ငံများသည် တဲတော်ပွဲ (သကေနေ)ကို နှစ်စဉ်ကျင်းပ ကြလိမ့်မည် (ဇါခရိ ၁၄း၁၆–၁၉)။

ဣသရေလတို့၏ ပွဲတော်များသည်၊ ခရစ်ယာန်တဦးချင်း၏ ဝိညာဉ်ရေးဆိုင်ရာ တိုးတက်မှုကိုလည်း ကိုယ်စားပြုနေပါသည်။ ပသခါပွဲသည် ကယ်တင်ခြင်းကို ဆိုလို၏။ အကြောင်းမှာ၊ ပသခါသိုးသူငယ်၏ အသွေးတော်အားဖြင့် ဣသရေလတို့ ကယ်တင်ခြင်းရခဲ့ကြခြင်းဖြစ်သည်။ ပင်တေကုတ္တေပွဲသည်၊ တမန်တော် အခန်းကြီး (၂) ၌ ပါရှိသော ဝိညာဉ်တော်၏ နှစ်ခြင်းကို ဆိုလို၏။ တဲတော်ပွဲသည် နိုးထမှုဆိုင်ရာနှင့် ပြည့်ဝသော ဝိညာဉ်ဆိုင်ရာ ရင့်ကျက်မှုတို့ကို ဆိုလိုပါသည်။ ဤအကြောင်းကို နောက်ပိုင်းတွင် ဆက်လက်ဖော်ပြပါမည်။

အသင်းတော်၏ တိုးတက်မှု၌ ထိုပွဲတော် (၃) မျိုး၏ ပြည့်စုံချက်ကိုလည်း မြင်တွေ့နိုင်ပါသည်။ ပညတ်တော်ကာလတခုလုံးကို ပသခါပွဲအားဖြင့် အုပ်စိုးခဲ့၏။ ၄င်းသည်လည်း အသင်းတော်တည်ဆောက်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ယခုအသင်းတော်ကာလတလျှောက်မှာတော့ဖြင့် ပင်တေကုတ္တေပွဲက အုပ်စိုးနေ၏။ ၄င်းသည်လည်း မကြာမီရောက်လာမည့် နှစ် (၁၀၀၀) ကာလအတွက် ကျွန်တော်တို့ ယုံကြည်သူများကို ပြင်ဆင်သော အကူးအပြောင်းကာလတခုပင်ဖြစ်သည်။ *ဤနောက်ဆုံးသော နေ့ရက်များ၌၊ ဝိညာဉ်တော်ဘုရား၏ နောက်ဆုံးသွန်းလောင်းခြင်းပြုမည်ဖြစ်ရာ၊ ၄င်းက၊ အသင်းတော်ကို ခရစ်တော်၏ ဒုတိယကြွလာခြင်းနှင့်*

*မီလေနီနှစ် (၁၀၀၀) ကာလအတွက် ပြင်ဆင်ပေးပါလိမ့်မည်။ များမကြာမီရောက်လာတော့မည့် နိုးထမှုသည်၊ တဲတော်ပွဲအားဖြင့် ပုံဆောင်ထား ပါသည်။*

**ပသခါပွဲတော်**

ပသခါပွဲအကြောင်းကို ပထမဦးဆုံး၊ ထွက်မြောက်ရာ အခန်းကြီး (၁၂) ၌ ဖော်ပြထားသည်။ ၎င်းသည် အဲဂုတ္တုပြည်၌ သိုးသူငယ်၏ အသွေးကို သွန်းလောင်း၊ သတ်ခြင်းအားဖြင့် ဣသရေလတို့ ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြောင်းဖြစ်၏။ ၎င်းသည်၊ ဘုရားသခင်၏ သိုးသူငယ်တည်းဟူသော ခရစ်တော်အား ကျွန်တော်တို့ လက်ခံရရှိခြင်း၏ ဝိညာဉ်ရေးဆိုင်ရာ အတွေ့အကြုံကို ဆိုလိုခြင်းဖြစ်၏။ ကျွန်တော်တို့သည် ခရစ်တော်အား မိမိ၏ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံကြသဖြင့် အပြစ်၏ ကျေးကျွန်ဘဝမှ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ ဤအကြောင်းနှင့် ပတ်သက်၍ ရှင်ပေါလုက *"ခရစ်တော်တည်းဟူသော ငါတို့ ပသခါသိုးသူငယ်သည် ငါတို့အတို့ယဇ်ပူဇော်ရာဖြစ်၏"* (၁ကော ၅း၇) ဟု ဖော်ပြထားသည်။ ဤပထမဆုံး သော ပသခါပွဲကျင်းပခဲ့သည်အခါ၊ ဘုရားသခင်သည် ဣသရေလတို့ ၏ ပြက္ခဒိန်၊ နှစ်ကို ပြောင်းလဲခဲ့ခြင်းဖြင့်၊ သူတို့အတွက် ၎င်းပွဲကို အသစ်စပြုလိုက်ခြင်းဖြစ် ကြောင်း နားလည်ရသည်။ ထွက် ၁၂း၂ ကို ဖတ်သည့်အခါ၊ *"ဤလသည် သင်တို့၌ လဦးတည်းဟူသော နှစ်စဉ်တွင် ပထမလဖြစ်ရမည်"* ဤသို့တွေ့ရသည်။ ထိုနည်းတူ၊ ကျွန်တော်တို့သည်လည်း ဒုတိယမွေးဖွား ခြင်းခံသည့်အခါ၊ ကယ်တင်ခြင်း၌ အသက်တာသစ် အတွေ့အကြုံကို ရရှိခဲ့ကြပါ သည်။ "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ် ကြပြီ" (၂ကော ၅း၁၇)။

ထွက် ၁၂း၃-၅ ၌ ဆက်လက်၍၊ (၁၀) ရက်မြောက်သော နေ့၌ ဣသရေလတို့သည်၊ အိမ်တိုင်းအတွက် အပြစ်မပါသော သိုးတကောင်စီပြင်ဆင်ဖို့ မှာကြားခဲ့ပါသည်။ ဤအရာ၏ ပြည့်စုံခြင်းသည်၊ ကျွန်တော်တို့၏ သိုးသူငယ်တည်းဟူသော ခရစ်တော်ယေရှုသည် အပြစ်လုံးဝကင်းစင် ကြောင်းဖြစ် သည်။ အခန်းငယ် (၆)တွင် *"ထိုလဆယ့်လေးရက်တိုင်အောင် စောင့်ထားပြီးမှ၊"* ဟု ဆက်လက် မှာကြားခဲ့၏။ ဆယ့်လေးရက်တိုင်တိုင် သိုးသူငယ်ကို ထိန်းသိမ်းထား စေခြင်း၏ ရည်ရွယ်ချက်မှာ၊ ၎င်းသိုး၌ အပြစ်အနာအဆာရှိမရှိကို စစ်ဆေးရန်ဖြစ်၏။

ကျွန်တော်တို့၏ ပသခါ သိုးသူငယ်၊ ခရစ်တော်သည် အသေမခံမီ၊ လူ (၄) ဦးဖြစ်ကြသော အန္နတ်၊ ကယာဖ၊ ဟေရုဒ်နှင့် ပိလတ်မင်းတို့၏ စစ်ဆေးမှုခံခဲ့ သည်။ ၎င်းလူ (၄) ဦးစလုံးသည်၊ ခရစ်တော်၌ အပြစ်ရှိကြောင်း လုံးဝမတွေ့ခဲ့ကြ ချေ။ ထိုနည်းတူ ကျွန်တော်တို့သည်လည်းပဲ မျိုးစု (၄)မျိုးဖြစ်သည့်၊ လောက၊ အသင်းတော်၊ စာတန်နှင့်ခရစ်တော်တို့၏ စစ်ဆေးခြင်းကို ခံရကြပါမည်။

၎င်းနောက် ဣသရေလတို့သည် သိုးကိုသတ်ပြီးစားဖို့ မိန့်ဆိုခြင်းခံရခဲ့၏။ ဓမ္မသစ်ခေတ်၌၊ ကျွန်တော်တို့ ယုံကြည်သူအားလုံးကိုလည်း သိုးသူငယ်ယေရှုခရစ်တော်ကို စားသုံးဖို့ မိန့်မှာထားပါသည်။ ယောဟန် ၆း၅၃ ၌၊ သခင်ယေရှုက "လူသား၏ အသားကိုမစား၊ သွေးကိုမသောက်လျှင် သင်တို့၌အသက်မရှိ"ဟု ဆိုထားပြန်ပါသည်။ ဤအရာသည် အမှန်တကယ်ခရစ်တော်၏ အသွေး၊ အသားကို စားဖို့မဟုတ်ဘဲ၊ ဝိညာဉ်သဘောကို ပြည့်စုံစေဖို့ ပုံဆောင်ထားခြင်းသာဖြစ်သည်။ ခရစ်တော်က အခန်းငယ် (၆၃) ၌၊ ဤသို့ "ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် လျှင်းမတတ်နိုင်။ ငါပြောသော စကားသည် ဝိညာဉ်ဖြစ်၏"ဆိုပြန်၏။ ပွဲတော်သုံးသည့်အခါ၊ ခရစ်တော်၏ အသွေးနှင့် အသား သည်၊ အမှန်တကယ်သွေး၊ သားစစ်ဟု မဆိုလိုဘဲ ပုံဆောင်မှုသာဖြစ်၏။ စပျစ်ရည်နှင့် မုန့်သည် ခရစ်တော်၏ ခန္ဓာနှင့် အသွေးကို ကိုယ်စားပြုခြင်းဖြစ်သည်။ ခရစ်တော်၏ စကားကို နားထောင်ခြင်းသည်၊ ဝိညာဉ်သဘောအရ၊ သူ၏ခန္ဓာကို သုံးဆောင်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နှုတ်ကပတ်တော်တည်းဟူသော ယေရှုသည် အသွေးအသားခံယူခဲ့ကြခြင်းကြောင့်ဖြစ်၏ (ယော ၁း၁၄)။ အသက်နှင့် ဝိညာဉ်တို့သည် အသွေးထဲမှာ တည်၍ (ဝတ် ၁၇း၁၄)။ ထို့ကြောင့် ဝိညာဉ်သဘောအရ၊ ခရစ်တော်၏ အသွေးကို သောက်သုံးပါက၊ ကျွန်တော်တို့ သည် ခရစ်တော်၏ အသက်တာနှင့် သူ၏စိတ်ဝိညာဉ်ကို သုံးဆောင်ဆက်ဆံခြင်းနှင့် တူပေလိမ့်မည်။

ထွ ၁၂း၈ ၌၊ "တဆေးမပါသော မုန့်၊ နှင့် စားရမည်" ဟု ဖော်ပြထားသည်။ တဆေးကို အပြစ်အဖြစ်ပုံဆောင်ထားရာ၊ မှားယွင်းသော ခံယူချက်နှင့် သူတော်ကောင်းယောင်ဆောင်မှုများပင်ဖြစ်၏ (၁ကော ၅း၆-၈နှင့် မသဲ ၁၆း၁၁-၁၂ ကို ဖတ်)။ ထွက် ၁၂း၁၅ မှာ၊ "တဆေးကို အိမ်များမှ ပယ်ရမည်"ဟု ဖော်ပြပြန်သည်။ ဤအရာသည် ကျွန်တော်တို့အတွက်တော့၊ အိမ်မှာရှိနေသော လောကဆိုင်ရာ မဂ္ဂဇင်းများ၊ စာအုပ်များ၊ ပုံပန်းချီများ၊ ရုပ်တုများနှင့် ညစ်ညမ်းသည့် ဗီဒီယို၊ တီဗီဇာတ်လမ်းခွေများစသည်တို့ကို ပြောနေခြင်းဖြစ်နိုင်သည်။ ဒါဝိဒ်မင်းက၊

ဤကဲ့သို့ ပြောခဲ့ဖူးပါသည် *"စုံလင်သော တရားအတိုင်း၊ ပညာသတိနှင့် ကျင့်ပါမည်။ ကိုယ်အိမ်တွင် သန့်ရှင်းသော စိတ်နှလုံးနှင့် ကျင့်ပါမည်"* (ဆာ ၁၀၁:၂–၃)။ မိတ်ဆွေ၏ အိမ်မှာထားရှိသော အရာတွေက၊ မိတ်ဆွေအား စိတ်နှစ်ခွဖြစ်စေခြင်းနှင့် အခြားသော မှားယွင်းသည့် ယုံကြည်မှုမျိုးကိုပါ ဖန်တီးပေးနိုင်ပါသည်။

ထို့နောက် ထွက် ၁၂:၁၁ ၌၊ ဣသရေလတို့အား သိုး၏ အသားစားစေခဲ့ရာ *"အဘယ်သို့စားရမည်နည်းဟူမူကား၊ ခါးစည်းကိုစည်းလျှက်၊ ခြေနင်းကို စီးလျှက်၊ တောင်ဝှေးကို ကိုင်လျှက် အလျင်အမြန်စားရမည်'* ဟု ဆက်မှာကြားခဲ့၏။ ၎င်းသည် ဣသရေလတို့အနေဖြင့် အဲဂုတ္တုမှ ဂတိတော်ပြည်သို့ ခရီးနှင်ဖို့ စတင်သော ပသခါပွဲဖြစ်ကြောင်းနားလည်ရသည်။ ထို့အတူ ကျွန်တော်တို့သည်လည်း ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လိုက်သည်နှင့် တပြိုင်တည်း၊ ကျွန်တော်တို့၏ ဝိညာဉ်ရေးခရီးသည် ပန်းတိုင်သို့ စတင်ရွေ့ရှူသွားဖို့ ဖြစ်ကြောင်း နားလည်ရသည်။ ကျွန်တော်တို့သည် ပြောင်းလဲသော နေ့ကစပြီး ခရီးဆုံး၊ ပန်းတိုင်ရောက်အောင် ဘုရားသခင်နှင့်အတူ ကြိုးစားလျှောက်လှမ်းရမည့်အကြောင်း ဖေက် ၄:၁၃ ၌၊ ဤသို့ဖော်ပြထားသည်၊ "ခရစ်တော်၏ ပြည့်စုံခြင်းပမာဏ အရပ်တည်းဟူသော ကြီးရင့်သော လူ၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း။"

*"သိုးသူငယ်၏ အသွေးသည် သင်တို့နေရာအိမ်၌ သင်တို့၏ လက္ခဏာသက်သေဖြစ်၍၊ ထိုသွေးကို ငါမြင်သောအခါ၊ သင်တို့ကို ငါလွန်သွားမည်"* (ထွက် ၁၂:၁၃)။ ဣသရေလတို့၏ အကွယ်အကာသည် ပသခါသိုး၏ အသွေးပင်ဖြစ်၏။ ခရစ်တော်၏ အသွေးသည်သာလျှင် ကျွန်တော်၏ ကယ်တင်ခြင်းနှင့် အကွယ်အကာဖြစ်ကြောင်း အစဉ်သတိပြုရပါမည်။ ထို့အတွက်ကြောင့် အသွေး တော်အကြောင်းများများပြောဆိုသင့်ပါသည်။

### ဓမ္မဟောင်းကာလ၏ နိုးထမှုများနှင့်ပသခါပွဲ

နိုးထမှုသည်၊ အဲဂုတ္တုမှ ဣသရေလတို့ လွတ်မြောက်ခဲ့သည့် ပထမဦးဆုံးသော ပသခါပွဲတွင် အစပြုခဲ့ပါသည် (ထွက် ၁၂)။ ဤနိုးထမှု၏ တန်ခိုးသည် ဣသရေလ လူမျိုးတို့ စတင်ခဲ့ခြင်းဖြစ်၏။ ယေဘုယအားဖြင့် ပြောရလျှင်၊ နိုးထမှုဆိုင်ရာသည်၊ ပသခါပွဲကျင်းပခြင်းအားလုံးနှင့် ဆက်စပ်ကာ၊ ဓမ္မဟောင်းအချိန် ပညတ်တော်ကာလ၌ တောက်လျှောက်ဖြစ်ပွားခဲ့လေ၏။ မောရှေသေပြီးနောက် ယောရှုသည် ပသခါပွဲမှာဘဲ၊ ယော်ဒန်ကိုဖြတ်ကာ၊ ဂတိတော်ပြည်သို့ဝင်ရောက်ခဲ့၏ (ယောရှု

၅း၁၀)။ ယေဇကျေလနှင့် ဟောရှေတို့၏ ထူးခြားသော နိုးထမှုသည်လည်း၊ ပသခါပွဲချိန်မှာဘဲ ဖြစ်ပါသည် (၆ရာ ၃၀း၁၊ ၄ရာ ၂၃း၂၁–၂၂)။ ပြန်လည်ထူထောင်သော ကာလအတွင်း ဇေရကျင်းပသော ပွဲတော်သည်လည်း ပသခါပွဲပဲဖြစ်သည် (ဇေရ ၆း၁၉)။ ဓမ္မဟောင်းကာလတလျှောက်လုံး၌ ဘုရားသခင်စေလွှတ်သော နိုးထမှုများသည်၊ ပသခါပွဲအပေါ် အခြေခံထားကြောင်း တွေ့ရသည်။ ထိုကာလ၊ ထိုအကြောင်းအရာကို ဘုရားသခင်၏ သိုးသူငယ်၊ ယေရှု၏ အသေခံခြင်းအားဖြင့် ပြီးပြည့်စုံစေခဲ့လေပြီဖြစ်သည်။ ခရစ်တော် လက်ဝါးကပ်တိုင်မှာ အသေခံခဲ့သည့် အချိန်သည်လည်း ပသခါပွဲချိန်တွင်ပင်ဖြစ်၏။ (ယောဟန် ၁၉း၁၃–၁၆)

**ပင်တေကုတ္တေပွဲတော်**

ပသခါပွဲကျင်းပပြီးနောက်၊ အခြားပွဲတော်သည် ဂျူးပြက္ခဒိန်အရ၊ (၃)လမြောက်တွင် ပြုလုပ်ကျင်းပသော ပင်တေကုတ္တေပွဲဖြစ်သည်။ ၎င်းပွဲသည် အဲဂုတ္တုမှ ထွက်ခွာလာပြီးနောက် သိနတောင်သို့ ရောက်လာသောအခါ၊ ပထမဦးဆုံးကျင်းပခဲ့သည့် ပွဲတပွဲဖြစ်သည် (ထွက် ၁၉း၁–၂)။ သိနတောင်တွင် ဘုရားသခင်၏ မျက်မှောက်တော်သည် မီးအဖြစ်ဆင်းသက်ရာ၊ သူတို့တွေ ဘုရား၏ အသံတော်ကို ကြားခဲ့ကြသလို၊ ဘုရား၏ မစကျွေးမွေးခြင်း၊ နိမိတ်လက္ခဏာများ၊ အနာရောဂါငြိမ်းခြင်းနှင့် အခြားများစွာသော ကောင်းကြီးများကို ရရှိခဲ့ကြသည်။ ဤပွဲတော်သည်၊ တမန်တော် အခန်းကြီး (၂) ၌ ဖော်ပြသည် ပင်တေကုတ္တေနေ့တွင် ကနဦးအသင်းတော်အနေဖြင့် ပထမဦးဆုံးကြုံတွေ့ခဲ့ရသော သန့်ရှင်းသော ဝိညာဉ်တော်၌ နှစ်ခြင်းကို ဆိုလိုပါသည်။ ဣသရေလတို့ တွေ့ကြုံခဲ့ကြသလို၊ ယွန့်ကျွန်တော် တို့သည်လည်း ဝိညာဉ်တော်၏ နှစ်ခြင်းအားဖြင့် ရယူနိုင်ပါသည်။

*အင်္ဂလန်နိုင်ငံ၏ တောင်ဘက်ရှိ တောင်တန်းတခုမှာ၊ ကျွန်တော် ဝိညာဉ်တော်၌ နှစ်ခြင်းယူခဲ့သည်ကို ယွန့်ထိအမှတ်ရနေပါသည်။ အခြားသော ဘာသာစကားပြောဆိုသည်သာမက၊ ၎င်းညတွင် ဘုရားသခင်၏ မီးလောင်ကျွမ်းမှုကြောင့် ကျွန်တော်ခန္ဓာကိုယ်ကို ကျွန်တော်ထိ၍ မရပင်ဖြစ်ခဲ့သည်။ ကနဦးအသင်းတော်သည်၊ နှစ်ခြင်းဆရာယောဟန်ပြောခဲ့သည့် (သန့်ရှင်းသောဝိညာဉ်တော်နှင့်၎င်း မီးနှင့်၎င်း ဗတ္တိဇံပေးမည်) အကြောင်း နားလည်ခဲ့ကြ၏။*

ပင်တေကုတ္တေနှင့် ဝိညာဉ်တော်၌ နှစ်ခြင်းတို့၏ ထူးခြားချက်သည် “ပင်တေကုတ္တေ”ဟူသော နာမ၏ အဓိပ္ပါယ်အားဖြင့် ပို၍နက်နဲစွာ ဖော်ပြထားပါသည်။ ၎င်း၏ နာမသည်၊ ဂရိစကားလုံး “ငါးဆယ်” မှ ဆင်းသက်လာခြင်း ဖြစ်၏။

ပင်တေကုတ္တေဟု မှည့်ခေါ်ရခြင်းသည်၊ ပသခါပွဲကျင်းပပြီးနောက် ရက်ပေါင်း (၅၀) ပြည့်သည့်အခါ၊ ကျင်းပခဲ့သောကြောင့် ဖြစ်သည်။ “ငါးဆယ်”သည် ဂျူဗလီ၏ နံပါတ်ဖြစ်ရာ၊ ၎င်းဂျူဗလီသည် လွတ်မြောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း အဓိပ္ပါယ်ရှိ၏ (ဝတ်၊ အခန်းကြီး ၂၅)။ ဝိညာဉ်တော်၌ နှစ်ခြင်း၏ အကျိုးရလဒ်များ အချို့တို့နှင့် ကိုက်ညီနေသော အချက်များရှိနေပါသည်။

ဝတ် ၂၃း၁၆–၁၇ ၌၊ ပင်တေကုတ္တေနေ့မှာ ဣသရေလတို့သည် တဆေး မပါသော မုန့်ကိုဖုတ်၍ ပူဇော်သက္ကာအဖြစ် ဘုရားထံ ပူဇော်ကြ၏။ တဆေးသည် အပြစ်နှင့် မှားယွင်းသော သွန်သင်ချက်ကို ဆိုလိုကြောင်း အမှတ်ရမှာပါ။ ၎င်းဝိညာဉ် တော်၌ နှစ်ခြင်းသည် ဖြူစင်၊ သန့်ရှင်းသူတို့အတွက်သာ ထိန်းသိမ်း ထားခြင်းမဟုတ်ကြောင်း ဖော်ပြနေပါသည်။ ဤအရာအတွက် ကောရိန္တု အသင်းတော်သည်၊ သာဓက ကောင်းတခုဖြစ်၏။ အဘယ့်ကြောင့် ဆိုသော်၊ ဤအသင်းတော်သည်၊ အလွန်ရင့်ကျက်သည်ဟု ထင်စရာရှိပေမဲ့၊ သန့်ရှင်းသော အသင်းတော်အဖြစ်မှ ဝေးကွာလျှက် ရှိ၏။ ဝိညာဉ်တော်၌ နှစ်ခြင်းသည် သန့်ရှင်းသူတို့အားသာ ပေးခြင်းမဟုတ်ဘဲ၊ သန့်ရှင်းခြင်းကိုရှာသော သူတို့အား ကူမဖို့ရန် ဝိညာဉ်တော်ကို လိုလားသော ယုံကြည်သူများကိုလည်း ပေးပါသည်။ အဘယ့်ကြောင့် ပင်တေကုတ္တေဆိုင်ရာနှင့် နိမိတ်လက္ခဏာ လှုပ်ရှားမှုခံယူသော အသင်းတော်များတွင် ရောနှောမှုများ ရှိနေသည်ကို သဘောပေါက်ဖို့အလို့ငှါ အထက်ပါအကြောင်း အရာအား နားလည်ထားရန် လိုအပ်ပါသည်။ အပြစ်၊ မှားယွင်းသော ခံယူချက်၊ မှားယွင်းသော ကိုးကွယ်မှုနှင့် အခြား၊ အခြားသော မှားယွင်းမှုမျိုးစုံရှိနေပေမဲ့၊ ၎င်းနေရာတွင် ဘုရား၏ တန်ခိုးရှိနိုင်သည်။ သိနတောင်တွင် မဟာတန်ခိုးတော်ဖြင့် ထင်ရှားသော ဘုရားသခင်နှင့် မောရှေ ဆုံတွေ့နေချိန်၊ တောင်ခြေတွင် ဣသရေလတို့သည် နွားရုပ်တုကို ထုလုပ်ကိုးကွယ် ကာ၊ ကြီးလေးသော အပြစ်မျိုးကျူးလွန်နေခဲ့ကြသည်။ ထိုနည်းတူ၊ ယနေ့အချို့ သော ပင်တေကုတ္တေအသင်းတော်များတွင် စည်းကမ်းမဲ့သော ကိုးကွယ်မှုနှင့် ဝိညာဉ်အမျိုးမျိုး၏ ရောနှောမှုများရှိနေပါသည်။

လွန်ခဲ့သည် နှစ်ပေါင်းများစွာက ကျွန်တော်သည် ဆွိဇလန်အသင်းတော်တခုမှာ ရှိနေခဲ့ပါသည်။ ဝတ်ပြုကိုးကွယ်မှုတခု၌ ပါဝင်နေစဉ် ဘုရားသည် ကျွန်တော်မျက်လုံး ကို ဖွင့်ပေးခဲ့ရာ၊ လမ်း၏တဘက်ဘေးမှာ၊ ဘုရား၏ ကောင်းကင် တမန်တပါးနှင့် အခြားတဘက်ဘေးမှာ၊ ကျဆင်းသော ကောင်းကင်တမန်တပါး တို့ရပ်နေသည်ကို မြင်တွေ့ခဲ့ရသည်။ တခါတရံ ထိုသန့်ရှင်းသော ကောင်းကင် တမန်က၊ အစည်း

အဝေးကို ဦးဆောင်နေသူအားဖြင့် ပလ္လင်ပေါ်သို့ တက်ကာ၊ လူတွေကို အစေခံလေ၏။ သို့သော် တခါတရံမှာ၊ ၎င်းသန့်ရှင်းသော ကောင်းကင်တမန်သည် နောက်ပြန်ဆုတ်သွားသည့်အခါ၊ ဆိုးသော ကောင်းကင် တမန်က၊ ပလ္လင်ပေါ်သို့ တက်ကာ၊ ခေါင်းဆောင်အားဖြင့် အစည်းအဝေးကို ဦးဆောင်ညွှန်ကြား ခြင်းပြုတတ်၏။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်းဟူမူကား၊ အသင်းသူ/သား များသည် သခင်ယေရှုနောက်သို့ အကြွင်းမဲ့လိုက်သော ယုံကြည်ခြင်းမရှိသဖြင့် အသင်းတော်မှာ၊ အပြစ်ရှိနေခြင်းကြောင့်ပါ။ အသင်းတော်များမှာ၊ ဤသို့ကွဲပြား မှုဖြစ်ပွားခြင်းကို မြင်တွေ့လာခဲ့ရာ၊ ဝတ်ပြုကိုး ချိန်အတွင်းမှာတင်မကဘဲ၊ တရားဟောနေချိန်မှာ ပင်လျှင် ဖြစ်တတ်ကြောင်းမြင် ခဲ့ရပါသည်။ ကျွန်တော်တို့ ခေါင်းဆောင်များ အဘယ့်ကြောင့် ဤကဲ့သို့ဖြစ်နိုင် သည်ကို နားလည်ထားဖို့ လိုအပ်လှပါသည်။

### ဓမ္မသစ်ကာလ၏ နိုးထမှုများ

ကျွန်တော်တို့ ဓမ္မသစ်အသင်းတော်ကာလရောက်လာတော့၊ နိုးထမှုများသည် ပင်တေကုတ္တေကို ဗဟိုပြုဝန်းရံထားကြောင်း သိရသည်။ ပင်တေကုတ္တေနေ့၊ အသင်းတော်စတင်သော အချိန်မှစ၍ ဝိညာဉ်တော်၌ နှစ်ခြင်းနှင့် ဘုရားသခင်၏ တန်းခိုးတို့သည် ဘုရားသခင်၏ ဿသနာလုပ်ငန်းကို တိုးပွားမှုဖြစ်စေသည်။ ယေရုရှလင်မှ နိုးထမှုများ (တမန်တော် ၂–၄)၊ ရှမာရိပြည်၌ (တမန်တော် ၈)၊ ကောနေလိ၏ နေအိမ်၌ (တမန်တော် ၁၀) နှင့် တမန်တော်ဝတ္ထုတခုလုံး၌ နိုးထမှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ၊ ၎င်းတို့အားလုံးသည် ဝိညာဉ်တော်ဘုရား၏ တန်ခိုးဖြင့် နိမိတ်လက္ခဏာနှင့် နှစ်ခြင်းများအပေါ် အခြေခံနေကြောင်းတွေ့ရသည်။

အသင်းတော်သမိုင်း၌၊ ကနဦးအသင်းတော်သည် ရာစုနှစ်များစွာအတွက် ပင်တေကုတ္တေဆိုင်ရာ၊ သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုး၏ ပုံရိပ်ဖြစ်ခဲ့သည်။ သို့သော်လည်း ကွန်စတင်တိုင်း ဃသည္ဍအညေအငညေန ဘုရင်၏ ခေတ်ရောက်လာသည့်အခါ၊ ရောမ အင်ပါယာတခုလုံးကို ခရစ်ယာန်နိုင်ငံအဖြစ် သတ်မှတ်ပြီး၊ အသင်းတော်၏ ဝိညာဉ်ဆိုင်ရာ တန်ခိုးကိုသုံးကာ၊ မှားယွင်းသော ခံယူချက်နှင့် အုပ်ချုပ်ရေးဆိုင်ရာ စနစ်ကို စတင်အစားထိုးခဲ့ကြ၏။ ၎င်းသည် တဖြည်းဖြည်းနှင့် ရောမဘုန်း တော်ကြီးများ၏ အသိုင်းအဝန်းထဲသို့ ပျက်ပြားစီးဝင်လာခဲ့ရာ၊ နောက်ဆုံး ဘုန်းတော်ကြီးက နိုင်ငံနှင့် ဘုရင်အပေါ်မှာပင်လျှင် အုပ်ချုပ်လိုသည့် အဆင့်သို့ ရောက်ရှိခဲ့၏။ ဘာသာရေးဆိုင်ရာနှင့် လောကသမိုင်းတို့က အေဒီ ၅၀၀ မှ ၁၅၀၀ အထိကို “အမှောင်ကာလ”ဟု

မှည့်ခေါ်ခဲ့ကြသည်။ သို့သော် ဘုရားသခင်၏ မဟာဂရုဏာတော်သည် ဆက်၍ သွန်လောင်းခဲ့သဖြင့်၊ ၄င်းရာစုနှစ်များစွာ မတူညီသော နိုင်ငံနှင့် လူမျိုးစုများကြားနိုးထမှုများဖြစ်ပွားခဲ့ပါသည်။ ယ္ခုကျွန်တော်တို့၏ ကာလ၌ ဘုရားသည် နိမိတ်လက္ခဏာလှုပ်ရှားမှု အသစ်အား ဖြင့် ပင်တေကုတ္တေ၏ တန်ခိုးတော်ကို အသုံးပြုကာ၊ မြောက်များစွာ သော ခရစ်ယာန်များကို ပြန်လည်ပျိုးထောင် ပေးနေပါသည်။

ဝိညာဉ်ဆုကျေးဇူးဖြင့် နိမိတ်လက္ခဏာပြသော လှုပ်ရှားမှုတို့၏ အစပိုင်း၌ ဘုရားသခင်သည် ကျွန်တော့်အား ရူပါရုံတခုပေးခဲ့သည်။ စပါးရိတ်သိမ်းရာကာလအတွင်း ယောဒန်မြစ်သည် မြစ်ဖျားအသီးသီးဖြင့် စီးဆင်းသွားသည်ကို မြင်ခဲ့ရသည်။ ဖျာထွက်လာသော မြစ်ရေသည် ကျယ်ပျံ့လာကာ၊ ၄င်းမြစ်သည် ဖျာ၍ စီးဆင်းသွားလေရာ၊ သဲကန္တာရတိုင်းကို စိမ်းလန်းစိုပြေအသက်ဝင်လာစေခဲ့၏။ ဤရူပါရုံ၌ ဘုရားဖွင့်ပြသည်မှာ၊ ဘုရားသည် ဆုကျေးဇူးလှုပ်ရှားမှုဖြင့် ယောဒန်မြစ်ရေကြီး၍ လျှံခဲ့သကဲ့သို့ပင် ဖြစ်စေမည့်အကြောင်း ဖြစ်သည်။ ဆုကျေးဇူးဆိုင်ရာ ကောင်းကြီးသည်၊ ပင်တေကုတ္တေဆိုင်ရာ သေးငယ်လှသော အသင်းတော်မြစ်ချောင်းများမှတဆင့် မြောက်များစွာသော ဂိုဏ်းဂဏ အသင်းတော်သို့ အသစ်သော အသက်တာနှင့် နိုးထမှုများ သယ်ဆောင်လာခဲ့ ပါသည်။ သို့သော် နောက်ပိုင်းတွင် ၄င်းရူပါရုံထဲ၌ တဖန်မြင်ခဲ့ရသည်မှာ၊ ထိုဖျာစီးနေသော မြစ်ရေများသည် လျော့နည်းလာပြီး၊ နဂိုမြစ်ချောင်းငယ်သို့ ပြန်လှည့်ကာ စီးသွားသည်။ သို့သော်လည်း ရေသည်ဟိုနား၊ ဒီနားမှာ ရေအိုင်ငယ်များ သီးသန့်ကျန်ရစ်အိုင်နေခဲ့ပြီး၊ နောက်ပိုင်း၄င်းရေအိုင်တို့သည် ရွံ့နွံ့၊ ညစ်ပတ်သော ရေအိုင်ဖြစ်ပါကာ၊ နောက်ဆုံးမှာတော့ လုံးဝပင်ခြောက်သွေ့သည်ကို ထပ်မံမြင်ခဲ့ရသည်။ ၄င်းအား ဘုရားရှင်ပြခဲ့သည်မှာ၊ ဝိညာဉ်ဆုကျေးဇူးအားဖြင့် အသစ်ပြုပြင်ခြင်းခံခဲ့ရသော လူတွေ၊ အသင်းတော်တွေသည် ကြာရှည်စွာ မရပ်တည်နိုင်ခဲ့ကြသည့် အကြောင်းပင်ဖြစ်၏။ ၄င်းနိုးထမှု၏ ကောင်းကြီးသည် အချိန်ကာလတခုမျှ စီးဆင်းခဲ့ပေမဲ့၊ ကြာရှည်စွာ မရပ်တည်နိုင်သဖြင့်၊ မြောက်များစွာသော အသင်းတော်များသည် အထီးကျန်၊ ခြောက်သွေ့မှုနှင့် တောင်တင်မှုများဖြစ် လာပြန်သည်။ မြစ်ရေကြီးခြင်း၏ ရည်ရွယ်ချက်သည် ဝေးလံခေါင်းပါးသော ဒေသမှ လူတွေကို ဤနောက်ဆုံးကာလ၌ ဘုရားသခင်၏ အဓိကမြစ်မကြီးထဲသို့ ဆက်လက်ပို့ဆောင်ဖို့ရန် ဖြစ်လေ၏။

ပသခါပွဲသည် ကယ်တင်ခြင်း အတွေ့အကြုံကို ကိုယ်စားပြုနေပြီး၊ ကယ်တင်ခြင်းရပြီးနောက် ကျွန်တော်တို့သည် ဝိညာဉ်ရေး၌ တိုးတက်လာကာ၊

ဝိညာဉ်တော်၏ ပင်တေကုတ္တေနှစ်ခြင်းခံယူဖို့ လိုအပ်ကြောင်း သိရှိရပါသည်။ ယုံကြည်သူအချို့သည် ဝိညာဉ်တော်ကို လက်ခံရရှိသည်နှင့် ဝိညာဉ်ရေးရာ၌ ရင့်ကျက်မှုအဆင့်ကို ရပြီဟုယူဆတတ်ကြ၏။ အမှန်မှာ၊ ပင်တေကုတ္တေ အတွေ့အကြုံသည်၊ ဘုရားက ကျွန်တော်တို့အတွက် ဘာတွေပြင်ဆင်ထားသည်ကို ရရှိဖို့အစပြုလိုက်ခြင်းသက်သက်မျှသာ ဖြစ်သည်။ ဟေဗြဲ ၆း၁ ၌၊ ဤသို့ဆိုထားသည် *"ဗတ္တိဇံတရားကို သွန်သင်ခြင်း၊ ထာဝရစီရင်ဆုံးဖြတ်ခြင်းတည်းဟူသော မူလအမြစ်ကို ငါတို့သည်ပြန်၍ မတည်ဘဲ၊ ခရစ်တော်၏ ဘာသာ၌ အစအဦးဖြစ်သော အကြောင်းအရာတို့ကိုထား၍ စုံလင်သောအဖြစ်သို့ တက်ကြကုန်အံ့။"* သန့်ရှင်း သော ဝိညာဉ်တော်၏ နှစ်ခြင်းသည် ကျွန်တော်တို့၏ ဝိညာဉ်ရေး အသက်တာ၌ အခြေခံအုတ်မြစ်တခုမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် အကယ်၍ ကျွန်တော်တို့ အနေဖြင့် လုံးဝပြည့်စုံသော ရင့်ကျက်မှုသို့ ဆက်သွားလိုပါက၊ ၎င်းအခြေခံအုတ်မြစ်များအပေါ် တည်ဆောက်ကာ ကြီးထွားရပါမည်။

## တဲတော်ပွဲများနှင့် ခုနှစ်လမြောက်၌ ကျင်းပသောပွဲများ

တတိယအမျိုးအစားပွဲတော်များကို ဣသရေလတို့၏ ဘာသာရေးပြက္ခဒိန်အရ၊ ခုနှစ်လမြောက်၌ ကျင်းပလေ့ရှိသည်။ ပူပြင်း၍ ခြောက်သွေ့သော နွေဦးကာလ ဖြစ်ရာ၊ ၎င်းရာသီတွင် ဣသရေလတို့၌ ဘာသာရေးပွဲသစ်တွေမရှိ ကြချေ။ သို့သော် ဆက်လက်၍ ကောက်ပဲသီးနှံရိတ်သိမ်းရာ ကာလဖြစ်ရှိခဲ့လေ၏။ ဤအကြောင်းအရာများသည်၊ ကာလရှည်ကြာပြီး သွေ့ခြောက်သော အသင်းတော်ကာလ၏ အလယ်ပိုင်းရာစုနှစ်များကို ပုံနှိုင်း၍ ရနိုင်ပါသည်။ ၎င်းရာစုနှစ်များအတွင်း၌ အသင်းတော်အနေဖြင့် ဝိညာဉ်ပိုင်းဆိုင်ရာ အတွေ့အကြုံသစ်များ မခံစားခဲ့ကြသော်ငြားလည်း ကောက်ရိတ်ခြင်းများနှင့် တိုးပွားကြီးထွားခြင်းများ ဆက်လက်ဖြစ်ပွားခဲ့၏။

ဤသွေ့ခြောက်သော ကာလကုန်ဆုံးသွားသည့်နောက် ခုနှစ်လမြောက်ထဲ၌၊ ပွဲတော်သစ်များရောက်လာပါတော့သည် (ဝတ်ပြု ၂၃း၂၃–၄၃)။ ၎င်းလထဲ၌ တံပိုးမှုတ်ပွဲ၊ အပြစ်ဖြေရာ ယဇ်ပူဇော်သောပွဲနှင့် တဲတော်ပွဲဟူ၍ ပွဲတော် (၃) မျိုး၊ ကျင်းပလေ့ရှိကြ၏။ ၎င်းပွဲတော်များကို ယေဘုယအားဖြင့် အရှည်လျားဆုံး နာမနှင့် နောက်ဆုံးပွဲတော်၊ တဲတော်ပွဲဟု ခေါ်တွင်နိုင်ပါသည်။

## တံပိုးမှုတ်ပွဲ

ဝတ်ပြု ၂၃း၂၄ ၌၊ သတ္တမလ၏ ပထမနေ့ရက်တွင် ဣသရေလတို့အနေဖြင့် "အောက်မေ့ခြင်းဆိုင်ရာ တံပိုးမှုတ်ပွဲ"ကို ကျင်းပခဲ့ကြသည်။ ဤတံပိုးမှုတ်ခြင်း၏ ထူးခြားချက်များကို သိရှိဘို့အလို့ငှါ တောလည်ရာကျမ်း အခန်းကြီး (၁၀)ကို လေ့လာမှ သိရှိရမည်ဖြစ်သည်။ မောရှေပြုလုပ်ခဲ့သော ငွေတံပိုးမှာ ရည်ရွယ်ချက် အမျိုးမျိုးရှိ၏။ ၎င်းတို့အနက်၊ ပထမရည်ရွယ်ချက်သည်၊ အခန်းငယ် (၂)အရ၊ "သင်သည် ပရိသတ်စည်းဝေးစေခြင်းငှါ၎င်း၊ တပ်တို့ကို ချီစေခြင်းငှါ၎င်း"ဟု ဖော်ပြထားသည်။ ၎င်းငွေတံပိုးမှုတ်လိုက်သည့်အခါ၊ ဣသရေလလူမျိုးအားလုံးသည် တဲတော်တွင် လာရောက်စုရုံးကြရန်နှင့် ဘုရားထံမှ ရှေ့ခရီးအတွက် လမ်းညွှန်မှုကို ရရှိရန် စောင့်ဆိုင်းကြရ၏။ ဤတံပိုးမှုတ်ခြင်းပွဲတော်သည်၊ ကမ္ဘာ့သမိုင်း၏ အချိန်ကာလ ဆိုင်ရာအရ၊ ကျွန်တော်တို့၏ ခေတ်၌ ပြည့်စုံခဲ့လေပြီဖြစ်သည်။ ဤသည် ၁၉၄၈ ခုနှစ်၌၊ ကမ္ဘာ့တဝှမ်းရှိ ဣသရေလလူမျိုးများ၊ ပြန်လည်စုရုံးပြီး၊ သူတို့၏ နိုင်ငံကို တဖန်ထူထောင်ခဲ့ကြကြောင်းပင်ဖြစ်၏။

ငွေတံပိုးမှုတ်ခြင်း၏ ဒုတိယ၊ ရည်ရွယ်ချက်မှာ ဝတ်ပြု ၁၀း၂ အရ၊ *"တပ်တို့သည် ချီသွားရကြမည်"* ဟူ၍ဖြစ်သည်။ ကမ္ဘာ့သမိုင်း၌ ဘုရားသခင်သည် သူ၏ အကြံအစည်များကို ဆက်လက်လုပ်ဆောင်နေသလို၊ လုပ်ဆောင်နေသမျှကို ပြည့်စုံစေနေပါသည်။ ဥပမာ၊ ဂျူးလူမျိုးများကို သန့်ရှင်းသော မြေသို့ပြန်လည်ပို့ဆောင်ခဲ့ခြင်းပင်ဖြစ်၏။ ဤကဲ့သို့ ဂျူးလူမျိုးတို့ပြည်တော်ကို ပြန်လည်ထူထောင်စေခြင်းသည် မကြာမီရောက်လာမည့် နှစ်ပေါင်း (၁၀၀၀) အတွက် ဘုရားသခင်၏ ပြင်ဆင်မှုအစိတ်အပိုင်း တခုဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ၎င်းနှစ် (၁၀၀၀) ကာလ၌ ခရစ်တော်သည် လောကသို့ တဖန်ကြွဆင်း လာပြီး ယေရုရှလင်တွင် အခြေချကာ၊ ကမ္ဘာကို အုပ်စိုးမည် ဖြစ်သတည်း။

ဝတ်ပြုရာ ၁၀း၉ အရ၊ ငွေတံပိုးမှုတ်ခြင်း၏ တတိယရည်ရွယ်ချက်သည်၊ စစ်အတွက် တပ်လှည့်သောအနေဖြင့် အသံပြုခြင်းဖြစ်၏။ ဤစစ်အတွေ့အကြုံမျိုးကို ဣသရေလလူမျိုးတို့သည် ၁၉၄၈ ခုနှစ်၌ နိုင်ငံတော်ကို ပြန်လည်ထူထောင်သော အချိန်မှစ၍ ရင်ဆိုင်ကြုံတွေ့လာခဲ့ကြသည်။ သူတို့၏ စစ်သည်မငြိမ်းသေးချေ။ အဘယ်ကြောင့်ဆိုသော် သူတို့ရန်သူ၊ အိမ်နီးနားချင်းဖြစ်ကြသော အာရပ်နိုင်ငံ များနှင့် ကျမ်းစာ၌ ဖော်ပြထားသည့် ဖိလိတ္တိခေါ်ပါလက်စတိုင်းတို့နှင့် ယနေ့တိုင် ဆက်လက်တိုက်ခိုက်နေရကြသည်။

အထက်ပါလေ့လာချက်ကို သုံးသပ်ကြည့်ပါက၊ ၎င်းတံပိုးမှုတ်ပွဲတော်၏

ပြည့်စုံမှုသည်၊ အချိန်ကာလပိုင်းခြားခြင်းဆိုင်ရာအရ၊ ကျွန်တော်တို့ခေတ်၌ ပြည့်စုံနေပြီဖြစ်သည်ကို နားလည်ရပါသည်။ သဘာဝဆိုင်ရာ ဣသရေလသည် အမျိုးအစားတခု (သို့) ဝိညာဉ်ဆိုင်ရာ ဣသရေလတည်းဟူသော အသင်းတော်၌၊ ဘုရားသခင်၏ လုပ်ဆောင်နေသော လက္ခဏာတခုပင်ဖြစ်၏ (ဒကော ၁၅း၄၆)။ ၁၉၄၈ ခုနှစ်၌၊ ဣသရေလတို့အနေဖြင့် နိုင်ငံတခုစတင်ဖြစ်လာသည့်အခါ၊ တဘက်မှာ ဘုရားသခင်သည်လည်း နိုးထမှုတန်ခိုးကို စတင်စေလွှတ်သဖြင့်၊ ၄င်းအားဖြင့် မြောက်များစွာသော ဧဝံဂေလိဆရာ/မကြီးများပေါ် ထွန်းစေခြင်းနှင့် အောင်မြင်ထိရောက်သော သာသနာလုပ်ငန်းများပေါက်ဖွားစေခြင်းတို့ဖြစ်ခဲ့သည်။ တံပိုးမှုတ်ပွဲတော်သည်၊ ယွန်းအခါဆက်လက်၍ ဝိညာဉ်ရေးအရ ပြည့်စုံရပါမည်။ ၄င်းအတွက် ဘုရားသခင်၏ အစေခံ၊ အမှုတော်ဆောင်များသည် ကမ္ဘာ့အနှံ့သို့ လှည့်လည်ကာ၊ ဘုရားသခင်၏ တိကျသော သတင်းကောင်းတော်ကို ဝေငှဟောပြောခြင်းတည်းဟူသော တံပိုးကို မှုတ်နေကြပါသည်။ ဤသို့ပြုခြင်းဖြင့် လူတွေသတင်းစကားကိုကြားပြီး၊ ဘုရားသခင်ထံမှ အသစ်ပြုပြင်မှုနှင့် ဘယ်လိုအသက်ရှင်ရမည်ဟူသည့် ညွှန်ကြားမှုတို့ကို ရရှိကြမည်။ ဤအရာသည် ယနေ့ကမ္ဘာတခုလုံးအား ဘုရားမိန့်မှာနေသော အရာပင်ဖြစ်သည်။ ဘုရားသည် သူ၏အသင်းတော်အား ရှေ့သို့ဆက်ပြီးတိုးကာ လုပ်ဆောင်စေလို၏။ ဘုရားသခင်သည် သူ၏ အသင်းတော်အား ဟေဗြဲ ၆း၁-၂ မှ ခံယူချက်များမှတဆင့် “စုံလင်ခြင်းသို့ ချီတက်” စေလိုပါသည်။ ထိုနည်းတူ၊ တံပိုးက အသင်းတော်အား လောကမှာ ဖြစ်လာမည့် စစ်များအတွက် သတိပေးနိုးဆော်ခြင်းလည်းဖြစ်သည်။ ထို့မျှမက၊ ဝိညာဉ်ဆိုင်ရာ စစ်ပွဲများကိုလည်း ဘုရား၏စစ်သည်များသည် တိုက်ခိုက်အောင်မြင်ကာ နိုင်ငံတိုင်းတွင် နိုးထမှုကို သယ်ဆောင်လာဖို့ ဖြစ်၏။

## အပြစ်ဖြေရာယဇ်ပူဇော်သောနေ့

နောက်ထပ်ပွဲတော်တခုသည်၊ အပြစ်ဖြေရာယဇ်ပူဇော်သော ပွဲဖြစ်ရာ၊ ၄င်းသည် ဂျူးတို့အဘို့ တနှစ်ပတ်လုံး၏ ပွဲတော်များထဲမှ အမြင့်မြတ်ဆုံးသော ပွဲတခုဖြစ်၏။ ဝတ်ပြုရာ ၂၃း၂၇ ၌၊ ဤသို့ *“သတ္တမလ၊ ဒသမနေ့သည်လည်း အပြစ်ဖြေရာနေ့၊ ဓမ္မစည်းဝေးခြင်းပြုသော နေ့ဖြစ်၏။ ခြိုးခြံစွာ ကျင့်ရမည်”* ဟု ရေးထားသည်။ ၄င်းပွဲသည် (၁၀) ရက်မြောက်နေ့၌ ကျင်းပရခြင်းသည်၊ ဒုက္ခ (၁၀) မျိုးအားဖြင့် စုံစမ်းခြင်းကို ပုံဆောင်နေပါသည်။ ဤအရာသည် ဣသရေလတို့ သဲကန္တာရတော၌ စုံစမ်းခြင်း (၁၀) မျိုးတွေ့ကြုံခဲ့ကြသည်ကိုလည်း ဆိုနိုင်ပါသည်။ ဒံယေလ ၁း၁၂ကို

ဖတ်သည့်အခါ၊ "အကျွန်ုပ်တို့ကို ဆယ်ရက်ပတ်လုံးပေးစမ်းပါ"ဟူ၍၎င်း၊ ဗျာဒိတ်ကျမ်း ၂း၁၀ ၌၊ "*သင်တို့သည် ဆယ်ရက်ပတ်လုံး ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်*" ဟူ၍၎င်း ရေးထား၏။ ဤအပြစ်ဖြေရာပွဲနေ့၌ ဂျူးများတို့သည် ဒုက္ခနှင့် အခက်အခဲများကို ဖြတ်ကျော်ရကြသဖြင့် သူတို့တွေ အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းပြုခဲ့ကြရ၏။ ဝတ်ပြုရာကျမ်း အခန်းကြီး (၁၆) ၌၊ ၎င်းအပြစ်ဖြေရာပွဲနေ့အကြောင်းပိုမိုလေ့လာသိရှိနိုင်ပါသည်။ အမြင့်ဆုံးသော ယဇ်ပရောဟိတ်သည် လူမျိုးတခုလုံး၏ အပြစ်အတွက် ပူဇော်သက္ကာများ ပူဇော်ခြင်း နှင့် အပြစ်ဖြေရာယဇ်ပူဇော်ခြင်းတို့ပြုရ၏။

ခရစ်ယာန်များအတွက်မှာ၊ အပြစ်ဖြေရာပွဲတော်နေ့သည် ရောမ ၆း၆ ၌ ဖော်ပြသလို အပြစ်မှ သန့်စင်ခြင်းခံယူကာ၊ အသက်ရှင်သော ယဇ်အဖြင့် အသက်ရှင်ခြင်းထဲသို့ ဝင်ရောက်သည်ကို ဆိုလိုပါ၏။ အသင်းတော်အတွက်မှာ၊ ၎င်းသည် သန့်စင်ခြင်းကို ဆိုလိုသည်။ ဤအရာသည်၊ ယခုကာလမကုန်ဆုံးမီ အသင်းတော်က၊ ဧဖက် ၅း၂၇ နှင့် ဗျာဒိတ် ၁၉း၇–၈ တို့တွင် ဖော်ပြထားသလို၊ သန့်ရှင်းသော သတို့သမီးဖြစ်လာမည့်အကြောင်းပင် ဖြစ်လေ၏။

ခေတ်အချိန်ကာလဆိုင်ရာအရ၊ ယခုပင်လျှင် ကျွန်တော်တို့သည်၊ အပြစ်ဖြေရာနေ့ရက်ထဲမှာ ရှိနေသည်ဟု ယုံကြည်ပါသည်။ ၎င်းသည် ၁၉၇၃ ခုနှစ်မှ စတင်ခဲ့လေပြီ။ ထိုနှစ်၌ ကျွန်တော်တို့တွေသည် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် လှည့်လည်ကာ၊ အစည်းအဝေးများ ကျင်းပခဲ့ရာ၊ အစ္စရေးနိုင်ငံကို ရောက်တော့ သံလွင်တောင်ပေါ်ရှိ တည်းခိုခန်းတခုတွင် တည်းခိုခဲ့ကြပါသည်။ ဘုရားသခင်၏ ထူးခြားသော မျက်မှောက်တော်သည် တည်းခိုခန်းထဲရောက်ရှိလာကာ၊ ဘုရားသခင်သည် အစ္စရေးနိုင်ငံအနေဖြင့် ကြုံတွေ့ရမည့် စစ်ပွဲနှင့်အခြားဘေးအန္တရာယ်များ ရင်ဆိုင်ရမည့်အကြောင်း ကျွန်တော့်အား ဖော်ပြခဲ့သည်။ ၎င်းနောက်များ မကြာမီ၊ ရက်ပိုင်းမှာပင်လျှင်၊ အာရပ်နိုင်ငံများ၏ ဗုံမဆင့်ဆိုင်းမဆင့် တိုက်ခိုက်မှုကို အစ္စရေးတို့ ရင်ဆိုင်ခဲ့ကြသည်။ ၎င်းစစ်သည် အပြစ်ဖြေရာပွဲနေ့၌ စတင်တိုက်ခိုက်သော ယွမ်ကီပ်ပွာ(ရ်) (သာ ၂စစကမ) စစ်ပွဲပင်ဖြစ်သည်။

ထိုအချိန်၌ ဣသရေလတို့ စတင်ရင်ဆိုင်ကြုံတွေ့ရသော ဒုက္ခများသည်၊ ကျွန်တော်တို့အတွက် လက္ခဏာတခုပင်ဖြစ်သည်။ ၎င်းလက္ခဏာသည်၊ ကမ္ဘာတခုလုံးကို ဒုက္ခများနှင့် အခက်အခဲဘေးအမျိုးမျိုးရင်ဆိုင်စေခြင်းအားဖြင့် သန့်စင်မှုနှင့် အပြစ်ဖြေရာပြုမှု ဖြစ်စေခဲ့လေ၏။ ၎င်းနောက် ၁၉၇၄ ခုနှစ်ထဲမှာ၊ ဘုရားသခင်သည် ကျွန်တော်အား ရှင်းလင်းပြတ်သားစွာ မှာကြားခဲ့သည်မှာ၊ "ငါသည်

မြင့်သောနေရာ၊ ပုဂ္ဂိုလ်များ၏ အပြစ်ကို ဖော်ပြပြီး၊ နိုင်ငံများစွာမှ ခေါင်းဆောင်များကို ဖယ်ရှားမည်"ဟူ၍ ဖြစ်သည်။ ၎င်းနောက်နှစ်နှစ်ကြာသည့်အခါ၊ နိုင်ငံများစွာမှ ခေါင်းဆောင်များ၏ အပြစ်များကို ဘုရားသခင်သည် ထင်ရှားဖော်ပြ ကာ၊ ခေါင်းဆောင် (၃၀) ခန့်ကို သူတို့၏ ရာထူးမှ ဖြုတ်ချခဲ့သည်။ ထိုခေါင်းဆောင်များအနက်၊ အမေရိက၊ သမ္မတ နစ်ဆင်၊ ပြင်သစ်သမ္မတ၊ ပွမ်ပီဒီယိုနှင့် ဂျာမနီနိုင်ငံအကြီးအကဲ ဝီလီဘရန့်တို့လည်း ပါဝင်သည်။ ထို့နောက်မှာတော့ တဖန်မှာကြားသည်မှာ၊ "ယခုငါသည် ငါ့အသင်းတော်၏ အပြစ်ကို ထင်ရှားစေမည်။ ၎င်းအပြစ်အတွက် စီရင်ကာ၊ ဖယ်ရှားမည်"ဟူ၍ ဖြစ်သည်။ ဤအရာသည် များမကြာမီကပင်လျှင် ဘုရားပြုခဲ့သော အရာဖြစ်ပါသည်။ ဘုရားသည် အပြစ်များကို ထင်ရှားစေ၍ ကျွန်တော်တို့တွေကို သန့်ရှင်းခြင်းနှင့် သန့်စင်ခြင်း အတွက် လုပ်ဆောင်ရန် ပြောကြားခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့၏ အတွင်းဝိညာဉ်ပိုင်းကို သန့်စင်စေသဖြင့် အသင်းတော်သည်၊ အပြစ်ဖြေရာ ယဇ်ပွဲ၏ ဝိညာဉ်ဆိုင်ရာ ပြည့်စုံခြင်းသို့ ဝင်ရောက်စေလိုသည်။ သို့မှသာလျှင် ကျွန်တော်တို့သည် နောက်ဆုံးပွဲတော်ဖြစ်သည့် တဲတော်ပွဲသို့ ဝင်ရောက်မြည်းစမ်း ခံစားရန် အဆင်သင့်ဖြစ်နေကြမည်ပင်။ ၎င်းအတွေ့အကြုံသည် ကမ္ဘာလုံးဆိုင်ရာ အသင်းတော်အား နောက်ဆုံးနှင့် အကြီးမားဆုံးသော နိုးထမှုထဲသို့ ခေါ်ဆောင်ကာ၊ ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းနှင့် နှစ် (၁၀၀၀) ကာလအစပြုခြင်းအတွက် ပြင်ဆင်မှုဖြစ်စေမည့် အမှန်တရားပင်ဖြစ်သည်။

### တဲတော်ပွဲများ

တဲတော်ပွဲသည် ဣသရေလတို့အတွက် တစ်နှစ်သာအတွင်းတွင် နောက်ဆုံးသောပွဲနှင့် အကြီးမား၊ အခန်းနားဆုံးပွဲတော်ဖြစ်၏။ ခေတ်ကာလဆိုင် ရာအရ၊ ၎င်းသည် ရောက်လာမည့် မိလေနီ ခေါ် နှစ် (၁၀၀၀)ကို ကိုယ်စားပြုရာ၊ ၎င်းသည်ယခု၊ ဤကမ္ဘာ၏ နောက်ဆုံးနှင့် အကြီးမားဆုံးသော ခေတ်ဖြစ်၍ ခရစ်တော်သည် နိုင်ငံအားလုံးအပေါ် နှစ် (၁၀၀၀) အုပ်စိုးမည်ဖြစ်သည် (ဗျာ ၂၀း၁-၆)။ ဤအကြောင်းဖြစ်ရပ်၏ ပုံရိပ်ကို ဇါခရိ အခန်းကြီး (၁၄) ၌ အတည်ပြုဖော်ပြထားပါသည်။ ဇါခရိ ၁၄း၁-၂ ၌၊ အာရပ်စစ်သည်များအားဖြင့် အဆုံးတွင် ယေရုရှလင်ကို ဝန်းရံသိမ်းပိုက်၊ ဖျက်ဆီးမည့်အကြောင်း ရေးဖွဲ့ထား သည်။ အခန်းငယ် (၃)မှ (၁၅) ထိ၌၊ ပရောဖက်သည် ခရစ်တော်၏ ဒုတိယကြွလာမည့်အကြောင်းကို ဆက်လက်ဖော်ပြထား၏။ မိလေနီ၊ နှစ် (၁၀၀၀)

အကြောင်းကိုတော့ အခန်းငယ် (၁၆) ၌၊ ဤသို့ *"ယေရုရှလင်မြို့ကို တိုက်လာ သော၊ လူမျိုးအပေါင်းတို့တွင် ကျန်ကြွင်းသမျှသော သူတို့သည်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုးကွယ်၍၊ သကေနေပွဲ ခံအံ့သော ငှါမြို့တော်သို့ နှစ်တိုင်းအစဉ်တက်လာကြလိမ့်မည်"* ဟု ဖော်ပြထားသည်။ ဤကျမ်းပိုဒ်အရ၊ မိလေနီ ကာလအတွင်း၊ နှစ်စဉ်ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတို့ သည်၊ ရှင်ဘုရင်ယေရှုကို ကိုးကွယ်ဖို့ ယေရုရှလင်သို့ ကိုယ်စားလှယ် များကို စေလွှတ်ကြမည့်အကြောင်း နားလည်ရပါ သည်။ နှစ်စဉ်နှစ်တိုင်း၊ တဲတော်ပွဲကို ကျင်းပကြလိမ့်မည်ဖြစ်သည်။ ဇါခရိ ၁၄း၁၇–၁၉ ၌ ဆက်လက်၍ ဖော်ပြသည်မှာ၊ အကယ်၍ ၄င်းတဲတော်ပွဲသို့ လူမျိုးအသီးသီးတို့က၊ ကိုယ်စားလှယ်များကို မစေလွှတ်ပါက၊ ၄င်းနှစ်၌ မစေလွှတ်သော လူမျိုးတို့အပေါ် ပြစ်ဒါဏ်သက် ရောက်စေမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ခရစ်တော်အုပ်စိုးသော မိလေနီ နိုင်ငံတော်ကြီး၏ အဓိကပွဲတော်သည်၊ တဲတော်ပွဲဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

တဲတော်ပွဲသည် ဝိညာဉ်သဘောအရလည်းပဲ ခရစ်တော်ဒုတိယအကြိမ် မကြွလာမီ၊ အသင်းတော်ထဲ၌ ပြည့်စုံမှုရှိခဲ့ပြီဖြစ်ကြောင်း အရှေ့ပိုင်းတွင် ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် အစ္စရေးနိုင်ငံကို သဘာဝအရ၊ ပြန်လည် ထူထောင်ပေးခဲ့ခြင်းသည် မိလေနီအတွက် ပြင်ဆင်မှုဖြစ်သလို၊ ဝိညာဉ်ရေး အရ၊ အသင်းတော်ကို ပြင်ဆင်ခြင်းလည်းဖြစ်၏။ ဤနောက်ဆုံးကာလ၌ အသင်းတော်အပေါ် ဝိညာဉ်တော်၏ တန်ခိုးသွန်းလောင်းခြင်းသည်၊ တဲတော်ပွဲ အားဖြင့် ပရောဖက်ပြုချက်ကို ထင်ရှားဖော်ပြခြင်းဖြစ်စေသလို၊ ၄င်းသည် နိုးထမှုဆိုင် ရာ၊ ဝမ်းမြောက်မှု၊ ဘုန်းတော် ရိတ်သိမ်းခြင်းနှင့် ခရစ်တော်၏ ထင်ရှားဖော်ပြခြင်း စသည်တို့အတွက် ဖြစ်လေ၏။

## နိုးထမှုဆိုင်ရာ တဲတော်ပွဲ

*"တဲတော"ဟူသော အမည်နာမသည် ဟေဗြဲဘာသာစကား "ကူ့"မှ ဆင်းသက်လာရာ၊ ၄င်း၏ အဓိပ္ပါယ်မှာ "တဲ (သို့) မဏ္ဍပ်"ဟူ၍* ဖြစ်၏။ ပွဲတော်အတွက် ဤနာမကို ပေးခဲ့ရခြင်းအကြောင်းရင်းမှာ၊ ဝတ်ပြု ၂၃း၄၂ ၌၊ ဘုရားသခင်အနေဖြင့် ပညတ်တော်ပေးခဲ့ချိန် ဣသရေလတို့သည်၊ တဲဖျင် (သို့) မဏ္ဍပ်၌ ၇–ရက်တိုင်တိုင် တည်းခိုခဲ့ကြပြီး။ "ကူ့" ဟူသော စကားလုံး၏ မူရင်းစာလုံး "ကု"၏ အဓိပ္ပါယ်သည်၊ "ဘိသိတ်ဖို့၊ ဆီဖြင့် ဖုံးလွှမ်းရန်"ဟု ဖြစ်သည်။ ထို့ကြောင့်

တဲတော်ပွဲ၏ ဝိညာဉ်ဆိုင်ရာ အဓိပ္ပါယ်သည်၊ နောက်ဆုံးသော ကာလ၌ အသင်းတော်သည်၊ ဝိညာဉ်တော်ဘုရား၏ ဘိသိတ်ဖုံးလွှမ်းမှုအောက်၌ ရှိမည့်အကြောင်းဖြစ်၏။

ဟေရှာယ ၂၅း၇ ကို ဖတ်သည့်အခါ၊ သခင်ယေရှုသည် ဇိအုန်တောင်မှနေ၍ ဖျက်ဆီးခြင်းအမှုပြုမည့်အကြောင်း ဤသို့ဖော်ပြထားသည်၊ *"လူခပ်သိမ်းကို ဖုံးသော မျက်နှာဖုံးကိုငှ်၊ ခပ်သိမ်းသော လူမျိုးတို့ကို ဖုံးလွှမ်းသော တင်းတိမ်ကိုငှ်း ဤတောင်ပေါ်မှာ ပယ်တော်မူလိမ့်မည်။"* ဤအရာသည် လောက ကို အုပ်စိုးနေသော စာတန်၏ တန်ခိုးဆိုင်ရာများကို ဖျက်ဆီးမည့် လက္ခဏာပင်ဖြစ် လေ၏။ ဤသို့ဖြစ်ဖို့ အလိုငှါ၊ အသင်းတော်သည်ဖြစ်ခဲ့သော နိုးထမှုများ၏ အရိပ်အယောင်များကို မြင်တွေ့ခဲ့ကြလေပြီ။ ဝေးလ်(ဂ်) နိုင်ငံ၏ နိုးထမှုကာလ အတွင်း၌၊ ဘုရားသခင်၏ ဘိသိတ်တန်ခိုးသည် အသင်းတော်ပေါ်သို့ သာ ဆင်းသက်ခဲ့ခြင်းမဟုတ်ပဲ၊ လူထုတခုလုံးသို့ ဆင်းသက် ကြောင်း တွေ့ရသည်။ (၂၀)ရာစု၏ အစောပိုင်း၌၊ ဆွီဒင်နိုင်ငံတွင် နိုးထမှုကြီးတခုဖြစ်ခဲ့ရာ၊ ဝိညာဉ်တော်၏ တို့ထိမှုသည် နိုင်ငံတခုလုံးအပေါ် သက်ရောက်ခဲ့၏။ ထိုအရိပ်အယောင်တို့သည်၊ နောင်တွင်သာ၍ ကြီးမားသော နိုးထမှုများကို ကျွန်တော်တို့တွေမြင်ရကြမည့် အရာအတွက် ရှေ့ပြေးများဖြစ်ကြ၏။ ထိုကာလအချိန်တွင် လူတို့သည် ခရစ်တော်ဟူသည် မည်သူဖြစ်ကြောင်း မသိရှိကြသည်ဖြစ်စေ၊ ဘုရားကျောင်းတခါ မျှမတက်ဖူးသော သူတွေဖြစ်စေ၊ သူတို့၏ အပြစ်အတွက် သံဝေဂရကြလိမ့်မည်။ ဤကဲ့သို့သော နိုးထမှုမျိုးကို ကျွန်တော်တို့ ခေတ်၌ မြင်တွေ့ခံစားကြမည်ဖြစ်သည်။ နိုးထမှုဆိုင်ရာ ရူပါရုံများစွာကို မြင်တွေ့ခဲ့ကြရပြီဖြစ်သောကြောင့်၊ ငှ်းသည် အမှန်တကယ်ပင် လူမျိုးစုတခုပြီးနောက်တခု၊ ရွာတခုပြီးနောက်တခုသို့ ဘုရားကို ကြောက်ရွံ့ခြင်း၏ စိတ်နှလုံးသည် လွှမ်းခြုံသွားပါလိမ့်မည်။ လူတွေသည် လမ်းမများပေါ်သို့ ထွက်လာကာ၊ ခွင့်လွှတ်ခြင်းအတွက် ဘုရားသခင်ထံ၊ အော်ဟစ် တောင်းခံကြပေလိမ့်မည်။ အသင်းတော်သည်သာလျှင် ဝိညာဉ်တော်၏ ဘိသိက် လွှမ်းမိုးမှုအောက်မှာ ရှိနေမည်မဟုတ်ဘဲ၊ ဘုရားသခင်၏ ဝိညာဉ်လွှမ်းမိုး မှုသည်၊ ဤနောက်ဆုံးသောကာလ၌နိုင်ငံ၊ လူမျိုးအားလုံးအပေါ် သက်ရောက်သည်ကို ကျွန်တော်တို့မြင်တွေ့ရမည်ဟု ယုံကြည်ပါသည်။

**ရိတ်သိမ်းခြင်းဆိုင်ရာ တဲတော်ပွဲ**

တဲတော်ပွဲကို တနည်းအားဖြင့် ထွ ၂၃း၁၆ အရ၊ "ရိတ်သိမ်းပွဲ"ဟူ၍လည်း မှည့်သွင်ထား၏။ ဤရိတ်သိမ်းပွဲကို "နှစ်၏ အဆုံး၌"ဟူ၍ ဖော်ပြထားသည်။ ၎င်းအတွက် ရှင်းလင်းချက်ကို ဣသရေလတို့၏ ပြက္ခဒိန် (၂) မျိုး၌ တွေ့ရသည်။ တစ်ခုကို သူတို့၏ ဘာသာရေးနှစ်နှင့် အခြားတခုကိုတော့ သူတို့၏ လူမှုရေးဆိုင်ရာ (သို့) စိုက်ပျိုးရေးဆိုင်ရာ နှစ်အတွက် အသုံးပြုကြ၏။ သူတို့၏ ဘာသာရေးဆိုင်ရာ ပြက္ခဒိန်အရ၊ ၎င်းရိတ်သိမ်းပွဲသည်၊ နှစ်၏ (၇)လမြောက်၌ ကျရောက်ပြီး၊ လူမှုရေးဆိုင်ရာ (သို့) စိုက်ပျိုးရေးဆိုင်ရာ ပြက္ခဒိန်အရတော့၊ နှစ်၏နောက်ဆုံးမှာ ကျရောက်၏။ ထိုအချိန်သည် နှစ်ကုန်ချိန်လည်းဖြစ်၊ ရိတ်သိမ်းရမည့်ကောက်ပဲသီးနှံ အားလုံးကို ရိတ်သိမ်းစုစောင်းပြီးသော အချိန်လည်းဖြစ်လေ၏။

ဤရိတ်သိမ်းပွဲသည် ဣသရေလတို့အတွက် နှစ်ကုန်ချိန်မှာ ကျရောက်နေ သလို၊ ၎င်းသည် ဝိညာဉ်ရေးအရ၊ အသင်းတော်အတွက် နောက်ဆုံးသောကာလ၌ ပြည့်စုံပေလိမ့်မည်ဖြစ်၏။ ဤနောက်ဆုံးသောကာလ၌၊ ပရောဖက်ပြုထားသည့် အတိုင်း ဝိညာဉ်များစွာကို အံ့မခန်းသော ရိတ်သိမ်းခြင်းဖြစ်လိမ့်မည်၊ (မဿဲ ၁၃း၃၉၊ ၁၃း၄၇၊ ဟေရှာယ ၆၀း၁–၇ နှင့် ယာကုပ် ၅း၇–၈)။ ကျွန်တော်တို့သည် ယုံကြည်သူများ ဖောက်ပြန်ကုန်သဖြင့်၊ ဤကမ္ဘာပေါ် အနည်းငယ်သော ယုံကြည်သူများသာ ကျန်ရစ်မည်ကို ယုံကြည်နေခြင် မဟုတ်ပါ။ ဤနောက်ဆုံးသော ကာလ၌ ကြီးမားသော နိုးထမှုဖြစ်ပေါ်လာပြီး၊ ၎င်းအားဖြင့် အသင်းတော်၏ မဟာရိတ်သိမ်းမှုကြီးသည် ပြီးပြည့်စုံခြင်းသို့ ရောက်လိမ့်မည်ဖြစ်သည်။

**ဝမ်းမြောက်မှုဆိုင်ရာ တဲတော်ပွဲ**

*"စပါးနှင့် စပျစ်ရည်ကို သိမ်းယူပြီးမှ၊ ခုနစ်ရက်ပတ်လုံးသကေနေပွဲ (တဲတော်ပွဲ)ကို ခံရကြမည်။ ထိုပွဲခံစဉ်၊ ကိုယ်တိုင်မှစ၍ သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ သင့်နေရာ၌ တည်းခိုသောလေဝိသား၊ ဧည့်သည်အာဂန္တု၊ မိဘမရှိသောသူ၊ မုဆိုးမတို့သည် ရွှင်လန်းခြင်းကို ပြုရကြမည်"* ဟု တရားဟောရာကျမ်း ၁၆း၁၃–၁၄ ၌ ရေးသားထားသည်။ ကောင်းမွန်သော ရိတ်သိမ်းခြင်း၌ ဝမ်းမြောက်မှုရှိစမြဲ ဖြစ်ပါသည်။ တဲတော်ပွဲသည် စပျစ်ရည်နှင့် ဆီရိတ်သိမ်းမှုပြီးပြီးချင်း၌ ကျင်းပရာ၊ ၎င်းသီးနှံ (၂) မျိုးစလုံးသည်၊ ဘုရားသခင်၌ ဝမ်းမြောက်မှုကို ဆိုလိုနေခြင်းဖြစ်၏။ ဇိအုန်တောင်တွင် စိတ်မသာ ညည်းတွားသော သူတို့အား ဘုရားသခင်သည် ဝမ်းမြောက်ပျော်ရွှင်ခြင်းဆိုင်ရာ ဆီဘိသိတ်ကို ပေးလိုပါသည်။ ဘုရားသခင်သည်

ကျွန်တော်တို့အား သူ၏ဝိညာဉ်ဆိုင်ရာ စပျစ်ရည်သစ်နှင့် ပြည့်ဝစေလို၏။ ခရစ်တော်၌ စစ်မှန်သော ဝမ်းမြောက်မှုကို အသင်းတော်အားဖြင့် မြင်တွေ့ရမှာဖြစ်သလို၊ ၎င်းဝမ်းမြောက်မှုက၊ ကျွန်တော်တို့အား ဤနောက်ဆုံးသော ကာလ၌ ဘုရား၏ အလိုတော်ကို ဆောင်ရွက်ရန် ခွန်အားဖြစ်စေပါလိမ့်မည်ပင် မဟုတ်လော။

## ဘုန်းတော်ဆိုင်ရာ တဲတော်ပွဲ

တဲတော်ပွဲ၏ အခြားရှုဒေါင်အမြင်တခုသည်၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားခြင်းဖြစ်ရာ၊ ၎င်းသည် ဤနောက်ဆုံးသောကာလ၌ အသင်းတော်အပေါ် လွှမ်းမိုးထားပေ၏။ ဤအကြောင်းကို ဟဂ္ဂဲအနာဂတ္တိကျမ်း၊ အခန်းကြီး (၂) ၌ တွေ့မြင်နိုင်ပါသည်။ အခန်းငယ် (၁) ၌၊ "သတ္တမလနှစ်ဆယ့် တစ်ရက်နေ့တွင်၊ ပရောဖက်ဟဂ္ဂဲအားဖြင့် ထာဝရဘုရား၏ နှုတ်ကပတ်တော်ရောက်လာ၍"ဟု ရေးထားသည်။ ဤအရာသည် တဲတော်ပွဲ၏ နောက်ဆုံးနှင့် အကြီးမြတ်ဆုံးသော နေ့တွင်ဖြစ်သည့် အရာဖြစ်၏။ ဤနေ့ရက်အတွက် နှုတ်ကပတ်တော်သည်၊ *"နောက်တည်သော ဤအိမ်တော်သည် အရင်အိမ်တော်ထက် ဘုန်းသာ၍ ကြီးလိမ့်မည်"*ဟု အခန်းငယ် (၉) ၌ ဆက်လက်ဖော်ပြထားသည်။ ၎င်းသည် အသင်းတော်၏ ပရောဖက်ဆိုင်ရာ သတင်းစကားဖြစ်ရာ၊ ဤနောက်ဆုံးသော ကာလ၌ ရှိသော အသင်းတော်၏ ဘုန်းတော်သည်။ ကနဦးအသင်းတော်ထက် သာ၍ ကြီးမြတ်ပေလိမ့်မည်ဖြစ်၏။ ကနဦးအသင်းတော် သည် ပင်တေကုတ္တေ၏ ကောင်းကြီးရခဲ့ရာ၊ ၎င်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ နှစ်ခြင်းမင်္ဂလာပင် မဟုတ်လော။ သို့သော် နောက်ဆုံးကာလ၌ အသင်းတော်သည်လည်းပဲ တဲတော်ပွဲ၏ ကောင်းကြီးမင်္ဂလာကို ရယူခံစားကြမည်မှာ မြေကြီးလက်ခတ်မလွဲပေ။

ဗ ရာ ၅း၃ ၌၊ ရောလမုန်၏ ဗိမာန်တော်ကို တဲတော်ပွဲကျင်းပရာကာလတွင် အနုမောဒနာပြုခဲ့ကြောင်း သိရသည်။ အဘယ်ကြောင့်နည်းဆိုသော်၊ ၎င်းသည် နောက်ဆုံးကာလရှိ အသင်းတော်၏ ပုံဆောင်ချက်ဖြစ်နေသောကြောင့် ဖြစ်သည်။ အခန်းငယ် ၁၃–၁၄ ကို ဆက်ဖတ်ရာ၊ ဗိမာန်တော်အတွက် အနုမောဒနာပြုကြစဉ်၊ ဘုရားသခင်၏ ဘုန်းတော်သည် ဗိမာန်ထဲဖြည့်ခဲ့ကြောင်း တွေ့ရသည်။ ဗိမာန်တော်ထဲ ဘုရား၏ ဘုန်းတော်ထင်ရှားလာ၍၊ ယဇ်ပရောဟိတ်တို့အနေဖြင့် လူတွေကို အစေခံမှုဆက်လက်မပြုနိုင်သည့်တိုင်အောင် ဖြစ်ခဲ့သည်။ ဟေရှာယ ၄း၅ ၌လည်း ဤသို့ဖော်ပြထားသည်၊ *"ဇိအုန်တောင်မှာရှိသမျှသော အိမ်များနှင့် စည်းဝေးရာ ပရိသတ်များအပေါ်တွင်၊ နေ့အချိန်၌ မိုးတိမ်နှင့် မီးခိုးကိုင်၎င်း၊ ညအချိန်၌*

*မီးလျှံအလင်းကိုငှင်း၊ ဖန်ဆင်းတော်မူ၍၊ မြတ်သောအရာ အလုံးစုံတို့ကို လွှမ်းမိုးတော်မူလိမ့်မည်။"* တဲတော်ပွဲကာလ၌ ရှောလမုန်၏ ဗိမာန်တော်ထဲမှာ၊ ဘုရား၏ ဘုန်းတော်ဖြည့်ပေးခဲ့သည်နည်းတူ၊ ဤနောက်ဆုံးသောကာလ၌ ဝိညာဉ်ရေးဆိုင်ရာ ဗိမာန်တွင်တည်ရှိသော အသင်းတော်များသည်လည်း ဘုရား၏ ဘုန်းတော်နှင့် ဖြည့်ပေးသည်ကို မြင်တွေ့ရမည်ပင်ဖြစ်သည်။

ကျွန်တော်သည် ဝိညာဉ်တော်အားဖြင့် ဖွင့်ပြ၍၊ မြောက်များစွာသော နိုင်ငံများတွင် ဘုရားပြုမည့် နိုးထမှုဆိုင်ရာ ရူပါရုံများကို မြင်တွေ့ခဲ့ရပါသည်။ ပင်လယ်နီကို မဖြတ်ကူးမီ၊ ဣသရေလတို့အား ဘုရားသခင်ကွယ်ကာပေးခဲ့ သကဲ့သို့ပင်လျှင်၊ သူ၏တန်ခိုးတော်အားဖြင့် ယုံကြည်သူသားသမီးများကိုလည်း အံ့ဩဖွယ် အကွယ်အကာများပေးနေသည်ကို ကျွန်တော်မြင်ခဲ့ရသည်။ အဘယ် အချိန်မှာများ ဘုရားသခင်၏ ဘုန်းတော်သည်၊ ယုံကြည်သူသားသမီးများ အပေါ် သက်ရောက်လိမ့်မည်နည်း။ ဤမေးခွန်းနှင့် စပ်လျဉ်း၍ ဟေရှာယက၊ ၎င်းသည် ကမ္ဘာကြီးကို မှောင်မိုက်ဖုံးလွှမ်းချိန်၌ ဖြစ်မည့်အကြောင်း ဟောပြောထား သည်။ ထိုအမှောင်ထု၌ ကျွန်တော်တို့သည် ကြယ်များဖြစ်ကြ လိမ့်မည်။ ကျွန်တော်တို့ သိထားသည်မှာ၊ ကြယ်၏လင်းလက်မှုကို ညအမှောင်၌သာ မြင်တွေ့ရတတ်သည် မဟုတ်ပါလား။ သာ၍မှောက်မိုက်သော ညမျိုးမှာ၊ ကြယ်သည်လည်းသာ၍ လင်းလက်မည်ပင်ဖြစ်သည်။ ထို့ကြောင့် ဤကမ္ဘာထဲသို့ အင်မတန်မိုက်သော အမှောင်ထုကြီး ဆိုက်ရောက်လာစဉ်၊ ဘုရား၏ ဘုန်းတော်သည် သန့်ရှင်းသူသား သမီးများအဘို့ ရောက်လာမည်ဖြစ်၍၊ ကျွန်တော်တို့တွေ ဝမ်းမြောက်နိုင်ကြမှာ ဖြစ်ပါသည်။

## သခင်ယေရှုပေါ်ထွန်းခြင်းဆိုင်ရာ တဲတော်ပွဲ

တဲတော်ပွဲအချိန်ကာလမှာပဲ၊ သခင်ယေရှုခရစ်တော်သည် သူ့လူသားများထံ နည်းလမ်းသစ်များဖြင့် ထင်ရှားဖော်ပြပါလိမ့်မည်။ သခင်ယေရှုခရစ်တော် အနေဖြင့် တောင်ပေါ်မှာ၊ ဘုန်းတော်အားဖြင့် အဆင်းသဏ္ဍာန်ထူးခြား ပြောင်းလဲခဲ့ခြင်းသည်၊ အသင်းတော်၌ တဲတော်ပွဲများကာလအတွင်း ထင်ရှားပေါ်ထွန်းလာမည့်အရာကို ပုံဆောင်နေခြင်းဖြစ်သည်။ ပေတရုသည် ထိုတောင်ပေါ်တွင် ခရစ်တော်ယေရှု၊ မောရှေနှင့် ဧလိယတို့ (၃)ပါးစလုံးနေထိုင်ရန် ခရစ်တော်၏ ဘုန်းတော်၌ ဝမ်းမြောက်မှုရရှိဖို့ တဲတော်သုံးဆောင်ကို ဆောက်လုပ်တည်ထားလိုခဲ့၏။ ဗျာဒိတ်ကျမ်း၊ အခန်းကြီး (၂) ၌၊ ဤနောက်ဆုံးသော ကာလတွင်၊ ၎င်းသက်သေ

ခံနှစ်ဦးဖြစ်ကြသည့် မောရှေ.နှင့် ဧလိယတို.သည် ထပ်မံပေါ် ထွန်းလာမည့် အကြောင်း ရေးထားသည်။ သို.သော် ပို၍ အရေးကြီးသည်မှာ၊ ကျွန်တော်တို.သည် သခင်ယေရှုအနေဖြင့် သူ၏သန့်ရှင်းသူ၊ သားသမီးများထံ၊ ဘုန်းတန်ခိုးတော်နှင့် ထင်ရှားလာမည်ကို မြင်တွေ.ဖို. စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

ခရစ်တော်သည် ကောင်းကင်မှ ကိုယ်ခန္ဓာပါလျှက် ဒုတိယအကြိမ် ကြွဆင်းလာချိန် မတိုင်မီ၊ ပို၍ ထူးခြားသော နည်းလမ်းများဖြင့် သူ.ကိုယ်တိုင် အသင်းတော်ထဲ၌၄င်း၊ အသင်းတော်အားဖြင့်၄င်း ထင်ရှားဖော်ပြပါလိမ့်မည်။ ယောဟန် ၇း၂ ၌၊ ဂျူးတို.၏ တဲတော်ပွဲများကျင်းပဖို. နီးကပ်နေချိန်ဖြစ်၏။ ထို.နောက် အခန်းငယ် (၁၀) ၌၊ *"ကိုယ်တော်သည် ထိုပွဲသို. မထင်မရှားကြွတော် မူ၏"* ဟု ရေးထားသည်။ ၄င်းနောက် အခန်းငယ် (၁၄) တွင်၊ ဤသို.ဖော်ပြထား ပြန်သည်၊ "ထိုပွဲကိုခံစဉ်တွင်၊ ယေရှုသည် ဗိမာန်တော်သို. တက်၍ ဆုံးမဩဝါဒပေး တော်မူ၏။ " နောက်ဆုံးမှာ၊ အခန်းငယ် (၃၇) ၌၊ ဤသို.ရေးထားသည်။ "ထိုပွဲခံ၍ နောက်ဆုံးဖြစ်သော နေ.မြတ်၌ ယေရှုသည်ရပ်၍ ကြွေးကြော်တော်မူသည်"။ အထက်ဖော်ပြပါ အဖြစ်အပျက်များကို ကြည့်ခြင်းဖြင့် ခရစ်တော်သည် တဲတော်ပွဲ ကျင်းပနေစဉ်ကာလအတွင်း၊ တဖြည်းဖြည်းချင်းဖြင့် သူ.ကိုယ်သူ လူထုရှေ.မှောက်သို. သာ၍၊သာ၍မြင်သာအောင် ထင်ရှားပြသခဲ့ခြင်း သည်၊ ဤနောက်ဆုံးသောကာလ၌ အသင်းတော်ထဲမှာလည်း၊ ထိုကဲ့သို.ပင်ပြုမည့် လက္ခဏာပင် ဖြစ်လေ၏။ ခရစ်တော်သည်သာ၍၊သာ၍ ကောင်းသောနည်းဖြင့် သူ.ကိုယ်ကို ထင်ရှားဖွင့်ပြ လျှက်ရှိရာ၊ ယုံကြည်သူတွေအနေဖြင့် သူ.အား လုံးဝပြည့်စုံစွာ မြင်တွေ.ရသည့် တိုင်အောင် ထင်ရှားပြမည်ဖြစ်သည်။

လွန်ခဲ့သည် နှစ်များစွာက၊ ကျွန်တော်သည် အခြားအမှုတော်ဆောင်များ နှင့်အတူ စည်းဝေးပွဲတခု၏ ဘေးနားမှာ ထိုင်နေခဲ့ကြသည်။ ထိုအခါ၊ စည်းဝေးပွဲမှ ဆရာကြီးတစ်ပါး၏ ဟောပြောခြင်းကို နားထောင်နေခဲ့ကြစဉ်မှာ၊ ချက်ချင်းဆိုသလို သခင်ယေရှုသည် ပေါ်လာပြီး ကျွန်တော်တို. ထိုင်နေရာသို. လျှောက်လာခဲ့သည်။ ယေရှုသည် ကျွန်တော်ထိုင်နေသည့် နေရာတည့်တည့်သို. ဆက်လျှောက်လာ ခဲ့ပါသည်။ ကျွန်တောက အောက်ကို ငုံ.ကြည့်ရာ၊ ကျွန်တော့်လက်ကို မတွေ.ရပဲ၊ ခရစ်တော်၏ ကြောက်စရာကောင်းသော လက်သည်းနှင့် လက်ကိုသာ မြင်ရသည်။ ကျွန်တော်၏ ဝတ်ထားသော အဝတ်အစားကို မမြင်ရပဲ၊ ခရစ်တော်၏ ဝတ်လုံဖြူများကိုသာ မြင်ခဲ့ရသည်။ ထိုအရာထက် ပိုမိုထူးခြားသည်မှာ၊ ကျွန်တော်က တရားဟောဆရာအား ကြည့်ခဲ့ရာ၊ ကျွန်တော်၏ မျက်လုံးဖြင့်မဟုတ်တော့ပဲ

ခရစ်တော်၏ မျက်လုံးဖြင့် ကြည့်ခဲ့သလို၊ ကြားရသည့်အရာလည်း ခရစ်တော်၏ နားဖြင့် ကြားခဲ့ရသည်။ ထို့မျှမက၊ ကျွန်တော်၏ စိတ်နှလုံးသားထဲမှာ၊ ခံစားခဲ့သော ခံစားချက်သည်ပင်လျှင်၊ ၄င်းတရားဟောဆရာအကြောင်းနှင့် ပတ်သက်၍ ခရစ်တော်၏ ခံစားချက်ဖြစ်နေခဲ့သည်။ ထိုကဲ့သို့ ဖြစ်ပျက်ခဲ့သည်မှာ၊ နှစ်မိနစ်ခန့်မျှသာ ကြာခဲ့သည်။ သို့သော် ၄င်းသည် "ခရစ်တော်၌ ရှိသောသူ" ယုံကြည်သူများ ရရှိမည်နည်းလမ်းဖြင့် ဖွင့်ပြခြင်းဖြစ်သည်ဟု ကျွန်တော်နားလည် ခဲ့ရပါသည်။ သို့ဖြစ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဖော်ပြထားသမျှကို ကျွန်တော်တို့ တွေ့ကြုံခံစားနိုင်ကြောင်း ယုံကြည်ကြပါစို့လား။ ဘုရားမိန့်မှာ ချက်သည်၊ "*ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်*" (ဧဖက် ၃း၁၉)ဟူ၍ ဖြစ်သည်။ ဤနောက်ဆုံးသောကာလ၌၊ ခရစ်တော်နှင့်သူ၏ စုံလင်းခြင်းတို့ကို သူ၏သားသမီးများအထဲ၌သော်၄င်း၊ သူ၏သားသမီးများ အားဖြင့်သော်၄င်း ထင်ရှား ဖွင့်ပြနေသည်ကို မြင်တွေ့ရပါသည်။ ထို့အတွက်၊ ဘုရားသခင်အား ချီးမွမ်းသင့်သည် မဟုတ်ပါလား။

ခေတ်အချိန်ကာလဆိုင်ရာအရ၊ အချိန်သည် ဘာမျှမကျန်ရှိတော့ပါသဖြင့်၊ ခရစ်တော်ဒုတိယအကြိမ် မကြွလာမီ၊ အသင်းတော်အနေနဲ့ လုပ်ဆောင်ရမည့် အရာများစွာ ရှိနေသေးကြောင်း နားလည်ရပါသည်။ ဤနောက်ဆုံးသော ကာလ၌ ဝိညာဉ်များစွာကို အပြည့်အဝရိတ်သိမ်းစုစည်းစေဖို့နှင့် ဖိတ်ခေါ်ခြင်းကို ပြည့်စုံစေဖို့ အသင်းတော်တွင် ကြီးမားထူးခြားသော နိုးထမှုလုံးဝဖြစ်ပေါ်ရောက်ရှိလာရပါမည်။ ထို့အတွက် အသင်းတော်သည် လုံးဝရင့်ကျက်ခြင်းနှင့် ခရစ်တော်ကဲ့သို့သော ဘုန်းတန်ခိုးနှင့် ပြည့်သည့်အခြေအနေတွင် ရှိနေသင့်လေပြီ။ သို့ဖြစ်၍ ဤနောက်ဆုံးသော နေ့ရက်များ၌ သခင်ယေရှုသည် သူ့လူသားအတွက် အသက် စတေးခဲ့သည်ကို ကျွန်တော်တို့တွေ အောက်မေ့ဆင်ခြင်ကာ၊ ရှေ့သို့တိုး၍ အမှုတော်ကို ကြိုးစားလုပ်ဆောင်ကြပါစို့။ သခင်ယေရှုသည် တံခါးမှ ရပ်လျှက် တံခါးကို ခေါက်နေပါသည်။ ဤနေ့ရက်သည် ဘုရားသခင်ကို အလေးအနက်ထား ကာ၊ ရှာဖွေရမည့် အချိန်ဖြစ်သည်။ သခင်ယေရှုနှင့် အနီးကပ် ဆုံး မိသဟာယဖွဲ့ဖို့ ကြိုးစားဆက်ကပ်သူသည်သာလျှင်၊ ဘုရားသခင်၏ ဘုန်းတော် ကို ကျွန်တော်တို့၏ အသင်းတော်များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံများမှာ ထင်ရှားစေပါလိမ့်မည်။ ၄င်းကိုမည်သူတွေပြုကြလိမ့်မည်နည်း။ ဘုရားသခင်သည် ကျွန်တော်တို့ အယောက်တိုင်းအား အစဉ်အမြဲခေါ်နေပါသည်။ ထို့မျှမက၊ ဘုရားသည် သူ၏ တတ်စွမ်းသော ကျေးဇူးတော်ကို ကျွန်တော်တို့အား ဝေမျှပေးနေသည်ဖြစ်၍၊

၄င်းအတွက် အမြဲနလက်ခံရယူကာ၊ အသုံးပြုကြပါစို့လား။

× × ×

အခန်း ၄

## ခရစ်တော်၏ ပြင်ဆင်ချက်
## ဟောရှယအနာဂတ္တိကျမ်းမှ

ကျွန်ုပ်တိုက၏ သခင်ယေရှုခရစ်တော်သည် သူ၏ သာသနာပြီးပြည့်စုံဖို့ရန် မည်ကဲ့သို့ ပြင်ဆင်ခဲ့ကြောင်းနှင့် ကျွန်ုပ်တို့ မြောက်မြားစွာသော အမှန်တရားများကို လေ့လာနိုင်ရန်ဖို့ရန် ခရစ်တော်၏ အသက်တာကို ဟောရှာယအနာဂတ္တိကျမ်း အားဖြင့် ကြည့်ရှုမှတ်သားနိုင်သည်။ ခရစ်တော်၏ အသက်တာသည် ကျွန်ုပ်တို့လိုက်နာဆောင်ရမည့်အရာဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိမှသာ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းတရားနှင့် နှိုးထမှုတို့၏ သတင်းကို သယ်ဆောင်သူများဖြစ်လာ နိုင်သည်။ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဘိသိတ်ခြင်းအားဖြင့် သခင်ဘုရား၏ ကနဦးသာသနာအတောတွင်း၌ ကျွန်ုပ်တို့အတွက် စွမ်းဆောင်နိုင်မှုမရှိခဲ့ချေ။ ရှေးဦးစွာ သခင်ဘုရား၏ နည်းလမ်းကို ကျွန်ုပ်တို့အသက်တာ၌ လျှောက်လှမ်း ရှင်သန်နိုင်ရန် လိုအပ်သလို ခရစ်တော်၏ သမ္မာတရားကိုလည်း ကျွန်ုပ်တို့သာသနာ ထဲ၌ ရှိရမည်အရာလည်းဖြစ်ကြောင်း နားလည်သဘောပေါက်ရမည်။ ဘုရားသခင်သည် နိုင်ငံ၊ တိုင်းပြည်အပေါ်သို့ သူ၏ သန့်ရှင်းသောဝိညာဉ်တော်ကို နိုးထမှုအတွက် သွန်းလောင်းပေးနေသလို၊ သခင်ဘုရားသည် လူအပေါင်းကို ခရစ်တော်ထံသို့ ပို့ဆောင်နေသူနှင့် ဦးဆောင်နိုင်သူအဖို့ ခေါင်းဆောင်များကို မွေးထုတ်လျှက်ရှိနေသည်။

### ခရစ်တော်မမွေးဖွားမှီ

ဟောရှာယသည် ခရစ်တော်၏ အသက်တာနှင့် ခရစ်တော်၏ သဘောထားကို ပရောဖက်ပြုထားပုံဖြင့် အစပြုခဲ့ပေသည်။ (ဟောရှာယ ၇း၁၇) ပြီးနောက် ဟောရှာယ ၄၉း၁ ၌ ခရစ်တော်၏ နှုတ်ထွက်စကားကို မိန့်တော်မူရန် ပရောဖက်ရောက်ရှိကြောင်း

*တကျွန်းတနိုင်ငံအရပ်တို့၊ ငါ့စကားကိုကြားကြလော့၊ ဝေးစွာသော လူမျိုးတို့ စေ့စေ့ နားထောင်ကြလော့။ ငါဘွားစကပင် ထာဝရဘုရားသည် ငါ့ကိုခေါ်တော်မူ၏၊ အမိဝမ်းထဲမှစ၍ ငါ၏နာမကို မှတ်တော်မူ၏*" ဤစကားတော်များသည် ဣသရေလနှင့် ဝေးကွာနေသော သူများနှင့် နောက်ဆုံးသော ကာလ၏ အသင်းတော်များထံ ရေးသားကြောင်း အလွန်ထင်ရှားနေပေ၏။

ထာဝရဘုရားသခင်သည် ယေရှုခရစ်တော်အား မိခင်ဝမ်းထဲကပင် ခေါ်နေကြောင်း ကို ပရောဖက်အားဖြင့် ပရောဖက်ကြောင်းနှင့် ဤအရာကို ရှင်မဿဲ ခရစ်ဝင်ကျမ်း ၁း၂၁ ၌ ကောင်းကင်တမန်သည် ယောသပ်ထံသို့ "*ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည်သူ*" ပြောဆိုနေမှုဖြင့် ပြီးပြည့်စုံနေကြောင်း ကျွန်ုပ်တို့တွေ့ ရှိနိုင်သည်။ အမိဝမ်းထဲကပင် ရွေးချယ်ခေါ်တော်မူခြင်းအမှုကို ယေရမိနှင့် ရှင်ပေါလု အသက်တာများအားဖြင့်လည်း တွေ့မြင်နိုင်သည်။ (ယေရမိ ၁း၅၊ ဂလတိ ၁း၁၅)။

ဤသို့သော ပုဂ္ဂိုလ်များအား အမိဝမ်းထဲကပင် ထာဝရဘုရားသည် ခွဲခန့်မှတ်သားခဲ့သော်လည်း သူတို့၏ ခေါ်တော်မူခြင်းအမှုကို များစွာသော နှစ်များ၌ထိနားလည် သဘောပေါက်ခြင်းမရှိခဲ့ပေ။ ဤကဲ့သို့ဖြစ်ရပ်များလည်း ယနေ့မျက်မှောက်၌လည်း ဖြစ်ပေါ်လျှက်ရှိနေသေးသည်။ ထာဝရဘုရားသည် သင့်အား အမိဝမ်းထဲကပင် ခွဲခန့်ထားသော သူဖြစ်နိုင်ပြီး သို့သော် သင့်အနေဖြင့် ခွဲခန့်ခြင်းကို သဘောမပေါက်သောသူဖြစ်ကောင်းဖြစ်လိမ့်မည်။ သို့အတွက်ကြောင့် တမန်တော်ရှင်ပေါလုသည် ဖေက်မြို့မှ ယုံကြည်သူများအတွက် ဘုန်းကြီးသော ဘုရားသခင်၏ ခေါ်တော်မူသော မြော်လင့်ခြင်းကို သိရှိမည့်အကြောင်း ထိုဘုရားသခင်က ထိုးထွင်းသောဉာဏ်ကိုပေးမည့်အကြောင်း ဆုတောင်းပေးခဲ့၏။ (ဖေက် ၁း၁၆–၁၈) ဖေက်မြို့မှယုံကြည်သူများသည် အမျိုးမျိုးသော ဘာသာစကား ပြောခြင်းနှင့် ပရောဖက်ပြုခြင်း၊ အမှုကိုလုပ်ဆောင်နေကြောင်း တမန်တော်ဝတ္တု ၁၉း၉ ၌ ကျွန်ုပ်တို့ဖတ်ရှုနိုင်သည်။ သို့သော် ရှင်ပေါလုသည် ထိုယုံကြည်သူများပိုမို၍ လိုအပ်ကြောင်းနှင့် သူတို့၏ ခေါ်တော်မူခြင်းကို ပိုမို သိရှိနားလည်ရန် လိုအပ်မှုကို သိရှိခဲ့သည်။

ကျွန်ုပ်တို့သိရှိနားလည်သဘောပေါက်ရန်နှင့် ထာဝရဘုရား၏ ခေါ်တော် မူခြင်း၊ ခွဲခန့်ခြင်းတို့၏ ကျွန်ုပ်တို့အသက်တာအတွက် အလွန်အရေးပါ နေလှပါသည်။ သူတပါးသော သာသနာကို အမြဲတစေအပြစ်မြင်တတ်၊ ဝေဖန် တတ်သော အမှုတော်ဆောင်များကို ကျွန်ုပ်သိခဲ့ရသည်။ သင်လည်း ထိုကဲ့သို့ မဖြစ်ရန် သတိပြု ရမည်။

အကယ်၍ သခင်ဘုရားသည် တစုံတဦးဦး၏ သာသနာ လုပ်ငန်းကို ဘိသိတ်ပေးပြီးကောင်းကြီးပေးပါလိမ့်မည်။ သင်ကိုလည်း ထိုသို့သော သာသနာလုပ်ငန်း ဆောင်ရွက်ရန် ဘုရားသခင်ခွဲခန့်မည်ဟု ဆိုလိုခြင်း မဟုတ်။ ဆောင်ရွက်နေသည့် သာသနာလုပ်ငန်းများပြောင်းရွှေ့လုပ်ဆောင်ခြင်းဖြင့် သာသနာလုပ်ငန်းပျက်စီးခဲ့ကြောင်း ကျွန်ုပ်တို့များစွာ တွေ့မြင်ခဲ့၏။ သင်အပေါ် ဘုရားသခင်၏ ခွဲခန့်ခြင်းနှင့် ရွေးကောက်မှုကို အမြဲသတိရပြီး ဆက်ကပ်ဆောင်ရွက်ရန်နှင့် သင်၏ လကျ်ာဘက်၊ လက်ဝဲဘက်ကိုမကြည့်ဘဲ ဘုရားသခင်၏ အလိုတော်အတိုင်း ဆောင်ရွက်ရန်သာ လိုအပ်ပေ၏။

သင်သည် အသင်းတော်တပါး၌ သင်းအုပ်အရာကို ဆောင်ရွက်နေစဉ်၊ ဘုရားသခင် ဘိသိတ်ပြီး၊ တပါးသူများကို ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကိုလည်း ရွေးချယ်ခွဲခန့်ထားရမည်။ လွန်ခဲ့သောနှစ်က၊ ကျွန်ုပ်တို့သည် ဟောလန်နိုင်ငံနှင့် ဂျမနီနိုင်ငံများသို့ များစွာသော အံ့ဖွယ်များဖြင့် အမှုဆောင်နေသောသူနှင့် တွေ့ဆုံခဲ့ကြသည်။ သို့သော် ထိုအမှုတော်ဆောင်၏ အသက်တာမှာ မှန်ကန်မှုမရှိခဲ့ချေ။ ကျွန်ုပ်တို့သည် ထိုသူနှင့် စကားပြောဆိုနေချိန်၌ ဘုရားသခင်သည် ကျွန်ုပ်၏ ဝိညာဉ်မျက်စိပွင့်စေကား ထိုပုဂ္ဂိုလ်အား နောက်ကွယ်၌ ဝိညာဉ်ဆိုး၏ လှည့်စားမှုကို ခဲ့ရသလို သူ၏ အံ့ဘွယ်နိမိတ်လက္ခဏာများပင် ဝိညာဉ်ဆို၏ ဆောင်ရွက်မှုဖြစ်ကြောင်း ကျွန်ုပ်သိလိုက်ရသည်။ ထိုဝိညာဉ်ဆိုးကလည်း *"သင်၏သာသနာလုပ်ငန်း၌ ငါပါဝင်လို၏"ဟု ပြောနေခဲ့၏။ ပြီးနောက် ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်အား "ခေါ်တော်မူသော သူမှတပါး၊ အဘယ်သူမျှ ထိုအရာမြတ်ကို မသိမ်းမယူ"* (ဟေဗြဲ ၅း၄) ဟု မိန့်ဆိုခဲ့၏။ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အားပေးတော်မမူပါက သာသနာလုပ်ငန်းကို ဆောင်ရွက်၍မရနိုင်ပေ။

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ၌ပြည့်ဝသောသူများကို သိရှိနိုင်ရမည် အကြောင်းမှာ တချို့သောဟန်ဆောင်အမှုတော်ဆောင်များ ရှိနေခြင်းကြောင့်ဖြစ်သည်။ သင်သည် အောင်မြင်နေသည့် အမှုတော်ဆောင်ဖြစ်စဉ် မြှောက်ပင့်နေသောသူသည် သင့်အားကားတိုင်တင်မည်သူဖြစ်နိုင်၏။ သင့်အားကောင်းကင်မှဆုချပေးတော်မူသော သူဟု မြှောက်ပင့်ချီးမွမ်းနေသောသူသည် သင့်အား ငရဲသို့ ပို့ဆောင်နေသောသူဖြစ် နိုင်၏။ သို့သော်လည်း သင့်၏ သာသနာသည် ဘုရားသခင်ကိုယ်တိုင် ခွဲခန့်သော အရာနှင့် ချီးမြှောက်သောအရာဖြစ်ကြောင်းလုံးဝဧကန်စိတ်ချမှုရှိရမည်။ ထိုအခါ ဘုရားသခင်သည် သင့်အား ဝိညာဉ်ရေးရာ၌ပြည့်ဝသူများကို ပြသတော်မူမည်။ တခါတရံ ဘုရားသခင်သည် သင်ထံရောက်ရှိလာပြီး မည်ကဲ့သို့သောပုဂ္ဂိုလ်နှင့် စကားတော်များကို ဖေါ်ပြလိမ့်မည်။ သိရှိနိုင်သော ပညာကိုငှင်း ထိုးထွင်းနိုင်သော ဉာဏ်တော်ကို သင့်အား ဖေါ်ပြပေးပါလိမ့်မည်။ သင်သည် ယောရှုနှင့် တိမောသေကိုပင် ခေါင်းဆောင်မှုကို သွန်သင်ပေးခဲ့သော

ဘုရားသခင်ထံ၌ ဉာဏ်ပညာကို တောင်းခံပါ။

ဟေရှာယ ၄၉း၁ ၌ ခရစ်တော်သည် အမိဝမ်းထဲကပင် ဘုရားသခင်၏ ခွဲခန့်ခြင်းခံခဲ့ကြောင်း ထင်ရှားစွာ ပြသခဲ့သည်။ မဿဲ ၁း၂၁ ၌ ကောင်းကင်တမန်သည် မယ်တော်မာရိထံ *"ယေရှုဟူ၍နာမည်ပေးရမည်"* ဟု ပြောနေသောအရာသည် ပြီပြည့်စုံသောအရာဖြစ်သည်။ ယေရှုဟူသော ဂရိဝေါဟာရသည် 'ယောရှု' ဖြစ်ကား "ယေဟောဝါသည် ကယ်တင်ခြင်းတရား" ဖြစ်သည်ဟု အဓိပ္ပါယ်ရ၏။ သူသည် ကယ်တင်ရှင်ဖြစ်မည်ဟု ဖေါ်ပြခြင်းဖြစ်သည်။ သင်သည် အသင်းတော်သော်၄င်း၊ အဖွဲ့စည်းကိုသော၄င်း စတင်သည့်အခါ ဘုရားသခင်၏ ပြင်ဆင်ပေးသော အမည်နာမရရှိရန် ထိုဘုရားသခင်ထံသို့ ဆုတောင်းရမည်။ အကြောင်းမူကား ထိုအမည်နာမအားဖြင့် သင့်အား ဘုရားသခင်ဘိသိတ်ကြောင်း အလိုအရေးပါးလှပေ၏။

**ခရစ်တော်၏ငယ်စဉ်ဘဝ**

ဟေရှာယ ၉း၆ တွင် ခရစ်တော်၏ မွေးဖွားခြင်းကို " . . . ငါတို့အဖို့ သူငယ်ကိုဘွားမြင်၏ " ဟု ဖေါ်ပြထားသည်။ ခရစ်တော်သည် ရုတ်တရက်၊ ဤလောကသို့ ဘုရားသခင်၏ သားတော်အဖြစ် ကြွလာခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့နားလည်သိရှိကြသည်။ သူသည် ကလေးသူငယ်ဖြစ်ရောက်ရှိလာခဲ့သည်။ သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ အတုယူရမည် ခေါင်းဆောင်တဦးလည် ဖြစ်သည်။ ခေါင်းဆောင်တဦးသည် သူ၏ နောက်လိုက်များ၏ ဆောင်ရွက်လုပ်ဆောင်ခြင်းဖြစ်သောအရာရာဖြစ်၏ဆိုသည့်အရာသည် ခေါင်းဆောင်မှု၌ အလိုအရေးသောအရာဖြစ်သည်။ ခရစ်တော်သည် လူသားများ၏ ခေါင်းဆောင်ကဲ့သို့ ဤလောက၌ မွေးဖွားကြီးပြင်လာသူဖြစ်သည်။ သင်းအုပ်ဆရာများ၊ ခေါင်းဆောင်များ၊ သင်တို့၏ သိုးများကို ကောင်းသောပုံသက်သေဖြစ်သာဦးဆောင်သွန်သင်ပါ။ သင်တို့၏ ပန်းတိုင်သည် သူတပါးကို ဖိနှိပ်ချုပ်ချယ်ဖို့မဟုတ်ဘဲ သိုးများကို ဦးဆောင်လမ်းပြဖို့သာ ဖြစ်သည်။

ခရစ်တော်သည် သူ၏သာသနာလုပ်ငန်းကို မစထင်မှီ ငယ်စဉ်ကတည်းကပင် ရင့်ကျက်နိုင်ဖို့ ကြိုးစားရန်းကန်ခဲ့သည်။ သူ၏ ဝိညာဉ်ရေးရာ တိုးတက်ရေးအတွက် နှုတ်ကပတ်တော်အားဖြင့် ပထမအဆင့်ကို စတင်ခဲ့သည်။ ဟေရှာယ ၇း၁၅ တွင် ခရစ်တော်၏ ငယ်စဉ်အသက်တာကို *"ထိုသူသည် ကောင်းသောအရာကိုပယ်၍၊ ကောင်းသောအရာကို ရွေးယူတတ်သည်တိုင်အောင်၊ နို့စမ်းနှင့်ပျားရည်ကို စားရလိမ့်မည်"* ဟု ဖေါ်ပြထားသည်။ နို့စမ်းဆိုသည့်အရာမှာ များစွာသော နို့ဟူပြောဆိုခြင်းနှင့် ၁ပေ ၂း၂ အရ နို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပုံဆောင်နေခြင်းဖြစ်သည်။ ပျားရည်သည်

သန့်ရှင်းသောဝိညာဉ်တော်ပုံစံနှင့် ပြည့်ဝခြင်းကို (၁ဓမ္မ ၁၄:၂၇) ဖော်ပြခြင်းဖြစ်သည်။ ခရစ်တော်မကောင်းသော အရာကိုပယ်၍ ကောင်းသောအရာကို ရွေးနိုင်ခြင်းမှာ နို့တည်းဟူသော ဘုရား၏ နှုတ်ကပတ်တော်နှင့် ပျားရည်တည်းဟူသော သန့်ရှင်တော်နှင့် မိတ်သဟာရဖွဲ့ခြင်း တို့ကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့ပင်လျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နေ့စဉ်စားသောက်ပြီး သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝပါက ဝိညာဉ်ရေးရာ၌ ရင့်ကျက်လာကား ကောင်းသောအရာတို့ကို အသက်တာ၌ရွေးချယ်နိုင်မည်ဖြစ်သည်။

ဟေရှာယ ၄၉:၂ တွင် သခင်ဘုရား၏ တိုးတက်မှု ရုပ်ပုံလွှာကို ကျွန်ုပ်တို့ တွေ့မြင်နိုင်သည်။ သခင်ဘုရားသည် *“ငါ့နှုတ်ကိုထက်သော ဓားကဲ့သို့ဖြစ်စေ၍”* ဟုမိန့်တော်မူ၏။ ဟေဗြဲ ၄:၁၂ တွင် နှုတ်ကပတ်တော်သည် သန်လျက်တကာ တို့ထက်ထက်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့နိုင်သည်။ ကလေးငယ်ကဲ့သို့ ခရစ်တော်ကြီးပြင်းလာခဲ့စဉ် သူ၏ နှုတ်၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ပြည့်ဝခဲ့ခြင်းရှိခဲ့သည်။ ခရစ်တော်၏ အသက် ၁၂ နှစ်ပြည့်လာသည့်အခါ ဗိမာန်တော်၌ ခေါင်းဆောင်များနှင့်အတူတကွ ဆွေးနွေးခြင်း၊ မေးခွန်းများကို မေးမြန်းခြင်းအမှုကို ပြုလုပ်ခဲ့သည် (လုကာ ၂:၄၆–၄၇)။ သူ၏နားလည်မှုနှင့် အဖြေများအတွက် လူပုဂ္ဂိုလ်၊ ခေါင်းဆောင်များ အံ့အားသင့်စေခဲ့သည်။ သခင်ဘုရားသည် ထိုကဲ့သို့ဖြစ်ရပ်များ ကျွန်ုပ်တို့အသက်တာ၌ ရှိစေရန် အလိုရှိနေ၏။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အကောင်းဆုံးနှင့် ပုံသက်သေကောင်း ခေါင်းဆောင်တပါးဖြစ်သည်။ ခေါင်းဆောင်ကောင်းသည် နောက်လိုက်များလုပ်ဆောင်နိုင်ရန် အမြဲတစေ ဆောင်ရွက်မှုကို ပေးလျှက်ရှိသည်။ သခင်ဘုရားသည် ဟေရှာယ ၅၀:၂၁ ၌ ဂတိထားသောအရာကို ကျွန်ုပ်တို့အသက်တာ၌ ပြီးပြည့်စုံရန်အလိုရှိနေ၏။ *“သင်၏အပေါ်၌ ငါထားသောစကားသည် ယခုမှစ၍ ကာလအစဉ်အဆက် သင်၏နှုတ်၊ သင့်၏ အမျိုးအနွယ်နှင့်၊ သင့်အမျိုးအနွယ်၏ အမျိုးအနွယ်၏နှုတ်ထဲက မထွက်မပျောက် စေရဟု ထာဝရဘုရားမိန့်တော်မူ၏။”*

တခါတုန်းက ကျွန်တော်တို့၏ ဓမ္မကောလိပ်တွင် တချို့သောဆရာများသည် သွန်သင်ခံယူမှု၌ အချင်းချင်း အငြင်းခုံဖြစ်ခဲ့ရာမှ တဖက်ကဆရာတဦးက ကျွန်ုပ်အား “ဟုတ်ပြီ၊ ဒီအချက်ကို ကျောင်းသားများသိအောင် နားထောင်ခိုင်းမယ်” ဟု ပြောလိုက်သည်။ သို့သော် နောက်တနေ့တွင် ကျွန်ုပ်ဆုတောင်းနေစဉ် ထာဝရဘုရားသည် *“ဤစကားသည် ငါ့၏ နှုတ်ထွက်စကားငါ့၏နှုတ်ထွက်စကား၊ လူစကားမဟုတ်”* ဟု ကျွန်အားအလွန်အံ့ဘွယ်စွာ အဖြေပေးခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တရားဟောသည့်အခါ၊ အတူတကွဆွေးနွေးတိုင်ပင်သည့်အခါ ထာဝရဘုရားထံ

မော်ဟစ်ကာ ဆုတောင်းရန်လိုအပ်ပါသည်။ နှုတ်ကပတ်တော်နှင့် ခံယူမှုများကို အလွယ်တကူ စွန့်ပစ်ဖို့မလုပ်ရပါ။ ကျွန်ုပ်တို့ပြောဆိုသင်ကြားသည့် အချိန်တိုင်း ထာဝရဘုရား၏စကားတော်ကို အမြဲသတိရကာ ပြောဆိုနေရမည်။ ခရစ်တော်သည် အသက် ၁၂ နှစ်အရွယ်ကပင် ကျမ်းတတ်ပုဂ္ဂိုလ်များနှင့်အတူ နှုတ်ကပတ်တော်များကို အခြေတင်စကားနီးနှောခဲ့နိုင်သည်။ ဟေရှာယ ၄၉း၂ ၌ ဖေါ်ပြသော သူ၏ နှုတ်စကားသည် ထက်သော ဓါးကဲ့သို့ဖြစ်သည်ဟူသောစကားသည် ဤအချိန်၌ပင် ခရစ်တော်၏ အသက်တာ၌ ပြီးပြည့်စုံခဲ့လေ၏။

၁၂ နှစ်အရွယ်ရှိ ယေရှုသည် ထာဝရဘုရား၏ နှုတ်ကပတ်တော်နှင့် ပြည့်စုံသောလည်း အဘယ်ကြောင့် ဘုရားသခင်သည် ထိုသို့သောအချိန်၌ ခရစ်တော်အား သူ၏ အမှုတော်မြတ်၌ပါဝင်မှုမပေးခဲ့သလဲ။ ဆိုသည့်အရာကို ကျွန်ုပ်တို့မေးခွန်းရှိကောင်းရှိနိုင်သည်။ ထိုပြင် ဓမ္မကောလိပ်မှဘွဲ့ရခါစ လူငယ်များကို အမှုတော်မြတ်၌ဘာလို့ပါဝင်မှုမစေခိုင်းသလဲ မေးခွန်းလည်းရှိကောင်းရှိနိုင်အုံမည်။ သူတို့လည်း ဓမ္မကောလိပ်မှ ဘွဲ့ရလို့ကျောင်းဆင်းခါစ အမှုတော်မြတ်၌ ပါဝင်ရန် သင်းအုပ်အရာဖြစ်ငှင်း၊ သာသနာပြုအရာဖြစ်ငှင်း၊ ဧဝံဂေလိဆရာဖြစ်ငှင်း၊ ပါဝင်ရန် ခံစားမှုရှိနိုင်ပါသည်။ ကျွန်ုပ်၏ ဘဝ၌လည်း၊ ကျွန်ုပ်ဓမ္မကောလိပ်မှ ဘွဲ့ရခါစ၊ ကျောင်းဆင်းပြီးခါစတွင် ဘုရားသခင်သည် အမှုတော်မြတ်၌ ပါဝင်ရန် ကျွန်ုပ်အား တိုက်ရိုက်ညွှန့်ကြားမည်ဟု ထင်ခဲ့ပါသည်။ သို့သော် ထင်သလိုမဟုတ်ဘဲ ကျွန်ုပ်အား အိမ်၌သာ ပြန်စေခဲ့ပြီး၊ အချိန်အတော်ကြာမှ သာသနာလုပ်ငန်းထဲ၌ ပါဝင်စေခဲ့ပါသည်။ ကျောင်းဆင်းခါစ ဓမ္မကောလိပ်ကျောင်းသူ/သားများကို ဂတိတော်ထားသည် ပြည်တော်ကို ဝင်စားဖို့ရန် သူလျှိုအဖြစ် စုံစမ်းခဲ့သလို စုံစမ်းခြင်းကာလကို ဧကန်မုချရင်ဆိုင်ဖြတ်သန်းရမည်ဖြစ်သည်။ သာသနာလုပ်ငန်းသို့ပါဝင်နိုင်ဖို့အလို၄ါ များစွာသောပြင်ဆင်မှုနှင့် စုံစမ်းခြင်းကို ဧကန်ရင်ဆိုင်ရန်လိုအပ်ပါသည်။ ခရစ်တော်၏ အသက်တာ၌လည်း ဤကဲ့သို့သောပြင်ဆင်မှုနှင့် စုံစမ်းခြင်းကို ခံခဲ့ရခြင်းဖြစ်ပေ၏။

ဟေရှာယ ၅၃း၂ အားဖြင့် ခရစ်တော်ပင်လျှင် *"သွေ့ခြောက်သောမြေ၌ ပေါက်သော အတက်ကဲ့သို့ငှင်း"* ကျွန်ုပ်တို့အား သွန်သင်နေ၏။ ဤအရာဖြင့် ခရစ်တော်သည် ဝိညာဉ်ရေးရာ၌ သွေ့ခြောက်သောအရပ်မှ ကြီးထွားလာကြောင်း ရှင်းလင်းနေသည်။ တခါတရံ *"အကယ်၍များဝိညာဉ်တော်လှုပ်ရှားရာအရပ်၌ ကျွန်ုပ်တို့ရှိခဲ့လျှင် ကျွန်ုပ်တို့ကောင်းမွန်မှာဘဲ"* ဟု ထင်မှားခဲ့ကြသည့်တိုင်အောင် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အား ဝိညာဉ်ရေးရာသွေ့ခြောက်သည့်အရပ်၌ ပို့ဆောင်လျှက်ရှိ၏။ အကြောင်းမူကား သွေ့ခြောက်သော ဝိညာဉ်ရေးရာအရပ်မှ ဝိညာဉ်ရင့်ကျက်သောအရပ်၊ နိုးထသောအရပ်သို့ရောက်ရှိကြောင်း အရေးကြီးသည်။

ခြောက်သွေ့သောအရပ်၌ပေါက်သောအပင်ကား ခိုင်ခန့်သော ပင်စည်ရှိတတ်၏။ မိုးရာသီ၌ပေါက်သောအပင်ကား ကြီးထွားသလောက်ရေသောက်မြစ်မှာတို၍ နုတ်ပစ်ဖို့ရန် အလွန်လွယ်ကူကြောင်း သင်သိနိုင်၏။ တချို့သောသာသနာ လုပ်ငန်းများသည် မြန်မြန်ဆန်ဆန် တိုးတက်သလောက် မြန်မြန်ဆန်ဆန် သာသနာပျက်စီးသည့်အရာများကို ကျွန်ုပ်များစွာတွေ့ခဲ့ဘူးပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ၌ အဓိက ကြီးထွားမှုသာ တည်ကြည်သောအသီးများသီးနိုင်မည်ကိုသိရန် အလွန်အရေးကြီးလှပေ၏။ ဤအရာအတွက် ကျွန်ုပ်တို့အား ခရစ်တော်သည် ဝိညာဉ်သွေ့ခြောက်သောအရပ်သို့သော်၄င်း၊ ခဲခက်သောအသက်တာသို့ ပို့ဆောင်လျှက်ရှိသည်။ ဟေရှာယ ၉း၁–၂ တွင် ခရစ်တော်ပင်လျှင် ခဲခက်သော အရပ်၌ပင် သူ၏ သာသနာစတင်ခဲ့ကြောင်းဖေါ်ပြလျှက်ရှိသည်။ ဂါလိလဲသည် "အမှောင်နယ်မြေ" "အမှောင်အရပ်၌လျှောက်လှမ်းနေသူများ" ဖြစ်ကြောင်းဖေါ်ပြ ခိုင်းနှိုင်းထား၏။ ဤအရာကား ခမည်းတော်နှစ်သက်တော်မူသောအရပ်ဖြစ်၏။ ဤအရာများသည် ခဲခက်သောအရာများကို အောင်မြင်ပြီး ခမည်းတော်ဘုရား၏ သားတော်အတွက် ပြင်ဆင်ပေးသောအရာများဖြစ်ပေ၏။

ဟေရှာယ ၄၉း၂ တွင် ခရစ်တော်၏ ရင့်ကျက်တိုးတက်နေမှုအသက်တာကို ဆက်လျှက်၍ ဖေါ်ပြနေ၏။ ခရစ်တော်၏ သက်သေခံချက်ဖြစ်သော "ငါ့နှုတ်ကို ထက်သောဓါးကဲ့သို့ဖြစ်စေ၍ လက်တော်အရိပ်၌ဖုံးထားတော်မူ၏" ဆိုသောအရာကား အလွန်ပင်အရေးပါလှ၏၏ ပထမသက်သေခံချက်ကို ခရစ်တော်၏ ၁၂ နှစ်အရွယ် ကျွန်ုပ်တို့၍သာပြီးပြည့်စုံခဲ့၏။ ထို့နောက် ခရစ်တော်၏ နောင် ၁၈ နှစ်ကို ကျွန်ုပ်တို့သည် မသိရှိနိုင်ပေ။ သို့သော် ဟေရှယ၏ ပရောဖက်ပြုချက်ကို ခမည်းတော်ဘုရား၏ အရိပ်၌ ဖုံးထားကြောင်းဖြင့် ပြည့်စုံပြန်၏။ ဟေရှယ ၉း၂ တွင် ခမည်းတော်ဘုရားသည် အမှောင်နယ်မြေ၌ကျင်လည်ပြီး လက်တော်အောက်၌ ဖုံးထားကြောင်း ထပ်မံဖေါ်ပြထားပြန်၏။

တခါတရံ အကယ်၍ ကျွန်ုပ်တို့ဘုရားသခင်၏ မျက်မှောက်တော်၌ နာခံသောအသက်တာနှင့်လျှောက်လှမ်းပါက အလင်းအောက်၌ အမြဲတစေရှိနေမည်ဟု ကျွန်ုပ်တို့ထင်တတ်ကြသည်။ မဟုတ်ပါ။ ကျွန်ုပ်တို့သည် နာခံခြင်းအောက်၌ လျှောက်လှမ်းကြသော်လည်း အမှောင်အရပ်၊ ခဲခက်သောအရာများကို ဖြတ်သန်းရမည်ဖြစ်သည်။ ဟေရှယ ၅၀း၁၀ တွင် "*သင်တို့တွင် အဘယ်သူသည် ထာဝရဘုရားကို ကြောက်ရွံ့၍သနည်း၊ ထိုသူသည် ကိုယ်တော်ကျွန်၏ အသံကိုနားထောင်ပါစေ၊ အဘယ်သူသည် အလင်းမရှိဘဲ မှောင်မိုက်၌ သွားလာသနည်း၊ ထိုသူသည် ထာဝရဘုရား၏ နာမတော်ကို ခိုလှုံ၍ မိမိဘုရားသခင်ကို အမှီပြုပါစေ*" ဟု ဖေါ်ပြထားသည်။ ဤကျမ်းပုဒ်က ကျွန်ုပ်တို့သည် အမှောင်အရပ်၌ ရှိစေကားမူ

*"ထာဝရဘုရား၏နာမတော်ကို ခိုလှုံနေရမည်"* ကိုဆိုလိုပါသည်။ အပိုဒ်ငယ် ၁၁ တွင် ကျွန်ုပ်တို့အား ထာဝရဘုရားသည် မှောင်မိုက်အရပ်၌ ပို့စေကားမူ ထိုအရပ်မှ ဖြတ်သန်းအောင်မြင်ရန် အသိပေးထားပါသည်။ *"မီးကိုညှိ၍ မိမိတို့ကို မီးပွားတို့နှင့် ဝန်းရံစေသောသူအပေါင်းတို့၊ သင်တို့မီးအလင်း၌၄င်း သင်တို့ပြုစုသောမီးစများ၌၄င်း သွားကြလော့၊ ငါလက်၌ခံရသော အမျိုးမူကား၊ သင်တို့သည် ဝမ်းနည်းလျှက် အိပ်ရကြလိမ့်မည်။ အကယ်၍သင်သည် မှောင်မိုက်အရပ်နေသော်လည်း ဘုရားသခင်ရှေ့မှောက်၌မှန်ကန်စွာလျှောက်လှမ်းပါက ထိုဘုရားသခင်၌ ခိုလှုံ၍စောင့်မျှော်ပါစေ။* ဟေရှာယ ၄၅း၂ တွင် ဖေါ်ပြသော *"မှောင်မိုက်၌ရှိသော ဘဏ္ဍာ"* ကို ကျွန်ုပ်တို့မတွေ့ရှိနိုင်ပါ။ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့ မှောင်မိုက်အရပ်၌ရှိနေစဉ် မဿဲ ၁၀း၂၇ *"မှောင်မိုက်၌ သင်တို့အား ငါပြောသော အရာများကို သင်တို့သည် အလင်း၌ကြားပြောကြလော့"* အားဖြင့် ခွန်အားပေးလျှက် ရှိသည်။

လွန်ခဲ့သောနှစ်များစွာ၌ ကျွန်ုပ်တို့တွင် စားစရာမရှိ၊ ငွေလည်းမရှိသည့်အချိန်၊ ကျွန်ုပ်၏ဇနီး ဗကိမနပ ဖျားနာခဲ့စဉ် ကျွန်ုပ်တို့အား ကူညီပေးနိုင်မည်သူကို စဉ်းစားပြီး ဖုန်းဖြင့် အကူညီတောင်းရန်ကြိုးစားခဲ့သည်။ သို့သော် ဘုရားသခင်၏ အသံတော် "မင်းဖုန်းအားဖြင့်အကူညီတောင်းလျှင် မင်းကို ငါစွန့်လွှတ်မည်" ဟု ကျွန်ုပ် ကြားသိလိုက်၏။ ကျွန်ုပ်စဉ်စားတွေးတောလိုက်သည်မှာ လုပ်ခဲ့ရင်ရော ကယ်တင်ခြင်း လည်းမဆုံးရှုံးပါဘူး၊ ပြီးတော့ သင်းအုပ်အရာနှင့် ရရှိသောဆုကျေးဇူး တွေလည်း မဆုံးရှုံးပါဘူး ဆိုသည်အရာဝင်လာခဲ့၏။ သို့သော် ဘုရားသခင်၏ အသံတော်ကား ကျွန်ုပ်အား အနာဂတ်၌ ဝိညာဉ်ရင့်ကျက်ဖို့ရန် ဘုရားပို့ဆောင် နေကြောင်း အမှောင်နယ်မြေ၊ ခဲခက်သောအချိန်၌ နာခံသောအသက်တာဖြင့် အောင်မြင်ခြင်း ရရှိသည့်အခါ သိလိုက်ရခြင်းဖြစ်သည်။

ခရစ်တော်၏ အသက် ၁၂ နှင့် ၃၀ နှစ်ကြားလက်တော်အောက်၌ ဖုံးကွယ်ထားခြင်းကို ဟေရှာယ ၄၉း၂ *"ငါ့ကိုလည်း ဦးသစ်သောစည်းသွားဖြစ်စေ၍၊ မိမိမြှားထောင့်ထဲမှာ ဝှက်ထားတော်မူ၏"* ဟုဖေါ်ပြထားခြင်းမှာ ဘုရားသခင်၏ အကြံစည်ဖြစ်ခဲ့၏။ ဤအချိန်ကာလသည် ကျွန်ုပ်တို့၏ အရှင်သခင်ခရစ်တော်၏ အကြောင်းကို ဖုံးကွယ်ထားသလို၊ ထာဝရဘုရားသခင်သည် ခရစ်တော်အား ဦးသစ်သောစည်းသွားဖြစ်စေရန်နှင့် ရွေးကောက်တော်မူခြင်း၏ အမှတ်သားဖြစ်ခဲ့၏။

ဟေဗြဲဝေါဟာရ "ယှအော့" ကို "အပြစ်" ဟု အဓိပ္ပါယ်ပြန်ဆိုကြောင်း ဓမ္မဟောင်းကျမ်း၌ တွေ့ရသော်လည်း ပိုမို၍ နားလည်လွယ်ကူအောင် "အမှတ်အသား တခုကိုလွဲချော်ခြင်း" ဟု အဓိပ္ပါယ်ပြန်ဆိုနိုင်ကြောင်း ရောမ ၃း၂၃ အရ "လူအပေါင်း တို့သည် ဒုစရိုက်ပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ" ဟု တွေ့နိုင်သည်။ ဤကျမ်းပိုဒ်ကလည်း

ခရစ်တော်အား ဦးသစ်သော စည်းသွားဖြစ်စေသော အရာဖြစ်ကျွန်ုပ်တို့အား ပိုမိုနားလည်ရန် ဖေါ်ပြလျှက်ရှိ၏။ ခရစ်တော်သည် အမှတ်သားကို အမှားအယွင်းမရှိ မှန်နိုင်ရန်အတွက် မိမိအားမြှားတောင့်ထဲ၌ ဝှက်ထားလျှက်ရှိ၏။ ဘုရားသခင်၏ ရှေ့တော်၌ အသရေမပျက်ဖို့အလို့ငှါ ခရစ်တော်သည် ထူးခြားသော သူအဖြစ်ကြံစည်ထားတော်မူ၏။

ကျွန်ုပ်အား သေွ့ခြောက်အရပ်၊ မှောင်မိုက်နေရာတို့၏ အတွေ့ကြုံအားဖြင့် ထာဝရဘုရားသည် ရှင်းရှင်းလင်းလင်းသူ၏ အကြံစည်ကို သိခဲ့ရလေ၏။ ကျွန်ုပ်ကို ဒီလိုအခဲခက်ဘဝကနေ ကောင်းကင်သို့ခေါ်တော်မူပါ၊ မခံနိုင်တော့ပါဟု ဆုတောင်းခဲ့သောအရာကို ဘုရားသခင် ဤသို့အဖြေပေးခဲ့၏။

တညတွင် ကောင်းကင်တမန်သည် ကျွန်ုပ်အိပ်ပျော်နေစဉ် ရောက်ရှိလာခဲ့၏။ ကျွန်ုပ်နိုးလိုက်သည့်အခါ ကျွန်ုပ်၏ ကုတင်ပေါ်၌ရပ်နေသည်ကိုတွေ့ခဲ့ရ၏။ ကျွန်ုပ်သည် မိမိခန္ဓာကိုယ်မှ ထွက်လာကာ ကောင်းကင်တမန်ထဲသို့ ချဉ်းကပ်ခဲ့၏။ တိုတောင်းသည့် အချိန်တွင်း ထာဝရဆိုသည်အရာကိုခံစားမိသလို ကျွန်ုပ်ခန္ဓာကိုယ်လည်း ကျွန်ုပ်နီးအနား မှာ နှစ်နှစ်ချိုင့်ချိုင့် အိပ်နေသည်ကိုတွေ့မြင်ခဲ့၏။ အမှုတော်မြတ်၌လည်း မပါဝင်တော့သလို ကြောက်ရွံ့စွာခံစားမိခဲ့သည်။

ကောင်းကင်တမန်လှည့်သလို ကျွန်ုပ်လည်း လိုက်လှည့်ကာ စကားတခွန်းမှ တယောက်ကိုတယောက်မပြောမဆို အလင်းထက်မြန်ဆန်နှုန်းကို ကျွန်ုပ်၏အိမ်မိုးကို ထိုးဖေါက်ကာ ကောင်းကင်သို့ရောက်ရှိခဲ့၏။ လောကနှင့် အလွန်ဝေးကွာ နေကြောင်းလည်းခံစားမိခဲ့သည်။ ကောင်းကင်သို့ အနီးဆုံးနေရာသို့ ရောက်စဉ် မိမိကိုယ်ကိုစဉ်စားလိုက်ချိန်၌ ငါကယ်တင်ခြင်းရခဲ့ပါတယ်၊ ရေ၌နှစ်ခြင်းခံခဲ့တယ်၊ ဝိညာဉ်တော်၌ နှစ်ခြင်းခံခဲ့သလို ဆုကျေးဇူးရရှိယုံမက အလင်း၌ ကျင်လည်ခဲ့သူပါ သို့သော် ကြောက်စိတ်ဝင်ခဲ့လေ၏။

ကျွန်ုပ်သည် ကောင်းကင်တခါးဝကိုရောက်ရှိသည့်အချိန် ကျွန်ုပ်၏ ငယ်စဉ်မှစ၍ ယခုဖြစ်ပျက်သည် အချိန်ထိ ရုပ်ပုံကြည့်ရှုသလို မိမိဘဝအကုန်စင်ကို မြင်လိုက်ရခဲ့၏။ တခုပြီးတခု၊ မြင်လိုက်သည့်အခါ တချို့ရုပ်ပုံများမှ အမဲရောင် မှုန်ဝါးဝါးဖြစ်ပြီး ထိုအမဲရောင်မှုန်ဝါးဝါး ရုပ်ပုံမှာ ဘုရားမသိမီနှင့် ဘုရားမရှိခဲ့သည့် ဘဝမှတ်တမ်းပုံများ ဖြစ်ခဲ့သည်။ သို့သော် ကျွန်ုပ်ဘုရားသိပြီးနောက် အသက်တာပြောင်းလဲပြီးနောက် ဘုရားသခင်ရှေ့မှောက်၌ ဝန်ချတောင်းပန်ခဲ့ခြင်းနှင့် ခရစ်တော်၏ အသွေးတော်အားဖြင့် ထိုအရာများကို ဆေးကြောခြင်းတွေ့ရှိခဲ့ရသည်။

ကျွန်ုပ်၏ရွေးကောက်ခြင်းနှင့် ဘုရားသခင် ကျွန်ုပ်အပေါ်၌ထားရှိသော အကြံစည်များကို ဘုရားသခင်ဖေါ်ပြမှုကိုခံစားလိုက်သည့်အခါ ပြီးပြည့်စုံမှုမရှိကြောင်း မိမိအသက်၌ ခံစားခဲ့ရသည်။ ဝမ်းနည်းမှု နောင်တစိတ်ရှိခဲ့ရာမှ ထာဝရဘုရားအား ကျွန်ုပ်ကို လောကသို့

ပြန်လည်ပို့ဆောင်ပေးပြီး၊ ကိုယ်တော်၏ အကြံစည်ကို ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ဖို့ တောင်းလျှောက်ခဲ့၏။ ဘုရားသခင်သည် ကျွန်ုပ်၏ ဆုတောင်းသံကိုကြားလိုက်၍ ကောင်းကင်တမန်ကို အမိန့်ပေးလိုက်မည်ဖြစ်သည်။ ကောင်းကင်တမန်လည်း ဘာတခွန်းမှ မပြောဘဲ ကျွန်ုပ်နှင့်အတူ ဤလောကသို့ အံ့ဩစရာကောင်းလောက်သည် လျှင်မြန်နှုန်းဖြင့် ရောက်ရှိလာခဲ့ကြ၏။

ငြိမ်သက်စွာနှင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော ကျွန်ုပ်ခန္ဓာကိုယ်၌ အရောက်ကောင်းကင်တမန်သည် ကျွန်ုပ်ကို တိုးလိုက်သည်အခါ ကျွန်ုပ်ခန္ဓာသို့ ရောက်ခဲ့လေ၏။ မကြာခင်ရက်ပိုင်းမှာ ဘုရားသခင်ကို ဘာဖြစ်လို့ ဒီလိုအဖြစ်ပျက် တွေကို တွေ့စေခဲ့သလဲလို့ မေးလိုက်သည့်အခါ ဘုရားသခင်က *"ငါလူမျိုးများကို သေသွားသည့်အခါ ဒီလိုဖြစ်မယ်ဆိုတဲ့အရာတွေကို ပြောဖို့ သတိပေးပါ"* ဟု အဖြေပေးခဲ့၏။ မိတ်ဆွေ၊ သင့်အား ခရစ်တော်က ရွေးကောက်ခြင်းနှင့် ဆောင်ရွက်သည့်အမှန်ကို မပြီးဘဲ မပြည့်စုံဘဲ ကောင်းကင်သို့မရောက်ချင်ပါနဲ့။ ဝမ်းနည်းစရာသောကရောက်စရာတွေကို တွေ့သွားလိမ့်မယ်။ ဘုရားသခင်က ငါတို့၏ မျက်ရည်များကို ကောင်းကင်သို့ရောက်သည့်အခါ သုတ်ပေးပါလိမ့်မည် (ဗျာဒိတ် ၂၁း၄)။ သင်ကောင်းကင်သို့ရောက်သည့်အခါ ဘုရားသခင်သည် သူ၏ အကြံစည် များကို ဖေါ်ပြပါလိမ့်မည်။ သင်သည် ဘယ်လောက်နှင့် ဘယ်လိုဆောင်ရွက်ခဲ့ပုံကို ဘုရားသခင် မြင်စေပါလိမ့်မည်။ ကောင်းကင်ရောက်မှ ရရှိမဲ့သရဖူထက် ကျွန်ုပ်တို့ ဤလောက၌ ဘယ်လောက်နှင့် ဘယ်လိုဘုရားသခင်၏ အကြံစည်ကို ဆောင်ရွက်ခဲ့တယ်ဆိုတာပိုပြီး ရေတွက်ရပါလိမ့်မယ်။ ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင် ရှေ့တော်၌ ဘယ်လောက်ထိ အသရေပျက်စေခဲ့တယ်ဆိုတာကို ရေတွက်ခြင်းရှိပါလိမ့်မယ်။ ဒေသနာ ၇း၁၇ ထဲကို ဘုရားသခင်၏ နေ့ရက်မတိုင်မှီ ကျွန်ုပ်တို့ခေါ်တော်မူခြင်းမခံဖို့ အလွန်အရေးကြီးလှပေ၏။

မြွား၏ အခြေခံ နှစ်ပိုင်းသို့မဟုတ် နှစ်မျိုးကို လေ့လာမှတ်သားဖို့လိုအပ်နေပါသည်။ မြွား၏ ပထမပိုင်းဖြစ်သည့် မြွားထိပ်ကို သတ္တု၊ သံများနှင့် လုပ်ဆောင်သလို ဒုတိယပိုင်းကိုတော့ သစ်သား သို့မဟုတ် ဝါးများဖြစ် လုပ်လေ့လုပ်ထရှိ ပါသည်။ ဤအပိုင်းနှစ်ပိုင်းက ခရစ်တော်၏ ဘဝဖြစ်စဉ် နှစ်မျိုးကို ပုံဆောင်လျှက်ရှိပါသည်။ ချွန်ထက်သောမြွားထိပ်က ခရစ်တော်၏ ဘုရားသားဖြစ်ခြင်း၊ အပြစ်နှင့်ကင်းသောသူ၊ လူဇာတိကိုခံယူခြင်းနှင့် အသက် ၁၂ နှစ်ထိကို ပုံဆောင်နေသည်။ ကျန်အပိုင်းဖြစ်သော သစ်သားသို့မဟုတ်ဝါးကား ခရစ်တော်၏ လူသားဖြစ်စဉ်နှင့် အပြစ်နှင့်ကင်းသောသူ၊ ဘုရားဖြစ်ကြောင်းကို ပုံဆောင်ပါ၏။

ဤအချိန်ထိခရစ်တော်၏ သမိုင်းဖြစ်စဉ်ကို ဘုရားသခင်၏ လက်တော်အောက်၌ ဖုံးထားသလို သူ၏ လူသားဖြစ်စဉ်၊ ထက်မြက်နိုင်ဖို့ရန် ပြင်ဆင်သည့်ကာလဖြစ်သည်။

အကယ်၍မြွားတံသည် မှန်ကန်မှုမရှိဘဲလေထဲ၌ ပျံဝဲနေပါက ပစ်မှတ်ကို လွဲမည်မှာ ဧကန်အမှန်ဖြစ်သည်။ ဟေဗြဲ ၅း၈ ၌ ခရစ်တော်သည် မြွားဦး၌ ထက်မြက်သောကြောင့် ပစ်မှတ်ကို မလွဲခဲ့ခြင်းဖြစ်သည်။ *"ဘုရားသခင်၏ သားတော်မှန်သော်လည်း ဆင်းရဲဒုက္ခကိုခံရသောအားဖြင့် နားထောင်ခြင်းအကျိုးအကြောင်းကိုသင်တော်မူ၏။"* ဆင်းရဲဒုက္ခခံရခြင်းဖြင့် သူ၏ လူသားဘဝကို ပြင်ဆင်မှုတခုလုပ်ဆောင်ခဲ့၏။ ဤအရာအားဖြင့်လည်း ပစ်မှတ်ကို မလွဲချော်ရေးအတွက် ခရစ်တော်အား ခမည်းတော်ဘုရား စေလွှတ်တော်မူခဲ့၏။ ခရစ်တော်၏ ပစ်မှတ်ကား ကားတိုင်ဖြစ်ခဲ့၏။ ဟေဗြဲ ၅း၉ တွင် ခရစ်တော်သည် ဤကဲ့သို့ *"ထိုသို့စုံလင်ခြင်းသို့ရောက်ပြီးမှ၊ ယုံကြည်နားထောင်သောသူအပေါင်းတို့အား ထာဝရကယ်တင်ခြင်း ကျေးဇူးကိုပြုသောသူဖြစ်တော်မူ၍"* မိန့်တော်မူခဲ့၏။ ခရစ်တော်သည် ဘုရားသခင်၏ အကြံစည်ဖြစ်တော်မူသော ကယ်တင်ခြင်းတရားကို မလွဲချော်မိရန်အတွက် ဆင်းရဲဒုက္ခကို နာခံခြင်းအသက်တာဖြင့် လုပ်ဆောင်ခဲ့လေ၏။ ဤအရာအားဖြင့် ကျွန်ုပ်တို့၏ အသက်တာ၌ ဘုရားသခင်၏ စုံစမ်းခြင်း၊ သွေးဆောင်ခြင်းများကို အောင်မြင် ကျော်လွှားရန် နာခံခြင်းအသက်တာကို သင်ယူရပေမည်။ ဘုရားသခင်သည် ခရစ်တော်အားဖြင့် ပြင်ဆင်ထားသော အကြံစည်ကို ကျွန်ုပ်တို့အသက်တာ၌ မလွဲမိစေရန် အလွန်အလိုရှိသောအရာဖြစ်ပေ သည်။

ကျွန်ုပ်တို့အား များစွာသောနည်းမျိုးစုံဖြင့် ဘုရားသခင်သည် သွန်သင်စုံစမ်းလျှက်ရှိနေသည်။ တခါတုန်းက ကျွန်ုပ်ထံသည် သင်းအုပ်ဆရာထပါလာရောက်ကာ *"ငါ့ရဲ့အသင်းသားအသင်းသူများက အလွန်ပုန်ကန်တတ်သောသူ၊ နာမခံသောသူဖြစ်လို့ ငါ့ရဲ့အမှုတော်မြတ်ပါဝင်တဲ့ သင်းအုပ်အရာကို စွန့်လွှတ်မည်ပြီးတော့ အသင်းတော်ကို ပိတ်ပြီး အသင်းသူ အသင်းသားတွေကို တခြားအသင်တော်ကို ပေးလိုက်မယ်"* ဟု ပြောဆိုခဲ့၏။ ကျွန်တော် ဘုရားသခင်ထံ ထို့အဖြေတွက် ဆုတောင်းခဲ့စဉ် ဘုရားသခင်မိန့်တော်မူခဲ့သည်မှာ *"အသင်းတော်ကို မပိတ်နဲ့"* ထာဝရဘုရားသခင် သည် ဆာလံ ၆၀း၈ မှ အမှုန်လူမျိုးကဲ့သို့သောသူများဖြစ်ကြောင်း အဖြေပေးခဲ့၏။

ထို့အပြင် ထာဝရဘုရားက *"ရင့်ကျက်သောသူ၊ ပြည့်စုံသောသင်းအုပ်ဆရာ လိုအပ်လို့ သူကို ဒီအသင်းတော်ထဲ ငါခေါ်လာတာလို့၊ ပြီတော့ ပုန်ကန်တတ်သော အသင်းသူအသင်းသားအားဖြင့် ရင့်ကျက်ပြည့်စုံသော သင်းအုပ်ဆရာဖြစ်ဖို့နှင့် ရင့်ကျက်ပြည့်စုံသောသင်းအုပ်တရာများပြုစုရန်အတွက်လည်း သူကိုငါစေလွှတ်အုံးမယ်"* ဟု မိန့်တော်မူခဲ့၏။ အမှန်စင်စစ် ဤအသင်းသူအသင်းသားများ ဘုရားသခင်၏ မျက်မှောက်တော်ကို ရှာသောသူများမဟုတ်၊ သို့သော် ပစ်မှတ်ကိုမလွဲချော်ရေးအတွက် အသုံးပြုခံအဖြစ် လုပ်ဆောင်လျှက်ရှိခဲ့သည်။

ခရစ်တော်၏ တဖန်ပြင်ဆင်ခြင်းအရာကို ဟေရှာယ ၄၉း၂ ၌ *"ငါကိုလက်တော်အောက်၌ ဖုံးထားတော်မူ၏"* ဟု တွေ့နိုင်ခဲ့၏။ မြှားသည် ပစ်ဖို့ရန်အတွက် ပြင်ဆင်၊ အသင့်ရှိသော်လည်း မြှားဆရာက သုံးဖို့ရန် အချိန်စောင့်မျှော်နေရအုံးမည်။ ဤကျမ်းပိုဒ်တွင် ခရစ်တော်သည် ခမည်းတော်ဘုရား၏ စေလွှတ်တော်မူခြင်းမတိုင်မီ ပြင်ဆင်ပြီး၊ အသင့်ရှိနေကြောင်း အသက်တာကိုတွေ့ရှိနိုင်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား လက်တော်အောက်၌ ဖုံးထားသည့်အချိန်ရှိနေသလို သူ၏ စေလွှတ်မှုအချိန်ကိုလည်း စောင့်မျှော်နိုင်ရမည်။ ဤအရာဖြင့် ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်၌သာ ခိုလှုံရမည်ကြောင်း သွန်သင်နေလေ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အခွင့်နှင့် ဆောင်ရွက်ရမည့်အရာကို ဖော်ပြမှုမရှိမချင်း၊ ကျွန်ုပ်တို့သည် မည်သည့်အရာမှ ဆောင်ရွက်၍မရရှိနိုင်ချေ။ အကယ်၍ ကျွန်ုပ်တို့အသက်တာ၌ ကျော်ကြားသောသာသနာကို ပိုင်ဆိုင်သူမဟုတ်၊ ဘုရားသခင်၏အလိုတော်အတိုင်း ဆောင်ရွက်နေသူဖြစ်လိုပါက ဤကဲ့သို့သော ပြင်ဆင်မှုအားဖြင့် ကျွန်ုပ်တို့အား အသင့်ရှိရေးအတွက် ကူညီပေးပါလိမ့်မည်။

### ဂျော်ဒန်မြစ်၌ဘိသိတ်ခြင်း

ယေရှုသည် သူ့၏ သာသနာကို စတင်ဖို့ရန် ဂျော်ဒန်မြစ်နားသို့သွားရောက်ကာ ခမည်းတော်ဘုရား၏ မြှားဖြင့် ပြင်ဆင်ခြင်းအမှုကိုပြုလုပ်ဆောင်ရွက်ခဲ့၏။ သို့သော် ထိုမြှားဦးသည် တန်ခိုးတော်နှင့်အတူ ပစ်မှတ်ကိုမလွဲရန် ကျွန်ုပ်တို့သိရှိရမည်။ ဤဂျော်ဒန်မြစ်၌ ခမည်းတော်ဘုရားသည် ခရစ်တော်အား ဘိသိတ်ပေးကာ ပစ်မှတ်ကို မလွဲချော်ဘဲ သူ၏ သာသနာကို ပြီးပြည့်စုံခဲ့လေ၏။

ခရစ်တော်ထံ ခမည်းတော်ဘုရားသည် သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်ခြင်းကို ချိုးငှက်အားဖြင့် ဖြစ်ကြောင်း ခရစ်ဝင်ကျမ်း၌ ကျွန်ုပ်တို့လေ့လာ ဖတ်ရှုနိုင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ထံ ဆင်းသက်မှုသည် "ခရစ်တော်" "ဘိသိတ်ပေးခြင်း" ဟု အဓိပ္ပါယ်ရသော ခမည်းတော်ဘုရား၏ တံဆိပ်ခတ်ခြင်းဖြစ်ပေ၏။

ဖရောဖက်ဟေရှာယသည် ဘိသိတ်ပေးခြင်းသည် သခင်ခရစ်တော်၌သာ ဖြစ်ကြောင်း ဟေရှာယ ၁၁း၁ တွင် *"ယေရှဲ အမျိုးအငုတ်၌အတက်ပေါက်လိမ့်မည်။ သူ၏ အမြစ်တို့တွင် အညွန့်သည် အသီးသီးလိမ့်မည်"* ဟု မှတ်တမ်းတင်ခဲ့သည်။

ကျွန်ုပ်တို့သည် နောက်ကျမ်းပိုဒ် *"ထာဝရဘုရား၏ ဝိညာဉ်တော်တည်းဟူသော နာဂတ်ပညာရှိပေးသော ဝိညာဉ်ကြံစည်တတ်စွမ်းနိုင်သော သတ္တိကိုပေးသောဝိညာဉ်၊ ထာဝရဘုရားကိုသိ၍ ကြောက်ရွံ့သောသဘောကို ပေးသောဝိညာဉ်တော်သည် ထိုသူအပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည်"* ကို ဖတ်ရှုနိုင်သည်။ ဤဘိသိတ်ခြင်းသည် ဘုရားသခင်၏ ဝိညာဉ်ခုနစ်ပါးကို ဖော်ပြခေါ်ဆိုနိုင်သည်။ (ဗျာဒိတ် ၄း၅၊ ၅း၆)

ဤဘုရားသခင်၏ ဝိညာဉ်ခုနစ်ပါးသည် ဂျော်ဒန်မြစ်၌ ခရစ်တော်အပေါ်၌ဆင်းသက်ပြီး၊ ဤဘိသိတ်မှုသည် ဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းထက်သာ၍ ကြီးမြတ်သလို ပေတကုတ္တေနေ့၌ တပည့်တော်များအပေါ်၌ ဆင်းသက်တော်မူသော ဝိညာဉ်တော်တန်ခိုးထက်လည်း ကြီးမြတ်တော်မူပြန်၏။ ဤဖြစ်ရပ်နှစ်ခု၏ ခြားနားချက်ကို ကျွန်ုပ်တို့အနေဖြင့် သေသေချာချာ နားလည်းသဘောပေါက်ရန် အလွန်အရေးကြီးလှပေ၏။

ဥပမာ။ ဘုရားသခင်၏ ဝိညာဉ်ခုနှစ်ပါးမှ တခုသောဝိညာဉ်မှာ ဉာဏ်ပညာကို ပေးသောဝိညာဉ်ဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးတခုဖြစ်သော ထိုးထွင်းခြင်းတရားကိုပေးသော ဝိညာဉ်ဖြစ်ကြောင်း သိရှိရမည်။ ဤခြားနားမှုအရာကား ဉာဏ်ပညာကိုပေးသောဝိညာဉ်နှင့် ထိုးထွင်းခြင်းတရားကိုပေးသောဝိညာဉ်ဖြစ်၏။ ရှောလမုန်ထံ၌ရရှိသော အရာကား ဉာဏ်ပညာကိုရသောဝိညာဉ်ဖြစ်သည်။ ဘုရင်မရှီဘာ၏ များစွာသောမေးခွန်းများကို အလွယ်တကူ မှန်ကန်အောင် ဖြေဆိုနိုင်ခဲ့သော ရှောလမုန်မှာ ဘုရားသခင်သည် ဉာဏ်ပညာကိုပေးသော ဝိညာဉ်တော်အားဖြင့် ဘိသိတ်ခြင်းကြောင့်ဖြစ်သည်။ ဤဘိသိတ်ခြင်းအားဖြင့် ရှောလမုန်သည် ဆက်လက်၍ ဉာဏ်ပညာကြွယ်ဝနေခြင်းဖြစ်ခဲ့သည်။ သို့သော် ထိုးထွင်းခြင်းတရားကား ဤကဲ့သို့မဟုတ်ချေ။ ထိုးထွင်ခြင်းတရားဖြစ်သော ဝိညာဉ်တော်၏ ဆုကျေးဇူးရရှိသော ယုံကြည်သူသည် အလွန်အံ့သြဖွယ်ရာ အဖြစ်ပျက်ကို ပင်နားလည်သဘောပေါက်နိုင်ပေ၏။ ဤဆုကျေးဇူးသည် အချိန်ရှည်လျားအောင် အသုံးပြုနိုင်သလို သူတပါး၏ ပြဿနာများကို ဖြေရှင်းနိုင်ပေလိမ့်မည်။ တခါတရံ ထိုးထွင်ခြင်းတရားဆုကျေးဇူးဖြင့် ဗျာဒိတ်တော် ရရှိနိုင်သလို မရရှိနိုင်သည့် အချိန်လည်း သင့်အပေါ်၌ရှိပါလိမ့်မည်။ သို့သော် ဉာဏ်ပညာကို ပေးသောဝိညာဉ်ဘိသိတ်မှုသည် ဘုရားသခင်၏ ဉာဏ်တော်ကို အမြဲတစေမှီခိုလျှက်ရှိသည်။ ဤအရာများကို ခရစ်တော်အပေါ်၌ ဘုရားသခင်သည် သက်ရောက်ရန် ဘိသိတ်ပေးနေခြင်းဖြစ်သည်။ ယောဟန် ၂း၂၄ တွင် *"ခပ်သိမ်းသောသူတို့ကို သိတော်မူ၏"* ဟု ခရစ်တော်အားရည်ညွှန်းထားသည်။ ခရစ်တော်သည် ယုဒ၏ ဆောင်ရွက်မည့်အမှုများကို သိခဲ့လေ၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုခံပြီး ဝိညာဉ်တော်၏ ဆုကျေးဇူးကို လက်ခံပိုင်ဆိုင်ပြီး၊ ထိုအရာများကို သူတပါးထံဝေငှခြင်း အထွန်ဆောင်ရွက်ရမည်။ ဤအချင်းအရာတွက် တမန်တော်ရှင်ပေါလုသည် ပေတေကုတ်တွေနေ့ရ သန့်ရှင်းသောဝိညာဉ်တော်ဆု၌ ဗတ္တိဇံခံခဲ့သော ဧဖက်မြို့မှ ယုံကြည်သူများအတွက် ဘုရားသခင်၏ ထိုးထွင်းသောဉာဏ်ကိုတောင်းခံခဲ့ခြင်းဖြစ်သည် (ဧဖကက် ၁း၁၇)။ ခမည်းတော်ဘုရားသည် ခရစ်တော်ထံသို့ ဘိသိတ် ဆင်းသက်စေသော ဉာဏ်ပညာကိုပေးသော ဝိညာဉ်တော်သည် ယနေ့နောက်ဆုံးသော ကာလ

ယုံကြည်သူများအပေါ် သက်ရောက်ဆင်သက်ရန် လိုအပ်လျှက်ရှိနေပါသည်။ ဗျာဒိတ် ၅း၆ တွင် ကျွန်ုပ်တို့ဖတ်ရှုမြင်တွေ့သော သိုးသူငယ်၌ မျက်စိခုနစ်လုံးချို ခုနစ်ချောင်းရှိ၏ဟူသောအရာကား ဘုရားသခင်၏ ဝိညာဉ်ခုနစ်ပါးသည် ဤလောကသို့ ထိုအရာများကို ဆင်းသက်နေစေခြင်းဖြစ်သည်။ ကျွန်ုပ်တို့ပင်လျှင် ဘုရားသခင်၏ သိုးသူငယ်၏ သဘောသဘာဝကို အလိုရှိရမည်၊ ထိုမှသာ ဘုရားသခင်၏ ဝိညာဉ်ခုနစ်မျိုး ကျွန်ုပ်တို့အပေါ် ဆင်းသက်ပြီး ကျွန်ုပ်တို့အားဖြင့် သူတပါးထံ လက်ဆင့်ကမ်းကာ သာသနာကျယ်ပြန့်လာနိုင်မည်။

ဘုရားသခင်၏ဝိညာဉ်ခုနစ်မျိုးမှ ဝိညာဉ်တော်ပထမဘိသိတ်မှုသည် ထာဝရဘုရား၏ ဝိညာဉ်တော်က ခရစ်တော်အပေါ် ဘိသိတ်ပေးကြောင်း ဟေရှာယ ၆၁း၁ တွင် *"ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာ သိတင်းကိုကြားပြောစေငှါ"* ဟု တွေ့ရှိနိုင်သည်။ ထာဝရဘုရား၏ ဝိညာဉ်တော် ကျွန်ုပ်တို့အပေါ်၌ ဆင်းသက်ဘိသိတ်ခြင်းသည် ဝမ်းမြောက်စရာ သိတင်းကြားပြောဖို့ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့ *"ငါ့ဟောပြောသောစကားသည် ငါ၏ဘုန်းတန်ခိုး ထင်ရှားရန်နှင့် ကိုယ်အလိုလျှောက်ပြောသောစကားမဟုတ်"* (ယောဟန် ၁၄း၁၀) ဟု ပြောရမည်။ ဤအရာကား အမှုတော်ဆောင်များအတွက် ဘုရားသခင်၏ စေလွှတ်မှုနှင့် ဟောပြောနိုင်ရေးအတွက် ဝိညာဉ်တော်၏ ဘိသိတ်ဆင်းသက်မှု အလွန်လိုအပ်ကြောင်းသိရှိရမည်။ ကျွန်ုပ်တို့အနေဖြင့် သမ္မာကျမ်းစာကို တတ်မြောက်သိကျွမ်းပြီး နားလည်၍ဟောပြောခြင်းမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ ဘိသိတ်ဆင်းသက်မှုကြောင့်သာ ဟောပြောခြင်းဖြစ်ရမည်။

ဟေရှာယ ၁၁း၂ မှ ဝိညာဉ်တော်၏ ဒုတိယဘိသိတ်မှုသည် ကြံစည်နိုင်သောပညာ ဝိညာဉ်ဖြစ်သည်။ ဤဘိသိတ်ခြင်းကား ကျွန်ုပ်တို့အား စစ်မှန်သောအရာကို ရွေးချယ်နိုင်ရန်နှင့် လိုအပ်သည့်အချိန်၌ ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။ ကြံစည်နိုင်သော ပညာဆိုရာတွင် ဉာဏ်ပညာကို အသုံးပြုရန်ဟု ဆိုကောင်းဆိုနိုင်ပါလိမ့်မည်။ ဉာဏ်ပညာတခုတည်းဖြင့် မပြည့်စုံ၊ လုံလောက်မှုမရှိပေ။ ဉာဏ်ပညာကိုမသုံးဘဲ သင်အနေဖြင့် ကြံစည်စွမ်းဆောင်မှုရှိရန် လိုအပ်ပေသည်။ ခေါင်းဆောင်ကောင်းတဦး ဖြစ်ရန်အတွက် ဣသရေလလူမျိုးများ၏ ခေါင်းဆောင်ဖြစ်ခဲ့သော ကြံစည်စွမ်းဆောင် မှုကို မိမိခေါင်းဆောင်ထံမှ သင်ယူဘိသိတ်ခြင်းခံရသော ယောရှုကဲ့သို့ဖြစ်ရမည်။ (တရားဟော ၃၄း၉) တချိန်က ကျွန်တော်သည် ဃမေျာအေခေ ခံယူသော အသင်းတော်တပါးတွင် သင်းအုပ်ဆရာအဖြစ် အမှုတော်မြတ်၌ပါဝင်ခဲ့သည်။ ကျွန်ုပ်တို့ ဦးဆောင်နေစဉ် သန့်ရှင်းသောဝိညာဉ်တော်၏ လှုပ်ရှားလုပ်ဆောင်မှုကို ဆန့်ကျင်ခဲ့သော သင်းထောက်လူကြီး၏

ဇနီးသည်ကိုတွေ့ဆုံခဲ့သည်။ ကျွန်ုပ်သည် ထိုအစီအစဉ်ကိုအဆုံးသတ်ကာ ကျွန်ုပ်သည် ဝတ်ပြုအစီစဉ်တွေ့ကြုံခဲ့သောအရာကို စဉ်းစားရင်းဖြင့် အိမ်ပြန်ခဲ့၏။ ကျွန်တော်အိမ်ရောက်ပြီး မီးဖိုချောင်သို့ အဝင် ဘဝ၌ မှတ်သားလောက်သောအတွေ့ကြုံတခု ရင်ဆိုင်ခဲ့ရ၏။ ဖယောင်းမီးတိုင်ခုနှစ်လုံး နံရံပေါ်တွင် ရွေ့လျားနေကြောင်း တွေ့ခဲ့ရ၏။ ဗျာဒိတ် ၄း၅ တွင် ဖယောင်းမီးတိုင် ခုနစ်လုံးမှာ ဘုရားသခင်၏ ဝိညာဉ်ခုနှစ်ပါးဟု ဖော်ပြထား၏။ ထိုဖယောင်းမီးတိုင် ခုနှစ်ခု၏ ပိုင်ရှင် ဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်သို့ ဝတ်လုံကိုချုံပေးခဲ့၏။ ဤအရာကား ကျွန်ုပ်ဘဝ၌ မဖော်ပြနိုင်လောက် အံ့သြဖွယ်ကောင်းသော ဘုရားသခင် ဘိသိတ်မှုဖြစ်ခဲ့သည်။ သို့သော် ကျွန်ုပ်အပေါ်၌ ဝတ်ရုံကို ချုံပေးသော ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်ဦးဆောင်ပါဝင်နေသော အသင်းတော်၏ ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ဘုရားသခင်၏ ကြံစည်တတ်စွမ်းနိုင်မှုကိုပေးနေခြင်းဖြစ်သည်။ ထာဝရဘုရားသခင်သည် သူ့အား ဆန့်ကျင်နေသောသူအပေါ် ရယ်မောနိုင်သကဲ့သို့ ကျွန်ုပ်ရယ်မောနိုင်ခဲ့၏ ဆာလံ ၂။ ကျွန်ုပ်ရယ်မောနေခြင်းမှာ တခြားအရာများအတွက် မဟုတ်ဘဲ ဝိညာဉ်တော်၏အလုပ်ကို ဆန့်ကျင်ကန်ကွက်နေသော အမျိုးသမီးအပေါ် ရယ်မောနေခြင်းဖြစ်သည်။ ထိုအမျိုးသမီးသည် မိမိကိုယ်မိမိ ကျန်းမာသည်ဟု ထင်နေသော်လည်း ဝတ်ပြုအစီစဉ်အပြီး နာရီအတွင်းဆေးရုံသို့ပို့ခြင်းခံခဲ့ရ၏။ ထာဝရဘုရားသခင်ကို အဘယ်သူမျှ လှောင်ပြောင်၍မရနိုင်ပေ။

ဤအခင်းဖြစ်ပွားပြီးနောက်ပိုင်း ကျွန်ုပ်သည် ူသျ ဗညါန္ဓု သို့ရောက်ရှိကာ ုအေ့မပည ုကူ္ဘာညေ ထံ အလည်ငတ်ရောင်ရှိခဲ့၏။ သူမသည် ကျွန်တော်အပေါ် ဆုတောင်းပေးစဉ် "ပညာ" ဟူသောစကားတခုပြောခဲ့၏။ သူမ၏ ဆုတောင်းပေးမှုကို ကျွန်ုပ်သည် လုံးလုံးလျားလျားလက်ခံယုံကြည်သည့်အခါ ကျွန်ုပ်အပေါ်၌ ဘုရားသခင်၏ ဝိညာဉ်တော် ဆင်းသက်မှုခံစားရသလို ကြံစည်စွမ်းဆောင်နိုင်ဖို့ အသက်တာ၌ ရှိကြောင်းခံစားလိုက်ခဲ့၏။ ထာဝရဘုရား အမှန်တကယ် ပြင်ဆင်နိုင်ပေ၏။ ုအေ့မပည ုကူ္ဘာညေ သည် ကျွန်တော်၏ အနာရောဂါငြိမ်းဖို့သာ ဆုတောင်းပေးခဲ့သော်လည်း ဘုရားသခင်သည် ကျွန်တော်အပေါ်သို့ သူမ၏ ဆုတောင်းပေးနေစဉ် သူ့၏ ကြံစည်စွမ်းဆောင်မှုကိုပေးခဲ့၏။ ကျွန်တော်သည် အနာရောဂါငြိမ်းမှုမလိုအပ်သော်လည်း ကျွန်ုပ်တောင်းတရ၊ လိုအပ်သည့် ကြံစည်စွမ်းဆောင်မှုကို ပေးခဲ့လေ၏။ *"သင်တို့တွင် တစုံတယောက်သောသူသည် ပညာကို လိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ၊ တောင်းလျှောက်ရမည်"*(ယာကုပ် ၁း၅)။

တတိယမြောက် ဝိညာဉ်တော်၏ ဘိသိတ်ခြင်းမှာ နားလည်နိုင်သော ဝိညာဉ်ဖြစ်သည်။ ဤအရာအားဖြင့် ဘုရားသခင်၏ သွန်သင်မှုနှင့် လုပ်ဆောင်မှုကို

ကျွန်ုပ်တို့သိရှိနားလည်နိုင်၏။ (၁ရာ ၁၂း၃၂။ လုကာ ၂၄း၄၅)။ နားလည်နိုင်သော ဝိညာဉ်အားဖြင့် ကျွန်ုပ်တို့သည် ရူပါရုံဗျာဒိတ်တော်များနှင့် အိမ်မက်များကိုပင် နားလည်ပြန်ဆိုနိုင်ရန် ကူညီဆောင်ရွက်ပေးနိုင်သည် (ဒံယေလ ၁း၁၇)။ လူတဦးတယောက်၏ အိမ်မက် ရူပါရုံ၏ အဓိကဖော်ပြချက်များကို တိတိကျကျ နာလည်နိုင်ရေးအတွက် အလွန်အရေးကြီးပေ၏။

ဘုရားသခင်ထံမှ ရူပါရုံ၊ အိမ်မက်၊ ပရောဖက်ပြုသောအရာများကို ရယူဖို့ သက်သက်ဖြင့် မလုံလောက်ပေ။ ထိုအရာများအနက်ကို တိတိကျကျ အနက်ဖွင့်နိုင်ရေး အလွန်အရေးပါလှပေသည်။ နေပုဒ်ခနေဇာနှင့် ဖာရောဘုရင်တို့၏ အိမ်မက်များကို ဒံယေလနှင့် ယောသပ်အားဖြင့် တိကျသောအနက်ကိုရရှိသလို ထိုအိမ်မက်များအတွက် ဘုရားသခင်၏ ကြံစည်ပြင်ဆင်သောအရာများပြည့်စုံခဲ့ခြင်းဖြစ်ပေသည်။ လူတော်တော်များများ ဘုရားသခင်ပေးသော အိမ်မက် ရူပါရုံများ၏ နက်အဓိပ္ပာယ်ကို တိတိကျကျ အနက်မဖွင့်နိုင်ခြင်းကြောင့် သူတို့၏အသက်တာ၌ ဒုက္ခနှင့်အတူ ဂယှက်ရိုက်နေကြရ၏။

ဤကဲ့သို့မှားယွင်းသော အနက်အဓိပ္ပါယ်ဖွင့်မှုကို ကျွန်ုပ်ဖော်ပြခဲ့သော သင်းထောက်ဆရာ၏ ဇနီးသည်အကြောင်း အားဖြင့် ဥပမာပေးလိုပါ၏။ ဤအမျိုးသမီးသည် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို ငြင်းပယ်ဆန့်ကျင်ခဲ့၍ ဆေးရုံရောက် ခဲ့နေစဉ် အသင်းသားနှင့် သင်းထောက်နှစ်ဦးစလုံး ရူပါရုံ၌ ထိုအမျိုးသမီးအိပ်နေသော တံခါးဝ၌ ထာဝရဘုရားရပ်နေသည်ကိုတွေ့ခဲ့ပြီး၊ ထိုအမျိုးသမီးမှာ ရောဂါမှ ပျောက်ကင်းမည်ဟု သူတို့၏ ရူပါရုံကို အနက်ဖွင့်ခဲ့ကြ၏။ သို့သော် ထာဝရဘုရား ကျွန်ုပ်အား ဖော်ပြသည့် အနက်အဓိပ္ပာယ်မှာ ထိုသို့မဟုတ်ဘဲ လောဒိကိ အသင်းတော်ကဲ့သို့ ခရစ်တော်ကို မလက်ခံခဲ့သော သူများကဲ့သို့ ထိုအမျိုးသမီးသည် ဘုရားသခင်ဝိညာဉ်တော်၏ အလုပ်ကိုမလက်ခံ၍ အသက်တာ၌ မိမိကိုယ်ကို ယုံကြည်စိတ်ချနေခြင်းဖြစ်သည်ဟု၍ဖြစ်သည်။ *“သူမသည် ထာဝရဘုရားကို လက်မခံဟုဖော်ပြခြင်းဖြစ်သည်။ ထာဝရဘုရားဝိညာဉ်သည် သူမအား ကာကွယ်စောင့်မနေခြင်းမဟုတ်ဘဲ သူမလက်မခံ၍ အပြင်၌ရပ်နေခြင်းဖြစ်ပေ၏။”*

ထာဝရဘုရားသခင်ဝိညာဉ်၏ နားလည်ခြင်းဝိညာဉ်သည် ဓမ္မဆရာများအတွက် အလွန်လိုအပ်သောအရာမှာလည်း သူ့တပါးအား နှုတ်ကပတ်၏ အနက်အတိုင်း နားလည်ဖွင့်ဆိုအဓိပ္ပါယ်ပြန်ရန်ဖြစ်ပေသည်။ ဧဇရကဲ့သို့ သမ္မာကျမ်းစာ၏ အပိုဒ်တိုင်း နားလည်သဘောပေါက်ကာ အနက်ပြန်ဆိုရန် အလွန်အရေးကြီးပါ၏။ *“ထိုသို့ ဘုရားသခင်၏ ပညတ္တိကျမ်းစာကို သေချာစွာ ဆတ်ရွတ်၍ အနက်ကိုပြန်သဖြင့်၊ လူများနာလည်စေခြင်းငှါ ပြုကြ၏”* (နေမာမိ ၈း၈)။ ထိုကဲ့သို့ ကျွန်တော်တို့သည်

နှုတ်ကပတ်တော်၏ အနက်အတိုင်း ပြန်ဆိုဖွင့်ပြနိုင်ရန် ဤကဲ့သို့သော ဝိညာဉ်ကိုရရှိရန် ဆန္ဒရှိရမည်။

စတုတ္ထဘိသိတ်ခြင်းမှာ တိုင်ပင်ဖက်ဝိညာဉ်တော်ဖြစ်သည်။ တိုင်ပင်ဖက်ဆိုရာ၌ သူတပါးအပေါ် အကြံပြုနိုင်ခြင်း သို့မဟုတ် သွန်သင်ဦးဆောင်နိုင်ခြင်းကို ခေါ်သည်။ ခရစ်တော်၏ အမည်နာမတခုမှာလည်း တိုင်ပင်ဖက်ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ (ဟေရှာယ ၉း၆) တိုင်ပင်ဖက်၊ တိုင်ပင်ဖေါ်ဖြစ်ဖို့ ကျွန်ုပ်တို့၌ တိုင်ပင်ဖက် ဝိညာဉ်တော်ရှိရမည်။ ထာဝရလမ်းဆုံသို့ ပို့ဆောင်နိုင်ဖို့အလို့ငှါသော်၎င်း၊ သူတပါးကို သွန်သင်လမ်းပြဖို့ရန်အတွက် ထာဝရဘုရား၏ ဘိသိတ်မှု သို့မဟုတ် တိုင်ပင်ဖက် ဝိညာဉ်တော်မရှိပါက လုပ်ဆောင်၍ မရနိုင်ပေ။

လူတယောက်၏ ပြဿနာကို ဖြေရှင်းလိုပါက လောကီ၏ပညာ၊ စိတ်ပိုင်းဆိုင်ရာများဖြင့် လုပ်ဆောင်၍ မရရှိနိုင်ပေ။ ထိုကဲ့သို့ပြဿနာကို ဝိညာဉ်ရေးဆိုင်ရာနှင့် ဖြေရှင်းပေးရန်လိုအပ်သလို တရုတစိုက်ပြုစုပေးရန် သတိထားရမည်။ ပြဿနာမတူသလို ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ထံမှ အသံတော်၊ အကြောင်းစုံကို ကြားသိနိုင်ရန် အဓိကလိုအပ်ပါသည်။

သို့အတွက် ယောဘ၏ သူငယ်ချင်းများက သူ့ထံမှားယွင်းသော အကြံပြုချက်များ ရောက်ရှိခဲ့၏။ *အခုကျွန်ုပ်တို့သိရသိမှာ အကယ်၍ လူတဦးဖြောင့်မတ်မှန်ကန်ပါက ဘုရားသခင်ကောင်းကြီးပေးသလို၊ အပြစ်ရှိပါက ဘုရားသခင်သည် ထိုသူအား တရားစီရင်၏၊ ထိုကြောင့် သင်သည် မှားယွင်းနေ၏ဟု* ” သူငယ်ချင်းများဆိုခဲ့ကြ၏။ သို့သော် ယောဘ၏ သူငယ်ချင်းများမှာ မှားယွင်းစွာ ပြဿနာကို ဖြေရှင်းခဲ့ကြ၏။ ဘုရားသခင်သည် ဖြောင့်မတ်သောသူထံ၌လည်း စုံစမ်းခြင်းရောင်စေခဲ့ကြောင်း၊ နှစ်ဆသော အကျိုးကိုရရှိစေရန်နှင့် ထာဝရချီးမွမ်းဂုဏ်ပြုဖို့ရန်အတွက် ကြံဆုံခဲ့ပုံကို နားလည်မှု မရှိခဲ့ကြချေ။

လူတချို့တို့သည် ကျွန်ုပ်တို့အား တိုင်ပင်ရန်နှင့် အကြံပြုရန် ရောက်ရှိလာသည့် အခါ ကျွန်ုပ်တို့၏ အထင်၊ အမြင်ကို နားမထောင်လိုဘဲ ထာဝရဘုရား၏ အသံတော်ကိုသာ ကြားလိုကြ၏။ အမှုတော်ဆောင်များအဖို့ ယဇ်ပုရောဟိတ်တို့၏ ဆောင်ခဲ့သော ခုရိမ်နှင့်သုမိပ်ကို သတိရရန်လိုအပ်ပါသည်။ (ထွက် ၂၈း၃၀၊ တော ၂၇း၂၁) သို့မှသာ ဘုရားသခင်၏ အသံတော်အားဖြင့် တိုင်ပင်အကြံပေးနိုင်မည်။

နယူးဇီလန်နိုင်ငံတွင် ဧဝံဂေလိလုပ်နေသည့် လူငယ်တဦးနှင့် ဖေါက်ပြန်သော သင်းအုပ်ဆရာ၏ ဇနီးသည်အားဖြင့် ဥပမာပေးလိုပါသည်။ သင်းအုပ်ဆရာ၏ ဇနီးမှာ လူငယ်တဦးနှင့် ချစ်ကျွမ်းဝင်ကာ ကိုယ်ဝန်ဆောင်ခဲ့ရာမှ သင်းအုပ်ဆရာများထံ သူမသည် ထိုလူငယ်လေးနှင့် လက်ထပ်၍ရ၊ မရ တိုင်ပင်ခဲ့၏။ ဓမ္မဆရာ တော်တော်များများက

လက်ထပ်နိုင်ကြောင်း အကြံပြုခဲ့ကြ၏။ တနေ့တွင် ကျွန်တော် ထံသို့ ထိုအမျိုးသမီးနှင့် လူငယ်ကလေးရောက်ရှိလာကာ ကျွန်ုပ်အား တခြားဆရာများ ကဲ့သို့ လက်ထပ်၍မရမရ မေးခဲ့ကြ၏။ ကျွန်ုပ်လည်း သူတို့အား ချက်ခြင်းအဖြေမပေးဘဲ နောက် ၃ ရက်ကြာမှ မင်းတို့လာခဲ့ကြလို အဖြေပေးပြီး၊ ၃ ရက်လုံးလုံး ကျွန်တော် ဘုရားနှင့် အချိန်ယူ ဆုတောင်းခဲ့သည်။ ကျွန်တော် ဘုရားနှင့် အချိန်ယူဆုတောင်းခဲ့စဉ် ဘုရားသခင်သည် ကျွန်ုပ်အား "သူတို့ကို ငါ့ထံသို့ပေးပါ" ဟု အဖြေးပေးခဲ့၏။

သုံးရက်မြောက်တွင် ကျွန်ုပ်တို့ပြန်ဆုံရာမှ သူတို့သည် ကျွန်ုပ်အား "ကောင်းပြီ၊ သင် ဘုရားသခင်ထံက အဖြေ၊ အသံကြားသလား" ဟု မေးခဲ့ကြ၏။ "ဟုတ်ကဲ့ ဘုရားသခင်က သူတို့ကို ငါ့ထံသို့ပေးပါ" ဟု ဖြေလိုက်၏။ ထိုနောက် ကျွန်တော်သည် သူတို့အပေါ်လက်တင်ပြီး ဘုရားသခင်ထံသို့ အပ်လိုက်၏။

ဘုရားသခင် သူတို့အပေါ် ဘာလုပ်ခဲ့သလဲခင်ဗျာသိချင်သလား။ ထိုညမှာဘဲ သူတို့နှစ်ယောက်တဦးပေါ်တဦး ထားတဲ့ချစ်စိတ်ပျောက်ခဲ့ကြတယ်၊ သူတို့ကွဲသွားကြပြီး၊ သုံးရက်မြောက်နေ့မှာ သူမရဲ့ ကိုယ်ဝန်လည်းပျက်ကြခဲ့တယ်။ လူငယ်ကလေးလည်း နောင်တစိတ်နှင့်အတူ ဘုရားသခင်ထံဆက်ကပ်ကာ ဓမ္မကောလိပ်၌ ဓမ္မပညာကို ဆည်းပူးခဲ့၏။ နောက်တော့ တခြားတိုင်းနိုင်ငံသူနဲ့ လက်ထပ်ပြီး သင်းအုပ်ဆရာအဖြစ် အမှုတော်မြတ်၌ ပါဝင်ခဲ့သည်။

အမျိုးသမီးလည်း ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် နောင်တရကာ ဘုရားထံ အသက်တာကို ဆက်ကပ်အပ်နှံလိုက်သည့်အခါ နဂိုခင်ပွန်းသင်းအုပ်ဆရာနှင့်ပြန်၍ လက်ထပ်ခဲ့ကာ ကလေးတယောက်ကို ဘုရားသခင် ကောင်းကြီးပေးရုံသာမက ချီးမွမ်းကိုးကွယ်ခြင်းသီချင်းများကိုစပ်ဆိုနိုင်သည့် ဆုကျေးဇူးပေးကာ ယနေ့တိုင်အောင် သူမ စပ်ဆိုသော ချီးမွမ်းကိုကွယ်ခြင်းသီချင်းများကို ကမ္ဘာအနှံ့ သီဆိုလျှက်ရှိနေ၏။

ဤအချက်ကို ကျွန်ုပ်ဖေါ်ပြလိုခြင်းမှာ တိုင်ပင်ဖက်လုပ်ခြင်းမှာ ကျမ်းပိုဒ်များကို လိုအပ်သလို အလွတ်ကျက်မှတ်နေဖို့ မဟုတ်ဘဲ ခရစ်တော်၏ နှလုံးသားကို ယူတင်ဝတ်ဆင်ကာ ဖြစ်ပျက်နေသည့် အခြေအနေပေါ် တိုင်ပင်နှီးနှောကူညီခြင်းဖြစ် ပေသည်။ ကျွန်တော်ဖေါ်ပြခဲ့သော အမျိုးသမီးသည် နှုတ်ကပအရ ကွာရှင်းခြင်း၊ ပြန်လည်လက်ထပ်ခြင်းကို ကြားနေချင်သည်မဟုတ်ဘဲ လူငယ်လေးကိုသာ လက်ထပ်ရန် ဖျာရောင်နေခြင်းနှင့် အလိုဆုံးသောအရာဖြစ်ခဲ့၏။ သို့အတွက်များစွာသော ဓမ္မဆရာ၊ သင်းအုပ်ဆရာများထံသားရောက်သူမအားထောက်ပံကူညီမှုကို တောင်းဆိုနေခြင်းဖြစ် ခဲ့သည်။ ထိုနည်းတူ ကျွန်ုပ်တို့အပေါ်၌လည်း များစွာသော ပြဿနာရှင်များအား တွေ့ကြုံရင်ဆိုင်နေရသော အခြေနေမှ လွတ်မြောက်ပြီး တိုင်ပင်နိုင်ရန်အတွက် ဘုရားသခင်သည် တိုင်ပင်ဖက်ဝိညာဉ်ကို ပေးလျှက်ရှိနေ၏။ နောက်ဆုံးတွင်

သူတို့အားလုံးသည် ဘုရားသခင်အလိုတော်အတိုင်း လျှောက်လှမ်းသည့်အခါဖြောင့်မတ်သော နိုင်ငံတော်ကို တည်ထောင်ရင်း များစွာသော အသီးများကို သီးစေနိုင်ခဲ့ကြသည်။

ပဥ္စမဘိသိတ်ခြင်းသည် ကြီးမားသော ဝိညာဉ်ဖြစ်သည်။ ဤအရာကား ရှံဆုန်အပေါ်၌ ဘုရားသခင်သည် ကြီးမားသော အမှုအတွက် ပြင်ဆင်ပေးသော ဝတ်ရုံတော်ဖြစ်သည်။ တချိန်တည်းမှာပင် ရှံဆုန်သည် ဆီဇာ တံခါးဝနှင့် ရုပ်တုကို မိုင် ၃၀ ကျော်ဝေးကွာသည် ဟေဗရုန်မြို့သို့ သယ်ဆောင်ခဲ့၏။ ကျွန်ုပ်တို့၏ ခရစ်တော်၌လည်း ဤကဲ့သို့သော ဝိညာဉ်ရှိခဲ့သောကြောင့် ဗိမာန်တော်ရှေ့၌ အရောင်းဝယ်လုပ်နေကြသော ဖာရိရှဲ၊ ကုန်သည်များ၏ စားပွဲ၊ ခုံများကို လွှတ်ပစ်ခဲ့နိုင်ခြင်းဖြစ်သည်။ ဘုရင်အာဟဒ်၏ မြင်းတပ်ဖြင့် လိုက်ခြင်းကို ခံခဲ့ရသော ဧလိယအပေါ်၌လည်း ကြီးမားသော ဝိညာဉ်တော်၏ဘိသိတ်ခြင်းရှိခဲ့၏။ ဤအရာများ ဆောင်ရွက်နိုင်ခြင်းမှာ လူ၏ အစွမ်း၊ ခွန်အားဖြင့်မဟုတ်ဘဲ ထာဝရဘုရား၏ ကြီးမားသော တန်းခိုး၊ ဝိညာဉ်တော်ကြောင့်ဖြစ်ပေ၏။

ဤဘိသိတ်ခြင်းသည် ကြီးမားသော တန်ခိုးနှင့် အံ့ဖွယ်ဖြစ်ရပ်များအပေါ်၌သာ ဆောင်ရွက်လျှက်ရှိသည်။ ဘုရားသခင်၏ ကြီးမားသောအမှုကို ဆောင်ရွက်နိုင်ဖို့အလိုငှါ ကျွန်ုပ်တို့သည် ကြီးမားသောဝိညာဉ်တော်၏ ဘိသိတ်မှုကို တောင်းတရမည်။ နောက်ဆုံးသော သခင်ဘုရား၏ နေ့၌ပင်လျှင် ဝါးကြွားနိုင်ခြင်းမှာ ဤကြီးမားသော ဝိညာဉ်တော်၏ ဘိသိတ်မှုကြောင့်သာဖြစ်ရမည်။

ဆဋ္ဌမမြောက်ဘိသိတ်ခြင်းမှာ ထိုးထွင်းသိနိုင်သော ဝိညာဉ်တော်ဖြစ်သည်။ ကျွန်ုပ်တို့၏ အတိတ်နှင့် ပစ္စုပ္ပန်ကို သိရှိဖေါ်ပြနိုင်ဖို့ရန် ဤထိုးထွင်းသိနိုင်သော ဝိညာဉ်တော်ဘိသိတ်ခြင်းရှိမှသာဖြစ်မည်။ တစုံတရာဖြစ်လာမည့်အချိန်၊ အမှုကိုသိနိုင်ဖို့သော်၎င်း၊ သက်သေခံဖို့ရန်အတွက်သော၎င်း ကျွန်ုပ်တို့၌ ဤဘိသိတ်ခြင်းရှိမှသာဖြစ်မည်။ ခရစ်တော်ပင်လျှင် သင်္ဘောတဖန်ပင်အောက်၌နေသည် နာသနေလကို မြင်နိုင်ခြင်သည် ထိုးထွင်နိုင်သော ဝိညာဉ်တော်၏ ဘိသိတ်ပေးခြင်း ကြောင့်ဖြစ်သည်။ (ယောဟန် ၅း၄၇–၄၈)

ယနေ့ခရစ်တော်၏ အသင်းတော်အပေါ်၌ ဘုရားသခင်၏ မိန့်ဆိုချက်ကို သိရှိနားလည်နိုင်ရေးအတွက် ကျွန်ုပ်တို့အပေါ်၌ ထိုးထွင်နိုင်သောဝိညာဉ်တော်၏ ဘိသိတ်မှုရှိမှသာဖြစ်မည်။ "မျက်မှောက်သမ္မာတရား" ကို တည်ထောင်လို၏ဟု ပေတရုမိန့်ဆိုသကဲ့သို့ ကျွန်တော်တို့လည်း အလိုရှိရမည် (၂ပေ ၁း၁၂)။ ဃမျေအောခေ အယူဝါဒ (မျက်မှောက်သမ္မာတရား) သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းနှင့် အနာရောဂါငြိမ်းခြင်းဖြစ်သည်။ သို့သော် ယနေ့ စစ်မှန်သော သမ္မာတရားက သန့်ရှင်းခြင်းနှင့် ပြည့်စုံခြင်းပင်ဖြစ်၏။ သင်သည် မနေ့၌ အသက်ရှင်လို့ မရသလို၊ လွန်ခဲ့သော

ဘိုးဖွါးများကဲ့သို့ အသက်ရှင်လို့မရနိုင်ပေ။ ယနေ့အတွက် ကျွန်တော်တို့ သခင်ဘုရားထံ အသံတော်ကြားသိရမည်။ သင်သည် အသင်းတော် တပါးမှတပါးသို့သော်၄င်း၊ နိုင်ငံတနိုင်ငံမှ တခြားနိုင်ငံသို့၄င်း၊ လည်ပတ်ပါက ဘုရားသခင်၏ အံ့သြဖွယ်လှုပ်ရှားမှုနှင့် ခြားနားသော ဆောင်ရွက်မှုကို သိရှိနိုင်ရန် လိုအပ်နေပေ၏။

ထိုးထွင်းနိုင်သော ဝိညာဉ်တော်ဘိသိတ်မှုဖြင့် အနာဂတ်ကိုလည်း ဖေါ်ပြနိုင်သည်။ ဤအရာသည် ယောဟန် ၁၆း၁၃ တွင် ခရစ်တော်အား ဂတိပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏ ဆောင်ရွက်မှုလည်းဖြစ်သည်။ *“နောင်လာလတ္တံ့သော အရာကိုလည်း သင်တို့အားဖေါ်ပြလိမ့်မည်။”* သခင်ဘုရားသည် သူ့၏ အသင်းတော်အား များစွာသောအရာကို ဖေါ်ပြသလို ထိုအရာကို ကျွန်တော်တို့သိရှိရန် အလိုရှိရမည်။

၁၉၇၃ ခုနှစ်တုန်းက ကျွန်တော်နှင့်အတူ ဇနီးသည်တို့ ခရီးထွက်စဉ် ယေရုဆလင်မြို့ကျဆင်းမှုကို သခင်ဘုရားဖေါ်ပြခဲ့၏။ အာရတ်စစ်တပ်များ ယေရုဆလင်မြို့ကိုဝန်းရံနေပုံ၊ ပျက်စီးနေပုံကို ကျွန်ုပ်မြင်ခဲ့၏။ ကျွန်ုပ်သည် သခင်ဘုရား နေ၌ အကုန်လုံးနီးနီးပျက်စီးမည်အရာ ရူပါရုံကိုမြင်ခဲ့၏။ ဇခရိ ၁၄ ၌ ဖေါ်ပြသောအရာ၏ ပြည့်စုံမည်အရာကို ဤထိုးထွင်းနိုင်သော ဝိညာဉ်တော်ဘိသိတ်ခြင်းဖြင့် ကျွန်ုပ်မြင်နိုင်ခဲ့၏။

သတ္တမမြောက်ဘိသိတ်ခြင်းကား ထာဝရဘုရားကိုကြောက်ရွံ့ခြင်း ဝိညာဉ်ဘိသိတ်မှု ဖြစ်သည်။ ဤဘိသိတ်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဖေါ်ပြမှု၊ နောင်တတရားကိုဖြစ်ပေါ်စေမှုနှင့် နိုးထမှုကို သယ်ဆောင်ပေးသည်။ ဤအရာအားဖြင့်၊ လူတဦးအပေါ်၌၄င်း၊ အဖွဲ့အစည်းအပေါ်၌၄င်း၊ နိုင်ငံအပေါ်၄င်း ဆင်းသက်နိုင်၏။

ထာဝရဘုရားကိုကြောက်ရွံ့ခြင်း ဝိညာဉ်ဘိသိတ်မှုကို ဓမ္မသစ်အသင်းတော်အပေါ်၌ ဆင်းသက်ကြောင်းတွေ့ရှိနိုင်သည်။ *“သင်းဝင်သူအပေါင်းမှစ၍ ထိုအကြောင်းအရာကို ကြားရသော သူအပေါင်းတို့သည် အလွန်ကြောက်ရွံ့ခြင်းသို့ရောက်ကြ၏။ တမန်တော်တို့သည်လည်း လူများရှေ့မှာ နိမိတ်လက္ခဏာအံ့ဘွယ်သော အမှုအရာများကိုပြုကြ၏။ ထိုသူအပေါင်းတို့သည် ရှောလမုန်ကနားပင်၌ တညီးတညွတ်တည်းနေကြသဖြင့် ကြွင်းသောသူတစုံတယောက်မျှ မပေါင်းဘော်ဝံ့သော်လည်း၊ လူများတို့သည် ကောင်းကြီးပေးကြ၏”*(တမန် ၅း၁၁–၁၃)။

ဘုရားသခင်၏ ကြောက်ရွံ့သောသူတို့အား (ဘုရားသခင်သည် အာနိငိုနှင့် ရှဖါရေကို တရားစီရင်ခြင်း) သန့်ရှင်းသောဝိညာဉ်တော်သည်ကြီးမားသော အသိတရားကိုပေးခဲ့၏။ အလွန်ရိုးသားဖြူစင်သောသူများသာ အစည်းဝေးသို့ ရောက်လာကြ၏။

ဤအဖြစ်ပျက်နှင့်ဆင်တူ ရိုးမှားသောအရာ ကျွန်ုပ်သိခဲ့၏။ အလွန်ပင် ရိုးသားဖြူစင်ပြီး ဘုရားကိုကြည်ညိုသော အင်္ဂလန်နိုင်ငံ မြောက်ပိုင်းတွင်တည်ရှိသော အသင်းတော်မှ

အသင်းသူ၊ အသင်းသားများသည်။ အပြစ်တစုံတရာလုပ်မိပါက ဘယ်တော့မှ အသင်းတော်၌ မပါဝင်ကြချေ။ အပြစ်ကိုဖေါ်ပြသည့်အတိုင်း ဝန်ချပြီးမှ အသင်းတော်၌ ပါဝင်ကြ၏။ တစုံတယောက်သည် အပြစ်ရှိလျှက်ဝန်ချခြင်းမရှိပါက တရားဟောချက်အားဖြင့် သော်၎င်း၊ ဖရောဖက်ပြုခြင်းအားဖြင့် သော်၎င်း သန့်ရှင်းသောဝိညာဉ်တော်၌ ဖေါ်ပြလျှက်ရှိနေခဲ့၏။

ထာဝရဘုရားကိုကြောက်ရွံ့သောသူများအားဖြင့် တနိုင်ငံလုံးအပေါ်၌ နိုးထမှုကိုဖြစ်စေ၏။ ဒီရာစုအစ ဝေးနိုင်ငံ၌ နိုးထမှုစတင်ခဲ့စဉ်တွင် ထမင်းဆိုင်များပင်လျှင် စားသောက်နေချိန်တွင် ဆိုင်များကိုပိတ်ခဲ့ကြ၏။ မိမိတို့၏ အပြစ်ကိုသိရှိကာ လက်များနှင့် လေးဖက်ထောက်၍၎င်း၊ ဒူးထောက်ရင်းဖြင့်၎င်း ဘုရားကျောင်းရှိရာသို့ ဆုတောင်းဖို့ရန် သွားခဲ့ကြ၏။ ဆွိဒင်နိုင်ငံတွင် နိုးထမှုဖြစ်ပေါ်စဉ် ညသန်းခေါင်းအချိန်၌ အိပ်ရာ၌ အတူအိပ်နေသော သူများပင်လျှင် ထ၍ ဘုရားကျောင်းဆီသို့ အရောက်ပြေးကာ မိမိတို့အပြစ်များကို ဝန်ချတောင်းပန်ဆုတောင်းခဲ့ကြ၏။ သူတို့၏အပြစ်များမှ လွှတ်မြောက်ခြင်းရရှိသည့်အထိ ဆုတောင်းခဲ့ကြ၏။

နောက်ဆုံးသောကာလတွင် နိုင်ငံတခုပြီးတခုတိုင်းပြည်တခုပြီးတခု ဘုရားသခင်သည် ဤအရာများကို တဖန်ဆောင်ရွက်မည်ဖြစ်သည်။ ကျွန်ုပ်တို့အပေါ်၌ ထာဝရဘုရားအားကြောက်ရွံ့သော ဝိညာဉ်တော်သက်ရောက်ဖို့ ထာဝရဘုရားထံ ဆုတောင်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာ၌ ထာဝရဘုရားအား ကြောက်ရွံ့သောဝိညာဉ်တော် ရှင်သန်ခြင်းဖြင့် ကျွန်ုပ်တို့၏ အသင်းတော်၌ပင်၎င်း၊ တိုင်းနိုင်ငံများအပေါ်၌ပင်၎င်း နိုးထမှုဖြစ်ပေါ်လာမည်ဖြစ်သည်။

သင်အသက်တာတခုလုံးကို ထာဝရဘုရား၌ ဆက်ကပ်အပ်နှံပြီး၊ သွန်သင်တော်မူအရာတိုင်း လျှောက်လှမ်းပါက ဘုရားသခင်မှ သွန်းလောင်းသောထာဝရဘုရားအား ကြောက်ရွံ့သောဝိညာဉ်၏ စွမ်းဆောင်မှုကို သင်သည် ဧကန်မုချမြင်ရမည်။ ဘုရားသခင်၏ နောက်ဆုံးသောနေ့၌ ကျွန်ုပ်တို့နှလုံးသားအကြွင်းမဲ့ဖြင့် ဘုရားထံ ကိုးစားသည့်အခါ ကျွန်ုပ်တို့သည် အလယ်၌ ဘုရား၏ အံ့ဩအရာများတွေ့ ရှိနိုင်မည် ဖြစ်သည်။

ကျွန်ုပ်တို့၏ သခင်ခရစ်တော်အပေါ်၌ ဘုရားသခင်၏ ဝိညာဉ်ခုနှစ်ပါးဖြင့် ဘိသိတ်ခံခဲ့သောကြောင့် ဘုရားသခင်၏ ဘုန်းတန်ခိုးကိုထင်ရှားအောင် ဆောင်ရွက်နိုင်ခဲ့၏။ ဤဘိသိတ်ခြင်းအားဖြင့် ကျွန်ုပ်တို့အသက်တာ၌လည်း ဘုရားသခင်ကို ဘုန်းတော်ထင်ရှားစေပြီး ကျွန်ုပ်တို့နေထိုင်သောနိုင်ငံ၌ နိုးထမှုကိုဖြစ်ပေါ် စေနိုင်မည်ဖြစ်သည်။

ကြီးမားသော ဘိသိတ်မှုသည် သခင်ခရစ်တော်အပေါ်၌ ဆင်းသက်ကြောင့် (ဟေရှာယ ၁၁း၁–၂) တွင် ဖေါ်ပြပြီး၊ အပိုဒ်ငယ် ၅ တွင် *“တရားနှင့် သစ္စာရှိသောသူ၏ ခါးပန်း၊ ခါးစည်းဖြစ်လိမ့်မည်”* ဟု လည်းဖေါ်ပြထား၏။

ဘိသိတ်ခြင်းများသည် လုံလောက်သောအရာမဟုတ်ပေ။ သမ္မာဟောင်းကျမ်း၌ တချို့သောပုဂ္ဂိုလ်များထံ၌ ဘိသိတ်ခြင်းအမှုသည် ယနေ့နောက်ဆုံးသောကာလ၌ပင် မတွေ့နိုင်သည့်အရာများရှိခဲ့ကြသော်လည်း သူတို့အသက်တာ ကျဆုံးခဲ့ရပေ၏။ ရှံဆုန်သည် ကြီးမားသောဝိညာဉ်တော်၏ ဘိသိတ်ခြင်းကိုခံခဲ့ရသလို၊ ထိုကြီးမားသောဝိညာဉ်တန်ခိုးဖြင့် လေးလံသောမြို့ဝင်ဂိတ်၊ မြို့ရိုးများကိုပျက်စီးနိုင်ခဲ့သလို လေးလံသောအရာများကို သယ်ဆောင်ခဲ့နိုင်သော်လည်း သူ၏အသက်တာ၌ ဘုရားသခင်၏ကျင့်စဉ်သစ္စာစောင့်ထိန်းမှုမရှိခဲ့ချေ။

ရှောလမုန်သည် ငယ်စဉ်ကတည်းကပင် ဘုရားသခင်နှင့် ဆုံတွေ့ခဲ့ရသလို ဝိညာဉ်တော်ခုနစ်ပါးမှ ဝိညာဉ်တော်၏ ဉာဏ်ပညာကိုရခဲ့သည့်တိုင်အောင် နောက်ဆုံးသူ၏ အသက်တာ၌ ခွဲကွာခြင်းနှင့် ဒုက္ခများဖြင့် အဆုံးသတ်ခဲ့၏။ မည်ကဲ့သို့သော ဝိညာဉ်တော်ဆုကျေးဇူးဘိသိတ်ခြင်းခံရသော်လည်း သင်အား ထိုဘိသိတ်မှုက အမြဲတစေ ချုပ်ကိုင်ထားမည်မဟုတ်ပေ။ ရှောလုပင်လျှင် ဘိသတ်ခြင်းခံရသော်လည်း အသက်တာ၌ကျဆုံးခဲ့၏။ ဘိသိတ်ခြင်းသည် ထာဝရဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်သည် တစုံတခုလုပ်ဖို့ တောင်းဆိုလျှက်ရှိနေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ သစ္စာစောင့်ထိန်းမှုနှင့် ရှိမှုကို ဟေရှာယ ၁၁း၅ တွင် တွေ့နိုင်သည်။ ခရစ်တော်သည် ဘိသိတ်မှုတခုဘဲရရှိခြင်းမဟုတ်ဘဲ သူဘက်၌ ဘိသိတ်ခြင်းပေးသော ဘုရားသခင်အပေါ်၌ သစ္စာရှိခဲ့ကြောင်း ဟေဗြဲ ၂း၁၇ နှင့် ဗျာဒိတ် ၁၉း၁၁ တွင် တွေ့ရှိနိုင်သည်။

ဘုရားသခင်ကို ကျွန်ုပ်တို့တွေ့ဖို့အဓိက လိုအပ်ချက်မှာ သူသည် ကျွန်ုပ်တို့ နှလုံးသား၌ ကြီးမားသောအမှုကို စေခိုင်းခြင်းဖြစ်သည်။ သမ္မာကျမ်းစာ၌ များစွာသောသူများအပေါ်၌ ဘိသိတ်ခြင်းရှိခဲ့ကြပါသော်လည်း ကျဆုံးခဲ့ကြ၏။ များစွာသောသူကို ခေါ်သောလည်း ရွေးကောက်ခြင်းခံသူများမှာ နည်းလှပေ၏။ သင်သည် ခေါ်ခြင်းကိုခံရသော်လည်း ရွေးကောက်ခြင်းကိုရဖို့သစ္စာရှိမှုလိုအပ်ပေမည်။ ဤနောက်ဆုံးသောကာလ၌ ဗျာဒိတ် ၁၇း၄ အရ သင့်ဘဝ၌ သစ္စာမရှိပါက၊ မဆောင်ရွက်သောသူဖြစ်ပါလိမ့်မည်။

## "ငါ့တို့အဘို့ သူငယ်ကိုပေးတော်မူခဲ့"

ဟေရှာယ ၉း၆ တွင် ဟေရှာယ၏ ပရောဖတ်ပြုခြင်း "ငါ့ကိုအဘို့သူငယ်ကိုဘွားမြင်စေ၏" ဟု ကျွန်ုပ်တို့သိရှိနိုင်ခဲ့သည်။ သခင်ယေရှုသည် ကလေးသူငယ်မွေးဖွားခြင်းခံရသကဲ့သို့ ကျွန်ုပ်တို့လည်း ဝိညာဉ်ရေးရာအတွင် ဘုရားသခင်၏ နိုင်ငံတော်ထဲ၌ သူငယ်ကဲ့သို့မွေးဖွားခြင်းခံယူရမည်။ ခရစ်တော်သည်

ရင့်ကျက်သကဲ့သို့ ကျွန်ုပ်တို့လည်း ကျေးဇူးတော်ထဲ၌ ကြီးထွားဖို့ရန် အသက်ရှင်ရမည်။ ဤအတွက် ဟေရှာယသည် "ငါတို့အဖို့ သူငယ်ကိုပေးခဲ့ပြီ" ဟု ဆက်၍ မိန့်ဆိုခဲ့၏။ ဤပရောဖက်ပြုခြင်းကိုခရစ်တော်၏ အသက် ၃၀ နှစ်ပြည့်သည့်အခါ အလွန် ရင့်ကျက်သော ဘုရားသားတော်အဖြစ် ပြည့်စုံစေခဲ့၏။ ဤအချက်ကို ဂျော်ဒန်မြစ်၌ "ငါမြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း" ဟု ကောင်းကင်ဘုံရှင် ဘုရားသခင်မိန့်ဆိုခဲ့၏ (ရှင်လုကာ ၃း၂၂)။ ဤအချိန်ကာ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ကလေးငယ်သာမဟုတ်တော့ဘဲ ရင့်ကျက်သော သားတော်အဖြစ်ပေးနေခြင်းဖြစ်၏။ သူ၏ အသက်တာကို ဘုရားသခင်၏ မြွားအဖြစ် ဆောင်ရွက‌ခဲ့မှုဖြစ်သည်။ ဤအချိန်ကား ဣသရေလလူမျိုးများအတွက် ဘုရားသခင်၏ သူ့အပေါ်ပြင်ဆင်ခြင်းကို "ကြည့်ရှုလော့ ဘုရားသခင်၏ သိုးသငယ်တော်" ဟု ယောဟန်က ဤသို့ဆိုခဲ့၏ (ယောဟန် ၁း၂၉)။ ခရစ်တော်အား ဘုရားသခင်အတွက် မြွားအပြစ် ဆောင်ရွက်ရန် ကာရနီပေါ်၌ တင်ခြင်းကိုခံခဲ့ရ၏။

ကျွန်ုပ်တို့လည်း ဘုရားသခင်၏ အမှုတော်အတွက် ဘုရားသခင်၏ အဖြစ်ယူတင်ဆောင်ရွက်ရန် ထိုကဲ့သို့ ပြင်ဆင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ နှုတ်၌လည်း ထက်သော ဓါးကဲ့သို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမြဲပြောဆို နေရမည်။ ကျွန်ုပ်တို့အသက်တာကို ဘုရားသခင်အတွက် ဆက်ကပ်အပ်နှံရမည်။ ဘုရားသခင်၏ ဆုံးမမှုအောက်၌ နာခံခြင်းအသက်ဖြင့် ခက်ခဲသော အသက်တာကို ရင်ဆိုင်ရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လက်တော်၌ အမြဲတစေ သူ၏ သားသမီးအဖြစ် ရပ်တည်ဆောင်ရွက်ရမည်။ သူ၏ အချိန်ပြည့်စုံသည့်အထိ သူ၏ မြွားအတွက် ပြင်ဆင်နေရမည်။ ထိုအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရွေးကောက်မှုကို မလွှဲမရှောင်ဘဲ ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ဆောင်ရွက်နိုင်ပေတော့မည်။ မိတ်ဆွေး ခရစ်တော်ကဲ့သို့ ဘုရားသခင်၏ မြွားတော်အဖြစ် ကယ်တင်ခြင်းအတွက်နှင့် နိုးထမှုကို သယ်ဆောင်နေသောသူ၊ ဆောင်ရွက်နေသောသူဖြစ်နိုင်ပါစေ။

× × ×

# အခန်း ၅

## အမွေရယူခြင်း

ဘုရားသခင်သည် သူ၏သားသမီးများ တစ်ဦးချင်းကို အမွေပေးလိုသော ဆန္ဒရှိကြောင်း ရှင်းလင်းစွာသိရှိရပါသည်။ ဓမ္မဟောင်း၌ ဘုရားသခင်၏ လူမျိုးတို့သည် ဂတိတော်ပြည်သို့ မည်သို့ဝင်ရောက်သိမ်း ပိုက်ယူခဲ့ကြကြောင်းကို ကြည့်ခြင်းဖြင့် ယနေ့ခေတ်တော်၌ ခေါ်ထားသော ကျွန်တော်တို့သည်လည်း ဂတိတော်အမွေနှင့် နိုးထမှုတို့ကို မည်ကဲ့သို့ ရယူနိုင်ကြောင်း နားလည်နိုင်ပါသည်။ ဘုရားသခင်သည် မတူညီသော ဆုကျေးဇူး ကိုယ်စီပိုင်ဆိုင်ထားကြသည့် ပုဂ္ဂိုလ် (၃)ဦး အာဗြဟံ၊ ယောရှုနှင့် ဒါဝိဒ်တို့ကို အတူလုပ်ဆောင်စေခြင်းဖြင့် သူ့လူမျိုးတော်အား ဂတိတော်ပြည်သို့ လုံးဝရောက်ရှိအောင် ခေါ်ဆောင်စေခဲ့၏။

အာဗြဟံသည် ဘုရားထံမှ ဂတိတော်အမွေကို လက်ခံရရှိခဲ့သော်လည်း၊ ၎င်းဂတိတော်၏ ပြည့်စုံခြင်းကို မခံစားခဲ့ရချေ။ ထိုဂတိတော်ကို ရရှိခံစားဖို့ ယောရှုသည်၊ အာဗြဟံ၏ မျိုးစဉ်ဆက်တို့အား ဦးဆောင်ကာ ခါနန်ပြည်ကို သိမ်းပိုက်ယူခဲ့သည်။

ဂတိတော်အမွေကို စတင်ပိုင်ဆိုင်ရနင့်ခဲ့သော်လည်း ယောရှုအနေဖြင့်လည်း လုံးဝပြည့်စုံခြင်းမျိုးတော့မရှိခဲ့ချေ။ အာဗြဟံ၏ မျိုးစဉ်ဆက်အတွက် ဂတိတော်အမွေ အပြည့်အဝရရှိခံစားဖို့နှင့် ဂတိတော်ပြည့်သို့ ဝင်ရောက်သိမ်းပိုက်ပိုင်ဆိုင်ဖို့ ဒါဝိဒ်မင်းအနေဖြင့် ဣသရေလလူမျိုးကို ဦးဆောင်ဦးရွက်မှုပြုလုပ်ခဲ့ပါသည်။ ဤကဲ့သို့ မတူညီသော ဆုကျေးဇူးအသီးသီး၏ လုပ်ဆောင်မှုတို့သည် ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ ဝင်ရောက်ကာ၊ ပြည့်စုံသော ဂတိတော်အမွေရရှိရန် ကျွန်တော်တို့အတွက် မရှိမဖြစ်လိုအပ်သည့် အရာများပင်တည်း။ ဂတိတော်ကို လက်ခံရခဲ့သော အာဗြဟံတယောက်အနေဖြင့် ၎င်းဂတိတော်ပြည့်စုံဖို့ လုပ်ဆောင်ခဲ့ပေမဲ့ အလွန်နည်းပါးသော မမာဏမျှသာ ရရှိခဲ့ပါသည်။ ထိုနောက် ယောရှု၏ လုပ်ဆောင်မှုဖြင့် ဂတိတော်ပြည်သို့ ဝင်ရောက်ပိုင်ဆိုင်ခဲ့သည်ဟု ဆိုသော်လည်း အစိတ်ပိုင်းအချို့မျှသာဖြစ်၏။ နောက်ပိုင်းတွင် အချိန်တန်သည့်အခါ၊ ဘုရားသခင်သည် ဒါဝိဒ်မင်းအား ချီးမြှောက်ကာ၊ ၎င်းမျိုးရိုးအားဖြင့် ဂတိတော်၏

ပြည့်စုံခြင်းသို့ ရောက်ရှိရန် ကျွန်တော်တို့ကို ဦးဆောင်စေခဲ့ပါသည်။

အချို့သော အခြေအနေများမှာ၊ အမျိုးမျိုးသော ခေါင်းဆောင်များ၏ တပြိုင်တည်း လုပ်ဆောင်မှုမျိုးလိုအပ်ပါသည်။ အခြားသော အခြေအနေမျိုးမှာ၊ ဘုရားသခင်အနေဖြင့် ခေါင်းဆောင်တယောက်အား လုပ်ငန်းသုံးမျိုးကို လုပ်ဆောင်ဖို့ ထိုသူဘဝ၏ သီးခြားကာလများတွင် တခုချင်းစီကို လုပ်ဆောင်စေတတ်၏။ သို့သော် ကျွန်တော်တို့ သိထားသင့်သည်မှာ၊ အာဗြဟံ၊ ယောရှုနှင့် ဒါဝိဒ်တို့၏ လုပ်ဆောင်ခဲ့မှုများသည် ကျွန်တော်တို့အတွက် ဂတိတော်ပြည့်စုံခြင်းနှင့် နိုးထမှုရရှိဖို့ အတူ လက်တွဲလုပ်ဆောင်ရန် မီးမောင်းထိုးပြနေခြင်းပင် မဟုတ်ပါလား။

## ၁။ ဂတိတော်ကို လက်ခံရရှိခဲ့သော အာဗြဟံ

နိုးထမှုဆိုင်ရာ၏ အခိပ္ပါယ်ကို အမြင်အမျိုးပေါင်းများစွာဖြင့် ဖွဲ့ဆိုထားရှိကြပါသည်။ အမြင်တခုအနေဖြင့် ၄င်းသည် အာဗြဟံအား ဘုရားပေးခဲ့သော ပဋိညာဉ်ဆိုင်ရာ ဂတိတော်အဖြစ် ရှုမြင်နိုင်သည်။ ဤဂတိတော်သည် အနိုင်အမာပင် ပြည့်စုံခဲ့သည့်နည်းတူ အသင်းတော်အား ဘုရားပေးထားသော ဂတိတော်များလည်း ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း ကျွန်တော်တို့ သိရှိနားလည်နိုင်ပါသည်။

ပဋိညာဉ်ဆိုသည်မှာ၊ ပုဂ္ဂိုလ်နှစ်ဦးကြား(သို့) အဖွဲ့နှစ်ဖွဲ့ကြားသဘော တူညီမှု တခုပြုခြင်းပင်ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်မှာ၊ လူတွေသည် သဘောတူညီမှု (သို့) ပဋိညာဉ်များစွာ ပြုကြရာ၊ အချို့သော ပဋိညာဉ်များသည် လွယ်ကူစွာကျေပျက်ဆီးသွားတတ်ပါသည်။ ဥပမာ၊ ဟစ်တလာသည် ပဋိညာဉ်နှင့် သဘောတူညီချက်များကို ပြုရာ၌ အလွန်နှစ်သက်သူတယောက်ဖြစ်ခဲ့သော်လည်း ပြုခဲ့သည့် ပဋိညာဉ်များကို ထပ်ခါထပ်ခါ ပျက်ဆီးစေခဲ့သည်။ မည်သို့ပင်ဆိုစေ၊ ဘုရားနှင့် အာဗြဟံတို့ကြားပြုခဲ့သော ပဋိညာဉ်သည် အခြားပဋိညာဉ်များနှင့်လုံးဝ ကွာခြားလှပါသည်။

### အာမခံချက်ရှိသော ဘုရား၏ဂတိတောများ

ကမ္ဘာဦးအခန်းကြီး (၁၅) ၌ ဘုရားသည် အာဗြဟံနှင့် ပဋိညာဉ်ပြုခဲ့ကြောင်း ရေးထားပါသည်။ အခန်းငယ် (၉–၁၀) အရ၊ တိရိစ္ဆာန်ယဇ်ကောင်ကိုယူကာ ထက်ခြမ်းခုတ်ဖြတ်ကြောင်း တွေ့ရသည်။ ဤကဲ့သို့ ပြုခြင်းသည်အဖွဲ့နှစ်ဖွဲ့က

ပဋိညာဉ်ပြုသည့်အခါ၊ တိရိစ္ဆာန်ယဇ်ကောင်အားထက်ခြမ်းခုတ်ကာ လှဲထားပြီး၊ ၎င်း၏အလယ်မှ နှစ်ဖွဲ့စလုံးအတူဖြတ်လျှောက်ခြင်းဖြင့် သူတို့၏ ပဋိညာဉ်ကို အတည်ပြုမှုကို သဘောဆောင်သည့် ရှေးကျသော အရှေ့အလယ်ပိုင်းလူတို့၏ ထုံးစံတခုဖြစ်ပါသည်။ ထို့အတူ အာဗြဟံထက်ခြမ်းခုတ်လှဲထားသော ယဇ်ကောင်အလယ်မှာ ဖြတ်လျှောက်ရမည့် သူများမှာ အာဗြဟံနှင့် ဘုရားတို့ပင်တည်း။ သို့သော် အခန်းငယ် (၁၂)အရ၊ အာဗြဟံအနေဖြင့် ပဋိညာဉ်ကို အတည်ပြုခြင်းမပြုဘဲ ကြီးသောအိပ်ခြင်းဖြင့် အိပ်ပျော်သွားကြောင်း ဖော်ပြထား သည်။ ထို့အပြင် အခန်းငယ် (၁၇) အရ၊ *"ခွဲထားသော အသားအလယ်၌ မီးခိုးထွက်သော မီးဖို၊ မီးထွန်းလင်းသော မီးခွက်သည် ထင်ရှားစွာ ရှောက်သွား လေ၏။"* ထို့ကြောင့် ဤအခြင်းအရာကို ကြည့်ခြင်းဖြင့် ပဋိညာဉ်ကို အတည်ပြု တံဆိပ်ခတ်သူတို့မှာ၊ ခမည်းတော်ဘုရား (မီးခိုးထွက်သော မိးဖို၊ ဟေဗြဲ ၁၂း၂၉) နှင့် သခင်ယေရှုခရစ်တော် (မီးထွန်းလင်းသော မီးခွက်၊ ယော ၈း၁၂) တို့ဖြစ် ကြောင်း သိရသည်။ အာဗြဟံသည် ခုတ်လှဲထားသော ယဇ်ကောင် အသား အလယ်မှ ဖြတ်လျှောက်ခြင်းမပြုခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းပဋိညာဉ်သည်၊ ဂတိတော် (သို့) လူ၏ အစွမ်းအစအပေါ် မှီတည်နေခြင်းရှိမနေသောကြောင့် ပင်ဖြစ်၏။

၎င်းပဋိညာဉ်ကို ပြုလုပ်သူနှင့်တည်မြဲစေခြင်းသည် ခမည်းတော်ဘုရားသခင်နှင့် သခင်ယေရှုဘုရားတို့၏ တန်ခိုးအားဖြင့်သာလျှင် ဖြစ်၏။ ခမည်းတော်နှင့် သားတော်ယေရှုတို့သည် အာဗြဟံနှင့်ပြုခဲ့သော ပဋိညာဉ်ပြည့်စုံဖို့ သဘောတူခဲ့ကြခြင်းပင်တည်း။ ထို့ကြောင်း ၎င်းပဋိညာဉ်သည် ဘယ်တော့မှ ပျက်ဆီးခြင်းသို့ မရောက်နိုင်ပါ။

ကမ္ဘာဦးကျမ်း ၁၇း၁–၅၌၊ ဘုရားသခင်သည် အာဗြဟံနှင့် ပဋိညာဉ်ပြုပြီးနောက် နှစ်ပေါင်းအတော်ကြာသည့်အခါ၊ ၎င်းပဋိညာဉ်ပြည့်စုံလာမည့် ဂတိတော်စကားကို အာဗြဟံထံ ထပ်မံမိန့်မှာခဲ့၏။ အကယ်၍ ဘုရားသခင်က ကျွန်တော်တို့ကို ဂတိစကားပေးခဲ့သော် ၎င်းသည် အလွန်အံ့ဩဖွယ်အတွေ့အကြုံ တခုဖြစ် ပေလိမ့်မည်။ သို့သော် ၎င်းပြောခဲ့သည့် (သို့) ပေးခဲ့သည့် စကားတော်ကို နှစ်ပေါင်းများစွာကြာမှ ဘုရားက၊ ပြန်လည်အတည်ပြုပြောမည်ဆိုပါကသာ၍၊ သာ၍အံ့ဩဖွယ်ခံစားရမည် မဟုတ်ပေလော။ တခါတရံ ကျွန်တော်တို့သည် ဘုရားထံမှ ဂတိစကားများ မေ့ပျောက်တတ်သောကြောင့် မမေ့ဖို့ ဘုရား၏ ဂတိတော်သို ထားသည့်ကျွန်တော်တို့ရဲ့ စိတ်နှလုံးကို ဂရုတစိုက် စောင့်ထိန်းရန် လိုအပ်လှပေသည်။

လူသားများအနေဖြင့် မေ့ပျောက်တတ်သည့်တိုင်အောင် ဂတိတော်ပေးသူဘုရားက မေ့လျော့ခြင်းမရှိချေ။

ဂတိပြုခဲ့ပြီး နှစ်ပေါင်း (၄၀၀) ကျော်လွန်ပါရာ မောရှေ၏ ခေတ်ချိန်ခါ၌ပင်လျှင် "ဘုရားသည် အာဗြဟံနှင့် ပြုခဲ့ဘူးသော ပဋိညာဉ်ကို အောက်မေ့တော်မူ၏" (ထွက် ၂း၂၄)။ ထိုမျှမက ယွှုခေတ်၌ပင် အာဗြဟံနှင့်ပြုခဲ့သော ဂတိတော်ကို ပြည့်စုံစေဖို့ သူ့လူမျိုးတော်အား အစ္စရေးနိုင်ငံသို့ ဝင်ရောက်သိမ်းပိုက်ယူရန် ဘုရားပြင်ဆင်ပေးခဲ့ပါသည်။

ဤအကြောင်းအရာကို နားလည်သဘောပေါက်ထားရန် အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် အာဗြဟံအားပြုခဲ့သော် ပဋိညာဉ်သည်၊ ယနေ့ဘုရား၏ အသင်းတော်နိုးထမှုအတွက် အဓိကသော့ချက်ပင်ဖြစ်၏။ ကျွန်တော်တို့သည် ခရစ်တော်၏ ယုံကြည်ခြင်းဖြင့် အာဗြဟံ၏ သားသမီးများ (ဂလာ ၃း၂၉) ဖြစ်ကြသလို၊ ယွှုနောက်ဆုံးသောကာလတွင် အာဗြဟံအား ဘုရားပြုခဲ့သော ပဋိညာဉ်ဂတိတော်သည်၊ အသင်းတော်အားဖြင့် ပြည့်စုံစေမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ၅ ရာ ၁၂း၃၂ ၌ ဖော်ပြသော ကာလအချိန်တို့ကို နားလည်၍ အဘယ်သို့ပြုသင့်သည်ကို သိတတ်သော ဣသခါအမျိုးသားများကဲ့သို့ ပြုကျင့်ရန် အလွန်တရာမှ အရေးကြီးပေသည်။ ကျွန်တော်က ဘုရားသခင် လုပ်ဆောင်နေသော အရာများကို အပြင်မှနေကာ လေ့လာသုံးသပ်လို သူများသာ မဟုတ်ဘဲ၊ ဘုရားလူတွေအပေါ် ဘုရားပြုနေသော နိုးထမှုကို မိမိကိုယ်တိုင် တွေ့ကြုံခံစားရလိုသူများဖြစ်ကြရပါမည်။

ချိန်းချက်ထားသော အချိန်ရောက်သည့်အခါ၊ ဘုရားသည် အသင်းတော်အား ပေးခဲ့သော ဂတိတော်ကို အမှုပြုလိမ့်မည်ဖြစ်သည်နည်းတူ ကျွန်တော်/မ တဦးချင်း အားပေးခဲ့သော ဂတိအတွက်လည်း ပြည့်စုံစေမည်မှာ ဧကန်အမှန်ပင်။ လွန်ခဲ့သည် နှစ်အတော်များများက ဘုရား၏ ကောင်းကင် တမန်တပါးသည် ကျွန်တော့် အနားရပ်ကာ ရူပါရုံနှင့် ဂတိစကား များပေးခဲ့သည်ကို ပြန်ပြီး သတိရမိပါသည်။ ၎င်းအဖြစ်အပျက်က ကျွန်တော် ကလေးဘဝ အရွယ်မှာပါ၊ သို့သော် ထိုအရာသည်၊ တနေ့ကျရင် ဘုရားက ကျွန်တော်ဘဝမှာ လုံးဝပြည့်စုံစေလိမ့်မည်ကို စိတ်ချထားပါသည်။

တချိန်က ကျွန်တော်အင်္ဂလန်မှာရှိနေစဉ် ဘုရားက သူပေးခဲ့သည့် ဂတိစကား အပေါ် အမှုပြုခဲ့သည်ကို ကျွန်တော်ရှင်းလင်းစွာ တွေ့မြင်ခံစားခဲ့ပါသည်။ အဲဒီမှာ သာသနာပြုဆရာသည် သူ၏ (ကလေးများကို ပညာရေးအတွက်) အာဖရိကမှ

ပြန်ရောက်လာသည့် သာသနာပြု တယောက်ရှိပါသည်။ ထိုသူသည် သာသနာကွင်းဘို့ ဘုရားခေါ်ထား သော ရူပါရုံပျောက်သွားသဖြင့် သင်းအုပ်ဆရာတပါးအဖြစ် အမှုတော်ထဲပါဝင်ခဲ့ရာ၊ ဝမ်းနည်းပူဆွေးမှု၊ ဒုက္ခတခုပြီးတခုကို နှစ်ပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ရ၏။ အကယ်၍ ဘုရားထက် သားသမီးကို ဦးစားပေးခဲ့မိပါက၊ သောကပူဆွေးမှုများ ကြုံရမည်။ သို့သော်အရာအားလုံးထက် ဘုရားကို ဦးစားပေးပါက၊ အရာခပ်သိမ်း အတွက် ဘုရားကဘဲ တာဝန်ယူမည်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းသင်းအုပ်ဆရာ သည် ဒုက္ခတခုပြီးနောက် တခုရင်ဆိုင်ကြုံတွေ့ရနေခြင်းပင် မဟုတ်လော။ ၎င်းသင်းအုပ်ထံ မကြာခဏဆိုသလို ကျွန်တော်သွားကာ၊ အားပေးစကားဆိုခဲ့ရာ ဘုရားသခင်စတင်အလုပ်လုပ်လာသဖြင့် အရင်က ဘုရားပေးထားခဲ့သည့် ရူပါရုံကို ပြန်လည်အမှတ်ရလာ၏။ ဒါနဲ့ သင်းအုပ်ဆရာသည် စိတ်နှလုံးအကြွင်းမဲ့နှင့် ဘုရားထံ လှည့်လာကာ သူ၏နဂိုရူပါရုံပြည့်စုံဖို့ ဆုတောင်းဆက်ကပ်ခဲ့လေသည်။ ဘုရားသခင်ကလည်း ထိုသင်းအုပ်အား အာဖရိကသို့ စေလွှတ်ပြန်ရာ၊ (၆) လတိုင်တိုင် ဝိညာဉ်တော်နှင့် ပြည့်ဝကာ အနာငြိမ်းခြင်း လူထောင်ပေါင်းများစွာ ပြောင်းလဲခြင်းဖြစ်စေသည့် အံ့သြဖွယ်နိုးထမှုကြီးအဖြစ် ဦးဆောင်နိုင်ခဲ့၏ ၎င်းနောက် သူသည်အင်္ဂလန်ကို ပြန်လာရာ၊ ယ္ခုအခါမှာတော့ ဘုရားသခင်၌ ဘုန်းတော်ဝင်စား သွားပြီဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ဘုရားသည် သူ့အား (၆)လအတွင်း၌ အံ့ဖွယ်ဝိညာဉ်အသီးများစွာ ရိမ်းသိမ်းခွင့်ပေးခဲ့၏။

ဤစာကို ဖတ်မိသူထဲက အချို့မှာ၊ နှစ်ပေါင်းများစွာက မိမိအား ဘုရားပေးခဲ့သည့် ရူပါရုံကို လျစ်လျူရှုနေသူများရှိနေမည်ကို ကျွန်တော် ယုံကြည်ပါသည်။ မိတ်ဆွေအား ဘုရားပေးခဲ့သည့် ဂတိစကားများအတွက် ဘုရားက အမှုပြုနေကြောင်းကို ယုံကြည်ဖို့ ပြန်လည်အမှတ်ရရန် ဘုရားအလိုရှိပါသည်။ အကယ်၍ မိတ်ဆွေအနေဖြင့် ဘုရားထံပြန်လှည့်ကာ ဘုရားထံမှခေါ်ခြင်း၊ ဆုကျေးဇူးနှင့် ဂတိစကားများကို ပြန်လည်မွမ်းမံပြီး လုပ်ဆောင်ပါက ၎င်းတို့အားလုံးလုံးဝပြည့်စုံကာ အသစ်သော အသက်တာရှိလာမည်ပင်ဖြစ်သည်။

## အာဗြဟံ၏ နှစ်ဆသော အမွေတော်

အာဗြဟံသည် ထူးခြားသော ဂတိတော်များကို လက်ခံရရှိသော ဘုရား၏လူဖြစ်ပါသည်။ ၎င်းဂတိတော်၌ အပိုင်းနှစ်ပိုင်းအဖြစ် ပါဝင်ရာနယ်မြေပထဝီဆိုင်ရာ လောကအမွေနှင့် ဝိညာဉ်ရေးဆိုင်ရာ ကောင်းကင်အမွေဟူ၍ ဖြစ်၏။

ကမ္ဘာ ၁၃း၁၅–၁၆ ၌ ဘုရားက အာဗြဟံအား ဂတိတော်များပေးခဲ့သည်မှာ၊ *"သင်မြင်သော မြေတပြင်လုံးကို၊ သင်နှင့်သင်၏ အမျိုးအနွယ်အား ငါသည်ကာလ အစဉ်အမြဲပေးမည်။ သင်၏အမျိုးအနွယ်ကို မြေမှုန့်ကဲ့သို့ ငါများပြားစေမည်။"* အာဗြဟံအား ဘုရားမိန့်မှူသည့်အခါ "မြေမှုန့်"ဟု သုံးနှုန်းသည်ကို ကြည့်ခြင်းဖြင့် အာဗြဟံ၏ မျိုးနွယ်ကို မြေကြီးပေါ်မှာ များပြားစေမည့် နယ်မြေပထဝီဆိုင်ရာ ဂတိတော်ပင်ဖြစ်၏။ ထို့နောက် ကမ္ဘာ ၂၂း၁၇ ၌လည်း ဘုရားသည် အာဗြဟံ၏ မျိုးနွယ်ဆိုင်ရာ ဂတိပေးရာ "ကောင်းကင် ကြယ်ကဲ့သို့"ဟူ၍ ဖြစ်သည်။ ဤသို့ပြောဆိုရခြင်းသည် အာဗြဟံ၏ မျိုးနွယ်ထဲကဘဲ ဝိညာဉ်ဆိုင်ရာ ကောင်းကင် အမွေများစွာ ထွက်ပေါ်လာသည့် အကြောင်းပင်ဖြစ်လေ၏။

## ကျွန်တော်တို့၏ နယ်မြေပထဝီဆိုင်ရာအမွေတော်

ဘုရားသည် သူ့လူမျိုးတော်ကို နယ်မြေပထဝီဆိုင်ရာ အမွေပေးလိုပါသည်။ ဘုရား၏ သားသမီးများဖြစ်သည့် ကျွန်တော်/မ တို့အနေဖြင့် သွားလိုသည့် နေရာတိုင်းသို့ သွားနေ၍မရသလို၊ ဤ/ထိုနေရာသည် ကျွန်တော်/မပိုင်ဆိုင်သည့် နယ်မြေပါဟု ကြေငြာခြင်းပြုရလည်း မရပါ။ ကျွန်ုပ်တို့သည် ဘုရားနိုင်ငံတော် အတွက် နယ်မြေတခုကို သိမ်းပိုက်မည်ဆိုလျှင် ပထမဦးစွာ ကျွန်ုပ်တို့တွင် ဘုရားထံမှ ထိုနယ်မြေနှင့်ပတ်သက်၍ ဘုရားပေးသော ရူပါရုံရှိရမည်ဖြစ်ပါသည်။ ဘုရားသခင်သည် အသင်းတော်တခုအား ဇဝံဂေလိအဘို့ နယ်မြေတခုကို သိမ်းပိုက်ရန် ရူပါရုံပေးကောင်းပေးနိုင်သည်။ ထို့အတူ အခြား တယောက်ကို "အခက်အလက်တို့သည် အုတ်ရိုးပေါ်မှာ ကျော်သွား၏" (ကမ္ဘာ ၄၉း၂၂) ဟု တင်စားခဲ့ရသည့် ယောသပ်ကဲ့သို့ဖြစ်ရန် ခေါ်ထားခြင်းမျိုးလည်း ဖြစ်နိုင်၏။ ၄င်း၏ဆိုလိုရင်းမှာ၊ ထိုသူများသည် ခရစ်တော်အတွက် မိမိအိမ်နီးနား ချင်း(သို့) မြို့များ၊ (သို့) သာသနာကွင်းတို့ကို သိမ်းပိုက်ယူရန်ဖြစ်နိုင်သည်။

ဘုရားထံမှ အာဗြဟံရရှိထားသော ရူပါရုံသည် ၊ လူမျိုးတကာ၏ ဖခင်ဖြစ်လာဖို့ဖြစ်၏ (ကမ္ဘာ ၁၇း၄)။ သူ၏ အမွေဂတိတော်သည် မြို့တမြို့ (သို့) နှစ်မြို့အတွက် သာမဟုတ်ဘဲ၊ ၄င်းသည် တကမ္ဘာလုံးဆိုင်ရာအတွက်ဖြစ်သည်။ ဤကဲ့သို့သော ရူပါရုံမျိုး ယနေ့ကျွန်တော်တို့ရဲ့ အချိန်ကာလမှာလည်း လိုအပ် ပါသည်။ ဘုရားသည် နောက်ဆုံးသောကာလ အကြောင်းကို *"ထိုကာလ၌ လူမျိုးအများတို့သည် ထာဝရဘုရားဘက်သို့ ဝင်စား၍ ငါ၏လူဖြစ်ကြလိမ့်မည် (ဇာခရိ ၂း၁၁)"ဟု မိန့်မှာခဲ့၏။ ကျမ်းစာ၌ဆက်ပြီး ပြောထားသည်မှာ၊"* သင့်ကို

မသိဘူးသော လူမျိုးတို့သည်လည်း၊ သင်၏ဘုရားသခင် ထာဝရဘုရားကြောင့် သင့်ထံသို့ ပြေးလာကြ လိမ့်မည်။ ထိုဘုရားသည် သင်၏ ဘုန်းကို ပွင့်စေတော်မူ၏ (ဟေရှာ ၅၅း၅) ဟူ၍ဖြစ်၏။ ဘုရား၏ ဘုန်းတန်ခိုးတော်ထဲသို့ဝင်ကာ အသင်းတော်၏ နိုးထမှုကို ခံစားဖို့ စောင့်မျှော်နေသော လူမျိုးများစွာ ရှိနေပါသည်။ ဤအရာဖြစ်ပါက ဆာလံ ၆၈း၃၁ ၌ ပြောထားသည့်အတိုင်း လူတွေက လူတို့လက်များကို ဘုရားသခင် ထံတော်ဆန့်ကြလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တို့ သည် ဘုရားပြန်ကြွ လာသည့်အခါ၊ လူမျိုးတော်တို့ ဘုရားထံပြန်လှည့်လာပြီး ကြီးမားသည့် နိုးထမှုအတွက် ရှုပါရုံအား ရှင်းလင်း ပြတ်သားစွာ မြင်ရန်လိုအပ်သည်။

*အသင်းတော်ခေတ်ကာလ၌ဖြစ်ခဲ့သော နိုးထမှုများကို လေ့လာခြင်းဖြင့် ဘုရားသခင်၏ ဝိညာဉ်တန်းခိုးသည် ကာလတခုတွင် နိုင်ငံ၊ ဒေသတခုလုံးတွင် လွှမ်းခြုံကာ၊ သူတို့၏ နိုင်ငံကို ဘုရားသည်သာလျှင် အုပ်စိုးသူ၊ ပိုင်စိုးသူဖြစ်ကြောင်း ဝန်ခံလာသည့်တိုင် လူတို့ကို ပြောင်းလဲစေကြောင်း သိရပါသည်။ မာတင်လုသာ၏ ခေတ်၌၊ ဂျာမနီနိုင်ငံတခုလုံးသည် ပြောင်းလဲ၍ ဘုရား၏အလိုတော်အတိုင်း အသက်ရှင်ဖို့ လှည့်လာခဲ့ကြသည်။ နိုးထမှုသည် ဤသို့နိုင်ငံ၊ လူမျိုး အပေါ်ကြီးမားသည့် အကျိုးရလဒ်များဖြစ်စေခဲ့သည့်အတွက် ယနေ့ထိပင်လျှင် လုသရင် အသင်းတော်သည် နိုင်ငံ၏ အသင်းတော်အဖြစ် ထင်ရှားစွာရှိနေပါသည်။*

ဂျွန်ဝစ္စလီ၏ ခေတ်ကာလ၊အင်္ဂလန်နိုင်ငံမှာလည်း ထို့အတူ ဖြစ်ခဲ့၏။ ထိုအချိန် အင်္ဂလန်သည် လောကီဆန်ခြင်း မူးယစ်ဆေးဝါးနှင့် ပြည့်နက်နေပြီး အလွန် အင်မတန့် ဆိုးဆိုးဝါးဝါး ဖောက်ပြန်ပျက်ဆီးနေခဲ့၏။ သို့သော်လည်း ဂျွန်ဝစ္စလီ ဦးဆောင်သော နိုးထမှု နောက်ပိုင်းမှာ၊ အင်္ဂလန်နိုင်ငံတခုလုံးဘုရား ထံပြန်လှည့် လာခဲ့ကြသည် မဟုတ်လား။

(၂၀) ရာစု၏ အစောပိုင်း၌ အီဗန်ရောဗတ်ဦးဆောင်သော ဝေး(လ်)(စ်) လူမျိုးနိုးထမှုဖြစ်ခဲ့သည်။ သူသည် နိုင်ငံတခုလုံးကို အကျိုးသက်ရောက်စေခဲ့သဖြင့် ဝေးလ်(စ်) နိုင်ငံသားအားလုံး ဘုရားထံပြန်လှည့်လာခဲ့ကြ၏။ ဘုရားသခင်၏ ဝိညာဉ်တန်ခိုးသည် ပုဂ္ဂိုလ်တဦးအားဖြင့် အသင်းတော်တခု (သို့) ဒေသတခုအတွင်းမှာသာ လှုပ်ရှားခြင်းမဟုတ်ဘဲ နိုင်ငံတခုလုံးကိုပါ အကျိုးရလဒ် သက်ရောက်စေသောသာဓက တခုပင်မဟုတ်ပေဘူးလား။ နိုးထမှု အစီအစဉ်ကို နိုင်ငံ၏ နေရာအနှံ့သွားရောက်ပြုလုပ်ခဲ့ခြင်းမရှိသော်လည်း နိုးထမှု၏ လွှမ်းမိုးခြင်းသည် ဝေးလ်(စ်) နိုင်ငံတခုလုံး ဘုရားထံပြန်လာကြသည့်တိုင်အောင် နှံ့ပြားရောက်ရှိသွားခဲ့လေသည်။

ထို့အတွက်ကြောင့် ကျွန်တော်တို့အနေဖြင့် ဘုရားထံမှ နယ်မြေပထဝီဆိုင်ရာ အမွေဂတိတော်ကို တောင်းလျှောက်ရမည်ဟု ကျွန်တော်ခံစားမိပါသည်။ မိတ်ဆွေ၏ ဘိသိတ်ခြင်းသည် အဘယ်အရာနည်းနှင့် အသင်းတော်အတွက် ဘာတွေဖြစ် သည်ကို ဘုရားဖော်ပြဖို့ တောင်းလျှောက်ရပါမည်။ ဘုရားက "သင့်နားမှာ ရှိသော မြို့၊ ရွာအားလုံးရှိ လူတွေငါ့ထံပြန်လာဖို့သည် သင်၏ အမွေဂတိတော် ဖြစ်ကြောင်း ယုံကြည်စေလိုသည်" ဟု မိတ်ဆွေအား ပြောကောင်းပြောပါလိမ့်မည်။ ဘယ်လိုပင် ဖြစ်စေ၊ ဤနောက်ဆုံးသောကာလ၌ ဘုရားသခင်သည်၊ အာဗြဟံ၏ ရူပါရုံမျိုးများ စွာသော ယုံကြည်သူများကို ပေးထားသဖြင့် ၎င်းကိုတိုးချဲ့လုပ်ဆောင် စေလိုပါသည်။ ၎င်းရူပါရုံအရ လူမျိုးတကာတို့သည် ကျွန်တော်တို့၏ ဂတိတော် အမွေပင်တည်း။

**ကျွန်တော်တို့၏ ဝိညာဉ်ရေးဆိုင်ရာ ဂတိတော်အမွေ**

ဒုတိယအနေဖြင့် ဝိညာဉ်ရေးဆိုင်ရာ ဂတိတော်ဖြစ်ပါသည်။ ၎င်းသည် ကျွန်တော်တို့ရယူသော နယ်မြေပထဝီဆိုင်ရာ ဂတိတော်အမွေနှင့်မတူပါ။ သို့သော် ၎င်းဝိညာဉ်ဆိုင်ရာ ဂတိတော်အမွေရှိသည်ကို လုံးဝယုံကြည်ရမည်။ ထိုသို့ ယုံကြည်သော အသင်းတော်အားဖြင့် နောက်ဆုံးသောကာလ၌ ကျွန်တော်တို့ အတွက် ဘုရားပေးခဲ့သော ဝိညာဉ်ဆိုင်ရာ ဂတိတော်အမွေကို အပြည့်အဝ ဝင်ရောက်ခံစားနိုင်မှာ ဖြစ်ပါသည်။

ခေတ်အဆက်ဆက်တိုင်းနှင့် နိုးထမှုတိုင်းတွင် အသင်းတော်သည် နယ်မြေ အတိုင်းအတာတခုမျှကိုသာ ကန့်သတ်ကြေငြာသိမ်းပိုက်ခြင်းမဟုတ်ဘဲ၊ ဝိညာဉ်ဆိုင် ရာ ဂတိတော်အမွေနယ်ပယ်ကို တိုးချဲ့ခြင်းနှင့် ပိုမိုမြင့်မားသည့် နယ်ပယ်သို့ လှမ်းခဲ့ကြ၏။ မာတင်လူသာသည် ဂျာမနီလူထုတခုလုံးအပေါ် အကျိုးသက် ရောက် စေသည်သာမက နိုင်ငံတခုလုံးကို ဘုရားအတွက်ဟု ကြေငြာစေခဲ့၏။ ထို့ကြောင့် သူတို့၏ ရုပ်တုဆိုင်ရာကို စွန့်ပစ်ပြီး အသက်ရှင်သော ဘုရားကိုသာ အစေခံခဲ့ကြ သည်။ နယ်မြေဆိုင်ရာ နယ်နိမိတ်သိမ်းပိုက်သည့်အပြင် မာတင်လူသာသည် လူတွေကို ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်စေသည့် ဝိညာဉ်ဆိုင်ရာ ဂတိတော်အမွေ၏ ပိုမိုမြင့်မား သော အလင်းတရားထဲသို့ ခေါ်ဆောင်ခဲ့၏။

ဂျွန်ဝစ္စလီသည် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ခြင်းရကြောင်း ထုတ်ဖော်ခဲ့သလို သန့်ရှင်းခြင်းအကြောင်းနှင့် သာသနာအလုပ်အတွက် ရူပါရုံကို လက်ခံရရှိခဲ့၏။ ထို့ကြောင့် အင်္ဂလန်၏ နိုးထမှုရလဒ်သည် ကမ္ဘာမှာ သာသနာပြုအများ ဆုံးစေလွှတ်သော နိုင်ငံတခုဖြစ်ခဲ့သည်။ အီဗန်ရောဘတ် ဦးဆောင်သော ဝေးလ်(စ်)

နိုင်ငံ၏ နိုးထမှုသည်သာ၍ နက်နဲသော သမ္မာတရား အကြောင်းနှင့် ဝိညာဉ်တော်ဘုရား၏ လုပ်ဆောင်မှုအကြောင်း ယုံကြည်သူများအား နားလည်သဘောပေါက်စေခဲ့သည်။ မာတင်လူသာခေတ်မှစ၍ ထူးခြားသော နိုးထမှုတိုင်း သည် အသင်းတော်အားသာ၍ နက်နဲသော အလင်းတရားထဲသို့ ခေါ်ဆောင်ခဲ့ ပါသည်။ ထို့ကြောင့် အသင်းတော်အနေဖြင့် ပိုမိုရင့်ကျက်ခြင်းနှင့် ပြည့်ဝသော ဝိညာဉ်ဆိုင်ရာ အမွေဂတိတော်ကို ရယူခံစားနိုင်ခဲ့ကြ၏။

### မျိုးစေ့မှလာသော အမွေတော်

လေ့လာချက်အရ၊ အာဗြဟံသည် ဘုရားထံမှ ထူးခြားသော ဂတိတော်ကို လက်ခံရရှိသူဖြစ်ပေမဲ့၊ သူ့ဘဝမှာ ၎င်းဂတိတော်၏ အနည်းငယ်သော ပမာဏကို သာ ရယူခံစားခဲ့၏။ သို့သော် သူ၏မျိုးစဉ်ဆက်မှ ဆင်းသက်လာသူများ၌ ဂတိတော် အမွေ၏ ပြည့်စုံခြင်းကို ရရှိမည့်အကြောင်း အာဗြဟံအား ဘုရားမိန့်မှာခဲ့သည် (ကမ္ဘာ ၁၂း၁၅–၁၆၊၁၅း၄–၅၊၂၂း၁၇–၁၈)။ သို့ဖြစ်၍ အဓိကသော့ချက်သည် မျိုးစေ့၌ မူတည်နေကြောင်း နားလည်ရသည်။

သားဣဇက်မွေးဖွားသည့်အခါ၊ အာဗြဟံသည် အသက် (၁၀၀)ရှိပြီဖြစ်၏။ သားရဖို့ ဂတိအတွက် အဆင်သင့်အခြေအနေသို့ရောက်အောင် ဘုရားသည် အာဗြဟံအား နှစ်ပေါင်းများစွာ အချိန်ယူကာ ပြင်ဆင်ခဲ့၏။ ကျွန်တော်တို့၏ အသက်တာအတွက် ဘုရားပေးဂတိတော်ပြည့်စုံဖို့ ဘုရားက ကျွန်တော်တို့ကို မကြာခဏဆိုသလို ဆန်းစစ်ခြင်းပြုတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကောင်းကြီးနှင့် တိုးပွားခြင်းမပေးမီ ၎င်းတို့ကို လက်ခံယူဖို့ အရည်အချင်းရှိမရှိ စစ်ဆေးလေ့ရှိသည်။

ကျွန်တော်နှင့် ဇနီးသည်တို့ အနောက်မြောက်အမေရိက၌ နေထိုင်ကြစဉ်၊ ဤသမ္မာတရားအတွက် ပုံဖော်လို့ကောင်းသောအရာကို တွေ့ခဲ့ကြပါသည်။ ၎င်းဒေသရှိ စိုက်ပျိုးရေးသမားခရစ်ယာန် တချို့ရဲ့ ရှင်းပြချက်များ၊ *"ရွှေအရသာ"ဟု မှည့်ထားသော အရောင်စုံရှိ၊ ပန်းသီးရရှိရန် နှစ်ပေါင်းများစွာ အချိန်ယူပြုစုရ ကြောင်းပါ။* သူတို့အနေဖြင့် မျိုးစေ့ကို နှစ်အတော်ကြာသေ ချာဂရုစိုက်ပြုစုရပြီး မျိုးစေ့အောင်ပြီဆိုတာနဲ့ အမြန်ဆုံးအပင်ထွားကာ ၎င်း၏ အသီးကိုလည်း နိုင်ငံများစွာသို့ တင်ပို့ကြရ၏။ ထိုနည်းတူ၊ ဘုရားသခင်သည် ကျွန်တော်တို့ အထဲ၌ရှိသော သားတော်ယေရှုဆိုင်ရာ ဂတိတော်၏ သဘာဝကို နှစ်များစွာ ပြုစုပျိုးထောင်ကာ စစ်မှန်သည့် မျိုးစေ့ထုတ်ယူဖို့ဖြစ်သည်နှင့် နိုင်ငံတကာ၊

လူမျိုးတကာသို့ အချိန်နှင့်တပြေးညီပွားစေပါသည်။ အာဗြဟံနှင့် စာရာတို့သည် ဂတိတော်ဆိုင်ရာသားကို ရရှိချိန်သည် သဘာဝအရ မျှော်လင့်ချက် ကင်းမဲ့ချိန်၊ အရွယ်လွန်မှဖြစ်လာသည်နည်းတူ ခရစ်တော်သည် အသင်းတော်အားဖြင့် ယနေ့ဤနောက်ဆုံးကာလ၌ ပြည့်စုံခြင်းဖြစ်လာမည်ပင်ဖြစ်သည်။ ခရစ်တော်သည် ထမြောက်ပြီး အသင်းတော်ကိုလည်း ပြည့်ဝသည့် ဂတိတော်အမွေထဲသို့ ခေါ်သွင်းမည်ဖြစ်ပါသည်။

## ၂။ ဂတိတော်ပြည်သို့ဝင်ရောက်ရန်နှင့် ပိုင်ဆိုင်ရန် ယောရှုစတင်

အာဗြဟံ၏ အချိန်ကာလတွင်း အာဗြဟံသည် သူနှင့် သူ၏ သားစဉ်မြေးဆက်ကို ပေးထားသောဂတိတော်ပြည်နှင့် သူစိမ်းဖြစ်နေသည်။ ၎င်းဂတိတော်မြေမှ သူပိုင်ဆိုင်သည် မှာ၊ ဇနီးသည် သေသည့်အခါ မြှုပ်နှံသင်္ဂြိုဟ်ဖို့ ဝယ်ထားသော သင်္ချိုင်းဂူနှင့် မြေကွက်အနည်းငယ်သာဖြစ်သည် (ကမ္ဘာ ၂၃း၂-၂၀)။ ဂတိတော်ပြည်သို့ စတင်သိမ်းပိုက်ပိုင်ဆိုင်ရန် ဘုရားချီးမြှောက် အသုံးပြုခဲ့ခြင်းခံသူသည် ယောရှုပင်ဖြစ် ၏။ ဘုရားသခင်သည် ဤနောက်ဆုံးသော ကာလ၌ လူတွေကို ဂတိတော်အမွေ ပြည်သို့ ခေါ်ဆောင်မည့် "ယောရှု" ကဲ့သို့သော သူမြောက်များစွာ ကို ရှာဖွေနေပါ သည်။ ယောရှု၏ အသက် တာနှင့်လုပ်ငန်းကို အပိုင်းသုံးပိုင်းဖြင့် ပိုင်းခြားကြည့်ရာ၊ ပြင်ဆင်သောကာလ၊ ဂတိတော်ပြည်သို့ ဝင်ရောက်ခြင်းနှင့် ၎င်းပြည်ကို သိမ်းပိုက်ပိုင် ဆိုင်ခြင်းဟူ၍ ဖြစ်သည်။

### ယောရှု၏ ပြင်ဆင်သောကာလ

ကျမ်းစာထဲ၌ ပထမဦးဆုံးယောရှုအကြောင်းကို ထွက် ၁၇း၉ အရ၊ အာမလက်လူမျိုးကို တိုက်ခိုက်ဖို့ ဣသရေလလူတို့ကို ဦးဆောင်သည့် အဖြစ်အပျက်ပင်ဖြစ်၏။ အာမလက်လူမျိုးသည် ဇာတိအသွေးအသားကို ပုံဆောင်သည့် ဧသော၏ မြေးအာမလက်ဖြစ်သည် (ကမ္ဘာ ၃၆း၁၂)။ ခေါင်းဆောင်တယောက်ဖြစ်ဖို့က၊ ကျွန်တော်တို့ အသွေးအသားတည်းဟူသော ဇာတိစိတ်ကို အောင်နိုင်ထားသူဖြစ်ရပါမည်။ သို့မဟုတ်ပါက၊ အာမလက်လူမျိုး (ဇာတိအသွေးအသား၏ အလုပ်များ) တို့ ရှင်သန်လာကာ ဆန့်ကျင်တိုက်ခိုက်ပြီး ကျွန်တော်တို့ကိုလည်း ဖျက်ဆီးပါလိမ့်မည်။

ဘုရင်ရှောလု၏ ဘဝတိုက်ခိုက်ခံရသကဲ့သို့ ဘုရင်ရှောလုအား အာမလက်လူမျိုး၏ တိုက်ခိုက်ဖျက်ဆီးမှုအန္တရာယ်ရှိကြောင်း ဘုရားသခင်က ကြိုတင်မိန့်မှာ

ခဲ့သော်လည်း ဘုရင်က နားမထောင်ခဲ့ချေ။ ဘုရင့်ဘဝအဆုံးမှာ တကယ်လည်း အာမလက်လူတယောက်၏ သတ်ဖြတ်ခြင်းဖြင့် သေဆုံးခဲ့ရ၏ (၂ ရာ ၁း၆–၁၀)။ ဤအဖြစ်အပျက်သည် ခေါင်းဆောင်ဖြစ်ဖို့ ပြင်ဆင်နေသော ကျွန်တော်တို့တွေအတွက် အလွန်အရေးကြီးပါသည်။ အာမလက် (ဇာတိ)ကို မိမိကိုယ်တိုင် အနိုင်ယူထားရပါမည်။ ကျွန်တော်တို့ကို ငယ်ရွယ်သော အချိန်မှစပြီး "အို၊ ဘုရားရှင် သန့်ရှင်စေပါ၊ ဖြူစင်သော နှလုံးဖန်ဆင်းပြုပေးပါ" ဟု တောင်းလျှောက်ဆက်ကပ်ထားတတ်ရမည်။ "သခင်ယေရှုဘုရား၊ ကျွန်တော်မျိုး၏ အသက်တာ၌ ကျွန်ရှိနေသေးသော ဤဇာတိစိတ်အချို့ကို ဖယ်ရှားပေးတော်မူပါ။ ယခုငယ်ရွယ်သော အချိန်မှာပင်လျှင် ဤဇာတိစိတ်တွေကို အောင်မြင်ရသော အခွင့်ပေးပါ။ သို့မှသာလျှင် နောက်ပိုင်းကျွန်တော်ကြီးလာသည့်အခါ ၄င်းဇာတိစိတ်များကဲ့ရဲ့ တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်း အန္တရာယ်မှ ကင်းလွတ်ရပါမည်။"

ယောရှုသည် မောရှေ့နှင့်အတူ လိုက်ပါပြီး ဘုရားခေါ်သည့် တောင်သို့တက်ခဲ့ကြောင်းကိုကြည့်ခြင်းဖြင့် သူသည်ဘုရား၏ မျက်မှောက်တော်၌ အချိန်ကြာမြင့်စွာ နေတတ်ဖို့ သင်ယူခဲ့ကြောင်း နားလည်ရပါသည် (ထွက် ၂၄း၁၃)။ ယောရှုသည် မောရှေနှင့်အတူနေဖို့ လုပ်ငန်းတာဝန်များ လုပ်ဆောင်ပြီး ဘုရားခေါ်ဆောင်ခြင်း ခံရပြီးနောက်ပိုင်းမှာ ဘုရား၏တဲတော်တွင်ပင်လျှင် နေထိုင်ခဲ့ကြောင်းလည်း တွေ့ရသည် (ထွက် ၃၃း၁၁)။ ဘုရား၏ မျက်မှောက်တော်၌ နေခဲ့ခြင်းသည် ဘုရားနှင့်ရင်းနှီးသော မိသဟာယရရှိဖို့ပြုခဲ့ခြင်းဖြစ်၏။ စစ်မှန်သည့် သာသနာလုပ်ငန်းမှန်သမျှသည် ဘုရားသခင်နှင့် အချိန်ယူခြင်းနှင့် ဘုရား၏ သဘာဝ ကျွန်တော်တို့အထဲ၌ ထင်ရှားလာခြင်းတို့၏ ရလဒ်များပင်တည်း။

ဣသရေလလူမျိုးအတွက် ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်မှုမခံရမီ ယေရှုသည် မောရှေ၏ သိစ္စာရှိသော တပည့်တယောက်အဖြစ် အစေခံဖို့ သင်ကြား ခံယူခဲ့၏ (ထွက် ၂၄း၁၃)။ နေ့စဉ်အသက်တာ၏ သေးငယ်သော အရာများအပေါ် သစ္စာရှိစွာ လုပ်ဆောင်ခြင်းဖြင့် ကြီးမားသော တာဝန်ဝတ္တရား အတွက် နည်းနည်းနှင့် ဖြည်းဖြည်းချင်းပြုစုပျိုးထောင် တိုးပွား ရင့်ကျက်စေ ရမှာ ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသည်သာလျှင် ကျွန်တော်တို့ကို သစ္စာရှိရှိနဲ့ ပို၍၊ပို၍ ကြီးမားသော တာဝန်လုပ်ငန်းများကို ချီးမြှင့်လုပ်ကိုင်စေမည် ပင်မဟုတ်လော။ ယေရှုက *"အနည်းငယ်သော အမှု၌သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်"* (လု ၁၆း၁၀)။

## ဂတိတော်ပြည်ထဲသို့ ဝင်ရောက်ခြင်း

ယောဒန်မြစ်ကို ကူးဖြတ်ပြီး ဂတိတော်မြေထဲသို့ ဝင်ရောက်ဆဲဆဲအချိန်မှာ၊ ဣသရေလလူမျိုးအား ဦးဆောင်ဖို့ ယောရှုကို ဘုရားတာဝန်ပေးခဲ့သည်။ (ယောရှု ၁း၁–၉)။ အခန်းငယ် (၃)၌၊ ဘုရားက ဤသို့မိန့်မှာ၏ *"သင်တို့နင်းသမျှသော မြေကိုသင်တို့အား ငါပေးမည်"* ဤဂတိစကားသည် ဘုရားက အာဗြဟံအား ပထမဦးစွာ ပေးခဲ့သည့် ဂတိတော်ကို ပြန်ပြောခြင်းဖြစ်၏ (ကမ္ဘာ ၁၃း၁၇)။ ယွှုပြန်ပြောရခြင်းသည် ၄င်းဂတိတော် မြေအမွေကို အမှန်တကယ်ဝင် ရောက်သိမ်းပိုက် ပိုင်ဆိုင်မည်သူအား အမှတ်ရစေရန်ဖြစ်သည်။

ယောရှု ၁း၅ ၌၊ ဘုရားသခင်သည် ယောရှုအား ခေါင်းဆောင်အဖြစ် ခန့်အပ်သော ဂတိပေးခဲ့၏။ "သင့်အသက်တည်သည် ကာလပတ်လုံးသင့်ရှေ့မှာ အဘယ်သူမျှ မခံမရနိုင်ရာ။ မောရှေ့နှင့်အတူ ငါရှိသကဲ့သို့ သင်နှင့်အတူ ငါရှိလိမ့်မည်။ ငါသည် သင့်ကိုမစွန့်၊ သင့်ကိုပစ်၍မထား။ ခေါင်းဆောင် တယောက် အနေဖြင့် ဘုရား၏ ဂတိစကားကို မိမိကိုယ်တိုင်ရရှိခဲ့ သူဖြစ်ရပါမည်။ မိတ်ဆွေ အနေနဲ့ မပြောသင့်သည်မှာ ငါကအသင်းတော်သစ်တည်ထောင်မဲ့ သင်းအုပ် (သို့) သာသနာပြုဆရာအဖြစ် သွားလုပ်မယ်၊ ဘာကြောင့်လဲဆိုတော့ ငါ့သင်းအုပ်က ငါ့ကိုစေလွှတ်တာကြောင့် သူ့ကိုအားကိုးမှီခိုနိုင်တယ်လေ။"ဤသို့ မဖြစ်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် မိတ်ဆွေရဲ့ သင်းအုပ်နဲ့ ဝေးနေရချိန်မျိုးမှာ မိတ်ဆွေသည် ဘုရား၏ ဂတိတော်များကို မိမိကိုယ်တိုင်ရရှိထားသူဖြစ်ကြောင်း အမှတ်ရနေရမည်။

ဆက်လက်၍ အခန်းငယ် (၇) ၌ ဘုရားမိန့်မှာသည့်အရာသည့် "ငါ့ကျွန်မောရှေ ႇမှာထားသော တရားအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်း၌ အားယူ၍ အလွန်ရဲရင့်ခြင်း ရှိလော့"။ ဂတိတော်မြေသို့ မဝင်ရောက်မှီ ဘုရားသည် ယောရှုနှင့် တွေ့ဆုံကာ မိန့်မှာခဲ့သည်မှာ ပညတ်ထားသမျှကို မစွန့်ပစ်ဘဲ အားလုံးကို နာခံလိုက်လျှောက်ဖို့ ဖြစ်၏။ ဤကဲ့သို့ပင် ခေါင်းဆောင်တယောက်အတွက် ဘုရား၏ ပညတ်အားလုံးကို ပြည့်စုံစွာလိုက်လျှောက်ဖို့ အရေးကြီးလှပါသည်။ အဘယ့်ကြောင့်ဆိုသော် အသင်းတော်သည် ဘုရားအလိုတော်အတိုင်း ဘယ်လောက်အောင်မြင်သည်အထိ ခရီးသွားမည့်အရာသည် ခေါင်းဆောင်ဖြစ်သူ၏ ဆုံးဖြတ်လုပ်ဆောင်ခြင်းအပေါ် မူတည်နေပါသည်။ အကယ်၍ ခေါင်းဆောင်က မှားယွင်းသည့် ခံယူချက်များကို အသုံးပြုနေပါက ဂတိတော်အမွေသည် ညစ်ညမ်းလာပေမည်။ ဘုရားသခင်သည် သန့်ရှင်းခြင်းနှင့် ကောင်းသောမျိုးစေ့ကို

အလိုရှိပါသည်။ ဂတိတော်မြေတည်း ဟူသော ခါနန်ပြည်တွင် ရှိနေသော လူတွေကို ဖယ်ရှားဖို့ ဘုရားစီစဉ်ခဲ့ရသည့် အကြောင်းရင်းမှာ၊ ၎င်းလူများသည် အလွန် အင်မတန် ဆိုးသွမ်းပြီး ညစ်ညူးသော ကြောင့် ဖြစ်၏။ ခါနန်ပြည်သားများကဲ့သို့ ကျွန်တော်တို့သည်လည်း ညစ်ညူးသော အပြစ်ရှိခဲ့ပါက၊ ဘုရားသည် တူညီသော ကျွန်ုပ်တို့အားလည်း ထိုပြည်ကိုအပ်ပေးပါ့မလား။ တခါက ဆရာတယောက်သည် လူတယောက်ထဲမှ နတ်ဆိုးကို နှင်ထုတ်ဖို့ ကြိုးစားနေရာ၊ ၎င်းလူထဲက နတ်ဆိုးစကားပြောပါသည်မှာ၊ *"ခင်ဗျား ငါ့ကိုနှင်ထုတ်လို့မရဘူးကွ၊ ဘာလို့လဲ ဆိုတော့ မင်းအထဲမှာ ငါ့သူငယ်ချင်း ရှိနေတယ်လေ"*ဟု ပြန်ပြောလေ၏။

တခါတလေ လူတွေက "အဲဒီနေရာ၊ ဒေသမှာ အသင်းတော်ယုံကြည်သူ များရှိနေပြီဆိုတော့ အသင်းတော်သစ်စဖို့ (သို့) သာသနာလုပ်ငန်းသစ်စဖို့ လိုအုံးပါမလား"ဟု ပြောဆိုတတ်ကြပါသည်။ လိုအပ်သည့်အခါလည်း ရှိပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းဒေသရှိ ယုံကြည်သူများသည် ဘုရား၏ ပညတ်တော်ကို အပြည့်အဝလိုက်လျှောက်ခြင်းမျိုးမရှိသောကြောင့် ဖြစ်သည်။ ခရစ်တော်သည် အနာ (သို့) အရေတွန့်ခြင်းမရှိသော သတို့သမီးအတွက် ကြွလာမည်ဖြစ်သည်။ ၎င်းအတွက်ပင်လျှင် ကျွန်တော်/မတို့ ဘုရားထံလုံးဝဆက်ကပ်ရခြင်းပင်မဟုတ်လား။ ဂတိတော်အမွေကို လက်ခံရရှိသော သူသည် သန့်ရှင်းခြင်းပါရမီကို ရှာဖွေသောသူပင်တည်း။

ယောရှု ၃း၄ အရ၊ ဣသရေလတို့ ယော်ဒန်မြစ်ကို ကူးသည့်အခါ ဘုရား၏ ပဋိညာဉ်သေတ္တာနှင့် လူထုတို့အကြားအတောင် နှစ်ထောင်ခြား ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ကျမ်းစာထဲမှာ နံပါတ် (၂၀၀၀) သည် အသင်းတော်ကာလ၏ နှစ်အကြာကို ဆိုလိုခြင်းဖြစ်၏။ သို့ဖြစ်၍ ပဋိညာဉ်သေတ္တာ (၎င်းသည် ယေရှုခရစ်တော်အား ပုံဆောင်သည်) နောက်သို့ လူထုက အဆောင် (၂၀၀၀) ခြားပြီး လိုက်ရကြောင်းနှင့် ၎င်းသည် ဤနောက်ဆုံးသောကာလ၌ ဘုရားသခင်၏ ဂတိတော်အမွေထဲသို့ အသင်းတော်အနေဖြင့် ဝင်ရောက်ကြောင်း နားလည်ရသည်။ ဤကာလသည် ခရစ်တော်ယေရှုဘုရားက လောကသို့ လူ့ဇာတိခံယူပြီးနောက် နှစ်ပေါင်း (၂၀၀၀) ကို ဆိုလိုခြင်းဖြစ်၏။

အသင်းတော်အနေဖြင့် အမွေဂတိတော်ထဲသို့ ဝင်ရောက်ဖို့ကို အာဗြဟံ၏ မယား (၃) ယောက်ဖြစ်ကြသည့် ဟာဂရ၊ စာရာနှင့် ကေတုရတို့အားဖြင့်လည်း ဖော်ပြထားသည်။ ဟာဂရသည် ဣသရေလတို့၏ ပညတ်တော်ကာလအတွက် ပုံဆောင်၏ (ဂလာ ၄း၂၄-၂၅)။ စာရာသည် အသင်းတော်ကာလ (ဂလာ ၄း၂၂-

၂၈) နှင့် ကောတုရသည် ဣသရေလတို့အတွက် နှစ်ပေါင်း (၁၀၀၀) အတွက် ပုံဆောင်နေခြင်းဖြစ်၏။ သို့သော် ကမ္ဘာ ၂၅း၁–၆ အရ၊ အာဗြဟံသည် အခြားသားသမီးများအား ဆုလဒ်များပေးခဲ့သောလည်း စာရာနှင့်ရသော သားဣဇက်ကိုတော့ အမွေဂတိတော်အပြည့်အဝပေးခဲ့ကြောင်း တွေ့ရပါသည်။ ထိုသို့အလားပင် အသင်းတော်သည် ဝိညာဉ်ဆိုင်ရာ ကောင်းကြီးအမွေအားလုံးကို ရရှိထားပါသည်။ ဘုရားက အာဗြဟံအား ပြုခဲ့သည် ဂတိတော်အားလုံးသည် အသင်းတော်အနေဖြင့် ဝိညာဉ်ဆိုင်ရာ အပြည့်အစုံရရှိခြင်းပင်တည်း။

ကျွန်တော်တို့သည် စိတ်နှလုံးကျယ်ကျယ်ဖွင့်ပြီး ဘုရားကယ္ခု၊ ဤမျိုးဆက်သစ်အတွက် ဘာတွေမိန့်မှာထားသည်ကို မြင်တတ်ဖို့ လိုအပ်လှပါ သည်။ ခရစ်တော်သည် အပြစ်အနာအဆာလုံးဝမရှိသော အသင်းတော်အတွက် ကြွလာလိမ့်မည်ကို ကျွန်တော်တို့ ယုံကြည်ရမည်။ ထို့ကြောင့် ကျွန်တော်တို့သည် *"ယခုဒီနောက်ဆုံးကာလမှာ အသင်းတော်ကို လုပ်ခွင့်ပေးထားတဲ့အရာ ဘာတွေလဲဆိုတာကို နားလည်စေပါ၊ ဘုရား ကိုယ်တော်ဘုရား၊ ကျွန်တော်မျိုး၌ ကိုယ်တော်၏ သန့်ရှင်းခြင်း၊ ပြည့်စုံခြင်းနှင့် လုပခြင်းရှိစေတော်မူပါ။ သို့မှသာ ပျက်ဆီးခြင်းနှင့်ကင်းလွတ်ပြီး အသင်းတော်အဘို့ ကိုယ်တော်ပေးထားတဲ့ ဂတိတော်များပြည့်စုံလာမှာပါ ဘုရား"* ဟု ဆုတောင်းသင့်ပါသည်။

ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းသည် ဝိညာဉ်သဘောဆိုင်ရာအရ တိကျသည့် အရေးကြီးသော အဓိပ္ပါယ်ရှိပါသည်။ ကျွန်တော်တို့ ဇနီးမောင်နှံပထမဦးဆုံး အစ္စရေးကို ရောက်ခဲ့စဉ်၊ ယောဒန်မြစ်ကို နှစ်ယောက်စလုံးကူးဖို့ ဘုရားအလိုရှိကြောင်း ဘုရားစကားပြောခဲ့ပါသည်။ ဒါနဲ့ကျွန်တော်ဖြတ်ကူးခဲ့သည်။ ကူးပြီးနောက် ကျွန်တော်က "ကိုယ်တော်ဘုရား၊ ဒီလိုကူးဖြတ်ရခြင်းရဲ့ အဓိပ္ပါယ်က ဘာလဲ"ဟု မေးခွန်းထုတ်ခဲ့ရာ။ ဘုရားသခင်ပြန်မိန့်မှာသည်မှာ "၄င်းသည် စိတ်နှလုံးအရေဖျားလှီးခြင်း၊ အသက်တာ ပူဇော်ခြင်း အဓိပ္ပါယ်ဆောင်ပါသည်" ဟူ၍ ဖြစ်သည်။ ယော်ဒန်မြစ်ကို ကူးဖြတ်ခြင်းသည် ကျွန်တော်တို့၏ လူဟောင်း (ဇာတိသဘော) ကို ခရစ်တော်နှင့်အတူ ပူဇော်ခဲ့ပြီးကြောင်းကို ပုံဆောင်နေခြင်းပါ (ဂလာ ၂း၂၀၊ ရော ၆း၆)။ ယောရှုမှတ်စာ ၃း၁၅–၁၆ ကို ဆက်ကြည့်ပါက၊ ပင်လယ်သေထဲသို့ စီးဝင်သော ယော်ဒန်မြစ်သည်၊ အာဒံမြို့တိုင်အောင် ရပ်တန့်သွားခဲ့ကြောင်း နားလည်ရသည်။ အာဒံဆိုသည်မှာ အပြစ်နှင့်ပြည့်သော သဘာဝလူဟောင်းကို ဖော်ပြနေသဖြင့် ၄င်းကိုလုံးဝဖယ်ရှားဖြတ်ထုတ်ပစ်ရပါမည်။ သို့မှသာ ဂတိတော်မြေသို့ ကျွန်တော်တို့ ဝင်ရောက်နိုင်မည်မဟုတ်ပါလော။

ယောရှုမှတ်စာ အခန်းကြီး (၅)အရ၊ ဣသရေလတို့သည် ယော်ဒန်မြစ်ကို ကူးဖြတ်ပြီးနောက် ချက်ချင်းဆိုသလို ဂိလဂါလအရပ်၌ စခန်းချကြ၏။ ဂိလဂါလအရပ်တွင် ဣသရေလအမျိုးသားများအရေဖျားလှီးခံယူခဲ့ရာ၊ ၄င်းသည် ဇာတိအသွေးအသားကို ဖြတ်ထုတ်ဖယ်ရှားခြင်းပင်တည်း။ ဝိညာဉ်သဘောအရ၊ ၄င်းသည် ကျွန်တော်တို့၏ မွေးရာပါ သဘာဝ၊ အပြစ်သဘောနှင့် အာဒံနှင့်ပါလာသော သဘာဝစသည်တို့ကို ဖြတ်ထုတ်ဖယ်ရှားပစ်ခြင်းဖြစ်၏။ (ရောမ ၂း၂၈–၂၉)။ ဂိလဂါလသည် ဘုရားဖြတ်ထုတ်ခြင်းဟူသော ယော်ဒန်မြစ်ကူး သည့်အခါ ဘုရားပြောခဲ့သည့်အရာကို ကိုယ်စားပြုနေပါသည်။ ဘုရားအနေဖြင့် ကျွန်တော်တို့၏ ဘဝအသက်တာနှင့် စိတ်နှလုံးတို့အထဲမှ တစုံတရာကို ဖြတ်ထုတ်ဖယ်ရှားသည့်အခါမှာ ခံရခက်သော နာကျင်မှုဝေဒနာခံရမည်မှာ ဧကန်အမှန်ပါ။ ကမ္ဘာ ၁၇း၇–၁၄ ၌ အာဗြဟံအား ဂတိတော်ပြည်ခါနန်ကို ရရှိပိုင်ဆိုင်ဖို့ သူနှင့်သူ့သားချင်းပေါက်ဘော အားလုံးအရေဖျားလှီခြင်းကို ခံယူရမည်ဟု မိန့်မှာမှုကို ခံခဲ့သည်နည်းတူ ဝိညာဉ်သဘောအရ၊ ကျွန်တော်တို့ ခရစ်ယာန်များအတွက်လည်း စိတ်နှလုံး အရေဖျားလှီခြင်းမယူမချင်းအမွေဂတိတော် လက်ခံရယူနိုင်လိမ့်မည် မဟုတ်ပေ။

၁၉၈၁ ခုနှစ်၌ ကျွန်တော်နယူးဇီလန်မှာ နေထိုင်စဉ် ကောင်းကင်တမန်နှစ်ပါးရောက်လာရာ၊ ခန္ဓာအလွန်ကြီးမားသည့် ကောင်းကင်တမန်တပါးက၊ “အရေဖျားလှီးခြင်း” ဟု စားတန်းထိုးထားသော ဓါးတချောင်းကိုင်ထားသည်။ ဘုရားသခင်က စကားပြောပါသည်။ “ငါက ငါ့လူတွေကို အရေဖျားလှီးဖို့ ကြွလာတာမို့၊ ခေါင်းဆောင်တွေကို အရင်ဦးဆုံးလှီးမှာပါ။ အရေဖျားလှီးမှုခံယူ သူတိုင်းသာ၍ နက်ရှိုင်းသော ဝိညာဉ်ကောင်းကြီးများရလိမ့်မည်။” ထို့နောက် အခြားခန္ဓာသေးသော ကောင်းကင်တမန်၏ တကိုယ်လုံး၌ “အတင်းအကျပ်လုပ်ဆောင်သူ”ဟူသော စာတန်းအပြည့်ရေးထိုးထားသည်။ ၄င်းကို ဘုရားရှင်းပြသည်မှာ “အကယ်၍ ငါ့လူတွေက ငါ့အားသူတို့ကို အရေဖျားလှီးခွင့် မပေးခဲ့ပါက၊ အခြားသော ကောင်းကင်တမန်တပါးကို စေလွှတ်ပြီး၊ ထိုတမန်က ငါ့ဆန္ဒကို အတင်းအကျပ် (သို့) မရမကလုပ်ဆောင်လိမ့်မည်” ဒုတိယကောင်းကင် တမန်ထင်ရှားခြင်းသည် ကျွန်တော်တို့၏ အပြစ်များကို စီရင်မည်ဖြစ်ကြောင်း စိတ်မကောင်းစွာဖြင့် မြင်တွေ့လိုက်ပါသည်။

### ဂတိတော်မြေကို ရယူပိုင်ဆိုင်ခြင်း

ယောရှုထမ်းရွက်ရသော လုပ်ငန်းတာဝန်၏ ရည်ရွယ်ချက်သည် ဣသရေလ လူမျိုးအား ယောဒန်မြစ်ကို ဖြတ်ကျော်ပြီး ဂတိတော်မြေကို စတင်သိမ်းပိုက်ပိုင်ဆိုင်ဖို့ ဖြစ်လေ၏။ ဂတိတော်မြေသို့ ဝင်ရောက်ရန်သည် သန့်ရှင်မှုရှိရမည်။ သို့သော်လည်း ၎င်းမြေကို အမှန်တကယ်ပိုင်ဆိုင်ရန်ဖို့က ထိုဒေသရှိ ရန်သူများအား တိုက်ထုတ်ရန် ဖြစ်သည်။ အကြောင်းရင်းတခုသည် ကျွန်တော်တို့ သန့်ရှင်းခြင်း ပြုမှုနှင့် အသက်တာထဲမှ မှားယွင်းခဲ့သော အရာများကို ဖြတ်ထုတ်ပစ် မှုစသည့်အရာ များ လုပ်ဆောင်သော်လည်း ၎င်းအားဖြင့် ဂတိတော်မြေကို ပိုင်ဆိုင်ရပြီဟု မဆိုလိုပါ။ ၎င်းသည် ပြင်ဆင်မှုပြုခြင်းမျှသာ ဖြစ်၏။ သို့မှသာ ကျွန်တော်တို့သည် ရန်သူရှေ့မှာ မားမားမတ်မတ်တည်ကာ ဆန့်ကျင်တိုက်ခိုက် နိုင်မည်မဟုတ်ပေဘူးလား။

ရန်သူကိုတိုက်ခိုက်ချေမှုန်းနိုင်ဖို့ရန် ဘုရားသခင်သည် ယောရှုအား ဗိုလ်ခြေတို့ ကို အုပ်စိုးသော ဗိုလ်မှူးကဲ့သို့ ထင်ရှားခဲ့၏ (ယောရှု ၅း၁၃–၁၅)။ ယောရှုကဲ့သို့ သော ခေါင်းဆောင်တိုင်းသည် ယေရှုအားဗိုလ်ခြေတို့၏အရှင်၊ ဘုရင်အဖြစ် မြင်တွေ့ကာ ယုံကြည်ကိုးစားရပေမည်။ ဇာခရိ ၄း၆၌ "ဤအမှု သည် ဗိုလ်ခြေ အားဖြင့်မဟုတ် အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏"ဟု ဆိုထားရာ၊ ကျွန်တော် တို့ သိထားရမည်မှာ၊ ၎င်းသည် ရန်သူအား ဘုရားသည် သာလျှင် တိုက်ခိုက်ချေမှုန်း မည်ဖြစ်ကြောင်း ပင်တည်း။ ဘုရား၏ ဘိသိက်ရယူမှသာ၊ နိုင်ငံ၊ ဒေသကို စိုးမိုးထိန်းချုပ်ထားသော ဝိညာဉ်ဆိုး၊ နတ်ဆိုး၏ တန်ခိုးကို ချေမှုန်းပြီး ပျောက်ဆုံး ဝိညာဉ်များကို ရိတ်သိမ်းနိုင်မည်ဖြစ်သည်။

ယေရိခေါတွင် ယောရှု၊ ရင်ဆိုင်ရမည့် ပထမဆုံးသော စစ်ပွဲအတွက် ဘုရားသခင်သည် အစီအစဉ်ရေးဆွဲပေးခဲ့သည်။ ၎င်းအစီအစဉ်အပေါ် မည်သည့်စောဒကမျှမပြုဘဲ တိကျစွာ နာခံလုပ်ဆောင်ခဲ့၏။ သို့သော် ထိုယေရခေါ်၌ သုံးခဲ့သော စစ်တိုက်နည်းဗျူဟာမျိုး နောင်တွင်လုံးဝအသုံးမပြုခဲ့ကြောင်း နားလည်ရပါသည်။ ထိုကဲ့သို့ ဘုရားကိုယ်တိုင်စီမံပေးသော စစ်တိုက်နည်းကို ဒါဝိဒ်မင်းလည်း ကြုံခဲ့၏ (၂ ရာ ၅း၁၈–၂၅)။ အထက်ပါ အဖြစ်အပျက်အားဖြင့် ခေါင်းဆောင်ဟူသည်၊ တိုက်ပွဲတိုင်းအောင်မြင်ဖို့ မိမိအထင်အမြင်ကို ရှေ့တန်းမတင်ဘဲ နိမ်ချလျက်စစ်ပွဲ အတွက် ဘုရားမည်ကဲ့သို့ စီမံပြင်ဆင်ကြောင်း ဦးစွာ မေးမြန်းသင့်ကြောင်း သိရပါသည်။

ယေရိခေါကို တိုက်ယူပြီးသည့်နောက် မြို့ငယ်လေးဖြစ်သော အာဣမြို့သို့

စစ်ချီကြ၏။ ယောရှုထံ လျှောက်ထားသော တပ်မှူး၏ လျှောက်လွှဲချက်မှာ အလွန်အင်မတန်မှ ယုတ္တိဆန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တိုက်ရမည့် မြို့သည် အလွန်သေးငယ်နေသောကြောင့် စစ်အင်အားအလုံးအရင်းနှင့် စစ်ချီရန်မလိုဟု ထင်မြင်ကြ၏။ ၎င်းသည် လူ၏ဉာဏ်ပညာပင်မဟုတ်ပါလော။ ယောရှုအနေဖြင့် ဘုရားထံမှ အကြံအစည်မယူဘဲ တိုက်စေခဲ့သဖြင့် သူ၏ စစ်သည်များ မရှုမလှစစ်ရှုံးခဲ့ကြရသည်။ ထို့အတွက်ကြောင့် ယောရှုသည် ဘုရားရှေ့၌ ပြပ်ဝပ်ကိုးကွယ်ရာ၊ ဣသရေလထဲတွင် အပြစ်ရှိနေကြောင်း ဘုရား ထင်ရှားဖော်ပြခဲ့၏။ အာခန်ဟူသော ပုဂ္ဂိုလ်တဦး၏ အပြစ်ကြောင့် စစ်တပ်တခုလုံး စစ်ရှုံးခြင်းဖြစ်စေခဲ့ခြင်းပင်ဖြစ်သည်။ တပ်စခန်းတွင် ရှိနေသော အပြစ်ကို ဖယ်ရှားရန် အာခန်အား အာခေါ်ချိုင့်၌ ကျောက်ခဲနှင့် ပစ်သတ်ခဲ့ကြ၏။ (ယောရှု ၇း၂၆)။ "အာခေါ်" ၏ အဓိပ္ပါယ်သည် ဟေဗြဲဘာသာစကားအရ၊ "ဒုက္ခပြဿ နာ"ဟူ၍ဖြစ် ကြောင်း ဟောရှေအနာအနာဂတ္တိကျမ်း ၂း၁၅ ၌ "*တော တဘက်၌ စပျစ်ဥယျာဉ်ကို ငှင်း၊ အာခေါ်ချိုင့်၌ မြော်လင့်ရာတံခါးကိုငှင်း ငါပေးမည်*" ဤသို့ဆိုထားပါသည်။ ဤ"ဒုက္ခပြဿနာချိုင့်" ထဲမှာ၊ ဘုရားသည် မြော်လင့်ရာတံခါးတခုထား ရှိလိမ့်မည်ဖြစ်ကြောင်း မိန့်မှာထားသည်။

ဣသရေလတို့သည် စစ်ရှုံးသဖြင့် စိတ်အားငယ်နေချိန် ဘုရားသည် မြော်လင့်ချက်အသစ်ပေးခဲ့သည်။ မိတ်ဆွေတို့သည်လည်း မိမိ၏ ဒုက္ခပြဿနာ ချိုင့်ထဲဖြတ်သန်းကောင်းဖြတ်သန်းနေပါလိမ့်မည်။ ဤသို့ကြုံတွေ့နေရခြင်းသည်၊ မိမိအမှားကြောင့် ဖြစ်နိုင်သလို၊ စစ်ပွဲအတွက် ဘုရား၏ နည်းစနစ်ကို မေးမြန်းခြင်း မရှိဘဲ (သို့) ပတ်ဝန်းကျင်၏ အပြစ်ကြောင်း မိတ်ဆွေအနေဖြင့် ရှေ့သို့ခရီး မဆက်နိုင်ခြင်းစသည်တို့ကြောင့် ဖြစ်နိုင်သည်။ သို့သော် သင်၏ ၎င်းဒုက္ခပြဿနာ ကြားထဲမှာပင်လျှင် မြော်လင့်ခြင်းတံခါးကို ဘုရားဖွင့်ပေးနေပါသည်။ အာခေါ်ချိုင့်ဖြစ်သော ဒုက္ခပြဿနာထဲ၌ သန့်စင်ခြင်းနှင့် နိမ့်ချခြင်းပြုပြီးနောက်မှ၊ ရှေးဦးဣသရေလ နှင့် ယောရှုတို့တွေ့ကြုံခဲ့သည်နည်းတူ သင်သည်လည်းဘဲရန်သူကို ချေမှုန်း တိုက်ခိုက်နိုင်လိမ့်မည်။

ယောရှုမှတ်စာအခန်းကြီး (၉) ၌ မှတ်တမ်းတင်ထားသည့် ယောရှု၏ မှားယွင်းမှုတခုမှာ၊ ဣသရေလတို့သည် ဂိဗောင်အမျိုးသားတို့နှင့် မိတ်သဟာရဖွဲ့ ခဲ့ခြင်းပင် ဖြစ်၏။ ဣသရေလတို့အား ဘုရားမိန့်မှာခဲ့သည်မှာ၊ ဂတိတော်ပြည်၌ ရှိနှင့်သော လူမျိုးအားလုံးကို လုံးဝဖယ်ရှားဖျက်ဆီးဖို့ဖြစ်သော်လည်း ယောရှုအနေဖြင့်

ဘုရားထံ မေးလျှောက်ခြင်းမပြုခဲ့သဖြင့် ဂိဗောင်အမျိုးသားတို့၏ လှည့်ဖျားခြင်းကို ခံခဲ့ကြရ၏။ ကမ္ဘာနိုင်ငံပေါင်းများစွာမှ အဖွဲ့အစည်းများနှင့် သာသနာ လုပ်ငန်းများအား အကူအညီပေးရန်နှင့် ပတ်သက်၍ အထက်ပါ အဖြစ်အပျက်မျိုး ကဲ့သို့ပင် လှည့်ဖျားလိမ်ညာခြင်း ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါကြုံ တွေ့ခဲ့ရပါသည်။

မိတ်ဆွေအနေဖြင့် သိမ်းပိုက်ပိုင်ဆိုင်ရန်အတွက် ဘုရားအလိုရှိသော မြေ၊နိုင်ငံ (သို့) ဒေသအတွင်း နေထိုင်သည့် လူများနှင့် မိတ်ဖွဲ့ခြင်းပြုဖို့ကို သေချာဂရုစိုက်သင့်သည်။ အကယ်၍ ပေါ့ပေါ့တန်တန်သဘောနဲ့ပြုပါက၊ မိတ်ဆွေအဘို့ ဘုရားဂတိပေးခဲ့သည့်အတိုင်း အားလုံးကို ပိုင်ဆိုင်နိုင် လိမ့်မည် မဟုတ်ချေ။ မကြာခဏဆိုသလို အဖွဲ့အစည်းများနှင့် အသင်းတော် များသည် ဂတိတော်မြေကို ခွဲဝေလိုကြသည်။ ၎င်းတို့က ဤနေရာသည် သူတို့၏ ပိုင်နက်ဖြစ် ကြောင်း၊ သို့ဖြစ်၍ သူတို့သည် မိတ်ဆွေအား အခြားနေရာကို သွားပြီးလုပ် ဆောင်ပါဟု ပြောကြပါလိမ်မည်။ သို့မဟုတ် သူတို့အနေဖြင့် မိတ်ဆွေအား သူတို့အဖွဲ့အစည်း ထဲဝင်ခွင့်ပြုပေမဲ့ ရိုးရိုးအေးအေးနဲ့ပဲ ပါဝင်ဖို့ အလိုရှိကောင်း ရှိပါလိမ့်မည်။ အောင်မြင်သူအဖြစ် မြင်လိုကြမည်မဟုတ်ပေ။ သို့သော် အကယ်၍ ဘုရားက မိတ်ဆွေအား နယ်မြေတခုကို ဂတိတော်မြေအဖြစ် ပေးလိုရာ၊ မိတ်ဆွေသည် ၎င်းနယ်မြေရှိ လူများနှင့် မိတ်ဖွဲ့မှုကို ပြုမှားခဲ့ပါက၊ ၎င်းဂတိတော်မြေ ကို သင်ပိုင်ဆိုင်ရမည် မဟုတ်ပါ။

ယောရှုနှင့် ဣသရေလစစ်တပ်တို့သည် ဂတိတော်မြေအများစုကို သိမ်းပိုက် အောင်နိုင်ခဲ့သော်လည်း ရန်သူအားလုံးကို မနှင်ထုတ်ခဲ့ကြသဖြင့် အချို့နယ်မြေ၌သာ သိမ်းယူအခြေချခဲ့ကြသည် (ယောရှု ၁၃း၁ယ ၁၈း၃)။ ဤအရာသည် လူ၏ စိတ်နှလုံးအတွက် မှန်ကန်လှပါသည်။ မြောက်များစွာသော ခရစ်ယာန်များသည် ခရစ်ယာန်အသက်တာ၏ အဆင့်တခုခု၌ ရောက်ရှိကာ၊ ယေရှုနှင့်အတူ အသက်ရှင်လျှက်၊ ၎င်းအဆင့်၌ ရောင့်ရဲနေတတ်လေ့ရှိသည်။ အမှန်မှာ၊ အယောက်တိုင်းအဘို့ ဘုရားခေါ်ထားသည့် အဆင့်သို့ရောက်အောင် ရန်သူအားလုံးကို တိုက်ထုတ်ပြီး တက်လှမ်းသင့်ပါသည်။ ဒါဝိဒ်မင်းသည် အသက်တာတလျှောက်အပြစ်ကင်း ခဲ့သူတယောက်မဟုတ်ခဲ့သော်ငြားလည်း နောက်ပိုင်း၌ အာဗြဟံ၏ သားစဉ် မြေးဆက်အား သူတို့၏ ဂတိတော်အမွေကို ပြည့်စုံစေခဲ့လေ၏။ ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် ဒါဝိဒ်၏ အသက်တာမှ အဓိကသော့ချက်ကို သင်ယူကာ၊ ၎င်းအားအသုံးပြုခြင်းဖြင့် ကျွန်တော်တို့အတွက် ဂတိတော်ကို အပြည့်အဝ

ခံစားရယူသင့်ပါသည်။

### ၃။ ဂတိတော်အမွေကို စုံလင်စွာရယူသော ဒါဝိဒ်

ကျွန်တော်တို့လေ့လာသိရှိချက်အရ၊ ဘုရားထံမှ အာဗြဟံရရှိခဲ့သော ဂတိတော်သည် ထူးခြားသော ဂတိတော်အမွေကို သူနှင့်သူ၏သားစဉ် မြေးဆက်တို့ ရယူဖို့ ဖြစ်၏။ သို့သော် ဟေဗြဲ ၁၁း၁၃၌ ဖော်ပြထားသည်မှာ၊ ဂတိတော်များပြည့်စုံခြင်း မရရှိမီ၊ အာဗြဟံသည် ယုံကြည်ခြင်းစိတ်နှင့် သေလွန်ကြောင်းသိရသည်။ ထို့နောက် ယောရှုသည် ဣသရေလကို ဦးဆောင်ကာ ဂတိတော်မြေကို စတင်ဝင်ရောက်သိမ်းပိုက်ခဲ့သော်လည်း ဘုရား၏လူမျိုးတို့သည် ရန်သူနှင့် အပေးအယူလုပ်ခဲ့ကြသောကြောင့် ဂတိတော်မြေ၏ အစိတ်အပိုင်းအချို့ကိုသာ ပိုင်ဆိုင်ခွင့် ရခဲ့ကြ၏။ ထို့ကြောင့် ဘုရား သခင်ရွေး ကောက်သော ဒါဝိဒ်အားဖြင့် ယောရှုအစ ပြုခဲ့သည့် ဂတိတော်မြေကို အပြည့်အဝသိမ်းယူခဲ့လေသည်။ ဒါဝိဒ်မင်းသည် ဣသရေလအတွက် အာဗြဟံရခဲ့သော ရုပ်ပိုင်းဆိုင်ရာ မြေပထဝီဆိုင်ရာ ဂတိတော် နှင့် ဝိညာဉ်ဆိုင်ရာ ဂတိတော်နှစ်မျိုးစလုံးကို ပြည့်စုံအောင်ခေါ် ဆောင်နိုင်မဲ့သူပင် ဖြစ်လေတော့သည်။

### မြေပထဝီဆိုင်ရာ ဂတိတော်ကိုရယူခဲ့သော ဒါဝိဒ်

အာဗြဟံလက်ခံရရှိထားခဲ့သော ဂတိတော်ကို မြေပထဝီဆိုင်ရာ နယ်နိမိတ် အပြည့်အစုံနှင့် ပတ်ဝန်းကျင်ရှိနယ်မြေ၊ နိုင်ငံများကိုပါ သိမ်းပိုက်ရယူခဲ့သည့် စစ်သည်ဘုရင် ဒါဝိဒ်ပင်ဖြစ်ပါသည်။ ကမ္ဘာ ၁၅း၁၈–၂၁၌ ဘုရားက၊ အာဗြဟံအား ဖော်ပြသော နောက်ဆုံးရန်သူမှာ ယေဗုသိလူမျိုးပင်ဖြစ်သည်။ ၎င်းလူမျိုးတို့သည် ဂတိတော်ပြည်တွင် ဒါဝိဒ်မင်း၏ လက်ထက်တိုင်နေထိုင်ခဲ့သူများဖြစ်၏။ သို့သော်လည်း ဒါဝိဒ်သည် ဤနောက်ဆုံးရန်သူတို့ကို တိုက်ခိုက်ပြီး ဇီအုန်တောင် တွင် ခံတပ်အခိုင်အမာနှင့် ဂျေရုရှလင်ကို မြို့တော်အဖြစ် ပြုလုပ်ခဲ့လေ၏။ ၎င်းဇီအုန် တောင်မှာ ခံတပ်အဖြစ် ခြေကုတ်ယူကာ၊ ဣသရေလနှင့် ပတ်ဝန်း ကျင်နိုင်ငံများအားလုံးအပေါ် အုပ်ချုပ်၊ စိုးမိုးခဲ့သည်။ ထို့ကြောင့် ဒါဝိဒ်သည် ဆာလံကျမ်း ၁၈း၄၃–၄၄ ၌ "လူစုတို့သည် ဆိုင်ပြိုင်တိုက်လှန်ခြင်းမှ အကျွန်ုပ်ကို ကယ်လွှတ်၍၊ တပါးအမျိုးသားတို့၏ အကဲအမှူးအရာ၌ ခန့်ထားတော်မူသော အားဖြင့် အကျွန်ုပ်မသိဘူးသော လူစုသည် အကျွန်ုပ်ထံ၌ ကျွန်ခံပါ၏။ အကျွန်ုပ် စကားသံကိုကြားသည် ခဏခြင်းတွင် နားထောင်ပါ၏။ တပါးအမျိုးသားတို့သည်

အကျွန်ုပ်ကို တောင်းပန်ကြပါ၏”ဟု ပြောခဲ့ပါသည်။ ထိုမျှမက ဆာလံကျမ်း ၂း၈ ၌လည်း ဘုရားထံမှ တိကျသော ဂတိတော် “ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏အမွေဥစ္စာဘို့ ငါပေးမည်။”ကို ရေးထားရာ၊ ၄င်းကို ကျွန်တော်တို့လက်တွေ့ ကျင့်သုံးနိုင်ပါသည်။ ထိုသို့ပြုပါက၊ ဤနောက်ဆုံးသော ကာလ၌၊ လူမျိုးများစွာ တို့ကို ရိတ်သိမ်းရသော ထူးခြားသည့် နိုးထမှုကြီးများဖြစ်မည်မှာ မြေကြီး လက်ခတ်မလွဲပါ။ မိတ်ဆွေနှင့် မိတ်ဆွေ၏ အသင်းတော်အတွက် နယ်မြေဆိုင်ရာ နယ်နိမိတ်သည် အဘယ်အရာများဖြစ်သည်ကို ဘုရားထံတောင် လျှောက်ပါ။ မိမိ၏နေရာ၊ ဒေသနှင့် လူမျိုးသာမဟုတ်ဘဲ အခြားလူမျိုးများကိုပါ ရဖို့တောင်းရ ပါမည်။ အကယ်၍ ကျွန်တော်တို့တခါမှ မရောက်ဖူးသော နိုင်ငံခြားဖြစ်သည့်တိုင်၊ ၄င်းနိုင်ငံတွေနှင့် ၄င်းနိုင်ငံသို့ သာသနာပြု အဖြစ်သွားမည် သူများအတွက် လိုအပ်သော မစခြင်းရရှိဖို့ ဆုတောင်းပေးပါက၊ ကျွန်တော်တို့သည် ဂတိတော်အမွေ ထဲသို့ ဝင်ရောက်နိုင်မည်ပင်တည်း။

## ဝိညာဉ်ဆိုင်ရာ ဂတိတော်ကို ပြည့်စုံစွာရရှိသော ဒါဝိဒ်

ဒါဝိဒ်မင်းသည် ဘုရားသခင်၏ စိတ်နှလုံးကို တို့ထိခဲ့သူ၊ အသက်တာ၌ ဘုရား၏ခေါ်ခြင်းအတွက် ထိရောက်စွာ လုပ်ဆောင်ခဲ့သူဖြစ်ပါသည်။ ဘိသိတ်ခြင်း (၃) မျိုးစလုံးကို အပြည့်အဝတွေ့ကြုံခံစားခဲ့ရ၏။ ပထမဦးဆုံးသော ဘိသိတ်မှာ၊ ဘုရားသခင်၏ ခေါ်ခြင်း (၁ရာ ၁၆း၁၃) ကို ဒါဝိဒ်ရရှိခဲ့ကြောင်း ဖြစ်သည်။ ထိုနည်းတူစွာ ကျွန်တော်တို့သည်လည်း ဘုရား၏ခေါ်ခြင်းအတွက် ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ရန်နှင့် ဝိညာဉ်မျက်စိပွင့်ပါရန် ဘိသိတ်မျိုးရဖို့ လိုအပ်လှပါသည်။

ရှင်ဘုရင်ဖြစ်လာဖို့ သူ၏ခေါ်ခြင်းအတွက် ပြင်ဆင်မှုပြုခြင်းသည် ဒါဝိဒ်၏ ဒုတိယအကြိမ်မြောက်ဘိသိတ်ပင်ဖြစ်၏ (၂ရာ ၂း၄)။ ဤအရာသည် သူ့အားယုဒလူမျိုးအတွက် ရှင်ဘုရင်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဒါဝိဒ်အနေဖြင့် လက်ခံရယူခဲ့သည် တတိယအကြိမ်မြောက်ဘိသိတ်သည်။ ဣသရေလလူမျိုး တခုလုံးအတွက် ရှင်ဘုရင်ဖြစ်လာခြင်းပင်တည်း (၂ ရာ ၅း၃)။ ၄င်းဘိသိက်များ ရယူခဲ့ခြင်းသည် သူ၏ သစ္စာရှိခြင်းကြောင့်ဖြစ်၏။ ဤဘိသိက် (၃) မျိုးသည် ဒါဝိဒ်အား သူ၏အမွေဂတိတော်ထဲသို့ လုံးဝဝင်ရောက်စေသော အခေါ်ခံရခြင်း၊ ရွေးချယ်ခံရခြင်းနှင့် သစ္စာရှိခြင်းစသည်တို့ကြောင့်ပင်ဖြစ်သည် (ဗျာ ၁၇း၁၄)။

ဒါဝိဒ်အနေဖြင့် ခရစ်တော်ယေရှု၏ သာသနာသုံးမျိုးသုံးစားဖြစ်ကြသည့်

ရှင်ဘုရင်၊ ယဇ်ပရောဟိတ်နှင့် ပရောဖက်ကဲ့သို့သော ဘိသိက်မျိုးလက်ခံရရှိခဲ့လေ၏။ သို့ဖြစ်၍ ဒါဝိဒ်သည် ဘုရားသခင်၏ လူမျိုးအား ဤကဲ့သို့သော ဝိညာဉ်ဆိုင်ရာ အမွေဂတိတော်ထဲရပ်တည်စေနိုင်သည့်တိုင် ဦးဆောင်ခဲ့သည်။

ဒါဝိဒ်သည် ပရောဖက်တပါးလည်း ဖြစ်ခဲ့သဖြင့် သူ့နိုင်ငံတော်ထဲမှာ၊ မြောက်များစွာသော ပရောဖက်ပြုခြင်းဆိုင်ရာအငန်းအတာများဖြင့် ကူညီလုပ်ဆောင် ခဲ့၏။ (၆ ရာ ၂၉း၂၅၊ ၅ ရာ ၂၅း၂)။ ဒါဝိဒ်သိရှိခဲ့သော ပရောဖက်ပြုခြင်းဆိုင်ရာ အငန်းအတာကို ကျွန်ုပ်တို့ပြန်လည်ပြုစုဖော်ဆောင်ဖို့လိုအပ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုအငန်းအတာသည် ပြည့်စုံလင်သော အမွေခံခြင်းထဲသို့ ကျွန်ုပ်တို့ကို ပို့ဆောင်ရန် အထောက်အမဖြစ်စေသည်။ ဘုရားသခင်သည် ဤနောက်ဆုံးသော ကာလ၌သူ၏ ဝိညာဉ်တော်ကို သားတွေ၊ သမီးတွေအပေါ် သွန်းလောင်းကာ သူတို့သည် ပရောဖက်ပြုကြလိမ့်မည်ဖြစ်၏။ (ယောလ ၂း၂၈)။

ဒါဝိဒ်သည် ယဇ်ပရောဟိတ်တပါးလည်း ဖြစ်ပါသည်။ ဣသရေလလူမျိုးတို့ ဘုရားသခင်၏ ပဋိညာဉ်သေတ္တာသယ်ဆောင်လာသည့်အခါ၊ ဒါဝိဒ်သည် ယဇ်ပရောဟိတ်ဝတ်လုံဖြစ်သော ပိတ်သင်တိုင်းကို ဝတ်ဆင်ကြောင်း တွေ့ရသည် (၂ ရာ ၆း၁၄)။ ထိုမျှမက၊ ၄င်းပဋိညာဉ်သေတ္တာကို ဇီးအုန်တောင်ရှိတဲတော်တခု၌ ထားရှိကာ၊ နိုင်ငံသားများအား ချီးမွမ်းကိုးကွယ်စေခဲ့၏။ ထိုထက်မက၊ ဘုရားသခင်သည် ဒါဝိဒ်၏ တဲတော်ကို အသင်းတော်သို့ ကူးပြောင်းတည်ထောင် လိုကြောင်း သိရသည် (အာမုတ် ၉း၁၁ နှင့် တမန် ၁၅း၁၄–၁၇)။ ကျွန်တော်တို့ အနေဖြင့် ဤနောက်ဆုံးသောကာလတွင် ယဇ်ပရောဟိတ်ဆိုင်ရာ သာသနာလုပ်ငန်း၏ ပြည့်ဝစုံလင်ခြင်းထဲသို့ ဒါဝိဒ်မင်းလုပ် ဆောင်ခဲ့သည် နည်းတူ ခရစ်ယာန်များကိုလည်း ပါဝင်လုပ်စေဖို့ လိုအပ်သည်။

ဒါဝိဒ်သည် ပရောဖက်၊ ယဇ်ပရောဟိတ်ဖြစ်ရုံမျှသာမက ဘုရင်တစ်ပါးလည်း ဖြစ်ခဲ့၏။ ဣသရေလတို့သည် ပတ်ဝန်းကျင်နိုင်ငံများကို ထိမ်းချုပ်အုပ်စိုးနိုင်သကဲ့သို့ ဒါဝိဒ်သည် ဘုရား၏လူများအား ဘုရင်အာဏာတန်ခိုး၏ အတွေးအခေါ်အောက်သို့ ဆွဲခေါ်နိုင်ခဲ့လေသည်။ ထို့အတူ ယနေ့၊ အသင်းတော်အားသာ၍ ရင့်ကျက်ရာသို့ ဦးဆောင်ရန်မှာ၊ ကျွန်တော်တို့တွေ အာဏာတန်ခိုး၏ ဘိသိက်ခြင်းထဲသို့ ဝင်ရောက်ကာ၊ ခရစ်တော်နှင့်အတူ အုပ်ချုပ်ခြင်းစိုးမိုးခြင်းပြုကြရမည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက၊ ကျွန်တော်နှင့် ဇနီးသည်တို့ အာဖရိကမှာ နေထိုင်ခဲ့စဉ် ရှေးကျသော တိုင်းရင်းမျိုးနွယ်စုတစုအား သင်တန်းပေးခဲ့ပါသည်။ သူတို့တွေကို ဘာအကြောင်းသင်ကြားရမည်အတွက် ဆုတောင်းခဲ့ရာ၊ ဘုရားက

စကားပြောလာသည်မှာ “ငါက ဤနိုင်ငံ၊ လူမျိုးနှင့်ဘာသာစကားအထဲမှ များစွာသော ဘုရင်နှင့် ယဇ်ပုရောဟိတ်ကို ပေါ်ပေါက်စေမည်။ သင်ခါတိုင်းသင် ကြားနေကြနိုင်ငံတော်အကြောင်း သမ္မာတရားကို ဤတိုင်းရင်းမျိုးနွယ် စုအား သင်ပေးပါ။ အဘယ်ကြောင့်လဲဆိုသော ငါကသူတို့အား ထာဝရအုပ်စိုးမည့် ဘုရင်များနှင့် ယဇ်ပုရောဟိတ်များဖြစ်စေမည်”ဟူ၍ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်သည် သူ၏လူမျိုးအားလုံးကို ဂတိတော်အမွေအပြည့်အဝရယူစေ လိုသဖြင့် ခေါ်ဆောင်နေကြောင်းသိရှိရပါသည်။

## ဒါဝိဒ်မင်း၏ လဲပြိုခြင်းနှင့် ပြန်လည်ထူထောင်ခြင်း

ကျွန်တော်အနေဖြင့် ဒါဝိဒ်၏ အသက်တာအကြောင်းအခြား အသွင်လက္ခဏာဖြင့် ဆက်လက်ဖော်ပြလိုပါသည်။ ဒါဝိဒ်သည် ဘုရားကို ကိုးစားရာ၌ နာမည်ကောင်းရှိခဲ့သူဖြစ်ပေမဲ့ တဘက်မှာ၊အပြစ်ထဲ လဲပြိုခဲ့သူလည်းဖြစ်ကြောင်း တွေ့ရသည်။ ဓမ္မရာဇဝင်ပထမစောင်နှင့် ဒုတိယစောင်ထဲ၌ ဒါဝိဒ်၏ အပြစ်သဘာဝကို သရုပ်ဖော်ထားသော်လည်း ရာဇဝင်ချုပ်ပထမစောင်နှင့် ဒုတိယစောင်ထဲ၌မူကား ဖော်ပြထားခြင်း လုံးဝမရှိချေ။ ဤသို့ဖြစ်ရခြင်းသည် ရာဇဝင်ချုပ်စာစောင်အနေနဲ့ ဒါဝိဒ်အား ခရစ်တော်ကဲ့သို့သော အသွင်လက္ခဏာ အဖြစ် ဖော်ဆောင်ခြင်း ဖြစ်သည်။ ဤအချက်ကို ထောက်ခြင်းဖြင့် ရှမွေလသည် ဒါဝိဒ်အား ကျဆင်းသော အပြစ်သဘာဝရှိသူတယောက်ဖြစ်ကြောင်း ဖော်ပြရာဖြစ် ၏။

ဒါဝိဒ်သည် အဘယ့်ကြောင့် ဗေသရှေဗနှင့် မတရားသော မေထုန်ပြုမှုကျူးလွန်ခဲ့သည်ကို ကျွန်တော်တို့ ထည့်စဉ်းစားဖို့ လိုပါသည်။ သူ၌မိဖုရားအများကြီးရှိခဲ့ရာ၊ ၄င်းသည် ရှင်ဘုရင်တိုင်း၏ ဥပဒေချိုးဖောက်ခြင်းပင်ဖြစ်၏ (တရား ၁၇း၁၇)။ ဒုတိယအနေဖြင့် သူသည်စစ်မြေပြင်သို့သွားသင့်သော်လည်း မသွားဘဲ၊ နန်းတော်၌ နေထိုင်ခဲ့လေ၏ (၂ရာ ၁၁း၁)။ အမှန်မှာ၊ ဒါဝိဒ်က စစ်မြေပြင်တွင် စစ်တိုက်တိုင်း ဘုရားသခင်အစဉ် ကွယ်ကာပေးခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူသည်၊ စစ်တိုက်ခြင်း ဥပဒေများကို လိုက်နာစောင့်ထိန်းခဲ့၍ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ သူသည်ဘုရင်တပါးအနေဖြင့် အိမ်ထောင်နှင့် ပတ်သက်၍ စောင့်စည်းရမည့် ဥပဒေကို မစောင့်ထိန်းခဲ့သဖြင့် ၄င်းကိစ္စမှာ မှားယွင်းကျူးလွန်ခဲ့ခြင်းဖြစ်၏။ ကျွန်တော်တို့ နာခံစောင့်ထိန်းသည့် အမှုကိစ္စများတိုင်း၌ ဘုရားသခင်ကွယ်ကာပေးမည်ဖြစ်သော်လည်း စောင့်ထိန်း လိုက်နာခြင်းမရှိသည့် အခြားအမှုကိစ္စများ၌မူကား ဘုရားသခင်ကိုယ်တိုင်ပင် အကာအကွယ်ပေးမည့်

နံရံအကာကို ဖယ်ရှားပစ်မည်ဖြစ် သည် (ဆာ ၈၀း၁၂–၁၃)။

ဘုရားသခင်သည် ကျွန်တော်တို့အား ဒါဝိဒ်ကဲ့သို့သော ပြစ်မှုမျိုးမကျူးလွန်မိဖို့ သတိပေးလိုပါသည်။ ယေရှု၏ ပရောဖက်ပြုချက်စကားတခုမှာ ဒုတိယ အကြိမ်ကြွလာ ချိန်တွင် လူသားများသည် မတရားသော မေထုန်၌ ယဇ်မူးနေကြမည့်အကြောင်း မိန့်မှာထားသည် (မာ ၈း၃၈)။ ဤမိန့်မှာခဲ့သော စကားသည် ယခု၊ နိုင်ငံ၊ လူမျိုးတိုင်းတွင် အကျင့်ပျက်မှု၊ ဖောက်ပြန်မှုနှင့် မတရားမေထုန်ပြုမှုတို့သည် နေရာအနှံ့ဖြစ်လာခဲ့ပါပြီ။

တခါက ကျွန်တော်နိုင်ငံတခုကို ရောက်သွားရာ၊ ရောက်သည့်ညမှာဘဲ ရုပ်ပါရုံတခုရခဲ့ပါသည်။ လက်ဝါးကပ်တိုင်တခုတွင် "ကိုယ်ကျင့်တရားပျက်ပြားခြင်း" ဟူသော စကားလုံးကို တွေ့မြင်ခဲ့ရာ၊ ၎င်းကိုဘုရားသခင်သည် ကျွန်တော်အား ဖော်ပြသည်မှာ၊ ဤနိုင်ငံ၏ မတရားသော မေထုန်အပြစ်ဖြစ်ကြောင်းဖြစ်သည်။ လူများသည် ကယ်တင်ခြင်းရ၍ နှစ်ခြင်းမင်္ဂလာခံယူကာ ဝိညာဉ်တန်ခိုးနှင့်ပြည့်ဝလာသည့်အခါ တနာရာဂစိတ် ပြဿနာများသည် ချက်ချင်းဖြေရှင်းနိုင်ကြ၏။ ဝိညာဉ်နှစ်ခြင်းခံယူပြီးနောက်၊ ၎င်းကာမရာဂစိတ်ကို ခွင့်ပြုလို့မရပါ။ သို့မဟုတ်ပါက၊ မှားယွင်းသော ခံယူချက်မျိုးစုံနှင့် မှားယွင်းသော စိတ်ကူးများတို့သည် ဝင်ရောက် နေရာယူလာပါလိမ့်မည်မှာ သေချာပါသည်။ ဤပြစ်မှုမျိုးနွယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြတ်သားစွာ ဟောပြောရန် ဘုရားက ကျွန်တော့်ကို မှာကြားပါသည်။ အချိန်အတော်ကြာ ဟောပြောမှုများစွာ ပြုလုပ်ပြီးနောက်ပိုင်းမှာ လူထုမြောက် များစွာသည် ဇာတိအသွေးအသား၏ တပ်မက်မှုမှ လွတ်မြောက်ဖို့ ဆက်ကပ်၊ ဆုတောင်းလာကြပါတော့သည်။

ကျွန်တော်တို့ တွေ့ကြုံရင်ဆိုင်ခဲ့သော ပြဿနာမျိုးများယနေ့၊ နိုင်ငံများစွာရှိ အသင်းတော်များရင်ဆိုင်နေကြရပါသည်။ ဤပြဿနာကပ်ဆိုးသည် ငယ်ရွယ်သော ကလေးဘဝမှစ၍ ကမ္ဘာပေါ်ရှိ လူသားတိုင် ရင်ဆိုင်နေရသော အရာပင်ဖြစ်၏။ ၎င်းသည် လုံးဝဖြေရှင်းရမည် ဖြစ်ပါသည်။ ၎င်းကို ဖယ်ရှားဖို့ရန် ငိုကြွေးနေရုံ၊ ဆုတောင်းနေရုံဖြင့်မရနိုင်ပါ။ ကျွန်တော်သိပါသည် တချို့က သူတို့ရင်ဆိုင်နေရသည့် ဤပြဿနာအတွက် မစခြင်းရဖို့ ဆုတောင်းနေသူများရှိကြရာ၊ အဖြေတခုမှ မရကြပါ။ လွတ်မြောက်ခြင်းတိုင်းအတွက် ဘုရား၏ အံ့ဖွယ်လုပ်ဆောင်မှု ရှိရပါမည်။ အပြစ်အတွက် သာမန်စိတ်မကောင်းဖြစ်ခြင်း (သို့) ဝန်ချခြင်းမျိုးဖြင့် မရပါ။ ၎င်းအပြစ်ကို စွန့်ပစ်လိုစိတ်နှင့် စစ်မှန်သော နောင်တစိတ်ဖြင့် ဘုရားထံအပ်နံဖို့ အရေးကြီးပါသည်။

အကယ်၍ ဤကဲ့သို့သော ပြဿနာများ မိတ်ဆွေ၏ အသက်တာ၌ရှိနေပါက၊ ရိုးသားစွာ ဝန်ခံပါ။ မိမိအား ကူညီနိုင်မည့် သူထံသို့သွား၍ သင့်အဖို့ ဆုတောင်းပေးရန် အကူအညီတောင်းပါ။ ဆာလံ (၅၁) ၌ဒါဝိဒ်မင်းပြုခဲ့သကဲ့သို့ ဘုရားသခင်ထံ ဆုတောင်းလိုက်ပါ။ ယ္ခုကျွန်တော့်အနေနဲ့ အာရုံစူးစိုက် လိုသည့် အရာသည် ဒါဝိဒ်ကဲ့သို့သော ပြန်လည်ထူထောင်ခြင်းပဲဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ယနေ့၊ ဤနောက်ဆုံးသော ကာလ၌ ဘုရားသခင်သည်၊ ဝိညာဉ်ရေး၌ ကျဆင်းနေသည့် ခရစ်ယာန်များကို ပြန်လည်ထူထောင်ပြီး သူတို့၏ ခေါ်ခြင်းနှင့် သာသနာလုပ်ငန်းထဲ နိုးကြားတက်ကြွစွာဖြင့် ပါဝင်လုပ်ဆောင်ဖို့ အလိုရှိနေပါသည်။ ဒါဝိဒ်မင်း၏ ပြန်လည်ထူထောင်မှုပြုခဲ့သော အချက်များ အနည်းငယ်ကို ဆင်ခြင်ခြင်းဖြင့် အပြစ်ထဲ ကျဆင်းနစ်မြုပ် နေသူတိုင်းအတွက် လမ်းညွှန်မှုကို ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ပထမအချက် (ဆာ ၅၁း၃) အရ၊ ဒါဝိဒ်မင်းခံယူသကဲ့သို့ အပြစ်ဟူသည် အမှန်တကယ်ရှိနေကြောင်း အသိအမှတ်ပြုရပါမည်။ ဒုတိယအချက် အပြစ်အတွက် ဘုရား၏ တရားစီရင်မှုကို လက်ခံရမည် (ဝတ် ၂၆း၄၁–၄၂၊ ၂ ရာ ၁၂း၁၀–၁၄)။ အပြစ်ဒဏ်စီရင်ခြင်းနှင့် ကြုံဆုံလာသည့်အခါ ဘုရား၏ ပြုပြင်ပေးမှုနှင့် အပြစ်ပေးမှုကို လက်မခံကြသည်သာမက၊ ဘုရား၏ မျက်မှောက်မှ ထွက်သွား တတ်သော ခရစ်ယာန်တွေဒုနှင့်ဒေးပါ။ သို့သော် ဒါဝိဒ်မင်းသည် ထိုသို့မဟုတ် ဘုရားသခင်၏ တရားစီရင်မှု၊ သူ့အသက်တာ၌ ရင်ဆိုင်လာသည့်အခါ ခံယူခဲ့ပါ သည်။ တတိယအချက် အပြစ်ကို စွန့်ပစ်လိုသည့် စိတ်ရှိရပါမည် (ဆာ ၅၁း၇–၁၁)။ ဤသို့ပြုဖို့ရန် “အိုထာဝရဘုရား ကျွန်ုပ်၏ စိတ်နှလုံးကို အသစ်ပြုပြင်ပေးပါ”ဟု စိတ်နှလုံးထဲကနေ ဆုတောင်းသင့်သည်။ ကျွန်တော်တို့၏ စိတ်နှလုံးထဲရှိနေသည့် ညစ်ညူးသော အပြစ်ကို သိမ်းမထားသင့်ပါ။ ၎င်းအား ဘုရားသခင်ထုတ်ပစ်ဖယ်ရှားပေးဖို့ ဆုတောင်းဆက်ကပ်ရပါမည်။ ထို့နောက် စတုတ္ထအချက် ဆာလံကျမ်း ၄၀း၁–၂ ၌ ပါရှိသည့်အတိုင်း၊ ဘုရား၏ ပြန်လည်ထူထောင်ပေးမှု ပြည့်စုံသော ကာလတိုင်အောင် နိမ့်ချစွာဖြင့် ဘုရားကို စောင့်မျှော်တတ်ဖို့လည်း လိုအပ်သည်။

ဒါဝိဒ်မင်း၏ ပြန်လည်ထူထောင်ခြင်းသည် ပြည့်စုံလာပါသည်။ သူသည် ပြန်လည်ရှင်ပြန်ထမြောက်ဖို့ ရွေးချယ်ခံခဲ့သူဖြစ်၍ နှစ်ပေါင်း (၁၀၀၀) ဤကမ္ဘာပေါ်တွင် ခရစ်တော်၏ အုပ်စိုးရာ ကာလ၌ ဣသရေလတို့၏ ဘုရင်ဖြစ်လာပေမည် (ယေရမိ ၃၀း၉၊ ယေဇကျေ ၃၇း၂၄–၂၅၊ ဟောရှေ ၃း၅)။ သူသည်

ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာချိန်၌ ဣသရေလနိုင်ငံကို ပြန်လည်ထူထောင်ဖို့ အရည်အချင်းပြည့်မှီသူဖြစ်လာပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဒါဝိဒ်သည် အပြစ်ကင်းသော ယေသရှေဘ၏ ခင်ပွန်းကိုသတ်ဖြတ်ခြင်းအမှုမှ ခွင့်လွှတ်ခြင်းခံရ၍ ပြန်လည်တူထောင်ခိုင်ခဲ့သူဖြစ်ရာ၊ ဒါဝိဒ်၏ ဤပုံသက်သေသည် အပြစ်ကင်းသော မေရှိယကို ကားတိုင်တင်သတ်ခဲ့၍ ဝမ်းနည်းပူဆွေးနေသော ထိုလူမျိုးတို့အား၊ ဒါဝိဒ်၏ ဖြစ်ရပ်ကို ပြန်လည်ဆင်ခြင်ခြင်းဖြင့် ခွင့်လွှတ်ခြင်းနှင့် ပြန်လည်ထူထောင်နိုင်ခြင်းအခွင့်နှင့် နှစ်သိမ့်ခြင်းကို ပေးစွမ်းနိုင်ပါလိမ့်မည်။ (ဇာခရိ ၁၂း၁၀)

ဒါဝိဒ်၏ အသက်တာကို ဆင်ခြင်ခြင်းဖြင့် ကျွန်တော်တို့ ခွန်အားယူနိုင်ပါသည်။ သူသည် မတရားသော မေထုန်မှုပြုခဲ့သည့်တိုင်၊ အသက်တာကို ပြန်လည်ထူထောင်နိုင်ခဲ့သူဖြစ်ရာ၊ သူသည် ယွန့်နောက်ဆုံးသောကာလ၌ရှိ အသင်းတော်၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများထဲသို့ ဝင်ရောက်မည့် သူများအတွက် ပုံဆောင်မှုတခုပင် ဖြစ်လေ၏။ ဘုရားသခင်သည် များစွာသော သူတို့၏ ခေါ်ခြင်းနှင့် သသနာလုပ်ငန်းပြည့်စုံဖို့ ပြန်လည်ထူထောင်ပေးပါလိမ့်မည်။ မိတ်ဆွေက ဘုရားရှေ့၌ ပြစ်မှားကျူးလွန်ခဲ့ငြားလည်း ဘုရားက၊ မိတ်ဆွေအား ပြန်လည်ထူထောင်ပေးနိုင်ပါသည်။ ဤစာမှုကို ဖတ်နေသူအချို့အား ဘုရားစကားပြောနေသည်မှာ၊ မိတ်ဆွေအား ဘုရားသည် မကျရှုံးစေလိုပါ။ မိတ်ဆွေအား အမှုတော်ထဲပြန်လည် အသုံးပြုလိုပါသည်။ ဘုရား၏ လက်တော်သည် မိတ်ဆွေနှင့် မိတ်ဆွေ၏ ခေါ်ခြင်းအပေါ်မှာရှိနေသဖြင့် ဒါဝိဒ်ကိုပင်လျှင် ထူထောင်ပေးခဲ့သော ဘုရားသည် မိတ်ဆွေကိုလည်း ထို့အတူ ပြုပေလိမ့်မည်။ ဘုရားသည် မိတ်ဆွေ၏ အပြစ်အားလုံးကို ဆေးကြော ပေးလိုပါသည်။ အကယ်၍ မိတ်ဆွေအနေဖြင့် ဘုရားအားအခွင့် ပေးခဲ့ပါက၊ မိတ်ဆွေကို ပြန်လည်ထူထောင်ပြီး ချစ်မည်ပင် မဟုတ်လား။ ဘုရားမျက်မှောက်၌ မိတ်ဆွေ၏ ဘဝကို ဆက်ကပ်အပ်နှံပါက၊ ဘုရားသည် မိတ်ဆွေအား အသစ်ပြုပြင်ကာ၊ အမှုတော်ထဲ တဖန်အံ့သြဖွယ် အသုံးပြုပါလိမ့်မည်။ မိတ်ဆွေသည် နိုးထမှုထဲ လှုပ်ရှားလျက် ဤနောက်ဆုံးကာလ၏ ရိတ်သိမ်းမှုထဲ အစိတ်အပိုင်းတခုအဖြင့် ပါဝင်နိုင်ပါသည်။

ဒါဝိဒ်၊ ယောရှုနှင့် အာဗြဟံတို့၏ အသက်တာကို လေ့လာခြင်းအားဖြင့် နိုးထမှုအတွက် ပြင်ဆင်နိုင်သလို ခရစ်တော်၌ရှိသော အမွေဂတိတော်အပြည့်အစုံကို ရယူနိုင်ပါသည်။ ပထမဦးစွာ၊ အာဗြဟံကဲ့သို့ပင် ကျွန်တော်/မတို့သည်၊ ဘုရားထံမှ ကောင်းမြတ်သော ဂတိတော်ဆိုင်ရာ ရူပါရုံကို လက်ခံရရှိထားသူများဖြစ်ကြရမည်။ ဤအရာသည်၊ မြေပထဝီဆိုင်ရာနှင့် ဝိညာဉ်ရေးဆိုင်ရာ အမွေဂတိတော်များ

ပါဝင်သည်။ ထို့အတူ ကျွန်တော်တို့သည် ယောရှုကဲ့သို့ ဘုရား၏ ဂတိတော်မြေကို စတင်ဝင်ရောက်သိမ်းပိုက် ပိုင်ဆိုင်သော ယေရှု၏ စစ်သားကောင်းများဖြစ်ဖို့ လိုအပ်လှ၏။ နောက်ဆုံးအနေနဲ့၊ ကျွန်တော်/မတို့သည် လူမျိုးတော်အား ဂတိတော်ပြည်သို့ ခေါ်ဆောင်ကာ၊ စုလင်ခြင်းအဖြစ်သို့တိုင် ဦးဆောင်နိုင်ခဲ့သော ဒါဝိဒ်ကဲ့သို့ ဘုရား၏ အလိုကိုလိုက်သည့် ဘုရားလူများဖြစ်ဖို့ အရေးကြီးပါသည်။ ထို့ကြောင့် အမှုတော်ထဲပါဝင်ရာ၌ သေးငယ်သည့် လုပ်ငန်းနှင့်သာ တင်းတိမ် ရောင့်ရဲနေသူများ မဟုတ်ဘဲ၊ ဘုရား၏ မစခြင်းဖြင့်သာ၍ ကြီးမားသော သာသနာ လုပ်ငန်းကို လုပ်ဆောင်လိုသူများဖြစ်ကြပါစေ။

## အခန်း (၆)

## ဗိမာန်တော်တည်ဆောက်ခြင်း

သမိုင်းမှတ်တမ်းအရ၊ ဘီစီ ၅၃၆ တွင် ဂျေရုရှလင်၌ ဗိမာန်တော်ကို စတင်တည်ဆောက်ခဲ့ရာ ဘီစီ ၅၁၆ကျမှ အပြီးသတ်နိုင်ခဲ့ကြောင်း သိရသည်။ ဤအရာသည် အသင်းတော် (၄င်းသည်၊ ယခုဘုရားသခင်၏ ဗိမာန်တော်)အတွက် ဝိညာဉ်ရေးဆိုင်ရာ အရေးကြီးသော အချက်ပင်တည်း။ ၁ ကော ၁၀း၁၁ အရ၊ ဣသရေလတို့၌ ဖြစ်ပျက်ကြုံတွေ့ခဲ့သမျှသော အရာများသည် ကျွန်တော်တို့ ခရစ်ယာန်များအတွက် လမ်းညွှန်မှုဖြစ်ကြောင်း သတိပေးနေပါသည်။

### ဖမ်းဆီးချုပ်နှောင်ခြင်း၏ ရည်ရွယ်ချက်

မူလအစကတည်းက အဲဂုတ္တုပြည်၌ မောရှေလက်ထက်တွင် ဘုရားသခင်၏ အံ့ဖွယ်သော တန်ခိုးတော်များကို ဣသရေလလူမျိုးများ မြင်တွေ့ခံစား သိရှိခဲ့ပြီး ဖြစ်သည်။ ထိုမျှမက၊ ရှောလမုန်မင်းလက်ထက်တွင် ဗိမာန်တော်ထဲဖြည့်ခဲ့သော ဘုရား၏ ဘုန်းတော်ကိုလည်း သိရှိခဲ့ကြ၏။ သို့သော် သူတို့သည် ဘုရားသခင်အနေဖြင့် သူတို့အား ဖမ်းချုပ်၍ တရားစီရင်မှုပြုရသည့်တိုင်၊ ဝိညာဉ်ရေး၌ ကျဆင်းလာကာ အခြားဘုရားကို ကိုးကွယ်စပြုလာခဲ့ကြသည်။ ထိုသူတို့ကဲ့သို့ပင် အသင်းတော်သည် ရင်ဆိုင်ကြုံတွေ့လာခဲ့ကြရ၏။ ဣသရေလ လူမျိုးတို့လိုပင် အသင်းတော်သည်လည်း ကနဦး၌ရရှိခဲ့သော တန်ခိုးများ တဖြည်းဖြည်းလျော့ရဲပျောက်ဆုံးလာခဲ့ရသည်။

ဖမ်းဆီးချုပ်နှောင်မှုသည် ကုလားရေလလူမျိုးအား သန့်စင်ဖို့ မရှိမဖြစ်လိုအပ် သော အရာပင်မဟုတ်လော။ အစပိုင်း၌ရှိခဲ့သော ကနဦးချစ်ခြင်း လျော့သွားခြင်း၊ ဘုရား၏ ပညတ်တော်များကို မစောင့်ထိန်းတော့ခြင်းနှင့် တမျိုးသားလုံး၌ ရုပ်တုများနှင့်သာ ပြည့်နက်စေခဲ့ကြသည်။ တရားဟောရာကျမ်း ၂၈း၄၇ ၌၊ ဘုရားသခင်က သူတို့အား သတိပေးခဲ့သည်မှာ၊ အကယ်၍ သူတို့တွေသည် ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းဖြင့် ဘုရားအား အစေမခံခဲ့ပါက၊ ဘုရားသည် သူတို့အား ဖမ်းဆီးချုပ်နှောင်ခြင်းထဲသို့ စေလွှတ်ကာ ကျွန်ခံစေမည့်အကြောင်း ဖြစ်သည်။ ဤအရာသည် ဗျာဒိတ်ကျမ်း ၂း၅ ၌၊ ခရစ်တော်သည် ဧဖက်အသင်းတော်အား *"သင်သည် ရှေးဦးစွာသော ချစ်ခြင်းမေတ္တာလျော့ပြီ၊ နောင်တမရလျှင်၊ သင်၏မီးခွက်ကို နေရာမှ ရွှေ့မည်"* ဟူသော မိန့်မှာချက်နှင့် ဆင်တူနေပါသည်။ ဘုရားသခင်သည် သူနှင့်ကျွန်တော်တို့ ယုံကြည်သူသားသမီး များအကြား၌ ရှိစေလိုသည့် မိတ်သဟာယသည် သတို့သားနှင့် သတို့သမီးတို့ အကြားရှိသော မေတ္တာမျိုးဖြင့် ဆက်နွယ်စေလိုကြောင်း မမေ့အပ်ချေ။ ဤဆက်နွယ်မှု (သို့) မိတ်သဟာယသည်၊ ချစ်ခြင်းနှင့် ဝမ်းမြောက်မှုတို့၏ ဆက်ဆံမှုဖြစ်သင့်သည်။ အကယ်၍ ဘုရား၌ ဝမ်းမြောက်ခြင်းနှင့် ခရစ်တော်ကို ချစ်သည့်ကနဦးမေတ္တာ လျော့နည်းသွားပါက၊ ကျွန်တော်တို့၏ ဝိညာဉ်ရေးရာမှာ သေမည်ပင် မဟုတ်ပါလော။

ကုလားရေလတို့၏ ဖမ်းဆီးချုပ်နှောင်ခြင်းသည် သူတို့၏ ကောင်းကင်ဘုံမှ သတို့သားနှင့် သူတို့အကြားရှိ ချစ်ခြင်းမေတ္တာကို ပြန်လည်တည်ဆောက်ဖို့ မရှိမဖြစ်သော အရာဖြစ်သည်။ ဘုရားသည် သူ့လူမျိုးတော်အား ကျွန်ဘဝသို့ ပို့ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ၊ သူတို့ကို ကူညီမစဖို့နှင့် ပြုပြင်ဖို့သာ ဖြစ်ကြောင်းနားလည်ရသည်။ ကျွန်ဘဝထဲသို့ ရောက်ရှိနေသူများ ဘဝနှင့် အဖြစ်အပျက်သည် စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ဤအဖြစ်အပျက်ကို ကုလားရေလလူအားလုံးခံစားခဲ့ရသည်မဟုတ်ပါ။ ကုလားရေလ အချို့သည် ဗာဗုလုန်သို့ ကျွန်အဖြစ် သိမ်းပိုက်ခံရပြီး၊ ကျန်အချို့မှာ သိမ်းပိုက်မခံခဲ့ရပေ။ ဤသို့ဖြင့် သူတို့သည် အဖွဲ့နှစ်ဖွဲ့အဖြစ် ကွဲသွားခဲ့လေ၏။ မိတ်ဆွေအနေဖြင့် "ဘုရားစကားနားထောင်သူ ကုလားရေလလူအချို့သည် ကျွန်အဖြစ် သိမ်းပိုက်မခံရသည်မှာ သေချာသည်"ဟု ပြောကောင်းပြောမိလိမ့်မည်။

သို့သော် ထိုသို့မဟုတ်ပါ၊ ဆန့်ကျင်ဘက်သာဖြစ်၏။ အမှန်မှာ၊ ဘုရားစကားနားထောင်ကာ၊ အသက်ရှင်သူများသည်သာလျှင် ကျွန်အဖြစ် သိမ်းပိုက်ခေါ်ဆောင်ခံရခြင်းဖြစ်၍ သူတို့၏ ချစ်ခြင်းကို ပိုမိုပြုပြင်သန့်စင်ခြင်းခံရသလို၊ ဘုရား၏

မျက်မှောက်နှင့် အနီးဆုံးသို့ ခေါ်သွင်းခံရကြ၏။ ဘုရားသခင်သည် ကျွန်အဖြစ်ခေါ်ဆောင်ခြင်းခံရသူများကို "ကောင်းသော သဘော်သဖန်းသီး" ကဲ့သို့ ညွှန်းဆိုပြီး ပြည်တော်၌ ကျန်ရစ်သူများကိုကား "အလွန်ညံ့သော သဖန်းသီး" ကဲ့သို့ ညွှန်းထားကြောင်း (ယေရ ၂၄း၅–၈) ၌ ဖော်ပြပါရှိသည်။ ကျန်ရစ်သူများ၏ အသက်တာ၌ ဘုရားသည် လုံးဝလုပ်မလုပ်တော့ချေ။ မကြာခဏဆိုသလို ကျွန်တော်တို့တွေး ထင်မိသည်မှာ၊ အကယ်၍ ဘုရားကို နာခံလျှောက်လိုက်လျှောက်ပါက၊ အခက်အခဲနှင့် ကြုံဆုံလာသည့်အခါ၊ မည်သည့် ဒုက္ခမျှခံစားရမည်မဟုတ်ပါဟူ၍ ဖြစ်၏။ အမှန်မှာ၊ အကယ်၍ ကျွန်တော်တို့သည် ဘုရားကို နာခံလိုက်လျှောက်သည့်အခါ၊ မကြာခဏပဲ ဒုက္ခဝေဒနာခံခြင်း၏ သင်တန်းကျောင်းထဲရောက်၊ ရောက်သွား တတ်စမြဲ မဟုတ်ပါလား။ ဤကဲ့သို့ ဖြစ်ရခြင်းသည် ဘုရားသခင်အနေဖြင့် ကျွန်တော်တို့၏ အသက်တာ၌ ချစ်ခြင်းကို စစ်ဆေးဖို့နှင့် သူ၏ ဖြောင့်မတ်ခြင်းဖြင့် လုပ်ဆောင်တတ်ဖို့ အလိုရှိခြင်းကြောင့် ဖြစ်၏။ အကောင်းဆုံးသော ဥပမာသည် အလွန်နာကျင်ဖွယ်ဝေဒနာခံစားရသော ယောဘပေတည်း။ ယေဇကျေလ ၁၄း၁၄ ၌ ဖော်ပြချက်အရ၊ ယောဘသည် ဓမ္မဟောင်းမှ အဖြောင့်မတ်ဆုံး ပုဂ္ဂိုလ် (၃) ဦးထဲက တပါးဖြစ်ကြောင်း သိရသည်။

ဣသရေလလူတို့ ကျွန်ဘဝထဲသို့ ရောက်ရှိသွားခြင်း၏ ရည်ရွယ်ချက်သည် သူတို့တွေ ကျူးလွန်ခဲ့သော ဒုစရိုက်အပြစ်များမှ လွတ်မြောက်ခြင်းနှင့် သူတို့၏ ဗီဇအပြစ်မှ သန့်ရှင်းစင်ကြယ်စေခြင်းရယူဖို့ ဖြစ်သည်။ *သာဓက တခုအနေဖြင့်၊ စပျစ်ရည်ကောင်းရဖို့ အလို၌ ခွက်တခုမှ အခြားတခုသို့ ကြိမ်ပေါင်းများစွာ လောင်းထည့်ခြင်းဖြင့် ခွက်၏အောက်ခြေမှာရှိသော အနယ် (သို့) အဖတ်များကို ဖယ်ရှားရပါသည်။* ယေရမိ ၄၈း၁၁ ၌ ရေးထားသည်မှာ၊ မောဘအမျိုးသားတို့သည် ရောနှောမှုအပြည့်နှင့် မိမိတို့ကိုယ်မိမိကျေနပ်သူများဖြစ်လာကြ၏။ "*မောဘသည် အိုးတလုံးမှတလုံးသို့ မပြောင်း၊ တကျွန်းတနိုင်ငံသို့ ယူသွားခြင်းကိုမခံ၊ ငယ်သောအရွယ်မှစ၍ ငြိမ်လျက်၊ မိမိအဖတ်အနည်ပေါ်၌ နေရာကျလျက်ရှိသော ကြောင့် မိမိအရသာသည် တည်နေ၏။ မွှေးသောအနံ့လည်းမပျက်*" ဟု ဆိုထားပါသည်။ အပြစ်သားသည် ဘုရားထံသို့ ပြောင်းလဲခြင်းမရှိပါက၊ ၄င်းပုဂ္ဂိုလ်သည် မိုက်မဲသူပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဗီဇအပြစ်သဘာဝကို မရှင်းလင်းပစ်ဘဲ မွေးမြူထားပါက၊ တဖြည်းဖြည်းနဲ့ တိုးပွားကြီးထွားလာပြီး၊ဆိုးသော အနံ့ ထုတ်လုပ်မည်သာ ဖြစ်၏။ ထိုကြောင့် ထိုသူတို့၏ အမျက်ဒေါသ (သို့)

မနာလိုဝန်တိုမှု (သို့) မုန်းတီးမှုစသည်တို့သည် တနေ့တခြားပို၍ တန်ခိုးကြီး လာပေလိမ့်မည်မှာ အမှန်ပင်၊ သို့ဖြစ်၍ ၎င်းအပြစ်သဘာဝကို ဘုရားထံအပ်နှံရန် အလွန်အရေးကြီးပါသည်။ အပ်နှံသည့် အခါ၊ ဘုရားက ကျွန်တော်တို့အား ပြုပြင်ပေးပါမည်။ ဤသို့ဖြင့်၊ ကျွန်တော်တို့ သည် ဒုက္ခများ၊ ဝေဒနာများနှင့် ကျွန်ဘဝထဲမှာ သန့်စင်ခြင်း ခံယူဖြတ်သန်းကာ အရည်အချင်း ပြည့်မှီ သူများဖြစ် လာကြမည်။

## ကျွန်ဘဝမှ ထွက်ခွာခြင်း

ကျွန်ဘဝရောက် ဣသရေလတို့သည် နှစ်ပေါင်း (၇၀) နောက်ပိုင်း လွတ်မြောက်လာကာ၊ ယေရုရှလင်သို့ ပြန်လာ၍ ဗိမာန်တော်ကို ပြန်လည် တည်ဆောက်မည့်အကြောင်း ယေရမိ၏ နှုတ်မှတဆင့် ဘုရားက ကြေငြာခဲ့ သည်။ ရှောလမုန်မင်းက အရာခပ်သိမ်းသောအမှုအတွက် အချိန်ဟူ၍ ရှိကြောင်း ပြောထားသည်။ ကျွန်ဘဝသို့ ရောက်သွားရသော အချိန်နှင့် ပြန်လည်လွတ်မြောက် လာရသော အချိန်ရှိသည့်အကြောင်း ယေရမိက၊ ယေရမိ အခန်းကြီး (၂၇–၂၈) နှင့် (၂၉း၁၀–၁၄) တို့တွင် ပရောဖက်ပြုခဲ့ပါသည်။ *ထို့အတွက်ကြောင့် ကျွန်တော်တို့သည် ၅ ရာ ၁၂း၃၂ ၌ ပါရှိသော ဣသခါများကဲ့သို့ဖြစ်ရန်အတွက် အလွန်အရေးကြီးရခြင်းဖြစ်ကြောင်း နားလည်းရသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့တွေသည် ဣသရေလ တို့အနေဖြင့် ဘယ်အချိန်မှာ၊ ဘာလုပ်သင့်သည်ကို သဘော ပေါက်ကြ၏။*

ကျမ်းစာထဲ၌ ဖော်ပြထားချက်အရ၊ ဘုရားသခင်သည် ဣသရေလတို့အား နှစ်ပေါင်း (၇၀) ကျော်သည့်အခါ ပြန်လည်ကယ်တင်လွတ်မြောက် စေမည်ဖြစ် ကြောင်း ကြေငြာထားခဲ့သော်လည်း အများစုသည် ဗာဗုလုန်၌သာ ဆက်လက် ကျွန်ခံနေရစ်ဖို့ ရွေးချယ်ခဲ့ကြ၏။ ၎င်းသည် စိတ်ဝင်စားစရာတခုပင် မဟုတ်ပါလား။ ဘုရားသခင်သည် သူတစုံတခုသောအမှုကို ပြုတော့မည့်အချိန်ကို ရှင်းလင်းစွာ ကြေငြာခြင်းနှင့် သူ၏ပရောဖက်များထံ ထင်ရှားခြင်းပြုလေ့ရှိပါသည် (အာမုတ် ၃း၇)။ ထိုမျှမက၊ ဘုရားသခင်သည် သူ၏ဆန္ဒနှင့် ဘယ်အချိန်တွင် ကယ်၏နတ်မည့်အကြောင်း ရှင်းလင်းစွာ ဖော်ပြကြေငြာပေးသည့်တိုင်အောင်၊ ဤသို့ပြုခြင်းသည်၊ သူတို့၏ စိတ်ကို နှိုးဆော်ပေးခြင်းဖြစ်သော်လည်း အချို့တို့သည်

ဗာဗုလုန်၌ ကျန်ရစ်ခဲ့ကြသေး၏ (ဇေရ ၁း၅)။ ဇေရအခန်းကြီး (၂) ၌လူနည်းစုများသာ ဘုရား၏ နှိုးဆော်ချက်အရ နေရင်း၌ါနေသို့ ပြန်လာခဲ့ကြ ကြောင်း ဖော်ပြပါရှိသည်။

ကျန်သည်မှာ၊ စစ်မှန်သော နိုးထမှုများနှင့် အရာခပ်သိမ်းသည် ဘုရားသခင်ပြုသော အမှုဖြစ်သည်ဟု နားလည်ရပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့ တဦးချင်းအပေါ် မည်သည့်အမှုပြုမည်ကို အသိပေးလျှက်ရှိသည်။ ယခုအခါ၊ ဘုရားသခင်သည် ကမ္ဘာတလွှားသို့ နိုးထမှုများဖြစ်မည့်အကြောင်း အသိပေးနေပါသည်။ သို့သော် ၄င်းနိုးထမှုထဲ ရောက်သော လူတွေသာ ဝင်ရောက် ခံစားရမည်ကို တွေးယူမိပါသည်။ ဘုရားသခင်၏ နိုးဆော်မှုခံရသော စိတ်နှလုံးများသည်သာလျှင် ပြင်ဆင်ခြင်းရှိကြပါလိမ့်မည်။ ကျွန်တော်တို့အနေဖြင့် ထိုင်နေကာ "ဘာတွေဖြစ်လာမည်ကို စောင့်ကြည့်မည်" ဟု ပြောဆိုယုံဖြင့် မရနိုင်ပါ။ အကယ်၍ ကျွန်တော်အနေဖြင့် စောင့်ကြည့်နေရုံပြုပါက၊ ဘာတွေဖြစ်လာမည်ကိုသာ စောင့်ကြည့်နေခဲ့ကြသည် ဗာဗုလုန်၌ ကျန်ရစ်ခဲ့သော ဣသရေလလူအချို့နှင့်တူနေပါလိမ့်မည်။ သူတို့သည် ၎ါနေသို့ ပြန်သွားသော သူများအား ကြည့်ရင်းကျန်ရစ်ခဲ့ကြခြင်းဖြစ်သည်။ တကယ်တော့ ဤသို့မဖြစ်သင့်ချေ။ ဘုရားပြောသည့် အရာကို ကျွန်တော်တို့က နားထောင်ကာ လုပ်ဆောင်ဖို့ လိုအပ်ပါသည်။ ယခု၊ ဘုရားက "နိုးထမှုနှင့် ပြန်လည်ထူထောင်မှုတို့သည် ဖြစ်နေပြီ" ဖြစ်ကြောင်း ပြောသည့်အခါ၊ ကျွန်တော်တို့သည်၊ "အို၊ ဘုရားရှင် ကိုယ်တော်ကို ကျွန်တော်မျိုးရှာပါ၏။ ကျွန်တော်မျိုး၏ စိတ်နှလုံးကို လှုံ့ဆော်ပေးတော်မူပါ။ သို့မှသာ ကိုယ်တော်ပြုမည့် အမှုအတွက် ကျွန်တော်မျိုးလက်ခံရယူ ခံစားဖို့ ပြင်ဆင်ပါလိမ့်မည်"ဟု ဝန်ခံသင့်ပါသည်။

**ယဇ်ပလ္လင်နှင့် အခြေခံအုပ်မြစ်များပြန်လည်တည်ဆောက်ခြင်း**

ဘုရားသခင်၏ ဗိမာန်တော်တည်ဆောက်ဖို့နှင့် နိုးထမှုအပြည့်အဝခံစားဖို့ရန် အဆင့်များ စွာကို ကျော်ဖြတ်ရမည်ဖြစ်ပါသည်။ ဇေရ ၃း၁–၆ ၌၊ ဣသရေလတို့သည် သူတို့၏ ၎ါနေသို့ ပြန်လာသည့်အခါ၊ ပထမဦးဆုံးလုပ် ဆောင်သော အရာမှာ၊ ယဇ်ပလ္လင်ကို ပြန်လည်တည်ဆောက်ခြင်းဖြစ်၏။ ထိုကဲ့သို့ပင် ကျွန်တော်သည်လည်း ဘုရားသခင်က သာသနာအတွက် (သို့) အသက်တာ တည်ဆောက်ဖို့ ခေါ်သည့်အခါ ဦးစွာယဇ်ပလ္လင်တည်ရပါမည်။ ကျွန်တော်တို့သည် လောကသဘာ ဝဆိုင်ရာကို မတည်ဆောက်မီ ပထမဦးဆုံး ဝတ်ပြုခြင်းနှင့် ဝိညာဉ်ရေးဆိုင်ရာကို တည်ဆောက်ဖို့

လိုပါသည်။ အဘယ့်ကြောင့် ဝတ်ပြုခြင်းပြုရပါသနည်း။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ဝတ်ပြုကိုးကွယ် သည့်အခါ၊ ဘုရားသခင်သည် သူ့မျက်မှောက်တော်ကို စေလွှတ်ပါသည်။ ဝတ်ပြုကိုးကွယ်မှု အားဖြင့် ဘုရားသခင်သည် ကျွန်တော်တို့အား သူ၏ ဘုန်းတော် ကျိန်းဝပ်လို့ရမည့် ဝိညာဉ်ဆိုင်ရာ ဗိမာန်အဖြစ်တည်ဆောက်ပြုပြင်ပါမည် မဟုတ်လော။

ကျွန်ဘဝမှ လွတ်မြောက်လာသော ဣသရေလတို့အနေဖြင့် ဒုတိယဦးစားပေး လုပ်ဆောင်သည့်အရာမှာ၊ ဗိမာန်တော်အတွက် အုတ်မြစ်ချခြင်းဖြစ် ၏ (ဧဇရ ၃း၇–၁၃)။ ဝိညာဉ်ဆိုင်ရာ လုပ်ဆောင်မှုအတွက် အုတ်မြစ်ချသည့်အခါ၊ ကျွန်တော်တို့သည် အဓိက အချက် (၂)ခုကို သိရှိနားလည်ထားဖို့လိုပါသည်။ ပထမအနေဖြင့် ကျွန်တော်နှင့် အသင်းသူ/သားများ၏ စိတ်နှလုံး၌ မှန်ကန်သော ခံယူချက်များကို အုတ်မြစ်ချထားဖို့ ဖြစ်သည်။ ဤအုတ်မြစ်မျိုးကို ဟေဗြဲ ၆း၁–၂ ၌ ကျွန်တော်တို့အတွက် ရေးထား၏။ ဒုတိယအနေဖြင့် ကျွန်တော်တို့တွင် ခိုင်ခံ့သော ကျောက်ပေါ်တည်သည့် အုတ်မြစ်ဖြစ်ရပါမည်။ ခိုင်ခံ့သော ကျောက်ပေါ် တည်သည့် အုတ်မြစ်ကို ရင့်ကျက်သော အမှုတော်ဆောင်များအား ပြောထား ကြောင်း ဘုရား၏ နှုတ်ကပတ်တော်က ရှင်းလင်းစွာ ဖော်ပြပါသည်။ ဘုန်းတော်နှင့် ပြည့်သော ဗိမာန်တော်ကို ဝိညာဉ်ဆိုင်ရာ နုနယ်သေးသော ယုံကြည်သူ အုတ်မြစ်ပေါ်တွင် တည်ဆောက်၍မရပါ။ ရင့်ကျက်သော ယုံကြည်သူများ အပေါ်၌သာ ဆောက်လို့ရသည်။ ဧဖက် ၂း၂၀ အရ၊ ခရစ်တော်သည် သန့်ရှင်းသောဗိမာန်တော် (အသင်းတော်)၏ အထွဋ်အထိပ် ကျောက်ဖြစ် ကြောင်း ဖော်ပြထားသည်။ ဤကျမ်းပိုဒ်က ဆက်လက်၍ ဗိမာန်ဆိုသည်မှာ အုတ်မြစ်တည်း ဟူသော တမန်တော်များ ပရောဖက်များနှင့် ရင့်ကျက်သော အမှုတော်ဆောင်များ ဖြစ်ကြောင်း ဖော်ပြနေပါသည်။ ထို့ကြောင့် နေရာသစ်များသို့ ဘုရားသခင်၏ အမှုတော်ကို ထင်ရှားစေသည့် ကျောက်အုတ်မြစ်များဖြစ်ကြသော ရင့်ကျက်သည့် အမှုတော်ဆောင်များအား စေလွှတ်ရပါမည်။ ဤကဲ့သို့သော ရင့်ကျက်သည် အမှုတော်ဆောင်များကို ရရှိဖို့ အချိန်များစွာ ယူရမည်ဖြစ်သည်။ ၄င်းကဲ့သို့သော အမှုဆောင်များသည် ဒုက္ခများနှင့် ကျွန်ဘဝထဲမှာ နှစ်ပေါင်းများစွာ ဖြတ်သန်း လာပြီးမှ ကြီးမားသော ဝိညာဉ်ဆိုင်ရာ ကျောက်အုတ်မြစ်အဖြစ် ရောက်ရှိ ပါကြောင်း စိတ်ဝင်စားစရာတခုပင်မဟုတ်ပါလား။

ခိုင်မာသော အုတ်မြစ်တည်ဆောက်ဖို့ ဘုရားအသုံးပြုခဲ့သော ထူးခြားသည့် ခေါင်းဆောင်အနည်းငယ်ကို ဆင်ခြင်ကြည့်ပါက၊ ယောသပ်သည် သင်ခန်းစာယူသင့်

သော ပုဂ္ဂိုလ်တဦးပင်ဖြစ်၏။ ထိုသူသည် ဣသရေလတို့ နှစ်ပေါင်း (၄၀၀) ကျော် အဲဂုတ္တုမှာ နေထိုင်ခဲ့ကာ တိုးပွားများပြားခြင်းဖြင့် အုတ်မြစ်တည်ခဲ့သူဖြစ်၏။ သူဖြတ်သန်းခါသော အစောပိုင်းအသက်တာကို ပြန်ကြည့်မည်ဆိုပါက၊ သူသည်ညီအစ်ကိုများ၏ ငြင်းပယ်ခြင်း၊ ကျွန်အဖြစ်ရောင်းစားခံရခြင်း၊ စုံစမ်းခြင်း၊ မတရားစွပ်စွဲခြင်းနှင့် နောက်ပိုင်းနှစ်ပေါင်းအတော်များများကြာ မမှန်မကန်စွပ်စွဲမှုဖြင့် ထောင်ချခံခဲ့ရပါသည်။ သို့သော် မည်သို့သော အုတ်မြစ်ကျောက်မျိုးထွက်ပေါ်လာပါသနည်း။ ယောသပ်ချခဲ့သော အုတ်မြစ်၊ ၄င်းသည် ဣသရေလတို့အား မောရှေ့မတိုင်မီထိ ခေါ်ဆောင်ခဲ့ခြင်းဖြစ်၏။

မောရှေ၏ အစောပိုင်းအသက်တာကို ပြန်ကြည့်သည်အခါမှာလည်း ဖါရောမင်း၏ မိသားစုဝင်အဖြစ် နှစ်ပေါင်း (၄၀) နှင့် သဲကန္တာရတောထဲ နှစ်ပေါင်း (၄၀) ဖြတ်သန်းခဲ့ကြောင်း သိရပါသည်။ မောရှေချခဲ့သော အုတ်မြစ်သည် အဘယ်သို့နည်း။ သူချခဲ့သော အခြေခံအုတ်မြစ်သည်၊ လူသားအားလုံးအတွက် ဥပဒေများဖြစ်သည်။ သူ၏ သင်ကြားခြင်းသည်၊ မည်သည့် အကျိုးများရစေခဲ့ပါနည်း။ ယနေ့အသင်းတော်သည်ပင်လျှင် မောရှေ့၏ သင်ကြားခြင်းအပေါ်မှာ အခြေခံကာ တည်ဆောက်မှုပြုနေရပါသည်။ ၄င်းသည် အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အား ပဋိညာဉ်သစ်ပေးထားပြီး ဖြစ်ရာ၌ဘုရားသခင်၏ ဥပဒေသများ (၄င်းသည် ရှေးဦးစွာ မောရှေအားပေးခဲ့)ကို ရရှိဖို့ရန် ကျွန်တော်တို့၏ စိတ်နှလုံးအသားထဲ ရေးထားခြင်းကို ဆိုလိုပါသည်။ မောရှေ၏ အခြေခံဆိုင်ရာ သင်ကြားခြင်းသည် နှစ်ပေါင်း (၃၅၀၀) ကြာညောင်းခဲ့ပြီဖြစ်သော်လည်း၊ ၄င်းသည်လာမည့် နှစ်ပေါင်း (၁၀၀၀)ကာလတိုင်အောင် ပို့ဆောင်ဖို့ ကျွန်တော်တို့အား အထောက်အကူပေး နေလျှက်ရှိပါသည်။

ဒါဝိဒ်မင်းသည်လည်း အခြေခံအုတ်မြစ်များချခဲ့ရာ၊ ၄င်းသည် နှစ်ပေါင်း (၁၀၀၀) ခရစ်တော်မြေကြီးပေါ်မှာ အုပ်စိုးမည့်အချိန်ထိတိုင်အောင် ဆက်ပြီးအကျုံးဝင် သွားမည်ဖြစ်သည်။ သူသည် ဣသရေလတို့၏ နိုင်ငံအတွက် အခြေခံအုတ်မြစ်ချသွားခဲ့သည့်သာမက သူ၏နိုင်ငံတော်နှင့် အိမ်တော်တို့သည် နှစ်ပေါင်း (၁၀၀၀) ကာလထိတိုင် မြဲမြံသွားမည်ဖြစ်၏ (ဆာ ၈၉း၃-၄)။ ဒါဝိဒ်မင်းသည်လည်းဘဲ မောရှေကဲ့သို့ သဲကန္တာရတောထဲမှာ၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဒုက္ခဘေး အန္တရာယ်များစွာကို ရင်ဆိုင်ခြင်းဖြင့် ပြင်ဆင်မှုရယူခဲ့လေ၏။ အကယ်၍ ကျွန်တော်တို့သည် ဝိညာဉ်ရေးရာ ဗိမာန်မြင့်တင်ဖို့၊ ဘုရားချစ်ခြင်းခံရဖို့၊ ရွေးချယ်ခြင်း ခံရသော သူဖြစ်ပါက၊ ဘုရား၏ ပုံသွင်းခြင်းလုံးဝခံယူရမည်။ သို့မှသာ

ဖိအားများ၊ စုံစမ်းခြင်းများ ကြုံဆုံလာသည့်အခါ၊ ပြိုလဲမည်မဟုတ်ဘဲ မားမားမတ်မတ်ရှိ နေပေမည်။

## ရူပါရုံအတွက် တည်ဆောက်ခြင်း

ဣသရေလတို့ ဗိမာန်တော်အတွက် အုတ်မြစ်စတင်ချသည့် အချိန်မှစပြီး သူတို့ကို ဒုက္ခပေးမည့်ရန်သူများပေါ်လာပါသည်။ ၎င်းရန်သူများသည် ဗိမာန်တော်တည်ဆောက်လိုသော တစ်ဆူတည်းသော ဘုရားကို ကိုးကွယ်ပါသည်ဟု ကြွေးကြော်သူများဖြစ်ကြသည် (ဧဇရ ၄း၁–၂)။ သို့စေကာမူ၊ ၎င်းတို့သည် ဣသရေလလူမျိုးစစ်မဟုတ်သောကြောင့် ဗိမာန်တော်ဆောက်ရာ၌ ကူညီမည်ဆိုသည်မှာ အရည်အချင်းမရှိနိုင်ချေ။ ဇေရုဗဗေလ၊ ယောရှုနှင့် အခြားသော ဣသရေလဆွေကြီးမျိုးကြီးတို့က *"ငါတို့၏ ဘုရားသခင်အဖို့ ဗိမာန်တော်တည်ခြင်းအမှုကို၊သင်တို့သည် ငါတို့နှင့် ဝိုင်း၍မလုပ်ရ"* (ဧဇရ ၄း၃)ဟု ပြောခဲ့ကြ၏။ အကြိမ်ပေါင်းများစွာ ကြုံတတ်သည့်အရာမှာ၊ မိတ်ဆွေအား ဆန့်ကျင်လိုသော သူက၊ မိတ်ဆွေအား ဝိုင်းဝန်းကူညီလိုသော သူဖြစ်တတ်ရာ၊ ထိုသူသည် အရည်အချင်းမရှိပါ။ ကျွန်တော်တို့နှင့်အတူ လုပ်ဆောင်ဖို့မှာ ရည်ရွယ်ချက်နှင့် ရူပါရုံချင်းတူညီချက်စသည့် အရည်အချင်းများရှိသူသာ ဖြစ်သင့်ပါသည်။ ဤအရာသည် အလွန်အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် မိတ်ဆွေအနေဖြင့် တည်ဆောက်နေသည်ဟုဆိုရာ၌ အမှန်မှာ၊ ရူပါရုံကို တည်ဆောက်နေခြင်းပင် မဟုတ်လော။

ဤနိယာမတရားကို လောကလူတွေတောင်မှ အသိအမှတ်ပြုပါသည်။ အဘယ့်ကြောင့် အချို့သော စီးပွားရေးများက အောင်မြင်နေပြီး၊ အချို့က ဆုံးရှုံးနေရကြောင်း ဤနိယာမတရားများကို စုံစမ်းမေးမြန်းလျက်ရှိကြပါသည်။ [illegible] ဟူသော စုံစမ်းမေးမြန်းခြင်းအဖွဲ့က၊ မြောက်များစွာသော အခွန့်ရှည်သည့် ကမ္ဘာ့ကြီးများကို မေးမြန်းကြည့်ရာ၊ အောင်မြင်သော ကမ္ဘာ့ကြီးများသည်၊ သူတို့၏ မူလရူပါရုံ (သို့) ရည်ရွယ်ချက်ကို မပျောက်မပျက်စေဘဲ ဆက်လက်ထိန်းသိမ်းလာခြင်းကြောင့်ဖြစ်ကြောင်း အဖြေတွေ့ရှိခဲ့ကြသည်။ "ရူပါရုံပျောက်ပါက၊ ကမ္ဘာ့လည်း ပျောက်သွားတာပါဘဲ"ဟု [illegible]အဖွဲ့က ဆိုပါသည်။ ဤအမှန်တရားသည် လူမျိုးတိုင်း၊ နိုင်ငံတိုင်းအတွက် ဖြစ်နိုင်သည်။ ရူပါရုံပျောက် သွားသော နိုင်ငံသည် ဒုက္ခဆင်းရဲဘေးနှင့် ကြုံတွေ့ရမည်မှာ မလွဲမသွေပင်တည်း။ ဤအဖြစ်အပျက်မျိုးကို ဣသရေလလူတို့ထံမှ ကျွန်တော်တို့ သိရှိနိုင်ပါသည်။

ကျွန်တော်ဘဝမှာ အဖွဲ့အစည်းပေါင်းများစွာနှင့် လက်တွဲလုပ်ဆောင်ခဲ့ဖူးရာ၊ အောင်မြင်မှုမရသော အဖွဲ့အစည်းများ၏ ဆုံးရှုံးရခြင်းအကြောင်းရင်းသည်။ ရူပါရုံပျောက်ဆုံးသွားသဖြင့်ဖြစ်ကြောင်း တွေ့ခဲ့ရသည်။ ထိုသူတို့သည် ရူပါရုံမရှိသော လူတွေနှင့် စတင်ပူးပေါင်းလာသဖြင့် ရောနှောခြင်း မျိုးဖြစ်လာ၍ မူလရူပါရုံစတင်ပျောက်လာပါတော့သည်။ အဖွဲ့အစည်းသည် လွတ်လပ်မှုအတွက် တခါးဖွင့်ထားသဖြင့် အဖွဲ့သားတိုင်း သူတို့၏ ကိုယ်ပိုင်အတွေးအခေါ်များကို ထပ်မံထည့်သွင်းလာကြမည်ဖြစ်သည်။ ထို့အတွက်ကြောင့် အကယ်၍ ဘုရားသခင်က၊ ကျွန်တော်တို့အား ပေးအပ်လာသော လုပ်ငန်းတာဝန်ကို ပြီးစီးအောင် လုပ်ဆောင်မည်ဆိုပါက၊ ရူပါရုံမရှိသော လူတွေနဲ့ ပူးပေါင်း၊ ရောနှောခြင်းမပြုမိဖို့ အထူးဂရုပြုရပါမည်။

ကျွန်တော်တို့၏ သက်တာနှင့် သာသနာလုပ်ငန်းအတွက် ဘုရားပေးထားသော ရူပါရုံကို တသွေမတိမ်းဆက်လက်ထိန်းသိမ်းလိုက်နာပါမှ၊ အောင်မြင်မှုကို ရနိုင်ပါမည်။ မိတ်ဆွေသည် သာသနာလုပ်ငန်း၌ ပါဝင်သည့်အခါ (သို့) ဘုရားက တစုံတခုသော တာဝန်ကို လုပ်စေသည့်အခါ၊ ၎င်းအတွက် ဘုရားပေးထားသော ရူပါရုံကို အသေအချာနားလည်သဘောပေါက်ဖို့ အရေးကြီးသည်။ မိတ်ဆွေ၏ အောင်မြင်မှုသည်၊ ရူပါရုံကို ဆုတ်ကိုင်ထားခြင်းနှင့် မြဲမြံစွာ ရပ်တည်နေခြင်းတို့အပေါ် လုံးဝမူတည်နေပါသည်။ ထိုအတွက်ကြောင့်ဘဲ ဘုရားက မောရှေအား *"တောင်ပေါ်မှာ သင့်အားပြခဲ့ပြီးသော ပုံနှင့် ညီလျော်စွာ လုပ်ခြင်းငှါ သတိပြုရမည်"*(ထွက် ၂၅း၄၀) ဤသို့မှာ ကြားခဲ့၏

ကျွန်တော်သည် အမှုတော်ထဲမှာ နှစ်ပေါင်း (၅၀) ကျော်ပါဝင်လုပ်ဆောင်ခဲ့ရာ၊ ဖြတ်သန်းလာခဲ့သည့် အတိတ်ဘဝတလျှောက်ကို ပြန်လှည့်ကြည့်တော့၊ မူလအစမှာ၊ ဘုရားပေးထားခဲ့သော ရူပါရုံကို ဘုရားကဘဲ ဆက်လက်ထိန်းသိမ်းပေးသည်သာမက ၎င်းအား တိုးပွားစေခဲ့သည်ကို မြင်တွေ့ခဲ့ရပါသည်။ ကျွန်တော်လည်း ရထားသည့် ရူပါရုံကို ဘယ်တော့မှ မစွန့်ပစ်ခဲ့ပါ။ ၎င်းရူပါရုံက နိုးထမှုထဲခေါ်ဆောင်နေသလို ဖိအုန်သို့ဆက်သွားဖို့လည်း သယ်ဆောင်ခြင်းဖြစ်သည်။

## ပြန်လည်တည်ဆောက်ခြင်း၏ အတားအဆီး

ရန်သူများကြောင့် ဣသရေလခေါင်းဆောင်များ၏ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်း အမှုဆောင်ရွက်နေခြင်းမှ ရှင်ဘုရင်ဥပဒေကို အသုံးပြုပြီး

တားဆီးပိတ်ပင်ခြင်း ခံခဲ့ကြရ၏ (ဧဇရ ၄း၆–၂၃)။ ဘုရားပေးခဲ့သော ရူပါရုံနှင့် လုပ်ဆောင်မှုပျောက်ဆုံးရသဖြင့်၊ ၎င်း၏ရလဒ်သည် ဗိမာန်တော် တည်ဆောက်ခြင်းကို ရပ်လိုက်ခဲ့ရခြင်းပင်တည်း။ ထိုအခါ၊ ဣသရေလတို့၏ စိတ်အတွင်း ခံစားချက်များထွက်ပေါ်လာခဲ့သည်မှာ "ထာဝရဘုရား၏ အိမ်တော်ကိုတည်ဆောက်ရသော အချိန်မရောက်သေး (ဟဂ္ဂဲ ၁း၂)ဟူ၍" ဖြစ်၏။

ကျွန်တော်တို့အပေါ် ဆန့်ကျင်ဘက်ပြုခြင်း စတင်နောက်ယှက်လာသည်နှင့်အမျှ စိတ်ဓာတ်ကျခြင်း၊ ထိုအနှောက်အယှက်များသည် ဘုရားလက်ထဲမှာ ရှိသကဲ့သို့ ခံယူကာ၊ လုပ်ငန်း ကို ရပ်ပစ်လိုက်ကြတော့သည်။ ပြီးတော့ "လုပ်ငန်းက အဆင်မချောဘူး၊ ဘုရားရဲ့ အချိန်မကျသေးဘူးဆိုတာ အသိသာကြီးပါဘဲ"ဟု ပြောတတ်ကြသည်။ ၎င်းကို အလွန်ဝိညာဉ်ရေးဆန်သည်ဟု ခံယူနိုင်သည်။ ပြဿနာတခုပေါ်လာသည့်အခါ၊ အကယ်၍ ကျွန်တော်တို့သည် ဤလုပ်ငန်းလုပ်ဖို့ ဘုရား၏အချိန်မရောက်သေးဘူးဟု ဆိုခဲ့ပါက၊ ၎င်းလုပ်ငန်းကို မလုပ်ဖြစ်ရခြင်း၏ ဆင်ခြေပေးမှုများတို့သည် နေထိုင်၊ အခြေကျလာနိုင်ပါသည်။ ထိုအခါ ကျွန်တော်တို့သည်လည်း ဣသရေလတို့ကဲ့သို့ဘဲ *"ငါတို့၏ ကိုယ်ပိုင်အိမ်ကို ဆောက်ရမည်"* (သို့) ယောဟန် ၂၁း၃ ၌ ရှင်ပေတရုက *"အကျွန်ုပ်သည် ငါးဖမ်းသွားမည်"*ဟု ပြောခဲ့ကြသလိုမျိုး ပြောမိကြမည်မှာ ဧကန်မုချပင်။ ဤသို့ဖြင့် ကျွန်တော်တို့သည် ဝိညာဉ်တော်၏ လုပ်ဆောင်မှုများပျောက်ပျက်သွားပြီး နဂိုမယုံကြည်သူဘဝအသက်တာမျိုးထဲ ပြန်ရောက်သွားနိုင်ပါသည်။

ဣသရေလတို့သည် ဘုရား၏ ဗိမာန်တော်ဆောက်ခြင်းအမှုကို (၁၆) နှစ်ကြာ ရပ်တန့်ခဲ့ကြရာ၊ ဘုရားက သူတို့ကို လှုံ့ဆော်ကာ၊ သစ်လွင်စေသည့် အထိပင်ဖြစ်၏။ ဘုရားသခင်သည် ပရောဖက်များဖြစ်ကြသော ဟဂ္ဂဲနှင့် ဇာခရိတို့ကို အသုံးပြုကာ အောက်ပါသတင်းစကားမျိုးပေးစေပြီး ဣသရေလတို့အား နိုးဆော်ခဲ့၏။ *"အချင်းလူတို့၊ သင်တို့သည် အမိုးနှစ်ထပ်နှင့် ပြည့်စုံသော အိမ်၌နေချိန်ရှိ လျှက်ပင်၊ အိမ်တော်ပျက်လျှက် နေရမည်လော။ ကိုယ်ကျင့်သော အကျင့်တို့ကို ဆင်ခြင်ကြလော့"* (ဟဂ္ဂဲ ၁း၄–၅)။ ဣသရေလလူထုနှင့် ခေါင်းဆောင်များကို ပရောဖက်များစတင်လှုံ့ဆော်ပေးသည့်အခါ၊ သူတို့တွေသည် နိုးထပြီ ဘုရား၏ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ကြပါတော့သည်။

**ယောရှုနှင့်စာတန်**

ခေါင်းဆောင်မှုနှင့် စပ်လျဉ်း၍ အရေးကြီးသော သော့ချက်အချို့ ဟဂ္ဂဲနှင့် ဇာခရိတို့ ဟောပြောခဲ့ကြသည်။ ဇာခရိအနာဂတ္တိကျမ်း အခန်းကြီး (၃) ၌ ယောရှုနှင့် စပ်ဆိုင်သော ပရောဖက်ပြုချက်များကို တွေ့ရသည်။ ထိုကာလ၌ ယောရှုသည် ဣသရေလတို့၏ မြင့်မြတ်သော ယဇပရောဟိတ်တပါးပင်ဖြစ်ခဲ့သည်။ စာတန်သည် ယောရှုအား ဆန့်ကျင်ပြစ်တင်ဝေဖန်ဖို့ ရှိနေခဲ့၏။ ခေါင်းဆောင်များအနေဖြင့် ဝေဖန်စွပ်စွဲခြင်းမျိုးစုံနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဤအရာသည် ရှောင်လွဲမရသော အရာပင်တည်း။ ဤအဖြစ်မျိုးသည် အထူးသဖြင့် ဘုရားသခင်၏ လုပ်ငန်းကို စတင်လုပ်ဆောင်သည့်အခါ မျိုး (သို့) ဘုရား၏အသစ်သော လှုပ်ရှားမှုစတင်ဖို့ အဆင်သင့်အနေအထားမျိုးများတွင် ဖြစ်လေ့ရှိတတ်သည်။

ကျွန်တော်အနေဖြင့် ဤကဲ့သို့သော စွပ်စွဲခြင်းများနှင့် ဝေဖန်ပြစ်တင်ခြင်းများကို မည်သို့ ကိုင်တွယ်ဖြေရှင်းကြမည်နည်း။ ၎င်းတို့ကို သည်းခံစိတ်ရှည်စွာဖြင့် ဖြေရှင်းရပါမည်။ ဤကဲ့သို့သော စိတ်စွဲခြင်းမျိုးများကို ကျွန်တော်တို့၏ စိတ်ရင်းထဲသို့ မသွင်းသင့်ပေ။ သွင်းမိစေပါက၊ ၎င်းသည် ကျွန်တော်တို့အား ခါးသီးခြင်း၊ မိမိကိုယ်ကိုယ်ကို ဖြောင့်မတ်ခြင်းနှင့် ခွင့်မလွှတ်ခြင်းစသည်တို့ကို ဖြစ်ပေါ်လာစေမည် အမှန်ပင်ဖြစ်၏။ အထက်ဖော်ပြပါ ပြဿနာမျိုးရင်ဆိုင်လာပါက ယောသပ်ပြုခဲ့သည့်အလား ဘုရားထံမှ ကျေးဇူး၊ ခွင့်လွှတ်ခြင်းနှင့် မေ့ပစ်ခြင်းတို့ရရှိဖို့ တောင်းလျှောက်ရပါသည်။ စာတန်သည် ကျွန်တော်တို့ကို ရှေ့တိုးလို့မရအောင် ဆီးတားနေသည်ဟု အာရုံစူးစိုက်နေခြင်းသည် ကျွန်တော်တို့အတွက် အန္တရာယ်တခုပင်ဖြစ်၏။ ဤအဖြစ်အပျက်မျိုးကို သမ္မတဂျင်မီကာတာ(ရ်)၏ လက်ထက်၌ အမေရိကန်နိုင်ငံကြုံတွေ့ခဲ့ရပါသည်။ သမ္မတအနေဖြင့် အီရန်က အမေရိကန်ဓားစာခံအယောက် (၅၀) အား ရက်ပေါင်း (၄၀၀) တိုင်တိုင် ဖမ်းဆီးထားခြင်းအပေါ် အာရုံစိုက်လွန်းအားကြီးနေချိန် မိမိနိုင်ငံကို ဒုက္ခကြုံတွေ့စေခဲ့သည်။ ခေါင်းဆောင်တယောက်အနေဖြင့် ရန်သူအပေါ်လိုသည်ထက် အားရုံစိုက်မှုသည် မဖြစ်သင့်ချေ။ ရင်ဆိုင်လာရမည့် အခြေအနေအတွက် မိမိအစွမ်းအစဖြင့် ဖယ်ရှားဖို့ ရှာဖွေလိုသဖြင့် အာရုံစူးစိုက်ခြင်းမျိုးမလုပ်သင့်ပေ။ ခေါင်းဆောင်အတွက် လုပ်သင့် သည်မှာ၊ ဘုရားပေးထားသော ရူပါရုံကိုပြီးစီးဖို့ အလို့ငှါသာ အာရုံစူးစိုက် သွားသင့်ပါသည်။

ခေါင်းဆောင်သည် ဇာခရိအခန်းကြီး (၃) ၌ ဖော်ပြထားသည့် ယောရှုလိုမြင့်မြတ်သော ယဇ်ပရောဟိတ်အရာအတွက် သန့်ရှင်းစင်ကြယ်စေခြင်းမျိုး လက်ခံရယူဖို့ ဘုရားထံ ဆက်ကပ်အပ်နှံရပေမည်။ ယောရှုသည် အသစ်သော

ဝတ်လုံများလက်ခံရရှိကြောင်း လေ့လာသိရှိရပါသည်။ လုပ်ငန်းသစ်လုပ်ဆောင်ဖို့ ယောရှုသည် အသစ်သော ဘိသိတ်ခြင်းခံယူခဲ့လေ၏။ ထို့အတူပင် ကျွန်တော်တို့သည်လည်း ဘုရားအတွက် လုပ်ငန်းသစ်လုပ်ဆောင်ဖို့ရန် အသစ်သော ဘိသိက်ခြင်းနှင့် ဝတ်လုံရှိအပ်သည်။ ဤအရာတွေ အားလုံးပြီးသည့် နောက်မှ ကျောက်ချထားမှုတခုကို ယောရှုရခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ကျောက်ချထားမှုရှိဖို့ အလွန်အရေးကြီးပါသည်။ သို့မှသာလုပ်ငန်းကို ဖြောင့်ဖြူးတည်ကြည်စွာ ကျွန်တော်တို့ လုပ်ဆောင်”နိုင်မည်။ လုပ်ငန်းသစ်တခုချင်းအတွက် ဘုရားသခင်၏ အကြံအစဉ်များကို သိရှိပါမှ၊ ဘုရားသခင်၏ အလိုတော်အရ၊ တည်ဆောက်လုပ်ဆောင်တတ်မည်ပင်တည်း။

## ဇေရုဗဗေနှင့် အတားအဆီးများ

ဇာခရိအနာဂတ္တိကျမ်းအခန်းကြီး (၄)၌ ပါရှိသော ပရောဖက်ပြုချက်များသည် ဗာဗုလုန်ကျွန်ဘဝမှ လွတ်မြောက်လာသော ဣသရေလလူမျိုးကို အုပ်ချုပ်သည့် ခေါင်းဆောင်ဇေရုဗဗေနှင့် ပတ်သက်သည့် အကြောင်းအရာဖြစ်သည်။ ဇေရုဗဗေအနေဖြင့် ဘုရားသခင်၏ လုပ်ငန်းကို မည်သို့ပြီးမြောက်အောင် လုပ်ဖို့နားလည်သဘောပေါက်ပါရန် လိုအပ်ခဲ့သည်။ သူ့အား ဘုရားသခင်က “အမှုသည် ဗိုလ်ခြေအားဖြင့် မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်”(ဇာခရိ ၄း၆) ဟု မိန့်မှာခဲ့လေ၏။ ဤအရာသည် သူရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာကို ပြုံချဖို့ရန် ဘုရားသခင်ပေးသည့် ဘိသိတ်ပင်တည်း။ ၎င်းပြဿနာကြီးသည် ဏနမျငညေ ဖြင့် ဘုရင့်ဥပဒေကို အသုံးပြုကာ၊ ဂျူးလူမျိုးတို့၏ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို တန်ခိုးအာဏာနှင့် ပိတ်ပင်တားဆီးခြင်းဖြစ်ပါသည်။ မိတ်ဆွေသည် ဘုရားအတွက် အမှုတော်လုပ်ငန်း လုပ်ဆောင်ရာ၌ ရန်သူက ဆီးတားပိတ်ပင်ခြင်းပြုရန် တခါတရံအစိုးရ ဥပဒေများကိုပင် အသုံးပြုပြီးကာ ဆန့်ကျင်တိုက်ခိုက်မှုမျိုး ခံရကောင်ခံရပါလိမ့်မည်။ ၎င်းအခြေအနေ မှာ အာဏာ (သို့) ငွေ (သို့) သင်ဘက်တွင် လူအင်အားများစွာ သုံးစေကာမူ အောင်နိုင်လိမ့်မည်မဟုတ်ပါ။ မိတ်ဆွေ၏ ကိုယ်ပိုင်အစွမ်းတန်ခိုး (သို့) ညဏ်အားဖြင့် မတည်ဆောက်နိုင်ပါ။ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ဖို့ နည်းလမ်းသည် ဘိသိတ်ခြင်းပင် မဟုတ်လော။ ဤဘိသိတ်မျိုး ရရှိထားပါက၊ အမြင့်ဆုံးသော ပိတ်ပင်တားဆီးမှုတောင်ကြီးသည် ဘုရား၏ ကျေးဇူးအားဖြင့် မိတ်ဆွေရှေ့မှာပင် ပြိုလဲသွားပါလိမ့်မည်။

ဇဖက် ဖ၆း၁၂ အရ၊ ကျွန်တော်တို့သည် အသွေးအသားရှိသော ရန်သူနှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်ဘဲ၊ အထွဋ်အမြတ်၊ အာဏာစက်ရှိသော မိုးကောင်းကင်၌ နေသည့် နတ်ဆိုးတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြခြင်းဖြစ်ကြောင်း သိထားရပါမည်။ ဘုရားသခင်၏ ဝိညာဉ်တန်ခိုး၏ ဘိသိတ်ခြင်းအားဖြင့် ရန်သူ၏ တန်ခိုးကို ချိုးဖျက်ရမည်ဖြစ်သလို ဝိညာဉ်နယ်ပယ်မှ ကျွန်တော်တို့၏ တိုက်ပွဲများကိုလည်း အောင်မြင်ရပါမည်။ နယူဇီလန်မှရှိသည့် ကျွန်တော်တို့၏ သူငယ်ချင်းတယောက်သည် အသင်းတော်တခု၏ သင်းအုပ်ဆရာဖြစ်လာခဲ့ရာ သူ့အသင်းတော်သည် နှစ် (၁၅) တိုင်ရှိလာသော်လည်း အသင်းသူ/သား ဦးရေ (၁၅၀) ထက်မကျော်နိုင်ဖြစ်ခဲ့သည်။ တခါတလေ အသင်းသား (၁၅၀) ယောက်ထိ တက်လာပေမဲ့ ပြန်ပြီးတော့ အယောက် (၃၀) ထိလျော့ကျသွားတတ်၏။ တက်လိုက်၊ ကျလိုက်ဖြစ်နေခဲ့သည်ဟုဆိုသော်လည်း အယောက် (၁၅၀) ထက် တော့ဘယ်အခါမျှမကျော်ခဲ့ချေ။ ထို့အတွက်ကြောင့်မို့ ၄င်းသင်းအုပ်ဆရာသည် ဘုရားကိုဆုတောင်းသည့်အခါ၊ ဘုရားက "မနက်တိုင်း (၆) နာရီမှာ ဘုရားကျောင်းသို့လာပြီး ဆုတောင်းပါ"ဟု ပြောခဲ့၏ သင်းအုပ်ဆရာလည်း ဘုရားပြောသည့် ဆုတောင်းခဲ့ရာ၊ ဆုတောင်းနေချိန်ရူပါရုံတခုကို ရရှိခဲ့၏။ ၄င်းရူပါရုံ၌ ဘုရားသည် မြို့ကိုကြီးစိုးနေသော မကောင်းဆိုးဝါး၊ ဝိညာဉ်ဆိုးကြီးကို ဖော်ပြခဲ့ရာ၊ ၄င်းဝိညာဉ်ဆိုးကြီးက အသင်းတော်တိုးတက်ကြီးထွားမလာအောင် ထိန်းချုပ် သူဖြစ်ကြောင်း ဆက်လက်ဖွင့်ပြပေးခဲ့သည်။ သင်းအုပ်ဆရာက မနက်တိုင်း ဆက်လက် ဆုတောင်းလာခဲ့ရာ၊ အသင်းသူ/သား အချို့လည်း ဆရာနှင့်အတူ လာရောက်ဆုတောင်းလာကြသည်မှာ၊ နောက်ပိုင်းအသင် သူ/သားအများစုပင် ပါဝင်လာခဲ့ကြ၏။ ၄င်းဆရာနှင့် အသင်းသူ/သားများ ပုံမှန်ဆက်လက် ဆုတောင်းကြသည့်အခါ၊ ဘုရားသခင်သည် သင်းအုပ်ဆရာအား ရူပါရုံတခု ထပ်ပေးခဲ့၏။ ၄င်းရူပါရုံ၌ ဝိညာဉ်ဆိုးကြီးများသည် အလွန်မြင့်သော လေဟာနယ်ကောင်းကင်ပေါ်ရပ်နေခြင်းမရှိတော့ဘဲ တချို့တဝက်သည်သာလျှင် မြေကြီးအထက်နားအမြင့်တွင် ကျန်ရှိနေကြောင်း တွေ့ရ၏။ ထိုအသင်းတော်က ဆက်ပြီးဆုတောင်းခဲ့ကြရာ၊ အသင်းသားတယောက်အိမ်မက် တခုထပ်ရသည်မှာ၊ စာတန်၏ ဦးခေါင်းကိုသာ မြင်မက်ခဲ့သည်။ ဖွဲမလျော့ဘဲ သူတို့တွေ ဆက်ဆုတောင်းသဖြင့် နတ်ဆိုးကို လုံးလုံးနှင်ထုတ်ဖယ်ရှားနိုင်ပြီးသည့်နောက် နိုးထမှုကြီးဖြစ်ခဲ့ပါတော့သည်။ ထိုအခါ အသင်းတော်သည် အရင်ကဘယ်လိုမှ မရောက်နိုင်ခဲ့သည့် အသင်းသူ/သား (၁၅၀၀) ယောက်၊ (၁၀) ဆမက

တိုးပွားလာခဲ့သည်။ ထို့အတွက်ကြောင့် အသင်းတော်အနေဖြင့် ပထမဦးဆုံး နောက်ယုက်ဆီးတားနေသည့် ရန်သူ၏ လက်ထဲမှ လွတ်မြောက်ခြင်းရှိဖို့ လိုအပ်လှပေသည်။ ဘုရား၏ဝိညာဉ်တန်ခိုးအားဖြင့် ဝိညာဉ်တိုက်ပွဲဆင်နွဲကာ ကျွန်တော်တို့ကို ကာဆီးနေသည့် တောင်ကဲ့သို့သော ဆန့်ကျင်ဘက် အရာများကို ဖြိုဖျက်ဖယ်ရှားရပါမည်။ ဘုရား၏ ကျေးဇူးတော်ကြောင့်၊ ကျွန်တော်တို့ အယောက်တိုင်းသည် အောင်မြင်မှု၏ သော့ချက်ကို ရထားပြီးဖြစ်၍၊ ၎င်းကို အသုံးချမည်ဆိုပါက၊ ကျွန်တော်တို့၏ မြို့၊ ရွာနှင့် အသင်းတော်များ၌ နိုးထမှုများ တခုပြီး တခုဖြစ်ပါမည်မှာ ဧကန်မုချပါ။

ဇေရုဗဗေလသည် ဗိမာန်တော်ကို အပြီးသတ်တည်ဆောက်ဖို့ ဘီစီ ၅၂၀ မှ ၅၁၆ ခုထိ၊ (၄) နှစ်မျှသာ အချိန်ယူခဲ့သည်။ ဘုရားသခင်၏ အမှုတော်ကို ဆီးတားနှောက်ယှက်ဖို့ ထွက်ပေါ်လာသည့် တားဆီးမှုကြီးသည် ပျောက်ချင်း မလှပျောက်သွားလေတော့၏။ ထိုနည်းတူ ကျွန်တော်တို့၏ ဤချိန်၌လည်း ဘုရားသခင်သည် ဗိမာန်တော်တည်းဟူသော သူ့အသင်းတော်ကို ပြန်လည်၍ အမြန်တည်ဆောက်လိုပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ထိုအသင်းတော် လုပ်ငန်းကို အမြန်အပြီးသတ်ဖို့ အဆင်သင့်ရှိရပါမည်။ ၎င်းလုပ်ငန်းကို ပြီးစီးလုပ်ဆောင်ရန်သည် အာဏာနှင့် တန်ခိုးအားဖြင့် မဟုတ်ဘဲ၊ ဘုရားသခင်၏ ဝိညာဉ်အားဖြင့် ဖြစ်မည်။

## နိုးထမှု နီးနေပြီ

မိတ်ဆွေတို့ကို ကျွန်တော်မေးခွန်းလေးတွေ မေးလိုပါသည်။ မိတ်ဆွေ၏ စိတ်နှလုံးနှင့် အသက်တာမှာ၊ ဘုရားသခင်နိုးဆော်မှုစတင်လုပ်ဆောင်နေပြီလား။ ဘုရားနှင့် ထူးထူးဆန်းဆန်းနည်းနှင့် ဆုံတွေ့လိုပါသလား။ သာသနာအတွက် ရှင်းလင်းသော ရူပါရုံနှင့်သစ်လွင်သော တန်ဆာဆင်ခြင်တို့ကို ရရှိလိုပါသလား။ ဘုရားသခင်သည် သူ့အသင်းတော်ကို တည်ဆောက်နေသလို ကမ္ဘာ့လူသားများ မကြုံဖူးသော နိုးထမှုကြီးအတွက် ပြင်ဆင်နေပါသည်။ ရိတ်သိမ်းရမည့်စပါးခင်သည် ကြီးမားနေပါသော်လည်း ရိတ်သိမ်းကြမည့် အလုပ်သမားနည်းပါးလျှက်ရှိသည်။ ဤလုပ်ငန်းကြီးအတွက် ဘုရားသခင်က၊ ခေါင်းဆောင်များအား တာဝန်ပေးအပ်ခြင်း နှင့် တကွတန်ဆာဆင်ပေးခြင်းပြုနေရာ၊ မိတ်ဆွေကော လက်ခံရရှိပါသလား။ အသစ်သော အခွင့်အာဏာတန်ခိုးရရှိဖို့ ကျွန်တော်တို့သည်၊ ယဇ်ပရောဟိတ် ဖြစ်သော ယောရှုကဲ့သို့သာ၍ သန့်ရှင်းသည့် အသက်တာ ရှိရပေမည်။ ဇေရုဗဗေလ

လက်ခံရရှိခဲ့သော ဘုရားသခင်၏ ဂတိတော်များနှင့် ကျေးဇူးတော်တို့ကို လက်တွေ့ခံစားဖို့လိုပါသည်။ ဘိသိက်ခြင်းအားဖြင့် ဘုရားလုပ်စေလိုသည့် အမှုတော်ကို စတင်ခြင်းနှင့် ပြီးစီးခြင်းပြုနိုင်ကြမည်ဖြစ်သည်။

မိတ်ဆွေ၏ စိတ်နှလုံးကို သစ်လွင်စေဖို့ ဘုရားသခင်စတင်နှိုးဆော်နေပြီလား။ နိုးထမှုနီးလာပြီ ဖြစ်ကြောင်း ဘုရားပြောနေသည်ကို မိတ်ဆွေခံစားရပါသလား။ ဘုရားသည် "ဤပြန်လည်ထူထောင်ခြင်းကာလအတွက် သင့်ကိုငါခန့်ထားပြီ။ ငါ့အသင်းတော်အတွက် ပေးခဲ့သည့် ဂတိတော်ဆိုင်ရာ အားလုံးကို ပြည့်စုံစေဖို့ သင့်ကို ငါဘိသိက်ခန့်ထားပြီး"ဟု ပြောနေသည့် အသံတော်ကို မိတ်ဆွေကြားရပါ သလား။ မိတ်ဆွေ၏ ဘုရားသခင်သည်၊ အထူးသဖြင့် မိတ်ဆွေအား စကားပြော နေသည်မှာ၊ မိတ်ဆွေအဘို့ လုပ်ဆောင်ရမည့် နေရာ (သို့) ကဏ္ဍ လုပ်ငန်းဟူ၍ ရှိပါသည်။ မိတ်ဆွေအနေဖြင့် ဘုရားထံဆက်ကပ်မေးမြန်းခဲ့ပါက၊ ဘုရားသည် မိတ်ဆွေအား အဘယ်အမှု၊ အဘယ်သဏ္ဍာန်ပါဝင်လုပ်ဆောင်ရမည်ကို ရှင်းလင်း ပြတ်သားစွာ ဖွင့်ပြပါလိမ့်မည်။ လူ့အမြင်မှာ မဖြစ်နိုင်လောက်ဘူးဟု ထင်မြင်သော အရာများကို ဖြစ်စေဖို့ ဘုရားသည်။ မိတ်ဆွေအား ခေါ်ကာ၊ မိတ်ဆွေအပေါ် လက်တော်ဆန့်တန်းကောင်း ကြီးပေးနေပါသည်။ ဘုရားသခင်သည် ဘာမှမရှိသော အရာမှ အရာခပ်သိမ်းကို ဖန်ဆင်းသော ဖန်ဆင်းရှင်ဖြစ်ကြောင်း ကြေငြာနေပါသည်။ ထို့ကြောင် ဘုရားအပေါ် သံသယမရှိဘဲ၊ သူ့ထဲမိတ်ဆွေကိုယ်တိုင်ဆက် ကပ်လိုက်ပါ။ သို့ပြုလျှင် မိတ်ဆွေအနေဖြင့် အဘယ်အမှု၊ ကဏ္ဍာ၌ ပါဝင်လုပ်ဆောင် ရမည်ကို နှလုံးသားထဲမှာပင်လျှင် ဘုရားစကားပြောလာပါလိမ့်မည်။

## အခန်း (၇)

## ဗိအုန်၏ ရူပါရုံ

ဘုရားသခင်သည် ကျွန်တော်တို့အထဲ၌ ရှေ့ကိုတိုးဖို့ ရူပါရုံထည့်သွင်းပေး လိုပါသည်။ ဟဗက္ကုတ်အနာဂတ္တိကျမ်း ၂း၂ ၌"ဖတ်သောသူသည် ပြေးလျှက် ဖတ်နိုင်အောင်၊ ဗျာဒိတ်ရူပါရုံကို သင်ပုန်းပေါ်မှာ အက္ခရာတင်၍ ရေးမှတ် လော့" ဟု ဖော်ပြထားသည်။ ကျွန်တော်တို့ အယောက်တိုင်းသည် နှုတ်ကပတ်တော် တရားဒေသနာအားဖြင့်သော်၎င်း၊ ကျမ်းစာအားဖြင့်သော်၎င်း၊ ဝိညာဉ်တော် အားဖြင့်သော်၎င်း ဘုရားထံမှ ရူပါရုံရရှိထားရပါမည်။ ၎င်းရူပါရုံက ကျွန်တော်တို့၏

လက်ရှိဝိညာဉ်ရေးထက်သာလွန်သော အတွေ့အကြုံရှိစေနိုင် မည်ဖြစ်သည်။ ထို့မျှမက ၎င်းသည် ကျွန်တော်ဘဝအသက်တာ၏ ရည်ရွယ်ချက်ကို ဖြစ်စေခြင်း၊ ခိုင်မြဲစေခြင်းနှင့် ခေါ်ဆောင်ခြင်းမျိုးပေးမှာ ဖြစ်ပါသည်။

အချိန်ကာလတိုင်းအတွက် ဘုရားသခင်၌ ရူပါရုံရှိပါသည်။ ကျွန်တော်တို့၏ လက်ရှိကာလသည် နောက်ဆုံးသော ကာလ၌ သက်ရှင်နေကြကြောင်း ကျမ်းစာအားဖြင့် လေ့လာသိရှိရပါသည်။ သို့သော် စိတ်ဝင်စားစရာတခုက၊ ကျမ်းစာအုပ်နေရာတိုင်း၌ နောက်ဆုံးသော ကာလ၊ ဇိအုန်ဖြစ်သည့်အကြောင်း တွေ့ရသည်။ အားလုံးသော ဘုရား၏ ဂတိတော်များတို့သည် နောက်ဆုံးသော ကာလ၌ ဇိအုန်သို့ဦးတည်မည့်အကြောင်းပင်ဖြစ်၏။ ၎င်းသည် အသင်းတော်၏ အဓိက ပန်းတိုင်ကြီးပင်မဟုတ်ပါလား။ ထို့ကြောင့် ရှင်ပေါလုက၊ ဟေဗြဲ ၁၂း၂၂ ၌ ဤသို့ "သင်တို့သည် ဇိအုန်တောင်သို့ ၎င်း"ဟု ပြောထားသည်။ မြေပထဝီအရ၊ ဇိအုန်တောင်သည် ဂျေရုရှလင်မြို့၏ တောင်ပိုင်းဘက်တွင် တည်ရှိနေပါသည်။ ၎င်းကို ရှေးခေတ်ဟောင်းခေတ်က ဒါဝိဒ်၏မြို့ဟုခေါ်သွင်ခဲ့ကြ၏။
ဒါဝိဒ်မတိုင်မီ ၎င်းနေရာသည် ယေဘုသိလူမျိုးတို့ပိုင်ဆိုင်ခဲ့ကြသည်။ ၎င်း ဇိအုန်တောင်သည် ခရစ်ယာန်များအတွက် အလွန်အင်မတန်ထူးခြားသည့် ဝိညာဉ်ရေးဆိုင်ရာကို ပုံဆောင်လျှက်ရှိ၏။

## အဲဂုတ္တုမှ ဇိအုန်သို့ ခရီးပြုခြင်း

ခရစ်ယာန်များကြုံတွေ့နေရသော ဝိညာဉ်ရေးဆိုင်ရာ ခရီးကို သဘောပေါက်နားလည်ဖို့ အလို၌၊ အဲဂုတ္တုမှ ဂတိတော်ပြည်သို့ ခရီးပြုခဲ့ကြသည့် ဣသရေလတို့ အကြောင်းလေ့လာရပါမည်။ ဓမ္မဟောင်း "အသင်းတော်"မှ ဣသရေလလူမျိုးတို့ သည် အဲဂုတ္တုတွင် စတင်ပွားများတိုးပွားခဲ့ကြသည်။ အဲဂုတ္တုသည် ဤလောက၏ ပုံစံ (သို့) အသွင်သဏ္ဍာန်ဆောင်ပါသည်။ ယနေ့ဤကမ္ဘာကြီးသည် အံ့မခန်းသော လူဦးရေတိုးပွားနှုန်းဖြစ်စေသလို အသင်း တော်သည်လည်း အသင်းသူ/သားဦးရေတိုးပွားနှုန်းမြင့်တင်ရပေမည်။ ကယ်တင်ခြင်းသည် အဲဂုတ္တု၌ ထင်ရှားခဲ့၏။ ဣသရေလတို့ကို ကယ်တင်ဖို့ ပသခါသို့ကို အဲဂုတ္တုတွင် သတ်ခဲ့ကြောင်း ၁ ကော ၅း၇ ၌ ဤသို့ "ငါတို့ ပသခါသိုးသူငယ်သည် ငါတို့အဖို့ယဇ်ပူဇော်ရာ ဖြစ်၏"ရေးထားသည်။

အဲဂုတ္တုမှ ကယ်နှုတ်ယူခဲ့ပြီးနောက် ဣသရေလတို့သည် ကျွန်တော်တို့အတွက် ရေနှစ်ခြင်းမင်္ဂလာတည်းဟူသော ပင်လယ်နီကို သူတို့တွေဖြတ်ခဲ့ကြပါသည်။

ဆက်လက်ဖတ်ရှုခြင်းဖြင့် သူတို့တွေ ပင်လယ်နီကို ဖြတ်ကျော်ပြီးပြီးချင်းနောက် သူတို့သည် ဇိအုန်တောင်သို့ ခရီးပြုဦးတည်နေကြောင်း သူတို့သိရှိထားခဲ့ကြကြောင်း နားလည်ရသည်။ ထွက်မြောက်ရာကျမ်း ၁၅း၁၇ အရ၊ "ကိုယ်တော်ကိန်းဝပ်တော်မူရာဖို့ ဖန်ဆင်းတော်မူသော အရပ်ဖြစ်သော ကိုယ်တော်၏ အမွေခံတော်မူရာ တောင်တွင် သူတို့ကို ကိုယ်တော်သွင်းတော် မူလိမ့်မည်"ဟု ဆိုထားရာ၊ ၎င်းတောင်သည် ဇိအုန်တောင် (ဆာလံ ၇၈း၅၄၊၆၈) ပင်ဖြစ်၏။ ၎င်းတောင်သည် အမြဲတမ်းပင်တိုင်ပင်ဖြစ်သည် မဟုတ်လော။

**သိနတောင်**

ထွက် ၁၉း၁ အရ၊ အဲဂုတ္တုမှ ထွက်ခွာလာသော ဣသရေလတို့သည် (၃)လအကြာမှာ သိနတောင်သို့ ရောက်လာကြ၏။ ဣသရေလတို့၏ ဘာသာရေးပြက္ခဒိန်၌ (၃) လပိုင်းမှာ ကျင်းပသော ဘာသာရေးပွဲသည်၊ ပင်တေကုတ္တေပွဲဖြစ်သည်။ သိနတောင်သည် ပင်တေကုတ္တေပွဲ (သို့) ဝိညာဉ်တော် နှစ်ခြင်းအတွေ့အကြုံကို ပုံဆောင်နေပါသည်။

သိနတောင်သည် ဣသရေလတို့ သဲကန္တာရကို ဖြတ်ကျော်ပြီး ယော်ဒန်သို့ရောက်ရှိအောင် အံ့ဩဖွယ်တန်ခိုးနှင့် တွန်းပို့ပေးသော တောင်ဖြစ်သည်။ ဘုရားသခင်၏ မီးကျခြင်းကို သိနတောင်၌ ဣသရေလတို့ ကြုံတွေ့ခဲ့ရသလို ကျွန်တော်တို့သည်လည်း ဘုရား၏ မီးတည်းဟူသော တန်ခိုးရဖို့ လိုအပ်သည်။ သို့မှသာ ကျွန်တော်တို့ခေါင်းဆောင်များအနေဖြင့် လူတွေအား သဲကန္တာရမှ အမွေတော်ပြည်သို့ ခေါ်သွင်းနိုင်ပေလိမ့်မည်။ ကျွန်တော်တို့အတွက် ဝိညာဉ်တော်၌ နှစ်ခြင်းခံယူခြင်း၏ တန်ခိုးလိုအပ်သည်။ သို့သော် ဟေဗြဲ ၁၂း၁၈–၂၂ ၌၊ ရှင်ပေါလုကြေငြာသည်မှာ၊ ကျွန်တော်တို့သည် သိနတောင်သို့ သွားနေခြင်း မဟုတ်ဘဲ၊ ဇိအုန်တောင်သို့ ရှေ့ရှုသွားရန် ခေါ်ထားခြင်းဖြစ်ကြောင်း ပင်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့၏ ဝိညာဉ်ဆိုင်ရာ အသက်တာ၏ ပန်းတိုင်သည် ပင်တေကုတ္တေအတွေ့အကြုံမဟုတ်ကြောင်း သတိထားသိရှိရပေမည်။ ဝိညာဉ်၌ နှစ်ခြင်းခံယူခြင်းသည် ဇိအုန်တောင်သို့ ခရီးပြုနေသည် ကျွန်တော်တို့အား မစကူညီဖို့ သက်သက်ဖြစ်၏။

ထို့နောက် တရားဟောရာကျမ်း ၁၀း၁၁၌ မောရှေအား ဘုရားခေါ်ခြင်းအကြောင်း "ထလော့။ ဤလူမျိုးအား ပေးခြင်းငှါ သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိုသော ပြည်သို့သူတို့သည် သွား၍ သိမ်းယူမည်အကြောင်း၊ သူတို့ရှေ့မှာ

ခရီးသွားလေ့” ဤသို့ဖော်ပြထားသည်” ဆက်လက်ပြီး တရားဟော ၂း၃ ၌၊ ဘုရားက *“သင်တို့သည် ကာလအချိန်စေအောင် ဤတောင်ကိုလှည့်လည်ကြပြီ”*ဟု ပြောခဲ့သည် ယနေ့မြောက်များစွာသော အသင်းတော်များတို့သည် ပင်တေကုတ္တေဆိုင်ရာ (သို့) နမိတ်လက္ခဏာဆိုင်ရာ ကောင်းကြီးများ၌သာ ကျောက်ချလျှက် ကျေနပ်နေသူ များဖြစ်လာကြသည်။ ကျွန်တော်တို့သည် ထိုအတွေ့အကြုံများအပေါ် ကျေနပ် အားရနေခဲ့သည်။ အချိန်မနည်းပေ။ သို့သော် ကျွန်တော်တို့က အတွေ့အကြုံ အပေါ်သာ ဦးစားပေး၊ အားရကျေနပ်နေသူများမဟုတ်ဘဲ၊ ခရစ်တော်၌ အားရသူ၊ ဦးစားပေးသူ များဖြစ်ကြရပါမည်။ ဘုရားပေးထားသည် ဂတိတော်ပြည်စုံ သည့်တိုင်အောင် ဆက်လျှောက်ရမည်။ ဣသရေလတို့သည် သိနတောင်နား တဝိုက်မှာဘဲ တဝဲလည်လည် စခန်းချခဲ့ကြသလို ကျွန်တော်တို့သည် ပင်တေကုတ္တေကောင်းကြီး အတွေ့အကြုံ ၌ဘဲ ကျေနပ်၊ ကျင်လည်နေဖို့ မဟုတ်ပေ။ ဘုရားသခင်က “ဤအချိန်သည် ခရီးဆက်ရမည့်အချိန်ပင်”ဟု မိန့်မှာပါသည်။ နေရာတိုင်း၌ရှိနေသော အသင်းတော်တိုင်း၊ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ကြသည့် သိနတောင် အတွေ့အကြုံအား စွန့်ပစ်ကာ၊ ဘုရားသခင်နှင့်အတူ ခရီးဆက်ချိန်သင့်ပြီဟု ကျွန်တော်ယုံကြည်ပါသည်။ ရှေးဣသရေလတို့သည် မိုးတိမ်နှင့်အတူ ခရီးသွားလာခဲ့ကြသည်။ ဘုရား၏ ကျေးဇူးတော်ကြောင့် နိမိတ်လက္ခဏာ လှုပ်ရှားမှုနှင့် သိနတောင်ကို ထားခဲ့ပြီး ဘုရားမျက်မှောက်တော်၏ မိုးတိမ်နောက်လိုက်လိုကြသည်။ ဘုရားသည် ဆက်လက်လုပ်ဆောင်နေ သည်မဟုတ်လား။ ခေတ်အဆက်ဆက်တိုင်းမှာ ဘုရား၏ အလိုတော်ပြည့်စုံဖို့ ဘုရား၏ မျက်မှောက်တော်သည် ဆက်လက်လှုပ်ရှားလျက် ရှိပါသည်။ ဘုရားကျေးဇူးတော်ကြောင့်၊ ကျမ်းစာဖော်ပြချက်အရ၊ ဘုရား၏ မျက်မှောက်တော်သည် ဇိအုန်သို့ ရှေ့ရှုလှုပ်ရှားသွားနေရာ၊ ၎င်းမျက်မှောက်တော်နောက် ကျွန်တော်တို့လိုက်နေသူများ ဖြစ်ကြသည်။

မကြာခဏဆိုသလို၊ ကျွန်တော်တို့သည် အထက်ပါကောင်းကြီးများ၌သာ နှစ်ပေါင်းများစွာ ပျော်မွေ့အားရကျေနပ်နေတတ်လေ့ရှိကြသည်။ တချိန်က၊ အမေရိကန်မှာ ကျွန်တော်တို့ သင်ကြားမှုတခုပြုနေချိန်ဘုရားသည် အရင်က ကျွန်တော်တို့ သာသနာပြုခဲ့သော ဥရောပသို့ ပြန်သွားဖို့အတွက် စကားပြောခဲ့သည်။ ၎င်းသည် “ငါပြခဲ့သော အရာများကို သင်တို့ကမ္ဘာအနှံ့ ဟောပြောရမည်”ဟူ၍ ဖြစ်သည်။ ဘုရားခိုင်းစေသည်အတိုင်း ကျွန်တော်တို့ ဥရောပကို ပြန်သွားခဲ့ရာ၊

၄င်းနိုင်ငံတွေထဲမှာ အချို့သော ဝိညာဉ်ခေါင်း ဆောင်များသည် အပြစ်ထဲနစ်မွန်းကျဆင်းနေကြသည်ကို တွေ့လိုက်ရသည်။ ၄င်းအတွက် ကျွန်တော်နှလုံးကြေကွဲမတတ်ခံစားခဲ့ရလို့ ဘုရားထံ "ကိုယ်တော် ဘုရား၊ ဘယ်လိုဖြစ်တာလဲ"ဟု မေးလျှောက်တော့ ဘုရားက "အဘယ့်ကြောင့်ဆို သော်သူတိုတွေက အထက်ဖော်ပြခဲ့သည် ကောင်းကြီးတောင် ပတ်လည်၌ အချိန်ကြာမြင့်စွာ လှည့်လည်နေခဲ့သလို သူတို့၏ လက်ရှိအမှန်တရားနှင့် ရင်းနှီးကျွမ်းဝင်လွန်းနေသောကြောင့် ဖြစ်၏။ ရှိနှင့်သော ဝိညာဉ်ရေးအသက်တာကို သူတို့တွေ ထုတ်သုံးခြင်းလုံးဝမရှိကြတော့သဖြင့် ရလဒ်အကျိုးသည် တောင်နားတဝိုက်သာ လှည့်လည်နေခဲ့ကြသည့်အတွက် တဖြည်းဖြည်းနဲ့ အားနည်းလာကာ နောက်ဆုံးမှာ အပြစ်ထဲကျဆင်း သွားခဲ့ရခြင်းဖြစ်သည်"ဟု ရှင်းပြခဲ့သည်။ ထို့ကြောင့် ဟေဗြဲ ၁၂း၁၈–၂၂ ၌ ဖော်ပြ သည့် တမန်တော် ရှင်ပေါလု၏ ခေါ်ခြင်းကို သတိရကြစို့လား။ ကျွန်တော် တို့၏ ခေါ်ခြင်းသည် သိနတောင်သို့ မဟုတ်သလို ကျွန်တော်တို့၏ ခရီးပန်းတိုင် သည်လည်း ဝိညာဉ်တော်၏ နှစ်ခြင်းမျှ မဟုတ်ချေ။ ထိုသို့ဖြစ်ပါက၊ ကျွန်တော် တို့သည် ဘယ်ကိုရွေ့ရှသွားနေကြပါနည်း။ *"သင်တို့သည် ဇိအုန်တောင်သို့ ၄င်း၊"* (ဟေဗြဲ ၁၂း၂၂)။

**သဲကန္တာရ**

ဣသရေလတို့ သိနတောင်မှ ထွက်ခွာလာပြီးနောက် သူတို့တွေ သဲကန္တာရတောတလျှောက်ခရီးပြုခဲ့ကြ၏။ ဤသို့သော ပုံစံတူကို ခရစ်တော်၏ အသက်တာ၌လည်း တွေ့မြင်ရသည်။ ခရစ်တော်ယေရှုသည် ရေနှစ်ခြင်းမင်္ဂလာခံယူခဲ့သလို (မာကု ၁း၉)၊ ဣသရေလတို့သည်လည်း ရေနှစ်ခြင်းကို ပုံဆောင်သည့် ပင်လယ်နီ၌ ဖြတ်လျှောက်ခဲ့ကြသည်။ နှစ်ခြင်းခံယူပြီးနောက် ယေရှုသည် ဝိညာဉ်တော်၏ ပြည့်ဝခြင်းခံယူခဲ့သည်နည်းတူ၊ ဣသရေလတို့ ပင်လယ်နီဖြတ်ပြီးနောက် ဘုရား၏ မီးကျသော သိနတောင်သို့ရောက်ခဲ့ကြ၏။ ၄င်းအဖြစ်အပျက်များပြီးသည့်နောက် ခရစ်တော်၏ အသက်တာ၌ ကြုံတွေ့ခဲ့ရသည်မှာ၊ *"ထိုခဏချင်းတွင် ဝိညာဉ်တော်ယေရှုကို တောသို့သွားစေ တော်မူ၏"* (မာ ၁း၁၂) ဟူ၍ ဖြစ်ရာ၊ ၄င်းအဖြစ်မျိုး ဣသရေလတို့လည်း ကြုံတွေ့ခဲ့ရကြ၏။

သဲကန္တာရဟူသည် ဘေးဒုက္ခများနှင့် စမ်းသပ်ခြင်းများကိုဆိုလိုရာ၊ ၄င်းသည် ကျွန်တော်အား နာခံမှုဖြစ်ပေါ်စေသော အရာဖြစ်သည်။ တရားဟောရာကျမ်း ၈း၂ ၏ ဖော်ပြချက်အရ၊ ဘုရားသခင်သည် ဣသရေလတို့အား နှစ်ပေါင်း (၄၀) ကျော် သဲကန္တာရတော၌ ခေါ်ဆောင်ခြင်းသည်၊ သူတို့တွေ နှိမ့်ချခြင်း နာခံခြင်းနှင့် သန့်စင်ခြင်းစသည်တို့ရှိလာဖို့ပင်ဖြစ်၏။ ထိုကဲ့သို့ပင် ခရစ်တော်၏ အသက်တာ၌ ကြုံတွေ့ခဲ့ကြောင်း *"ဘုရားသခင်၏ သားတော်မှန်သော်လည်း၊ ဆင်းရဲဒုက္ခကို ခံသောအားဖြင့် နားထောင်ခြင်းအကျိုးအကြောင်းကို သင်တော်မူ၏"* (ဟေဗြဲ ၅း၈) ဤသို့ဖော်ပြထားသည်။ ကျွန်တော်တို့၏ အသက်တာ၌ နာခံမှုရယူဖို့အတွက် တခုတည်းသော နည်းလမ်းသည်၊ အသက်တာ၌ ဒုက္ခခံခြင်းအားဖြင့်သာ ရမည်ဖြစ်၏။

ဣသရေလတို့သည် သဲကန္တာရတောတွင် ရှုံးချင်းမလှကျရှုံးခဲ့ကြသည်နည်းတူ ကျွန်တော်တို့သည်လည်း ဘုရား၏ မစခြင်းမရပါက၊ ကျရှုံးသွားနိုင်သည်။ အကယ်၍ ဘုရားသခင်၏ ကူညီဖြေရှင်းပေးခြင်းကို ငြင်းဆိုခဲ့ပါက၊ မိတ်ဆွေသည် ဘဝတခုလုံး သဲကန္တာရမှ ဘယ်တော့မှ ကျော်မဖြတ်နိုင်ဘဲ၊ ၄င်းတော်၌သာ ကုန်ဆုံးသွားပေလိမ့်မည်။ ထိုအတူ ၄င်းသဲကန္တာရကို မဖြတ်သန်းပါက၊ မိတ်ဆွေ၏ ဂတိတော်အမွေကိုလည်း ဘယ်တော့မှ ရယူပိုင်ဆိုင်လိမ့်မည်မဟုတ်ချေ။ ခရစ်ယာန် အသက်တာမှာ၊ ဖြတ်လမ်းဟူ၍ မရှိဘူးမဟုတ်ပါလား။

**ယော်ဒန်မြစ်ကို ဖြတ်ခြင်း**

သဲကန္တာရကို ကျော်လွန်လာခဲ့ပြီးသည့်နောက် ဣသရေလတို့သည် ယော်ဒန်မြစ်ကို ဖြတ်ကျော်ခဲ့ကြပြန်၏။ ပင်လယ်နီ (ရေနှစ်ခြင်း) သည် ယုံကြည်ခြင်းဖြင့် အသက်တာကို ယဇ်ပူဇော်ခဲ့သည့် ကျွန်တော်တို့၏ သက်သေ ထင်ရှားခြင်းကို ပုံဆောင်ပြီး ယော်ဒန်သည် ကျွန်တော်တို့၏ အသက်တာ ၌ ကြုံတွေ့ရသည့် အမှန်တကယ်ဖြစ်နေခြင်းကို ပုံဆောင်ပါသည်။ ဣသရေလတို့ ပင်လယ်နီကို ဖြတ်ကျော်ချိန်မှာတော့ သူတို့တွေသည်၊ အဲဂုတ္တု၏ အပြင်ဘက်ရောက်ရှိနေပြီဖြစ်သော်လည်း၊ သဲကန္တာရထဲ၌ ဘေးဒုက္ခများနှင့် ရင်ဆိုင်သည့်အခါ အဲဂုတ္တုသို့ ပြန်သွားလိုခဲ့ကြ၏။ ထိုနည်းတူစွာပင် လောကလူတွေကို ခရစ်ယာန်ဖြစ်အောင် မိတ်ဆွေအနေနဲ့ ရနိုင်သဖြင့် သူတို့တွေ ကယ်တင်ခြင်းရရှိပြီး ရေနှစ်ခြင်းမင်္ဂလာကို ခံယူကြပေမဲ့ မိတ်ဆွေသည်၊ သူတို့အား ခရစ်ယာန်ကမ္ဘာထဲမှာ ဆက်လက်ခေါ်ဆောင်ရမည်ဖြစ်သည်။ ဣသရေလတို့

ယော်ဒန်မြစ်ကို ကူးဖြတ်ပြီး သူတို့၏ ဂတိတော်မြေထဲသို့ ဝင်ရောက်သည့်အခါကျမှ၊ အဲဂုတ္တုပြည်သို့ ပြန်ခေါက်လိုစိတ်မရှိကြတော့ခြင်းဖြစ်ကြောင်း သိရသည်။ သူတို့တွေ ယော်ဒန်မြစ်ကို ဂိလဂါလ၌ စခန်းချခဲ့ကြစဉ် ယောကျ်ားသားအားလုံး အရေဖျားလှီးခဲ့ကြသည့်အခါ၊ ဘုရားသခင်သည် *"အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်းကို သင်တို့မှ ယနေ့ငါပယ်ရှင်းပြီ"*(ယောရှု ၅း၉)ဟု မိန့်မှာခဲ့၏။ ကျွန်တော်တို့သည် လည်းပဲ ယော်ဒန်မြစ်ကို ဖြတ်ကူးကာ၊ နှလုံးအရေဖျားလှီး မင်္ဂလာခဲ့ယူမှသာ၊ အပြစ်ကို သေစေလိုသော အတွေ့အကြုံ နယ်ပယ်ထဲဝင် ရောက်နိုင်မည်ပင် မဟုတ်လော။

လွန်ခဲ့သော နှစ်များစွာက တမနက်ခင်းမှာ ကျွန်တော်ရုံးခန်းတွင် ကျမ်းစာဖတ်ရှုလေ့လာနေစဉ်၊ ကျွန်တော့်ကို ကျောပေးထားသည့် ကားတိုင်ပေါ်က ခရစ်တော်ကို ရူပါရုံ၌ မြင်တွေ့ခဲ့ရသည်။ ဝိညာဉ်ထဲ၌ ကျွန်တော်သည် ချည့်နှောင်ခံကာ၊ ၄င်းကားတိုင်ပေါ်ခရစ်တော်နှင့်အတူ ချိတ်ဆွဲထားခြင်းခံခဲ့ရသည်။ ကျွန်တော်က ခရစ်တော်၌ရှိနေခဲ့ရာ၊ ခရစ်တော်၏ မျက်စိနှင့် လောကမှာ ရှိနေကြသော လူသားများကို ကြည့်ခွင့်ရခဲ့ပါသည်။ လူသားအားလုံးကို ငုံ့ကြည့်တော့ မြောက်များစွာသော လူတွေသည် ခရစ်တော်လက်ဝါးကပ်တိုင်ပေါ် အသေခံမှုကို လျှောင်ပြောင်နေကြသည်ကို တွေ့ရသည်။ ၄င်းရူပါရုံပြီးဆုံးသွား သည့်အခါ၊ ကျွန်တော်၏ အတွင်းနှလုံးသားမှ ဘုရားသခင်၏ ဝိညာဉ်တော်လှိမ့်တက် လာသည်ကို ခံစားရသည်။ ၄င်းသည်ဆက်ပြီး လှိမ့်တက်လာသည်။ ကျွန်တော်၏ ပါးစပ်သို့ ရောက်လာတော့ စကားအဖြစ် ထွက်ပေါ်လာသည်မှာ *"ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ"* (ဂလာ ၂း၂၀) ဟူ၍ ဖြစ်သည်။ ထို့နောက် ဗိမာန်တော်ကို လွမ်းခြုံသည့် အဝတ်စကို မြင်တွေ့ခဲ့ရာ၊ ၄င်းအဝတ်စသည် ထိပ်မှ အောက်ခြေတိုင် နှစ်ခြမ်းဆုတ်ပြဲနေပါသည်။ ကျွန်တော်သိလိုက်ရသည့် အရာမှာ၊ ကျွန်တော်၏ ဇာတိစိတ်သဘောကို လက်ဝါးကပ်တိုင်ပေါ် အသေခံစေပြီးဖြစ်ကြောင်း ပင်တည်း။ ကျွန်တော်တို့အားလုံး "ယော်ဒန်မြစ်ဖြတ် ကူးခြင်း အတွေ့အကြုံ" ရှိဖို့နှင့် အပြစ်ကို သေစေပြီး အလင်းတော်ထဲ ကျေးဇူးတော် အားဖြင့် လျှောက်လှမ်းဖို့ အလွန်အရေးကြီးပါသည်။ မိတ်ဆွေ၌ ရူပါရုံမရသည့်တိုင် မိတ်ဆွေ၏ ဇာတိစိတ်သည် ခရစ်တော်နှင့်အတူ အသေခံပြီးဖြစ်သော အတွေ့ အကြုံကိုတော့ ရရှိခံစားလို့ရပါသည်။

## ဂတိတော်ပြည်ကို သိမ်းပိုက်ခြင်း

ယောရှုနှင့် ဣသရေလတို့ ယော်ဒန်မြစ်ကို ဖြတ်ကူးကာ ဂတိတော်ပြည်သို့ ဝင်ရောက်သည့်အခါ၊ ပါလက်စတိုင်းများနေထိုင်ခဲ့ကြသည့် ပြည်နယ် (၇) ခုကို စတင်သိမ်းပိုက် ပိုင်ဆိုင်ကြ၏။ အကယ်၍ ၄င်းနယ်မြေတွင် မည်သူမျှမရှိပါက၊ သိမ်းပိုက်ယူဖို့ရန် အလွန်ပင်လွယ်ကူပါလိမ့်မည်။ သိနတောင်သည် ဂတိတော်မြေမဟုတ်၊ ဝိညာဉ်တော်၌ နှစ်ခြင်းခံယူရန် စစ်တိုက်ဖို့မလိုအပ်ကြောင်း ဖော်ပြနေပါသည်။ သို့သော်သွားရောက်အခြေချနေထိုင်မည့် ဂတိတော်မြေ၌ သန်မာသော လူစွမ်းကောင်းများရှိသောကြောင့် တိုက်ခိုက်မှုစစ်ပွဲများ၏ ဆင်နွှဲရသည် နည်းတူပဲ၊ ယ္ခုကျွန်တော်တို့သည်လည်း ကောင်းကင်ပေါ်ရှိ အာဏာစက်မင်း၊ နတ်ဆိုးတို့နှင့် ဆိုင်ပြန်တိုက်လှန်ရကြပါသည်။

ဇိအုန်တောင်သည် သိမ်ပိုက်ရန်နောက်ဆုံးနှင့် အခက်ခဲဆုံး ခံတပ်ဖြစ်ခဲ့၏။ ၄င်းသည် ယေဘုသိတို့၏ အမာခံတပ်ဖြစ်သည်။ ၄င်းနေရာ၌ သူတို့တွေသည် ဒါဝိဒ်မင်းမတိုင်မီထိ၊ ရာစုနှစ်ပေါင်းများစွာ ခြေကုတ်ယူခဲ့ကြခြင်းဖြစ်သည်။ ၄င်းခံတပ် အခိုင်အမာရှိနေသောကြောင့် အကယ်၍ သူတို့၏ စစ်သည်များ အားလုံးသည် မျက်စိကန်းပြီး မသန်မစွမ်းဖြစ်ကြသည့်တိုင်၊ ဒါဝိဒ်နှင့် သူ့စစ်တပ်တို့ တိုက်နိုင်လိမ့်မည်မဟုတ်ဟု ပင်ကြွားဝါခဲ့ကြလေ၏။ သို့ပေမဲ့ ဒါဝိဒ်၏ တတိယအကြိမ်မြောက် ဘိသိတ်ခြင်းအပြီးမှာတော့ ဇိအုန်ကို တိုက်ခိုက်သိမ်း ပိုက်နိုင်ခဲ့၏။ ကျွန်တော်တို့ ဇိအုန်သို့ရှေ့ရှုမသွားနိုင်မှီ၊ ကျွန်တော် အထဲ၌ ဘုရား သခင်၏ လုပ်ဆောင်မှုပြီး စီးခြင်းရှိရပေမည်။ ထို့ကြောင့် ဤတတိယ အကြိမ် မြောက် ဘိသိက်ခြင်းသည် အလွန်အရေးကြီးပါသည်။

## စည်းလုံးသောနေရာ၊ ဇိအုန်

ဇိအုန်တောင်သည် ပါလက်စတိုင်းတို့၏ နယ်မြေ၌ နောက်ဆုံးအမာခံ တပ်ဖြစ်သော်လည်း၊ ၂ ရာ ၅း၇ အရ၊ ၄င်းတောင်ကို ဒါဝိဒ်သိမ်းပိုက်ပြီး နိုင်ငံ၏ မြို့တော်အဖြစ် တည်ခဲ့ကြောင်း တွေ့ရသည်။ ၄င်း၌ အလွန်နက်နဲသော အချက်ရှိနေပါသည်။ ဇိအုန်သည် နောက်ဆုံးအမာခံတပ်အဖြစ် ဣသရေလတို့ ချီတက်သိမ်းပိုက်ခဲ့သည့်အလားတူ၊ ၄င်းသည် အသင်းတော်အတွက် နောက်ဆုံး ချီတက်သွားရမည့် နေရာလည်း ဖြစ်၏။ သို့သော် ၄င်းနယ်မြေတွင် ယေဘုသိ

လူမျိုးများ နေထိုင်ခဲ့ကြသည်။ တရားဟောရာကျမ်း ၇း၁-၂ ၌၊ ပါလက်စ္စတိုင်းမြေတွင် ရန်သူ(၇)မျိုးရှိနေကြောင်း ဘုရားမိန့်မှာခဲ့၏။ ထိုရန်သူများအပေါ် အောင်နိုင်မှုကို ဘုရားပေးခဲ့ရာ၊ နောက်ဆုံးရန် သူသည် ယေဘုသိလူမျိုးဖြစ်၏။ ဝိညာဉ်သဘောအရ၊ ထိုရန်သူ (၇) မျိုး၏ အဓိပ္ပါယ်ကို သုံ့တ္တံ ၆း၁၆-၁၉ ၌၊ ဘုရားကြေငြာထားသည့် ဘုရားမုန်းတီးသော အရာ (၇) ပါးပင်ဖြစ်ကြောင်း သိရသည်။ နောက်ဆုံးရန်သူဖြစ်သည့် ယေဘုသိကဲ့သို့သော သူသည် "အပေါင်းအဖော်ချင်းရန် တွေ့စေခြင်း၌ပြုတတ်သော သူ"ဖြစ်ကြောင်း သိရသည်။ ဤအရာသည် စိတ်ဝင်စားစရာဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဆာလံကျမ်း ၁၃၃ ၌၊ ညီအစ်ကိုတို့သဘောတူလျက် ပေါင်းဖော်ကြသည့် အရာမှာ အလွန်ကောင်းကြောင်းနှင့် ၄င်းသည် ဇိအုန်တောင်းရိုးပေါ်သို့ ကျသောနှင်းကဲ့သို့ ဖြစ်ကြောင်း၊ ၄င်းဇိအုန်အရပ်တွင် ဘုရားကောင်းချီးမင်္ဂလာကို စီရင်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ဇိအုန်တောင်သည် ညီအစ်ကို ချင်းတို့သဘောတူ ပေါင်းဖော်သူတို့၏ ကိန်းဝပ်ရာနေရာဟုခေါ်ဆိုနိုင်ပါသည်။ ၄င်းဇိအုန်တောင်မှ ယေဘုသိလူမျိုးကို ဖယ်ရှားမောင်းထုတ်လိုက်သည့်အခါ၊ ညီအစ်ချင်းတို့ကြားရန်တိုက်ပေးခြင်းမရှိ၊ ငြိမ်းချမ်းရလေပြီ။ ၄င်းနေရာ၌ ညီအစ်ကို ချင်းတို့သဘောတူ ပေါင်းဖော်ကြသဖြင့် ဘုရား၏ကောင်းကြီးလိုက်လာကြောင်း နားလည်ရသည်။

## ဘုန်းတော်ထင်ရှားသော ဇိအုန်

ဇိအုန်တောင်သည် ဒါဝိဒ်မင်း၏ တဲတော်တည်ထားရာနေရာလည်းဖြစ်သည်။ ဒါဝိဒ်မင်း၏ လက်ထက်၌ မောရှေ၏ တဲတော်သည် ရှိလောင်တွင်ရှိနေခဲ့သေး၏။ သို့သော် ပဋိညာဉ်သေတ္တာမူကား၊ အသန့်ရှင်းဆုံးသောနေရာမှ ပျောက်ဆုံးနေခဲ့လေ၏။ ဖိလတ္တိလူမျိုးတို့အားဖြင့် တိုက်ခိုက်သိမ်းပိုက်ခြင်းမတိုင်မီ နှစ်ပေါင်းများစွာ ကတည်းက၊ ၄င်းနောက်ပိုင်းရှောလုမင်းသည်လည်း ထိုပဋိညာဉ်သေတ္တာကို ဂရုမစိုက်ဘဲ မေ့မေ့လျော့လျော့ထားခဲ့ကြ၏။ မည်သို့ပင်ရှိ စေကာမူ၊ ဒါဝိဒ်မင်းအနေဖြင့် စတင်အုပ်စိုးချိန်တွင် သေတ္တာတော်ကို ပြန်လည်ရယူ ခဲ့ပြီး ဇိအုန်တောင်ပေါ်တည်ထားသော တဲ (သို့) တဲတော်၌ သွင်းထားခဲ့လေသည်။

ကောင်းကင်တမန်ခေရုဗိမ်စောင့်ရှောက်သော သေတ္တာတော်တွင် ဘုရားသခင်၏ မျက်မှောက်တော်တည်ရှိရာ၊ ၄င်းနေရာကို ဘုရား၏ ဘုန်းတော် အသွင်ဆောင်သော ႕နုညဲ့ ခေါ် မိုးတိမ်က ဖုံးအုပ်ထားလေ၏။။ မောရှေ၏ တဲတော်နှင့်မတူသော

အချက်မှာ၊ ဘုရား၏ ဘုန်းတော်ကို မမြင်ရအောင်ကာ ထားသည့်အဝတ်စ ဒါဝိဒ်၏ တဲတော်တွင် မရှိခြင်းပင်တည်း။ ဒါဝိဒ်နှင့် ဝတ်ပြုကိုးကွယ်သူအားလုံးအနေဖြင့် သေတ္တာအနားသို့ ဝင်ရောက်နိုင်ဖို့ ဖွင့်ပေးထားသဖြင့် ဘုရား၏ ဘုန်းတော်ကို တွေ့ကြုံခံစားကြရသည်။ ထို့ကြောင့် မြင်တွေ့ရသော ဘုရား၏ဘုန်းတော်သည်၊ ဇိအုန်တောင်နှင့် ဆက်စပ်လျှက် ရှိနေကြောင်း သိရသည်။

ဘုရားသခင်သည် သူ၏ဘုန်းတော်ထင်ရှားဖော်ပြဖို့ အချိန်ကာလများကို ရွေးချယ်လေ့ရှိ၏။ မကြာသေးမီက၊ ကျွန်တော့်သူငယ်ချင်းတယောက် ကျွန်တော်ကို ပြောပြခဲ့သည်မှာ ဘုန်းတော်မိုးတိမ်သည် သူတို့၏ ဝတ်ပြုကိုးကွယ်သည့် အစည်းအဝေးသို့ ဆင်းသက်လာကြောင်း ပြောပြခဲ့ပါသည်။ တခါက ပြင်သစ်မှာ၊ အမှုတော်ဆောင်များ ဘုရားသခင်အား ချီးမွမ်းနေသည့် စင်ပေါ်တွင် ထူးဆန်းသော ဘုန်းတော်၏ မိုးတိမ်သည် လူအုပ်ကို ဖုံးလွှမ်းသွားခဲ့သည့်အချိန်ကို ကျွန်တော်အမှတ်ရနေပါသည်။ ထိုနေရာတွင် လူတွေ မိုးတိမ်၏ တို့ထိမှုခံခဲ့၏။ သို့သော် အဘယ်အရာဆက်ဖြစ်သည်ဟု ဆိုသည့်အခါ၊ အသင်းတော်များအပေါ် မိုးတိမ်ဆင်းသက်သည်ကို ကျွန်တော်တို့မြင်တွေ့ရပါမည်။ ထို့ကြောင့် ကျွန်တော်တို့၏ ရုပ်ပါရုံကိုသာ၍ မြင့်သောအဆင့်သို့ မြှင့်တင်ရပေမည်။ ဘုရားကို မကန့်သတ်ပါက၊ ကျွန်တော်တို့သည်၊ ဘုရားကအသင်းတော်အား မိန့်မှာခဲ့သော နှုတ်ကပတ်တော်များကို ယနေ့နောက်ဆုံးအချိန်ကာလ၌ မြင်တွေ့ခံစားရပါမည်။ ၂ ကော ၃း၇ ၌ မောရှေလက်ထက်တွင် ဖော်ပြခဲ့သည့် ဘုရား၏ ဘုန်းတော်သည် ပျောက်သွားခဲ့ပြီဖြစ်သော်လည်း ဝိညာဉ်တော်၏ လုပ်ဆောင်မှုများသည်သာ၍ ကြီးမြတ်လိမ့်မည်အကြောင်း ရေးထားသည်။ ဟေရှာယ ကြွေးကြော်ခဲ့သည်မှာ "ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှားလျှက်ရှိလိမ့်မည်" (ဟေရှာယ ၆၀း၂) ဟူ၍ ဖြစ်သည်။

ကျွန်ုပ်တို့သည် ရုပ်ပါရုံထဲတွင် ဘုန်းတော်နှင့်ပြည့်နေသော အသင်းတော်ကို တွေ့မြင်ခဲ့ရသည်။ ပြီးတော့ သခင်ယေရှုခရစ်တော်ဦးဆောင်သော အသင်းတော်ဟာ ကောင်းကင်မှဆင်းကြွနေတဲ့ ရူပါရုံပဲမြင်ရခဲ့ရသည်။ အင်မတန် ဘုန်းတော်နှင့် ပြည့်ဝတဲ့ ကောင်းကင်အသင်းတော်ဖြစ်သည်။ အဲဒီကောင်းကင်အသင်းတော်ဟာ ဆင်းသက်လာသလို မြေကြီးပေါ်က အသင်းတော်တွေဟာ နိုးထမှုနဲ့တကွ ထမြောက်နေတာကိုလည်းတွေ့ရသည်။ အဲဒီအသင်းတော် ၂-ခုလုံးဟာ ထပ်တူထပ်မျှပဲဖြစ်သည်။ ဘုရားကို ချီးမွမ်းပါတယ်။ အသင်းတော်အတွက် ကြီးမားတဲ့ နိုးထမှုကြီးဟာ သခင်နဲ့တွေ့ဆုံဖို့အတွက် အသင့်ဖြစ်နေပြီဖြစ်သည်။

**ချီးမွမ်း၊ ကိုးကွယ်သောနေရာ၊ ဇိအုန်**

ဒါဝိဒ်၏ တဲတော်ပတ်လည်၌ ချဉ်းကပ်ကိုးကွယ်သူအားလုံးသည် ဒါဝိဒ်မင်းနှင့် ဆက်စပ်သူများဖြစ်ကြသည်။ ထိုဆက်စပ်သူများသည် အရင်က ဘုရားရဲ့ လူတွေဘယ်သောအခါမျှ မမြင်ဖူးခဲ့တဲ့ ဇိအုန်တောင်ပေါ်က ချီးမွမ်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းနယ်မယ်ထဲသို့ ထိုသူတို့ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဤနောက်ဆုံးသောကာလ၌လည်း ဘုရားသခင်သည် ကျွန်တော်တို့အား အရင်က မကြုံဖူးသော မရှိခဲ့ဘူးသော ချီးမွမ်း၊ ကိုးကွယ်ခြင်းမျိုးအဆင့်သို့ ခေါ်ဆောင်ပါလိမ့်မည်။ ဆာလံ ၆၅း၁ ၌၊ *"ဇိအုန်မြို့၌ ကိုယ်တော်ရှေ့မှာ ငြိမ်ဝပ်စွာ နေ၍ ချီးမွမ်းရပါ၏"*ဟု ပြောထားသည်။ ဤချီးမွမ်းကိုးကွယ်ခြင်းသည် ထင်ရှားလာဖို့ စောင့်ဆိုင်းနေရာ၊ ၎င်းသည် အသင်းတော်ကို ဇိအုန်သို့ ချီဆောင်သောအခါ ဖြစ်မည်ပင်မဟုတ်ပါလား။

ဤနိုးထမှုမျိုးအရိပ်အယောင်အနေဖြင့် ၁၉၃၀ ခုနှစ် ဝန်းကျင်၌ စကော့တလန် နိုင်ငံတွင် ဖြစ်ပွားခဲ့ပါသည်။ ၎င်းနိုးထမှုတွင် တာဝန်ရှိသူ အမှုတော်ဆောင် ညီအစ်ကိုများနှင့် ကျွန်တော်ဆုံတွေ့ခဲ့သည်။ ဧည့်ကြိုများသည် ညသန်းခေါင်ယံ အချိန်ရောက်တော့ လူအုပ်ကို မောင်းထုတ်ပြီး ဘုရားကျောင်း တံခါးများကို ပိတ်ခဲ့ကြ၏။ ထိုအခါ လူအုပ်ကြီးသည် ဘုရားကျောင်းဆောင်၏ ပတ်ပတ်လည်တွင် စုရုံးကာ တညလုံးချီးမွမ်းခဲ့ကြရာ၊ နောက်မနက် ၈း၀၀ နာရီ၊ ဘုရားကျောင်း တံခါးများပြန်ဖွင့်သည့်တိုင်အောင်ပင်။ ၎င်းသည် ချီးမွမ်း၊ ကိုးကွယ်ခြင်းနယ်ပယ်ဖြစ်၍ ထိုအရာကို ကျွန်တော်တို့တွေ စောင့်မျှော်နေကြခြင်း ဖြစ်ပါသည် မဟုတ်လော။

**သင်ကြားသောနေရာ၊ ဇိအုန်**

ဇိအုန်တောင်သည် နောက်ဆုံးသော နေ့ရက်များတွင် သင်ကြားမှုပြုမည့် နေရာလည်း ဖြစ်ပါသည်။ ဟေရှာယ ၂း၂ ၌ နောက်ဆုံးသော နေရက်များတွင် ဘုရား၏တောင်၌ တည်ထားသော အိမ်တော်သည် ချီးမြောက်ခြင်း ခံရမည်ဖြစ်သလို လူမျိုးအားလုံးသည်လည်း ၎င်းအိမ်တော်သို့ ရောက်ရှိကြလိမ့်မည်။ ဤအရာသည် ဇိအုန်တောင်ကို ညွှန်းနေခြင်းပင်ဖြစ်ကြောင်းနှင့် ခရစ်တော်၏ အသင်းတော်ကို ဤနောက်ဆုံးသော နေ့ရက်များတွင် ချီးမြှင့်ခံရမည့်အကြောင်း ဖြစ်၏။ ထို့နောက် ဟေရှာယ ၂း၃ ၌၊ ဘုရား၏ တောင်သို့လာသောလူထုက *"ဘုရားသည်၊ လမ်းခရီး တော်တို့ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်"*

ဟူ၍ ပြောဆိုကြလိမ့်မည်။ ဘုရားသခင်သည် သူ၏ လမ်းခရီးတော်ကို ကျွန်တော်တို့ထံ ဖော်ပြလိမ့်မည်။ ဆာလံ ၁၀၃း၇ ၌ဣသရေလ တို့သည် ဘုရားသခင်၏ အမှုတော်များနှင့် နိမိတ်လက္ခဏာများကို တွေ့မြင်ခဲ့ကြ သော်လည်း မောရှေတဦးတည်းသာလျှင် ဘုရား၏ ခရီးတော်ကို သိခဲ့ရကြောင်း ရေးထားသည်။ ကျွန်တော်တို့၏ ကာလမှာ၊ ဘုရားသခင်သည် သူ၏ခရီးတော်ကို ဇိအုန်တောင်သို့ ချီတက်သူတို့ထံ ထင်ရှားပြသပါလိမ့်မည်။

## တရား (သို့) ဥပဒေတည်သောနေရာ၊ ဇိအုန်

ဟေရှာယ ၂း၃ ၌ ဆက်ပြီး *"တရားတော်သည် ဇိအုန်တောင်မှငင်း ပေါ်ထွက်လိမ့်မည်"* ဟူ၍ ပြောထားပါသည်။ နိုင်ငံပေါင်းများစွာသို့ လှည့်ပတ်သွားလာခဲ့သည် ကျွန်တော့်အား ဘုရားမိန့်မှာခဲ့သည်မှာ၊ သူ၏တရားတော်အား ဤနောက်ဆုံးနေ့ရက်များ၌ ချီးမြှင်သည့်အကြောင်းဖြစ်ပါသည်။ ပညတ်တော် (၁၀) ပါးကို ကျင့်စောင့်သော လူအသိုင်းအဝိုင်းအားပြုပြင်ပြောင်းလဲဖို့၊ လွန်ခဲ့သည် နှစ်အနည်းငယ်နောက်ပိုင်း နိုင်ငံတကားသို့ တရားတော်ဖြန့်ခဲ့သည်။ သို့သော် ဘုရားသခင်သည် ဤနောက်ဆုံးသောနေ့ရက်တွင် သူ၏တရားတော်ကို လူမျိုးတကာအကြားနှင့် သူ၏အသင်းတော်ထဲ၌ ချီးမြှင့်ပါလိမ့်မည်ပင်တည်း။

၄ရာ ၁၀း၃၀၌ ယေဟုသည် လုပ်ဆောင်ဖို့ ဘိသိတ်ခံယူခဲ့သော အမှုတော်ကို ပြည့်စုံစွာ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသော်လည်း၊ အခန်းငယ် (၃၁) ၌မူကား *"ယေဟုသည် ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား၏ တရားတော်လမ်းသို့ စိတ်နှလုံးအကြွင်းမဲ့လိုက်ခြင်း၌ သတိမပြု။"* ဟု ဖော်ပြခံရသည်။ မိတ်ဆွေသည် ဘုရား၏ ဘိသိက်ခံယူကာ၊ သာသနာလုပ်ငန်းကို ပြည့်စုံအောင် လုပ်နိုင်မည်ဖြစ်သော်လည်း တဘက်မှာ၊ ဘုရားသခင်၏ တရားတော်နှင့် ကိုက်ညီမှုမရှိသော အသက်ရှင်မှုမျိုးရှိနိုင်ပါသေးသည်။ အကြောင်းမှာ မိတ်ဆွေသည် သာသနာအတွက် ဘိသိတ်ခြင်းခံရပြီး၊ ပြည့်စုံစေခဲ့သည်ကို မိတ်ဆွေသည် ဘုရားသခင်၏ အံ့ဖွယ်မျက်မှောက်တော်ရရှိပြီဟု မဆိုလိုနိုင်ပေ။ ဤနောက်ဆုံးသော ကာလ၌ ဘုရားသခင်၏ တရားစကားကို နားထောင်ဖို့ရန် အလွန်အရေးကြီး ပါသည်။ အဘယ့်ကြောင့်ဆိုသော် လိမ်ညာလည်ဖျားခြင်းနှင့် ကြီးမားသည့် ပြစ်မှုမျိုးများစွာ မြင်တွေ့နေရသော ကြောင့်ပင်တည်း။ ဆာလံ ၁၁၉း၁၆၅ အားဖြင့် ခွန်အားယူရမည်မှာ၊ *"တရားတော်ကို နှစ်သက်သောသူတို့၌ ကြီးစွာသော ငြိမ်သက်ခြင်းရှိပါ၏။ သူတို့စိတ်ပျက်စရာအကြောင်းမရှိပါ"* ဟူ၍ ဖြစ်ပါသည်။

## နိုးထမှုဆိုင်ရာ တည်ရှိသော ဗိအုန်

ဟေရှာယ ၂၅း၇ ၌၊ ကျွန်တော်တို့အား ပြောထားသည်မှာ၊ *"လူခမ်းသိမ်းတို့ကို ဖုံးသောမျက်နှာဖုံးကိုငှင်း၊ ခပ်သိမ်းသော လူမျိုးတို့ကို ဖုံးလွှမ်းသော တင်းတိမ်ကိုငှင်း ဤတောင်ပေါ်မှာ ပယ်တော်မူလိမ့်မည်"* ဟူ၍ ဖြစ်သည်။ မြို့၊ရွာနှင့် နိုင်ငံများကို အုပ်စိုးသည့် ကျဆင်းသော ကောင်းကင်တမန်များအကြောင်း မကြာသေးမီ နှစ်များတွင် ကျွန်တော်ကြားခဲ့ကြရပါသည်။ ၄င်းတို့ကြောင့် ထိုအရပ်ဒေသများ၌ ဧဝံဂေလိတရားကို အပြည့်အဝလက်ခံယူခြင်းမရှိခဲ့ချေ။ သို့သော်လည်း မှောင်မိုက်၏ တန်ခိုးများချည်နှောင်ပြီးသော နေရာ၊ ဖုံးလွှမ်းထားသည့် အဖုံးများကျိုးမဲ့ပျက်စီး ပြီးသွားပြီး ဘုရား၏ ဘိသိက်ခြင်းနှင့် ဘုရား၏ တန်ခိုးဆင်းသက်လာသည်။ ထို့အတူ ကျွန်တော်တို့တတွေ ဗိအုန်တောင်သို့ ချီတက်သည့်အခါ၊ ဤကမ္ဘာနိုင်ငံ များအပေါ် ဖုံးလွှမ်းထားသော တန်ခိုးများကို ချိုးဖျက်ဖယ်ရှား ကြမည်ဖြစ်ပါသည်။ ကျွန်တော်တို့နေထိုင်သော မြို့၊ ရွာနှင့် နိုင်ငံအပေါ် အုပ်စိုးနေသော မင်းအာဏာ စက်များကို ဖယ်ရှားမည့်တန်ခိုးသည် ဘုရားထံမှ ရရှိကြပြီး၊ ၄င်းကမြို့၊ ရွာအပေါ်သို့ ဘုရား၏ ဝိညာဉ်သွန်းလောင်း ခြင်းဖြစ်စေပါလိမ့်မည်။ ၄င်းသည် နိုးထမှု၏ အဓိက သော့ချက်ဖြစ်သည်။ ၄င်းနိုးထမှုသည် နိုင်ငံ (သို့) မြို့ (သို့) ရွာပေါ် ဖုံးလွှမ်းနေသော အရာကို ဖြိုချ၊ ဖျက်ဆီးပစ်မည်ပင်တည်း။ ဖုံးလွှမ်းသော အရာဖယ်ရှားပြီးသည့်အခါ ဘုရား၏ ဝိညာဉ်တော် သွန်းလောင်းခြင်းကြောင့် လူတွေသံဝေဂရကာ၊ နေရာတိုင်း နိုးထမှုဖြစ်ပေါ်လာပေမည်။

ဆွဲဒင်နိုင်ငံတွင် လွန်ခဲ့သော ရာစုက နိုးထမှုလှိုင်းကြီးဟာ နိုင်ငံကို ဖြတ်သွားတဲ့ အခါ အဲဒီနိုင်ငံသားတွေဟာ ဤကဲ့သို့ လွှတ်ခြင်းအခွင့်ရရှိခဲ့ကြသည်။ အဲဒါကတော့ သူတို့ဟာ နှင်းမုန်တင်များကြားမှာ တောင်လမ်းလျှောက်ပြီး သူတို့ကို ခရစ်တော် အကြောင်းပြောနိုင်မဲ့ အသင်းတော်၊ သခင့်ကယ်တင်ခြင်းဟာ သူတို့အပြစ်ကို ဆေးကြောနိုင်တယ်ဆိုတာဝေငှနိုင်တယ်ဆိုတာ ဝေငှနိုင်မည့် အသင်းတော်ကို ရှာဖွေခဲ့ကြပြီး သူတို့အပြစ်တွေကိုလည်း ဝန်ခံလာခဲ့ကြသည်။ ဒါ့ကြောင့် ဘုရားက ကောင်းကင်တံခါးကို မြို့တမြို့ပေါ်မှာ ဖွင့်လိုက်ပြီဆိုလျှင် ဝိညာဉ်တော်ဟာ အိမ်တိုင်မှာ စီးဆင်းသွားသည်။

ဝေး(စ်)နိုင်ငံ၏ နိုးထမှု၌၊ အချို့သောမြို့များတွင် အစည်းအဝေး စတင်လိုက် သည်နှင့် ၄င်းမြို့ပေါ်ရှိ စားသောက်ဆိုင်တွေမှာ လူတွေသည် သူတို့၏ ဘီယာခွက် တွေကို မယူပြီးမသောက်နိုင်ဖြစ်ခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏

ဝိညာဉ်တော်သည် ထိုသူတို့အပေါ်သို့ ဆင်းသက်သော ကြောင့်ဖြစ်၏။ တခါတရံ သူတို့တွေသည် သူတို့၏ အပြစ်များမှ လွှတ်ခြင်းရယူဖို့ ဝတ်ပြုစည်းဝေးပွဲသို့ တွားချ်သွားခဲ့ကြလေ၏။ ၄င်းနိုးထမှုမျိုးကို ကျွန်တော်တို့တွေ မြင်လိုကြပါသည်။ ထိုနိုးထမှု၌ အစိတ်အပိုင်း တခုအနေဖြင့် ပါဝင်ခဲ့သော ဘုရားကိုအလွန်ကိုးစားသည့် သင်းအုပ်ဆရာတဦးထံ ကျွန်တော်သွား လည်ပတ်ခဲ့သည်။ ၄င်းသင်းအုပ်ဆရာက ယေရှုခရစ်၏ နာမတော်ကို ရွတ်ဆိုလိုက်သည့်အခါ၊ စည်းဝေးပွဲခန်းမတခုလုံးသို့ ခရစ်တော်၏ ချိုမြသော ရနံ့သင်းပျံ့သွားခဲ့ကြောင်း ပြောပြသည်။ ၄င်းတို့၏ မြို့တလျှောက်သို့ ကျွန်တော်လျှောက်သွားခဲ့ရာ၊ ထူးဆန်းသည့် သန့်ရှင်းခြင်းရနံ့ မျိုးရခဲ့ပါသည်။ လမ်းမများပေါ်မှာ လျှောက်သွားခဲ့ရာ၊ အခြားမြို့နှင့်မတူ ထူးခြားနေသည်မှာ အမှန်ပါ။ နိုးထမှုကြီးဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ပေမဲ့ ဘုရား၏ သန့်ရှင်းခြင်းသည် ၄င်းမြို့၌ ရှိနေသေးသည်။ သင်းအုပ်ဆရာနှင့် ကျွန်တော်တို့ လျှောက်နေရင်း ဆရာက "ဟိုအဆောက်အဦးကို တွေ့လား"ဟု မေးတော့၊ ကျွန်တော်က "ဟုတ်ကဲ့" လို့ပြန်ဖြေပါသည်။ ဆရာဆက်ပြောပြရာ၊ "၄င်း အဆောက်အဦးသည် ယခင်က စားသောက်ဆိုင် (ဘီယာ) ပါ၊ သို့သော် ယခုစားသောက်ဆိုင်မဟုတ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ လာသောက်စားမည့် လူတွေမရှိတော့လို့ပါ"ဟူ၍ ဖြစ်သည်။ ထိုနည်းတူ စားသောက်ဆိုင်တခုပြီး တခုဆက်ထိုးပြရာ၊ တစ်ဒါဇင်ခန့်သော ဆိုင်တွေကို ကျော်လာလည်း တဆိုင်မှမဖွင့်ကြတော့ပါ။ အကြောင်းမှာ ဘုရားသခင်၏ ဝိညာဉ်တော်က ၄င်းဆိုင်တွေကို သန့်ရှင်းပစ်ခဲ့ခြင်းဖြစ်၏။ ဆက်ပြောပြသည်မှာ၊ "ကျွန်တော်တို့ ဘုရားကျောင်းသည် လူမဆန့်ဖြစ်ခဲ့ရာ ရုပ်ကွက်မှ ရုပ်ရှင်ရုံပိုင်တစ်ဦးက ရုပ်ရှင်ကြည့်မည်သူများမလာကြတော့သဖြင့် ရုံသော့အပ်ကာ ဘုရားကျောင်းအတွက် အသုံးပြုပါဆိုပြီး လာအပ်ခဲ့ သည်"ဟူ၍ဖြစ်သည်။ ဘုရားသခင်၏ တန်ခိုးသည် ဖုံးလွှမ်းထားသော အရာများကို ဖျက်ဆီးခဲ့၏။ ထိုအရာသည် ဘုရားက၊ ကျွန်တော်တို့အား ဇိအုန်တောင်သို့ ချီတက်ကာ ရယူစေလိုသော အရာပင်တည်း။ ဇိအုန်တောင်၌ ရှိသော တန်ခိုးတော်သည် နိုင်ငံ၊ မြို့၊ရွာများကို သန့်ရှင်းစေကာ ဘုရားအထံတော် သို့ ခေါ်သွင်းနိုင်ပါသည်။

ညီအစ်ကိုတယောက်သည် မကြာသေးမီက သူ့မြို့မှာ အင်မတန်ဆိုးသွမ်းရူး မိုက်သော ပြစ်မှုရှိခဲ့ကြောင်း ကျွန်တော့်အား ပြောပြခဲ့သည်။ ထိုမြို့မှာ အုပ်စိုးနေသည့် မင်းအာဏာစက်၊ အလွန်ကြောက်မက်ဖွယ်ကောင်းသော ကောင်းကင်တမန်ကို ကျွန်တော်မြင်ခဲ့ပါသည်။ သို့သော်လည်း ၄င်းကောင်းကင် အာဏာစက်မင်းအား

ဘုရားသည် ဖယ်ရှားပြီး လူတွေကို ကယ်နုတ်မည့်အချိန်ရောက်လာနေပြီဟု ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်တို့သည်လည်း ဒါဝိဒ်မင်းဇိအုန်၌ အခြေချ အုပ်စိုးခဲ့စဉ်ကြုံတွေ့ ခဲ့သည့်အတိုင်း ကြုံတွေ့ဖို့ အချိန်ရောက်လာနေပါပြီ။ ဒါဝိဒ်သည် စစ်တိုက်သည့်အခါတိုင်း တစ်ခါမျှမရှုံးပဲ အနိုင်ရခဲ့လေ၏။

တရားဟောရာကျမ်း ၂၈း၁၃ အရ၊ အသင်းတော်သည် အမြီးမဖြစ်ဘဲ၊ ခေါင်းဖြစ်မည့်အကြောင်း ပြောထားပါသည်။ အသင်းတော်အနေဖြင့် ပြည်စုံသော ဂတိတော်သို့ တက်လှမ်းရောက်ရှိပါက၊ ချီးမြှောက်ခြင်းခံရမည်ဖြစ်သည်။ ထိုအခါ အသင်းတော်သည် အမြီးမဟုတ်တော့ဘဲ၊ ဤကမ္ဘာပေါ်မှာရှိသော အရာတိုင်းအတွက် အလိုဆန္ဒရှိသမျှရယူနိုင်ပေလိမ့်မည်။ အသင်းတော်သည် ဦးခေါင်းဖြစ်လာကာ၊ အစိုးရများ၊ သမ္မတများနှင့် အာဏာရှိသူများကို လမ်းညွှန်ခြင်းအမှုပြုလိမ့်မည်။ ဤအရာသည် အချို့သော နိုင်ငံများ၌ လက်တွေ့ဖြစ်နေပါပြီ။ အစိုးရအရာရှိများသည် သူတို့ဘာတွေ၊ ဘယ်လိုလုပ် ဆောင်သင့်သည်ကို မသိသောကြောင့် အကြံညဏ်ကောင်းများရရှိဖို့ ဘုရား ကျောင်းကို သွားကြပါသည်။ နောက်ဆုံးသော နေ့ရက်များတွင် လူမြောက် များစွာသည် သူတို့အတွက် လမ်းညွှန်ချက်ကို ဘုရားကျောင်းမှ ရယူကြသည်ပင် မဟုတ်ပါလား။

## ဇိအုန်သို့ တက်ခြင်းနှင့်အခြေချခြင်း

ဇိအုန်တော်သို့ တက်ဖို့အတွက် အခြေအနေများ (သို့) အရည်အချင်း များရှိရပေမည်။ ဆာလံ ၂၄း၃ ၌၊ "ထာဝရဘုရား၏ တောင်တော်ပေါ်သို့ ဘယ်သူသည် တက်ရမည်နည်း။ သန့်ရှင်းရာဌါနတော်၌ ဘယ်သူရပ်နေရ မည်းနည်း"ဟု မေးထားသည်။ ၄င်းတောင်သည် ပဋိညာဉ်သေတ္တာ တော်တည်ရှိ ခဲ့သည့် ဒါဝိဒ်၏ တဲတော်တည်ရာ ဇိအုန်တောင်ပင်ဖြစ်၏။ ၄င်းတောင်သို့တက်ဖို့ အရည်အချင်းကို ဤသို့ "သန့်ရှင်းသော လက်နှင့်ဖြူစင်သော နှလုံးရှိသောသူ၊ မုသာကိုမမှီဝဲမဆည်းကပ်၊ မမှန်သော ကျိန်ဆိုခြင်းကို မပြုသောသူ"(ဆာလံ ၂၄း၄)ဟု ဖော်ပြထားသည်။ ဇိအုန်တောင်သို့ တက်ဖို့ ကျွန်တော်တို့အတွက် အရည်အချင်းများ အားလုံးသည် ဖြောင့်မတ်ခြင်းအပေါ် အခြေခံထားပါသည်။

ံနဘမင်နျ ကျွန်းများတွင် နိုးထမှုအတွက် ဆုတောင်းကြသည့်အခါ၊ ဘုရားသခင်သည် ဤဆာလံ ၂၄ ထဲက ကျမ်းပိုဒ်များဖြင့် စကားပြောခဲ့၏။ ထိုကျမ်းပိုဒ်များအရ သူတို့တွေ ဘုရားရှေ့၌ နိမ့်ချခဲ့ကြသဖြင့် ဘုရားသခင်သည် ချက်ချင်းဆိုသလို ဝိညာဉ်တော်သွန်းလောင်းခဲ့လေ၏။ မြို့တမြို့ပြီးနောက် တမြို့တွင်

လူတွေသည် ဘုရား၏ ဝိညာဉ်တော်ကြောင့် ကြီးမားသော သံဝေဂတရား ရခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရား၏ သန့်ရှင်းသော အမှုတော်ဆောင် အချို့တို့သည် ဝိညာဉ်ဆိုင်ရာ ဇိအုန်တောင်သို့ တက်ရောက် ခဲ့ကြသောကြောင့် ဖြစ်၏။

ဘုရားက ကျွန်တော်တို့အား ဆာလံ ၁၅း၁ ထဲက ဤမေးခွန်း "အိုထာဝရ ဘုရား၊ တဲတော်၌ အဘယ်သူသည် တည်းရပါမည်နည်း။ သန့်ရှင်းသော တောင်ပေါ်မှာ အဘယ်သူ နေရပါမည်နည်း" မျိုးကို မေးနေပါသည်။ ဤဆာလံကျမ်း၌ ဇိအုန်တောင်ပေါ်မှာ တက်ပြီးနေထိုင်လိုသူအတွက် ဖြောင့်မတ် ခြင်း၏ အရည်အချင်းများထက်သာလွန်သော အရည်အချင်းများကို တွေ့ရသည်။ ဆာလံ ၂၄ သည် ဇိအုန်သို့ တက်နိုင်ဖို့ ကျွန်တော်တို့အတွက် အခြေအနေများ ပေးထားပေမဲ့ ၄င်းသန့်ရှင်းသော တောင်တွင် မြဲမြံစွာတည်နေဖို့ အရည်အချင်းသည် ပို၍လိုအပ်ကြောင်း နားလည်ရသည်။

ကျွန်တော်တို့၏ စိတ်နှလုံးကို စစ်ဆေးပြီး သံဝေဂတရားသယ်ဆောင်လာဖို့ ဝိညာဉ်တော်အားခွင့် ပြုရပါမည်။ အချို့သော မိတ်ဆွေများသည် ဤအကြောင်း အရာကို ဖတ်ရှုပြီး မိတ်ဆွေ၏ ထာဝရခရီးပန်းတိုင်အဘို့ ဆုံးဖြတ်ချက်ချရန် ရွေးချယ်မှုပြုကြပေလိမ့်မည်။ ကယ်တင်ခြင်းရယူဖို့ (သို့) မရဖို့အတွက် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ ဇိအုန်တောင်ပေါ်တွင် တည်နေရန် အရည်အချင်းမျိုး မိတ်ဆွေ၌ရှိ၊ မရှိဆုံးဖြတ်ရပါမည်။ ဘုရား၌ သန့်ရှင်းစွာ၊ နက်ရှိုင်းစွာ လိုက်လျှောက်ဖို့ ခေါ်ခြင်းခံခဲ့ရသူများပင်လျှင် ဇိအုန် (သို့) နိမ့်သော အရပ်အတွက် အရည်အချင်းပြည့်မီ၊ မပြည့်မီသည်ကို ရွေးချယ်ဆုံးဖြတ်ကြရပါသည်။

ဤအချိန်သည် ဆုံးဖြတ်ချက်ချရမည့် အချိန်ဖြစ်သည်။ မြောက်များစွာသော လူတို့သည် ဆုံးဖြတ်ချက်ချခြင်း ချိုင့်ဝှမ်းမှာ ရှိနေကြသည်။ မိတ်ဆွေတို့အထဲက အချို့သည် အသက်တာကို ချိန်ခွင်တွင် ချိန်တွယ်ခံနေကြရ၏။ မိတ်ဆွေ၏ နှလုံးသားထဲက၊ တုံ့ပြန်မှုသည် အနာဂတ်ထာဝရအတွက်ဖြစ်ရာ၊ မိတ်ဆွေ၏ ဘဝအတွက် ဘုရား၏ အလိုတော်ပြည့်စုံစွာ ဆက်လက်၍ လိုက်လျှောက်မည် (သို့) မိတ်ဆွေ၏ လက်ရှိအခြေအနေ၌သာ ဆက်ရှိနေမည်ဟူသည်ကို ပြတ်သားစွာ ဆုံးဖြတ်ရပါမည်။ မိတ်ဆွေ၊ ဆုံးဖြတ်ချက်ချသည့်အခါ၊ ဖြောင့်မတ်ခြင်းအတွက် ရပ်တည်ဖို့ဖြစ်စေပါက၊ ရှေ့ဆက်လျှောက်လှမ်းနိုင်ရန်၊ ဘုရားသခင်သည် ကျေးဇူးပြုပါလိမ့်မည်။ ထိုအခါ မိတ်ဆွေသည် သန့်ရှင်းသောတောင်တွင် နေထိုင်ရမှာဖြစ်သည်။

**ဇိအုန်၌ မွေးဖွားခြင်း**

ဆာလံ ၈၇း၄–၇ ၌၊ ဇိအုန်တွင် မွေးဖွားမည့်သူများအကြောင်း သုံးကြိမ်တိုင်တိုင် ပြောဆိုထားသည်။ ၄င်း၌ "ထိုမြို့ (ဇိအုန်) ၌ ဖွားမြင်ကြပြီ။ ဤမည်သော အမျိုးသည် မြို့တော်၌ ဖွားမြင်သော အမျိုးဖြစ်သည်ဟု ပြောဆိုကြလိမ့်မည်"ဟူ၍ ဖော်ပြပါရှိသည်။ ဘုရားသည် ကျွန်တော်တို့အထဲ၌ ဝိညာဉ်ရေးဆိုင်ရာ ဇိအုန်သည် ကျွန်တော်တို့၏ အိမ်ဖြစ်ကြောင်း ရုပါရုံကို မွေးဖွားဖို့ အလိုရှိပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့၏ အသက်တာနှင့် အသင်းတော်များအတွက် ဝိညာဉ်ရေးဆိုင်ရာ နေအိမ်သည် အဘယ်မှာရှိသည်ဟူသော ရူပါရုံကို သိရှိဖို့ခေါ် နေပါသည်။

ဤကဲ့သို့သော ရူပါရုံမျိုး၊ မိတ်ဆွေ၏ စိတ်နှလုံးထဲ၌ မွေးဖွားပြီဟု ကျွန်တော် ယုံကြည်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဘုရားသခင်သည် ကျွန်တော်/မ တယောက်ချင်းအား ရှေ့ဆက်ပြီး ထပ်လုပ်ဆောင်ရမည့် ရူပါရုံကို ပေးဖို့ အလိုရှိသောကြောင့်ပင်တည်း။ ထို့ကြောင့် မိမိကိုယ်ကို မိမိမေးခွန်းမေး ရမည်မှာ၊ "ကိုယ်တော်ဘုရား၊ ကျွန်တော့်ဝိညာဉ်ရေးအခြေ အနေဘယ်မှာ ရောက်နေပြီလဲ" ဟု မေးရမည်။ ရိုးသားဖြူစင်စွာ မေးလျှောက်ပါက၊ ဝိညာဉ်တော်သည် မိတ်ဆွေအား ဖွင့်ပြပါလိမ့်မည်။ မိတ်ဆွေသည် အဲဂုတ္တုမှ ကယ်လွှတ်ခြင်းရပြီး၊ ဣသရေလတို့ ပင်လယ်နီကို ဖြတ်ခြင်းနှင့်တူသော ရေနှစ်ခြင်းမင်္ဂလာခံယူပြီလား။ ထိုမျှမက၊ ဝိညာဉ်တော်၌ နှစ်ခြင်းကို ရောခံယူပြီးပြီလား။ ဟေဗြဲ ၆း၁ ၌ ကျွန်တော်တို့သည် ပထမဦးစွာ အခြေခံဆိုင်ရာ ခရစ်ယာန်အသက်တာကို ဖြတ်ကျော်လျှောက်လှမ်း ရုံတင်မက၊ ပြည့်ဝစုံလင်ခြင်းသို့ ဆက်လက်တက်လှမ်း ရမည်ဖြစ်ပါသည်။ သဲကန္တာရတည်းဟူသော ဘေးဒုက္ခများကို တွန်းလှန်ကျော်ဖြတ်ဖို့ နာခံခြင်းနှင့် နှိမ့်ချခြင်းကို ကျွန်တော်တို့ သင်ယူရမည်။ ကျွန်တော်တို့သည် အသက်ရှင်သော ယဇ်အဖြစ်သက်ရှင်ခြင်းနှင့် ယော်ဒန်မြစ်ကို ဖြတ်ကူးပြီး ကျွန်တော်တို့၏ ဂတိတော် အမွေကို စတင်ပိုင်ဆိုင်ရယူဖို့ လိုအပ်ပါသည်။

ဒါဝိဒ်ကဲ့သို့သော ဘိသိတ်ရယူကာ၊ နောက်ဆုံးရန်သူများထံချီတက် သိမ်းပိုက် ရမည်။ သို့မှသာ ကျွန်တော်တို့တတွေသည် ဝိညာဉ်ဆိုင်ရာ ဇိအုန်သို့ တက်လှမ်း ကာ အခြေချနေထိုင်ရမည် မဟုတ်လော။ ကျွန်တော်တို့၏ ဝိညာဉ်ရေးအခြေအနေ (သို့) အဆင့် ဘယ်မှာဘဲရှိနေပါလေစေ၊ ဘုရားသခင်သည် ကျွန်တောတို့အား ဇိအုန်၏ ရူပါရုံကို မွေးဖွားပေးနိုင်ပါသည်၊ ဝိညာဉ်တော်သည် မိတ်ဆွေအထဲမှာ၊ တွေ့ကြုံခဲ့သော အရာတို့ထက် ပို၍သာလွန်သည့် ရူပါရုံကို သန္ဓေတည်ပေးနိုင်သည်။

ဝိညာဉ်တော်သည် မိတ်ဆွေ၏ နှလုံးသားထဲ၌ ခရစ်တော်၏ စုံလင်ခြင်းကဲ့သို့ ဖြစ်သည့်တိုင်အောင် ဘယ်တော့မှ မတင်း တိမ်နိုင်သော ဆန္ဒကိုပေးစွမ်းနိုင်ပါသည်။ ရှေ့ဆက်ပြီးထပ်လုပ်ရမည့် ရုပါရုံကို ကျွန်တော်/မတို့ အယောက်တိုင်းရယူပြီး၊ ၄င်းက ဖိအုန်၌ ကျွန်တော်တို့အား ဘုရားသခင်၏ ရှေ့မှောက်သို့ ရောက်သည့်တိုင်၊ စိတ်ရှည်သည်းခံခြင်းနှင့် ပြေးစေပါလိမ့်မည် (ဆာလံ ၈၄း၇)။ နိုးထမှုနှင့် အားလုံးသော ဘုရား၏ကောင်းကြီးများသည် ကျွန်တော်တို့အတွက် အဓိက ပန်းတိုင် မဟုတ်ပေမဲ့၊ ၄င်းတို့ကို မမေ့အပ်ပေ။ ၄င်းတို့သည် ကျွန်တော်တို့အား ပန်းတိုင်တည်းဟူသော ခရစ်တော်ထံပို့ဆောင် ပေးခြင်းမျှသာ ဖြစ်၏။ မိတ်ဆွေ၊ ခရစ်တော်ကို လုံးဝပိုင်ဆိုင်ရယူသည့်တိုင်၊ ဆက်ပြီး ကြိုးစားသက်ရှင်ပါ။ ထိုသို့ ပြုပါက၊ ဘုရား၏ မျက်နှာသာကိုရပြီး၊ ကျွန်တော်တို့သည် ဘုရား၏ ဘုန်းတော် အတွက် တန်ဆာပလာကောင်းအဖြစ် အသုံးခံလျှက် လူမျိုးတကာအား ခရစ်တော်ထံ ပို့ဆောင်ပေးမည့် နိုးထမှုတန်ခိုးစီးဆင်းခြင်းကို မြင်ရကြမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါသည်။

× × ×